


mCm pdf team

Typing - မိုးဇက်ငယ်ငယ်

Proof, Design & PDF - berhad

*စာဖတ်ပရိသတ်များကို အစဉ်လေးစားလျက်....*

MCM PDF

www.mmcybermedia.com

June-2011

ငွေတာရီရဲ့ ကဗျာပေါင်းချုပ်

ငွေတာရီရဲ့ ကဗျာပေါင်းချုပ်စာအုပ်လေးကို အတတ်နိုင်ဆုံး စာလုံးပေါင်းသတ်ပုံနဲ့ ရိုက်ပုံ ရိုက်နည်းတွေ မှန်ကန်အောင် ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် တချို့ ကဗျာလေးတွေမှာ အခုခေတ်မှာ လက်ခံထားကြတဲ့ စာလုံးပေါင်းသတ်ပုံနဲ့ အနည်းငယ် ကွဲလွဲနေတာလေးတွေ ရှိပါတယ်။ မူရင်းစာအုပ်မှာ တချို့သတ်ပုံအမှားတွေကို ပြန်ပြင်ပေးထားလို့ ပြင်လိုက်နိုင်ပေမယ့် တချို့ကိုတော့ မှားမှန်းသိပေမယ့် ကဗျာရဲ့ ဆိုလိုချက် ပျက်သွားမှာစိုးလို့ မူရင်းစာအုပ်ထဲက အတိုင်းသာ ရိုက်တင်ပေးလိုက်ပါတယ်။ အားလုံးပဲ ဖတ်ရတာ အဆင်ပြေပါစေလို့ မျှော်လင့်ပါတယ်။

မိုးဇက်ငယ်ငယ် (mmcybermedia.com)

**အမှာစာ**

ငွေတာရီသည် ၁၂-နှစ်သမီးအရွယ် ကဗျာစတင်ဖွဲ့ဆိုသည်မှ စ၍ ၃၃-နှစ်အရွယ် ကွယ်လွန်သည်အထိ၊ အနှစ် ၂၀-အတွင်း ကဗျာပုဒ်ရေ ၈၀၀-ခန့် ဖွဲ့ဆိုခဲ့ပါသည်။ ယင်းတို့အနက် ကဗျာ ၄၀၀-ကျော်ကို စာနယ်ဇင်း အမျိုးမျိုး၌၎င်း၊ မာလာမြိုင်၊ ရတနာ၊ ကဗျာ-၁၀၀ စာအုပ်တို့၌၎င်း ပုံနှိပ်ဖော်ပြခဲ့ပါသည်။ ကျန်ကဗျာတို့မှာမူ အရေးကျင့်စ၊ အလေ့အကျင့်သဘော ရေးခြင်းမျှဖြစ်ရာ ပုံနှိပ်ဖော်ပြခြင်း မပြုခဲ့ပေ။

ယခု "ငွေတာရီကဗျာပေါင်းချုပ်" ၌ ကဗျာ ၄၀၀-ကျော် ပါဝင်ပါသည်။ ယင်းတို့တွင် မာလာမြိုင်၊ ကဗျာ ၁၀၀-တို့၌ ပါဝင်သော ကဗျာအားလုံးသာမက၊ စာနယ်ဇင်းများ၌ ဖော်ပြပြီးဖြစ်သော်လည်း စာအုပ်ထုတ်ဝေခြင်း မပြုရသေးသည့် သင့်နိုးရာရာ ကဗျာများလည်း ပါဝင်ပါသည်။ ထို့ပြင် လုံးဝ ပုံနှိပ်ဖော်ပြခြင်း မပြုရသေးသည့် ကဗျာအချို့လည်း ပါဝင်ပါသည်။

မာလာမြိုင်၊ ရတနာ၊ ကဗျာ-၁၀၀တို့ကို ယခု စုပေါင်း ရိုက်နှိပ်ရာ၌ ယခင် စာအုပ်ထုတ်ဝေသည့် အတိုင်းပင် မူမပျက်ထားပါသည်။ ယင်းတို့နည်းတူ ကျန်ကဗျာများကိုလည်း သူ့ကဏ္ဍနှင့်သူ ဖော်ပြလိုသဖြင့် ဗမာသစ်ကဗျာများ၊ ပဒေသာကဗျာများ၊ ဥယျာဉ်မှူးကဗျာများဟူ၍ ကဏ္ဍခွဲခြား ဖော်ပြလိုက်ပါသည်။ ကဗျာတပုဒ်စီ၌ ဖွဲ့ဆိုသောခုနှစ်ကို ပူးတွဲဖော်ပြလိုပါသော်လည်း ယင်းသို့ ဖော်ပြရန် ခက်ခဲလှသဖြင့် မဖော်ပြနိုင်ခဲ့ပါ။ တကဏ္ဍစီသာ အောက်ပါအတိုင်း ခြုံ၍ ဖော်ပြနိုင်ပါသည်။

| | | |
|---|---|---|
| ဗမာသစ်ကဗျာများ | - | (၁၉၄၃ မှ ၁၉၄၇) |
| မာလာမြိုင်ကဗျာများ | - | (၁၉၄၇) |
| ပဒေသာကဗျာများ | - | (၁၉၄၇ မှ ၁၉၅၀) |
| ရတနာကဗျာများ | - | (၁၉၅၀) |
| ဥယျာဉ်မှူးကဗျာများ | - | (၁၉၅၁ မှ ၁၉၅၇) |
| ကဗျာ-၁၀၀ | - | (၁၉၅၈) |

ဤနေရာ၌ မာလာမြိုင်၊ ရတနာ၊ ကဗျာ-၁၀၀ တို့မှာ စာအုပ်ထုတ်ဝေသော နှစ်ကိုသာ ဖော်ပြခြင်းဖြစ်ပါသည်။ စင်စစ် မာလာမြိုင်ကဗျာများသည် ၁၉၄၃ မှ ၁၉၄၇ အတွင်း၎င်း၊ ရတနာကဗျာများသည် ၁၉၄၈ မှ ၁၉၅၀ အတွင်း၎င်း ဖွဲ့ဆိုသော ကဗျာများဖြစ်ပါသည်။ ကဗျာ-၁၀၀ တွင်မူ ၁၉၅၁ မှ ၁၉၅၈ အတွင်း ဖွဲ့ဆိုသော ကဗျာများ အများဆုံးပါဝင်ပြီး ၁၉၄၇-မှ ၁၉၅၀ အတွင်း ဖွဲ့ဆိုသည့် (မာလာမြိုင်နှင့် ရတနာတို့တွင် မပါသော) ကဗျာအနည်းငယ် ပါဝင်ပါသည်။

"ငွေတာရီ ကဗျာပေါင်းချုပ်" နှင့်အတူ ငွေတာရီ၏ ဘဝနှင့် ကဗျာကို လေ့လာဖော်ကျူးရေးသားခဲ့သည့် စာရေးဆရာ၊ ကဗျာဆရာ ၁၁-ဦး၏ ဆောင်းပါးများ၊ ကဗျာများကိုပါ ခုနှစ်အလိုက် ရှေ့နောက်စဉ်၍ ပူးတွဲဖော်ပြပါသည်။ ယင်းသို့ ဖော်ပြခွင့်ပြုသဖြင့်လည်း ထိုပုဂ္ဂိုလ်တို့ကို လှိုက်လှဲစွာ ကျေးဇူးတင်ပါသည်။ ထို့ပြင် ယခုစာအုပ်ထုတ်ဝေရာ၌ အစစအရာရာ အကူအညီ ပေးကြသော ဦးလေးမြိုင်၊ ကြံခင်းစိုးလွင်၊ သမိန်သောင်း၊ စာပေလောက ဦးခင်ညွန့်တို့ကိုလည်း အထူးကျေးဇူးတင်ပါသည်။

မင်းယုဝေ (၁-၇-၆၈)

**ဗမာသစ်ကဗျာများ**

**(၁၉၄၃-၁၉၄၇)**

**အခန်း-၁**

**ဗမာသစ်**

ဗမာသစ်

ထူလုစ်နိုင်ဖို့ တို့ကြံစည်။

တို့ဗမာ လူထုကြီး

သွေးစည်းကြသည်။

လွတ်ရမည်။

တို့ပြည်ရဲ့ ဝါဒ။

သည်တခါ နိုင်အောင်ခဲလို့ရယ်

(ဗမာတို့ရေ) ကြံလိုက်ပါကြ။

..............................

**ဤချိန်ခါ**

ဤချိန်ခါလျှင်၊ ဒေါင်းဖခင်၏

ရှိတင်အထူး၊ ဂုဏ်ကျေးဇူးကို

သားထူးရဲဘော်၊ ဆပ်ခွင့်ပေါ်၏။

ဤချိန်ခါလျှင်၊ ထက်ကောင်းကင်ဝယ်

လေယာဉ်ပင့်မောင်း၊ ရဲမာန်လောင်းသည့်

တို့ဒေါင်းအောင်လံ၊ မြူးကြွပြန်၏။

ဤချိန်ခါလျှင်၊ ဇမ္ဗူခွင်ဝယ်

ပေါ်ထင်ကျော်ကြား၊ ဗမာများလည်း

တလွှားမြေထက်၊ ဂုဏ်ရည်တက်၏။

ဤချိန်ခါလျှင်၊ စစ်မြေပြင်ဝယ်

သေနင်ဗျူဟာ၊ ခင်းကုန်ကြမှ

ဗမာ့သတ္တိ၊ ကမ္ဘာသိ၏။

ဤချိန်ခါလျှင်

မြင့်ကြာရှည်ညောင်း၊ ခေတ်အဟောင်းက

ရဲကောင်းစစ်သည်၊ သူ့ဂုဏ်ရည်ကို

ကြံစည်မှန်းသိ၊ ငါတွေးမိ၏။

အခွင့်ကြိမ်လာ၊ ဤချိန်ခါကား

ဗမာ့အကျိုး၊ သရေတိုးသည်

အောင်မှု မင်္ဂလာ မှန်ပါတကား။ ။

..............................

**ရဲဘော်လောင်းသို့**

လင်းကွင်း-ပုံရှည် အိုးစည်-မောင်းနဲ့
ရဲဘော်လောင်းမို့ချီးကျူးတယ်။
အဖမြန်ပြည် ဇာနည်ဖွားရဲ့
စစ်တိုက်သွားခိုက် မှာလိုက်မယ်။
လွတ်ရေးဆိုတာ အစဥ်မြဲဖို့
သွေး-ချွေး-ဖွဲနဲ့ အားကိုဆွယ်။
စစ်ပွဲအောင်ကာ ပြန်လာကြောင်းကို
ညောင်ရေလောင်းလို့ ဆုတောင်းရှယ်။
တောင်းမယ်-တောင်းမယ်။ ။

..............................

**ဗမာ့အား**

ဗမာသစ်
ထူလှစ်နိုင်ဖို့ "အား"ကိုတည်။
မျိုးတကာ ဂုဏ်တက်ရေး
"အား"မွေးရမည်။
မျိုးရိုးခိုင်တည်
ပြိုင်မည်ကွဲ့ "အင်အား"။
တို့ဆေးဟာ ဗမာ့"အား"လို့
မှတ်သားကာ ဗမာများရယ်
"အား"မွေးစို့လား။ ။

......................................

**စစ်သူရဲ**

သေနင်ဗျူဟာ၊ ခင်းကြတည့်လျှင်
သူငါမခြား၊ အများနှင့်အတူပင်
စစ်ထဲငယ်သူဝင်..... မြန်ခွင်အတွက်
ဆွေမျိုး သား ညီ၊ စွန့်ခဲ့ပြီ.........
ဇာနည်သွေးသက်သက်,ကယ်နှင့်လေး။ ။
စစ်မြေထွက်လို့ အသက်ကယ်မခင်
ဆောင်ဓားခိုင်ကြီး၊ အပြီးလွယ်လို့ပင်
သေနတ်ကိုင်............လန်းရွှင်ကြည်ပြုံး
စိန်ပြောင်ငယ်တဖုံ၊ အမြောက်အစုံ............
ရန်မှုန်ပယ်ချာမှုန်း, သည်နှင့်လေး။ ။
သည်မောင်လက်ရုံး၊ နှလုံးစိတ်ရည်
တော်ရုံလူများ၊ လားလားမှမသိ
တပ်ဦးဝယ်တက်ချီ........ဆံခြည်ကြောက်သွေး

ရွေးစေ့ငယ်ကြောင်ယောင်၊ မရှိပေါင်..........

ရဲရောင်သာလွှမ်း၍ထွေး,သည်နှင့်လေး။ ။

ကိုယ့်မာန် ကိုယ့်သွေး၊ ကိုယ့်ချွေးရင်းကာ

တိုက်လဲ ခိုက်လဲ၊ အောင်ပွဲရ၍သာ

မင်းထီးမြတ်စွာ.......... ရာရာအားကိုး

နှိုင်းဖက်မတူ၊ နတ်စစ်သူ........

ကြည်ဖြူကာ မြတ်တနိုး,ငယ်နှင့်လေး။ ။

တန်းခိုးငယ်အာဏာမှာ၊ ပြေရှာလေးတော့သည်။

သတင်းငယ်နာမာ ကျေညာမွှေးတော့သည်။

...............................

**အား**

"အား"ကိုတဲ့ အရင်းတည်။

ဗမာသစ်ကိုလ

ထူလှစ်ရန် မျှော်ရည်စားပြန်တော့

သည်"အား"သာ ခြေခံထားတာကြောင့်

"အား"နဲ့ဆောင်မည်။ ။

တို့မျိုးသာ ထိပ်မှာပြေးစေဘို့

တို့ကြိုးကာ "အား"ကိုမွေးပါလို့

သည်ဆေးကို သည်လိုပေးပြန်တော့

ရှေ့ရေးတဲ့ မြင်ယောင်ပြီ

ထူမည်ကွဲ့ ဗမာ့"အား"။ ။

သစ်ကမ္ဘာမှာ

သစ်ဗမာ တခါစိုးပါလို့

တို့မျိုးဂုဏ် ဘယ်မမေ့အောင်လ

အကျိုးကို တကယ်တွေးလို့ရယ်

(ဗမာတို့ရေ) မွေးပွဲ့ါအင်အား။ ။

..............................

**အောင်မြေ**

ရန်သူကို ချေကာဝါးမယ့်

တပ်တော်သား ရဲဘော်တွေ

နင်းခဲ့အောင်မြေ။

အောင်သပြေ............

ရောင်ဝေလို့စိုလန်း။

တို့တတွေ သည်တခေတ်မှာ

အားသစ်လို့မြန်း။ ။

......................................

**မျိုးချစ်ညီ**

တက်သစ် နေရောင်လျှပ်တဲ့
ရဲစစ်တပ် ချီတက်မယ်
လိုက်ခဲ့ညီရယ်။
လိုက်ခဲ့ပါ့မယ်..........
စိတ်ဝယ်ဖြင့် ပျော်ပါး။
တို့စစ်သည် နတ်ဘီလူးတို့
မျိုးချစ်ညီ ဒြပ်ထူးဘို့
တပ်ဦးမှာ လုံ့စွပ်စွဲလို့ငယ်
ကြဲကြစို့လား။

.................................

**ခေတ်သစ်ဗမာ**

သေနတ်ဓားလွယ်၊ ကိုယ်စီသယ်လျက်
စစ်နယ်အနံ့၊ ခြေကုန်ဆန့်သည်
ယမ်းနံ့ကလူ မြူးဆဲကို။
စစ်စခန်းတွင်၊ ဇာနည်ရှင်လည်း
သက်ပင်ခန္ဓာ၊ ဆုံးစေကာမူ
ကြည်သာရွှင်ပျ၊ မကြောင့်ကြသည်
ချမ်းမြကြည်ဖြူ လှူဆဲကို။ ။
တိုက်ပွဲရပ်နား၊ အောင်မြင်သွားက
စိတ်ထားမကွာ၊ ညီတညာဖြင့်
ဗမာအပေါင်း၊ သွေးသစ်လောင်းခဲ့
ရှေးဟောင်းစနစ်၊ တွန်းလှန်ပစ်သည်
ခေတ်သစ်ဗမာ ထူဆဲကို။ ။

................................

**မောင်ဗမာ**

ထောင်ထောင်မောင်းမောင်း
သူရဲကောင်းနဲ့ ပုံမသွေ။
ရှိတဲ့ရန် အကုန်လုံး
မှုန်းတဲ့လို့ချေ။
ဇာနည်ဆွေ
မြန်မေမေ့ ရင်သွေး။
တန်ခိုး ရောင်အဝါနဲ့
တက်ဖြိုး မောင်ဗမာလို့
ကမ္ဘာမှာ မြန်မာတင့်အောင်
မြှင့်ခဲ့မယ်လေး။ ။

…………………………….

**ဆုမွန်**

နှုတ်ထွက်ညီညီ၊ သံပြိုင်သီသည့်
သာကြည်ချိုအေး၊ နိဗ္ဗာန်တေးလည်း
မြည်ကြွေးရာမှ တိတ်ခဲ့ပြီ။
ဒေါင်းမင်းယာဉ်သာ၊ သူရိယာလည်း
ဖြူဝါအဆင်း၊ ရောင်ခြည်ဝင်းကို ထိန်လင်းရာမှ မှိတ်ခဲ့ပြီ။
ထွန်းတပြောင်ပြောင်၊ စိန်အရောင်လျှင်
နက်မှောင်ပြင်ကျယ်၊ ကောင်းကင်နယ်ကို
စီခြယ်ပြည့်လျှမ်း၊ မိုးလုံးလွှမ်းလျက်
ထက်နန်းဘုံခွင်၊ တန်ဆာဆင်သည့်
ကြည်လင်ပျိုနု၊ တာရာစုကား
ယခုအခါ၊ အဇ္ဈာမှ
ကြည်သာရွှင်ပြုံး၊ ပြုလာတုန်းတည့်
တပြုံးရွှင်ရွှင်၊ ကျွန့်ဝမ်းတွင်လည်း
စစ်ပြင်မှန်းမျှော်၊ "ကျွန့်နောင်တော်နှင့်
ရဲဘော်တစု၊ ကျွန့်ကောင်းမှုကို
သာဓုခေါ်စေ၊ ဘယာကွေ၍
ကြာရေခညောင်း၊ ရွှင်စေကြောင်း"ဟု
ဆုတောင်းဖန်ဖန်၊ ပြုမိဟန်ကား
ထက်ယံကိုဖုံး၊ ကြယ်တနုန်းသို့
မိုးလုံးပြည့်လွှမ်း၊ မကုန်ခန်းသည်……….
တွက်မှန်းမနိုင် စိပ်ခဲ့ပြီ။ ။

…………………………………

**ရဲမက်တော်**

ခဲသလေ ပွဲတွေရပြီမို့
သဲကြွေကြွေ နွဲ့နေကျပါပေ့၊
ဘြော်-ရဲပေစွ သည်လူတွေ။
တယောက်ကောင်းငယ်နှင့်
တသောင်းကို ဖြိုကာဖျက်သူမို့
ရန်ဖက်လူ ပယ်ခွာရှဲတယ်
ရဲမက်တော်တွေ။
ချွေစရာ ခုမဆိုင်းတာမို့
ရွှေဗမာ သူ့သမိုင်းမှာဖြင့်
တုနိုင်း မယှဉ်သာဘု
အစဉ်လာ ရဲရောင်လျှမ်းရယ်နဲ့

နန်းတောင်မြင့် မြင့်မိုရ်ရွှေ
ပျက်စေမယ့် သည်လူစား။
ခေတ်ဟိုခါ
စစ်ဆိုတာ ပျော်စရာလို့
မြော်ခေါ်ကာ ဆင်ဘို့အရေးကိုဖြင့်
ရွှင်အေး ကြည်ဘဝင်နဲ့
ဇာနည်ရှင် လွန်ဝံ့စားကာပ
ညသန်းခေါင် မရှောင်သွားတာမို့
မ,တထောင် တကောင်ဖွားလို့ရယ်
ကျားဆိုမှကျား။ ။

....................................

**ထင်လွှဲပါနဲ့ စစ်နောင်တော်**

မလိုက်ရဲ
ထင်လွှဲပါနဲ့ စစ်နောင်တော်။
စစ်မြေကို နောင်တော်ထွက်ရင်
အားတက်ကာပျော်။
ပျိုလဲနော်
စဉ်မျှော်လို့စောင့်ဆဲ။
တပ်မတော် အခေါ်ဆိုက်ရင်
လိုက်ဖို့အသင့်ဘဲ။ ။

..................................

**အောင်လံတော်**

သုံးရောင်ခြယ် အလယ်ဒေါင်းနဲ့
လံပေါင်းရဲ့ ထိပ်မှာနော်
ကြွားဝင့်လို့မော်။
အောင်လံတော်
လေဖျော်လို့ လှုပ်ယမ်း။
မြင်ရသူ အာဇာနည်ဖြင့်
"စစ်မြေသီ ချီကာလှမ်းပါလို့
စမ်းချင်ပြီ သည်တပွဲ"လို့ရယ်
ရဲစိတ်ကလျှမ်း။ ။

......................

**လက်ဆောင်ထူး**

သေနတ်စွဲ
လုံ့ဆွဲပါတဲ့ သက်လျာဆွေ။
ရဲမက်တော် ဗိုလ်ပါများနဲ့

သွားပေါ့စစ်မြေ။
ရန်ထွေထွေ
အောင်စေဘို့ ရည်စူး။
ချစ်ဦး မောင်ဘဖေသို့
အောင်သပြေ လှမ်းကာဆက်မယ်
ခင့်လက်ဆောင်ထူး။ ။

..................................

**ဝင်နွှဲပါတော့လား**

ဗမာမျိုးကိုလ
တန်ခိုး ဝေဝေဆာနဲ့
ရွှေတေဇာ သမ္ဘာတိုးစေဘို့
စေတနာ သဒ္ဓါဖြိုးကာပ
ကြိုးခဲ့ကြ ဟိုစဉ်ခါ။
ခေတ်အပြောင်းတွင်မှ
လွတ်ကြောင်းကို တကယ်ဖေါ်တဲ့
သုံးဆယ်နော် ရဲဘော်များရယ်ကြောင့်
တို့များ မြန်မာပြည်ဖြင့်
လွတ်ရောင်ခြည် ကြည်ကြည်လျှမ်းခဲ့ရ
ဝမ်းမြောက်စရာ။
ပေါင်းမြန်မာ ဒေါင်းလံဝင့်ပါလို့
ကောင်းအောင်သာ ခေါင်းဆောင်ကျင့်ပါရဲ့
အခွင့်သာ အခါသင့်ပေမယ့်
သည်စစ် သေနင်္ဂါဖြင့်
သည်ချိန်မှာ ဖြာနေဆဲဟာမို့
ရဲရောင်ဝင့် မောင်မြန်မာရယ်
ဝင်ပါစို့တို့များ။
ရှေးမြန်မာ
တွေးပြန်ကာ ဂုဏ်ရည်ဆောင်ဘို့
မထီပေါင် သည်စစ်ပွဲကိုလ
ဆင်နွှဲ တူပျော်ပျော်နဲ့
ဇမ္ဗူပေါ် လူမော်ဖြစ်နိုင်ဖို့
မသူတော် လူရော်ညစ်ကိုလ
အငိုက်ပါ ဖြုတ်ခါပစ်ဖို့ရယ်
စစ်တိုက်စို့လား။ ။

...............................................

**မျိုးမြန်မာပြည်အတွက်မို့**

မျိုးမြန်မာ ပြည်အတွက်မို့

ချစ်ဖက်နှင့် သည်မောင်မှာ

ခွဲရပြန်ရှာ။

မိမြန်မာ

သာယာဖို့ အရေး။

ချစ်သက်လှယ် သူဇာနတ်ရယ်

ခွင့်လွှတ်တော့လေး။

လွတ်ရေးကို ကြိုးဆိုပွဲမို့

ဝင်နွှဲလို့ ခါခါပင်

တိုက်ဖို့သာပြင်။

ချစ်သဲပျိုစင် ငြိုငြင်နဲ့လေး။

တပ်မတော် အခေါ်ဆိုက်ရင်

လိုက်ခွင့်ကိုပေး။

ပုံးသံတွေ မြည်ဟည်းလို့

မြေကြီးတဲ့ သိမ့်သိမ့်တုန်

ကြဲစေ့ မဖြို။

မျိုးမြန်မာ့ဂုဏ်

ကြိုင်ထုံဖို့အရေး။

စစ်ထွက်မောင် တော်လှန်ပွဲမှာ

ရဲလှပေ့ါလေး။

တိုက်ပွဲတွေ ခဏနားလို့

အားလပ်တဲ့ သည်ချိန်ခါ

ရေးတဲ့ ဤစာ။

လူကြုံသာ

ဖွေရှာလို့ မောင်ပေး။

နှစ်ကိုယ်တွဲနိုင်ဘို့

စစ်ပွဲကို နိုင်အောင်တိုက်မယ်-လို့

ယဉ်သိုက်ဝင် နွဲ့ခင်ချောကို

ပြောလိုက်ပါ့လေး။

စစ်ပွဲမှာတဲ့ ကြာခဲ့ပေ။

မြော်ကိုးသူ ခွေကာနွမ်းလို့

လွမ်းရော့မယ်လေ။

စစ်ရေးသာစေ

ညောင်ရေတဲ့ ခုလောင်း

ချစ်ထွေးလာစေ

သပြေနဲ့ ဆုတောင်း။

ချစ်ဦး ကညာမေရဲ့

လှစ်ကျူး ခါခါချွေလို့

ယျာစိန္တေ ပရမေကွန်းမှာ

ညွှန်းပုံ့ဆုတောင်း။ ။

.............................................

## မန္တသာလို့

ဗမာ့အောင်လံ၊ ဝေဟင်ယံဝယ်

လေပြန်ပင့်သော်၊ တမော်မော်နှင့်။

နိမ့်မြင့်ခုန်ပျံ၊ ခရာသံလည်း

ရဲမာန်ကြွေးဖော်၊ တကြော်ကြော်နှင့်။

မြန့်သွေးဇာနည်၊ နောင်စစ်သည်လည်း

စစ်ချီတက်သော်၊ တပျော်ပျော်နှင့်။

ကြွားဝင့်မော်မော်၊ အောင်လံတော်နှင့်

ကြွေးကြော်ဆင့်ဆင့်၊ ခရာတင့်၍

သခင့်ရဲဘော်၊ ဘယ်လိုပျော်လည်း

နောင်တော်မခြား၊ စစ်တိုက်သွား၍

ဖက်သားရန်ကို၊ ချွေနိမ်လိုသည့်

စာဆိုမှာကား၊ ဇာတ်ကွာခြား၍

စိတ်သွားလေရာ၊ ကိုယ်မပါကြောင့်

ညှိုးကာအစဉ်၊ ကျွန် ဘဝင်သည်

ပျော်ရွှင်ကြွား မဝံ့နိုင်တကား။ ။

.............................................

## စစ်သွေးဇာနည်

တို့အောင်လံ လူလူလွင့်လို့

ရဲရင့်တဲ့ မောင်စစ်သည်

သွားစို့စစ်ချီ။

စစ်သွေးဇာနည်

မာန်ဖီလျက်လေး။

ချစ်ရေးခွာမည်

မြန်ပြည်တွက်လေး။

တပ်ဦး ရွှေစည်ဆော်တော့

တမော်မော် ရဲဘော်များရယ်

သွားစို့မနေး။

.............................................

**စွန့်တဲ့စစ်သား**

ရှေ့စခန်း
တလှမ်းတိုးလို့ချီတက်မယ်။
မျိုးချစ်သူ ဗမာများ
ရဲအားကကြွယ်။
ဇာနည်ရယ် သာကီနွယ့်စိတ်ထား။
တို့များ အောင်လံထူလို့
သည်ဇမ္ဗူ တလူညွှန့်ဖို့ရယ်
စွန့်တဲ့စစ်သား။ ။

..............................................

**ရဲဘော်**

ဝေယံတခွင်
အာကာပြင်ဝယ်
ကြည်ရွှင်လိမ့်လူး
တိမ်ဖြူမြူး၏။
ရဲမာန်ကြွေးကြော်
စစ်မြေပေါ်ဝယ်
ရဲဘော်တဦး
အရှင်ထူး၏။

..............................................

**သွေးနှင့်ရွေး**

ခေတ်မြန်မာ ကမ္ဘာတရိုးမှာလ
သစ်ပြန်ကာ သမ္မာတိုးစေဘို့
ကြိုးကြစို့ ညီညီညာ။
အသက်သွေးတွေနဲ့
လွတ်ရေးကို တကယ်လဲမည်မို့
ချစ်ရဲဘော် ဗမာတစုရယ်
အားပြုကြပါ။
ရောင်ရှိန်ဝါ ဘယ်မမေးကာပ
နောင်ချိန်ခါ တကယ်အေးစေဘို့
သည်ရွေး သည်အရာနဲ့
သည်ဗမာ ဇာနည်မျိုးရယ်က
ကြိုးပေမှ သည်မြေချာဝယ်
တေဇာဖြင့် ရှည်ကြာမြဲ။
ပေါင်းမြန်မာ
ဒေါင်းလံဝါ မြန်စွာထူလို့

သည်ဇမ္ဗူ ညီတူရေးကိုလ

သည်သွေး နီတျာတျာနဲ့

စီဖြာဖြာ အဆီချွေးဟာဖြင့်

ပြည်မြန်မာ ကြည်ကြည်အေးရအောင်

ဖေးကြမှဘဲ။ ။

.............................................

**စစ်နောင်တော်**

တိုက်ပွဲဝင်တဲ့ စစ်နောင်တော်။

တပ်ဦးမှာ ရဲဘော်စစ်တာမို့

"ကြောက်ဖူးကွယ်" မြွက်ဖေါ်လှစ်ပါတဲ့

မျိုးချစ်နောင်တော်။

"ပြည်အတွက်ကိုဖြင့်

အသက်နဲ့ ဖလှယ်သော်

နောင်တော်က မြတ်သေး"တဲ့။

"ရှေ့ဆက်ကာလေ

တိုက်ဖျက်ပါ နောင်အဆွေ"လို့

ကဗျာတွေ စာခွေဆက်ပါပေ့ါ

အားတက်ကာ ဇာနည်သွေးရယ်နဲ့

လွတ်ရေးကို အပိုင်စိုးဖို့ရယ်

(နောင်ကြီးရေ) ကြိုးပွဲမနေး။ ။

.............................................

**သက်ဆက်လို့ထမ်း**

တိုက်ပြီတဲ့ တိုက်ပြီ။

ဝေဟင်မှာ သေနင်ကျင်းတယ်

နင်းဖျက်ခဲ့ပြီ။

ကြည်းကြောင်းက တခါချီ

ရေဆီက တလမ်း။

တိုက်တိုင်း ရှင်ပျော်ပျော်နဲ့

ခိုက်တိုင်း ရှင်ပျော်ပျော်နဲ့

နိုင်ငံတော် သည်အတွက်ရယ်

သက်ဆက်လို့ထမ်း။ ။

.............................................

**စစ်ချီသူသို့**

ရှေ့စခန်း

တလှမ်းတိုးလို့ ချီတက်ပြီ။

တို့မြန်မာ ပြည်အကျိုး

တိုးရှက်တော့မည်။

စစ်မြေဆီ

ချီပြီပေါ့ တအား။

မြန်မကြာ ပြန်လာရေးကို

စိတ်တွေ မှာ ညီမထွေးငယ်

အေးဆုညွှတ်တွား။ ။

..............................................

**ဖသမီး**

လှဖြူပြာ ရှုပါထွားပုံက

သူဇာလား ထင်လောက်ပေ။

နနယ်သူ ပျိုယမင်းငယ်

ဆင်းကျွန်နူဆွေ။

ပြော့လိုလျှင် ဖေ့ါဖယောင်းသာပ

သံချောင်းထက် မာနိုင်လေ

မာစေလိုယင်ဖြင့်။

ဖသမီးပါဘဲ

လက်သီး တခါနံတော့

သဒ္ဒါလန် ဂျမ်းပုံကျမယ်

ဝေးကရှောင်နှင့်။ ။

..............................................

**အခန်း(၂)**

**နွေသင်္ကြန်**

လမ်းတလျှောက်မှာလ၊ ပန်းပိတောက်မာလာ၊

မွှေးနံ့ငယ်ဖြာ၊ ပွင့်သီဂံရွှေဝါဆင့်ရယ်နဲ့၊

မြင်တင့်တဲ့ သူ့နဂို၊ မြရည်ဝါပင်ပျိုနန်းမှာလ၊

လေဖျန်းတော့ ဘယ်ညာကို၊

နွယ်မာလာ ယိမ်းရှာတော့တယ်လေး။

နွေသင်္ကြန်ငယ်၊ ပွေရန်ဆင့်ပွား၊ ရေကစားလို့၊

ပျော်ပါးသူငါ၊ ပုံမောင်းသာနှင့်

တေးတျာညံစီ၊ သံချပ်တွေသီတော့ကို

မကြည်တဲ့စာဆိုမှာ

ဘယ်ဟာကိုစာဖွဲ့လို့၊ နွဲ့ရမယ်လေး။ ။

..............................................

**နွေလကူး**

ဥသြတွန်ကျူး

နွေလကူး၍

လေရှူးဆော်သွေး

ပန်းစုံမွှေးလည်း

ချစ်တေးချိုချို သူမဆို။

ပဇွန်ရှင်မြူး

နတ်စည်ကျူး၍

သုတ်ဖြူးဆော်သွေး

လျှပ်ခြည်ပြေးလည်း

ချစ်တေးချိုချို သူမဆို။

ငွေနှင်းပက်ဖျန်း

မြူမှုန်လွှမ်း၍

မြိုင်တန်းမှုန်မှေး

နှင်းရည်ဖွေးလည်း

ချစ်တေးချိုချို သူမဆို။

.................................................

**ပန်ခဲ့ပြီ**

ရွှေပိတောက်လည်း

မြိုင်အောက်စုံခြေ၊ ဆာဆာဝေခဲ့။

သကြြန်မိုးလည်း

သွန်းဖြိုးထွေထွေ၊ ခါခါစွေခဲ့။

ပိတောက်သင်းပျ၊ သီတာမြနှင့်

မွှေးဖမာတာ၊ ဆွေသဟာတို့

ဘယာဝေးစေ၊ သာမျိုးတွေဟု

ရည်ချွေညွတ်နူး၊ နှုတ်လွတ်ကျူးသည်

နှစ်ကူးရက်ဝယ်၊ ပန်ခဲ့ပြီ။

.................................................

**ကဆုန်ပွဲ**

လကဆုန် နွေအကူးဟာမို့

မြတ်တိဂုံ ခြေတော်ဦးကိုဖြင့်

ဖူးကြစို့ ခင်လေးပျို။

ရွှေဖိဦးငယ်နဲ့

ကွမ်းဖူးရယ် အဖြာဖြာပ

စကားဝါ သိင်္ဂါသွေးတို့မှာ

မွှေးနံ့ကပို။

အောင်စေရာ အောင်စေကြောင်းရယ်နဲ့

ခေါင်ပရမေ-မှာ ညောင်ရေလောင်းခဲ့ကြ

တောင်းဆုနဲ့ တူနှစ်ကိုယ်

ရွှင်ချိုလို့ ကြည်ပြုံး။

လကဆုန်

ဘုရား ရွှေတိဂုံ၌

တေးသံစုံ က,ခုန်နွဲ့ပါပေ့ါ

လှူညောင်ရေ ကဆုန်ပွဲဟာမို့

နိဗ္ဗူကို စိတ်သူခဲလို့ရယ်ကွယ်

(မေရယ်) သဲခြိမ့်ခြိမ့်အုံး။ ။

..............................................

**လကဆုန်**

ကြိုင်လို့သာ လန်းတော့တယ်၊ မြိုင်တန်းရယ် ဘွေမပဟီ၊

ခိုင်ပန်းငယ်၊ ဝေစီသည်၊ ပွင့်ရွှေဖီ မြတ်စကားငယ်တို့၊

ပျံ့ရှားကာ ဝတ်ရည်ရင့်ချိန်မို့၊ တင့်လှတယ်လေး။

မြတ်မုနိန်ငယ်၊ သည်ချိန်ခါတွင်၊ ရွှေပလ္လင်၌၊ သဗ္ဗညုဉာဏ်၊

ဆောင်ပွဲခံခဲ့၊ တဖန်ထို့ပြင်၊ သုံးလူ့ရှင်လဲ၊ လူ့ခွင်ဒေသ၊

ဖွါးမြင်ရလို့၊ ထိုမှငယ်တဖုံ၊ ပြည်နိဗ္ဗူ လှံတော့တယ်၊

ကဆုန်လ သည်အခါမှာ၊ စေတနာ သဒ္ဓါဇောရယ်က၊

စောလှတယ်လေး။ ။

..............................................

**မောင်မလွမ်းလေရှော့သလား**

နှစ်ဟောင်းကုန် နှစ်သစ်ဆန်းချိန်မို့

ထက်နန်း အာကာဘုံက

မောင်အမွှန် စည်စုံရွှမ်းပါလို့

မှောင်သန်းခဲ့ မိုးတခို။

မရွှာလိုက်ပါနဲ့

ပြာမိုက်ကာ ပြိုယောင်ပြင်တော့

ဟိုတောင်စဉ် မျှောင်ခွင်ရိုးမှာ

မိုးဝိုက်လို့ညို။

ရဂုံနန်းရယ်နှင့်

စုံခန်းသာ မြိုင်တခွင်ဖြင့်

ခိုင်ယဉ်ယဉ် ပိတောက်မင်းတွေက

ကြိုင်ရွှင်ရွှင် တလျှောက်သင်းလေပေ့ါ

ဝင်းလဲ့လဲ့ ရောင်စိုစို

ရွှေလိုပ သူ့အသွေး။

မောင်မလွမ်းရှော့သလား

မှောင်သန်းကာ ပြိုမယောင်နဲ့

အမွှန်မောင် ဟန်ဆောင်မြူးလေပေ့ါ

ရှစ်ရပ်မှာ ပိတောက်ဖူးတွေနဲ့
ကြည်နူးဖွယ် အတာဝင်တော့
ကညာခင် ပျိုမမြူးနိုင်ဘု
ကဗျာရှင် ဟိုတဦးရယ်ကြောင့်
ရှုးလုပေါ့လေး။

................................................

**သည်အချိန်**

မီးရောင်တွေ ဝေဝေထွန်းကာပ
ပြောင်ရွှန်း ဝါနီရွှေတော့
သာကီဆွေ မိတ်တပါးဆီသို့
သွားချင်စိတ် တဝေဝေ။
ဟိုတနစ်ဆီက
သည်ခေတ် သည်အချိန်ပေါ့
တာဝတိံ စိန္တေ ပွဲမှာလ
ချစ်ခဲ ပျိုဇင်ညာနဲ့
ချိုရွှင်စွာ မိတ်ခိုင်ပန်းငယ်
ကမ်းခဲ့ပြန်ပေ။
မီးရောင်စုံ ပူဇော်ပွဲမှာလ
စိတ်ထဲ ကြည်ရွှင်ရွှင်နဲ့
နွဲ့ယဉ်ကို ပျိုမေသိစဉ်က
ခင်မိသူ သဟာဆွေမို့
သွေဖယ်စိတ် မသန်း။
သိစေစမ်းချင်ငဲ့
ချစ်ကြွမ်းသူ နွယ်နွယ်ဆွေရဲ့
တနယ်လေ တပြေဝေးပေမယ့်
ချစ်သွေးရည် တူညီလန်းပါတဲ့
ချစ်လျှမ်းသူ နွယ်သဇင်ဖြင့်
မေပျိုခင် ဘယ်တွင်မေ့နိုင်ပ
ချစ်ငွေ့မခန်း။ ။

................................................

**ညို**

ကိုးခွင်တိုင်းလည်း ဆိုင်း၍ညို။
မိုးပြင်ဝိုင်းလည်း မှိုင်း၍ညို။
ပတ်ဝန်းကျင် မျှော်ကာကြည့်
မှိုင်းရီရီ့ညို။
သို့ကတဲ

ချစ်သဲက မငြင်ငြို

ဘာကိုမှ မှုမထား။

ညိုရှုံ့ကပါဘု

ဘုံဘဝ အဇ္ဈာက

မိုးဒေဝါ ကိုယ်တိုင်ဆင်းစေတော့

သက်နှင်းမောင် နေခြည်လဲ့မှာ

ခိုတဲ့ကာ တမေ့ဝံ့မှာပေါ့

ရှုံ့ရမှာလား။

...............................................

**ချစ်သူတို့ရွာ**

ဟိုယခင် နွေဝင်စက

ရောက်ခဲ့ရ ပျော်စရာ

ချစ်သူတို့ရွာ။

စိတ်အာရုံမှာ

သာယာဖွယ် ကြည်နူး။

ယမင်း တမေပျော်ဖို့

ညတွင်း ပြွေကျော်နဲ့

ဖြေဖျော်ပုံ တကယ်ထူးလို့ရယ်

လွမ်းစိတ်နဲ့ရှူး။ ။

...............................................

**ညဥ့်သုံးယံခါ**

ယုဂန္ဓိုရ်ရ တောင်ထွတ်ဖျားက

လ,ရထား ယုန်စန္ဒာ။

ဘွေဘုံမှာ ငွေမှုန်သ,လို့

ထွန်းပတဲ့ခါ။

ဆောင်သဥ္ဇာ

ဘုံကြာမြင့် ပြတင်း။

လှဒေဝါ ထွေရာမှန်းလို့

ရမ်းရော်တဲ့ခင်း။

ငွေဆင်းရောင် ဖိတ်လွန့်လွန့်

မြူးကွန့်ကွန့် ထိန်ထိန်သာ။

မြသဥ္ဇာ မှန်ပြတင်းသို့

ဝင်းလဲ့ ရောင်ဖြာ။

ဖြူဝါဝါ သူဇာရဲ့အဆင်း။

ငွေသော်တာ ယှဉ်လာရှုံးမယ်

နှုန်းဖက် ပြိုင်ကင်း။

ချစ်သူကို မျှော်တွေးလို့
ချစ်တေးဖွဲ့ သံချိုချို
နွဲ့ပင်တိုင် ဘုံဆောင်ဦးက
ကျူးရင့်ကာဆို။
"ရွှေမြင့်မိုရ်
တောင်ညိုထက် လွန်ကြူး။
ရေသီတာ ဒီပါဆုံးတောင်
ချစ်မေတ္တာ ဘယ်မတုံးတယ်
မုန်းရက်နိုင်ဘူး"တဲ့။
သင်းကြူကြူ ရနံ့ထုံးတဲ့
စပယ်ဖူး ယုဇနာ။
ပန်းမဉ္ဇူ ငွေဂမုန်းနဲ့
ပုန်းညက် ခတ္တာ။
ကြိုင်ကြိုင်စွာ
လှိုင်ပါတဲ့ လေတွင်း။
ချစ်တေးပျို ချိုချိုအေးမှာ
လေးတွဲ့တွဲ့ညင်း။
ဆိုရင်းပင် တောင်ပံနက်လို့

သန်းခေါင်ကြက် သူကတွန်။
ချစ်သူကို ပျိုမှာထား
ကြားတဲ့ချိန်လွန်။
"ကတိဝန်၊ ကျေပွန်တဲ့ သက်ထား။
ခုတခါ အမှုထူးလို့
ရှုးလှုဘုရား"တဲ့။
ခါတိုင်းဆို လာချိန်သင့်လို
မုန်းလင့်တဲ့ ချစ်သူပျို။
လ,စန္ဒာ ငွေရောင်ဝင်းတော့
ဆင်းတဲ့လှိုကြို။
မယ့်ဘုန်းမို၊ ဘယ်ကိုတဲ့ ရှောင်ရှား။
သန်းခေါင်ယံ တောင်ပံနက်တော့
ဆွေးရတာက်ပွား။
စက်မရှင် ဖြေမရတဲ့
မေနမ သူဇာနွယ်။
အုံးတွေမှာ နံးခွေညှိုးတယ်
တိုးခဲ့ဗျာကြွယ်။
"ချစ်သူရယ်၊ ရှောင်ဖယ်ရက်လေအား။

ခုမျှးမှာ တဉာဏ်ဆင်လို့
အိုသခင် ပျိုဇင်ကုံးကို
မုန်းတော့တာလား”တဲ့။
ရေ့ဆီမှာ ရောင်နီကျင်းလို့
လင်းလုပေါ့ သည်ချိန်ခါ။
လင်းကြက်တွေ တောင်ပံနက်
မြွက်ခဲ့သံသာ။
လ,စန္ဒာ
မဖြာတော့ ရောင်ဝင်း။
ပျိုလေးကို ကြင်နာတိုးလို့
ညှိုးခဲ့အဆင်း။
“နောက်တောင်စွယ် ချိတ်ကာဆွဲတဲ့
တွဲရရှဲ ငွေစန္ဒော်။
ချစ်သူကို ခွန်းချိုနှော
ပြောလိုက်ပဲ့နော်။
သဥ္ဇာတော်၊ ကြာမော်မြင့်ဆောင်ထဲ။
နပါးပြင် မျက်ရည်စ-နဲ့
ဆွေးရတဲ့ပွဲ”တဲ့။

“နှုတ်ဆက်ပါရဲ့ ငွေစန္ဒာ။
နောက်တောင်စွယ် ဟိုအကွေ့ကို
ရွှေ့တော့မကြာ။
သူ့ကိုသာ၊ ဖွေရှာလို့မိန့်ကြား။
အသစ်တွေ့တာမို့
ချစ်မေ့ကာ ရောင်ကြဉ်တိမ်းတယ်
စိမ်းရက်တာလား”လို့။ ။

..........................................

**သက်လျှာ**

မရွှေ့တရွှေ့၊ လင်းရောင်ဝေ့လျက်
အရှေ့ဘက်မှ၊ စကြဲကြွသည်
ဖိုးလစန္ဒာ သာဆဲကို။
မစေ့တစေ့၊ လ,ကိုတွေ့လျက်
နောက်ရှေ့နံပါး၊ ဝိုင်းခစားသည်
စိန်သားတာရာ ဖြာဆဲကို။
မမြေ့တမြေ့၊ လွန်ချောက်သွေ့လျက်
ချစ်ငွေ့မလန်း၊ မျှော်တိုင်းပန်းသည်
ငယ်ကျွမ်းသက်လျှာ ကွာဆဲကို။ ။

**အဖြစ်တူ**

ဖေါ်မမိုး

ကိုယ်တည်းပါကလာ့ ဆက်ရက်ငယ်။

နန်းတမာ ပင်မြင့်ဖျားမှာ

နားလာပေ့ါကွယ်။

စာဆို့နယ်

ပူတယ်လို့ ထင်ရဲ့။

လှစ်ကျူး မာဂဓာမို့

မင့်ဘာသာ ငါ့မှာမသိသော်လဲ့

မချိသူ အပူချင်းသာပ

စိတ်ရင်းမှာ တူညီပါလိမ့်

ကိုယ်ချင်းစာ ထားကာတွေးလို့ရယ်

ငေးမိတယ်ကွဲ့။ ။

...............................................

**စေတနာရှင်**

ခိုင်ပန်းစုံ မာလာဖြင့်ပြီးပါတဲ့

မြိုင်နန်းရဂုံ ဝနာခရီးမှာဖြင့်

ဗလာထီး ပျော်တဲ့စေတီအို။

တကိုယ်ချင်းပေမို့

အိုပျင်းဖွယ် ဝနာလမ်းမှာ

နွမ်းလျ မချို။

ရှေးယခင် အရှင်လျှမ်းစဉ်က

ဆွေးမဝင် ဘဝင်ချမ်းတာမို့

ဆွမ်းတင်လို့ သပြေညို

ပန်းကိုဖြင့် နေ့တိုင်း။

တွေးလျက်သာပူ

ဆွေးခဲ့သူ စေတနာရှင်ရဲ့

သဒ္ဒါမဝင် မရှင်တဲ့နလုံးရယ်ကြောင့်

မကြာမတင် ပြင်ပြင်မှုန်းခဲ့ပေ့ါ

သြော်....... မြတ်ဘုန်း စေတီမဟာဖြင့်

ဆွမ်းဗလာ ပန်းပါဝေးလို့ရယ်

ဆွေးရတက်ဝိုင်း။ ။

...............................................

**မမေ့နိုင်**

**(ချစ်မမသို့)**

ငယ်စဉ်ထဲက အစွဲတမြဲ
ချစ်စိတ်ဝေလို့ မေတ္တာကဲ
ချစ်ရက် ခုတိုင်ဘဲ။
ဆုံကွဲဖြစ်ပျက် လောကဓံ
စင်စစ် တရားမှန်။
ခုခါပြန်လို့ တွေ့ရတုန်း။
ဝမ်းသာလို့ ရွှင်ပြုံး။
ငယ်စဉ်တုန်းက ချစ်သလို
ခုလဲချစ်စိတ်ပို
ဘယ်လိုကာလ ကြာစေပြား
စာဆိုမေ့နိုင်ပ့ါမလား။ ။

..............................................

## ချစ်ဒုက္ခ

ပုလဲငွေညှာ၊ ခိုင်ရွှေဝါတို့၊ ဝေဆာဆန်းစ၊ သရေကြွခဲ့၊ ပန်းမြသဇင်၊ နွယ်တော်ဝင်လည်း၊ မြင့်ပင်ထိပ်ဖျား၊ ယိမ်းနွဲ့ပါးလျက်၊ ကစားကလူ၊ လေပြေမြူသို့၊ ကြူကြူနံ့မွှေး၊ သင်းသင်းသွေး၍၊ စိတ်အေးမြသော်၊ တခေါ်တထောက်၊ ခရီးပေါက်သား၊ ဟိုမြောက်ဒိသာ၊ ရပ်မျက်နှာ၏၊ လက်ျာဖက်စွန်း၊ တံတိုင်းဝန်းလျက်၊ ရွှေကျွန်းသစ်မွှန်၊ စုလစ်ချွန်နှင့်၊ အမွန်အဦး၊ ဗိမာန်ထူးငယ်၊ လှမူးရွှေစင်၊ ရောင်ကြည်လင်နှင့်၊ စင်စင်ကြယ်ကြယ်၊ ချစ်စဖွယ်လျှင်၊ ကေသွယ်စန်းလ၊ သော်တာမြသို့၊ ဝင်းပဝေဆာ၊ နွယ်အာသာဟု၊ ခေါ်ဖွယ်ရာပင်၊ ပြစ်စင်ကင်းဘိ၊ ခင်တမိကို၊ စွဲငြိစိတ်တွင်၊ ဇောဘဝင်နှင့်၊ သည်းတွင်ခိုက်တုန်၊ ချစ်အာရုံကြောင့်၊ ငေးတုံမျှော်ရှု၊ ပူစေပြုသည်၊ မျက်ရှုဒါလီ သာကီနန်းဆက်နွယ်ပေလော။

အမြဲစေရာ၊ သဝဏ်လွှာတွင်၊ ချစ်ရာချစ်ကြောင်း၊ အားကုန်လောင်း၍၊ ခွင့်တောင်းခါခါ၊ ချစ်ခွင့်ရာလည်း၊ ဘယ်ခါသော်မှ၊ ခင်နှမ၏၊ လှပလက်ရေး၊ အလွှာလေးသည်၊ မျှော်ငေးတွေးသူ၊ ဆွေးအပူကို၊ မကူဖေးမ၊ မအေးမြခဲ့၊ နမသက်လျာ၊ ခြောက်ပြစ်ကွာ၏၊ ရောင်ဝါတင့်ရွှန်း၊ မျက်နှာဝန်းကို၊ မှောင်ထွန်းကာလ၊ အခါညတွင်၊ ဝင်းပဝေဆာ၊ ငွေစန္ဒာ၌၊ ပေါ်လာယောင်နိုး၊ သူမျှော်ကိုးလျက်၊ စက်နိုးမပျော်၊ တမ်းတမျှော်ခဲ့၊ ချစ်ဖေါ်နှမ၊ ဆင်တိုင်းလှကြောင့်၊ ချစ်စရှေရှေ၊ ချစ်စိတ်ဝေနှင့်၊ ချစ်ရေသွင်သွင်၊ ချစ်ဇောဝင်ကာ၊ တငင်တတ၊ အလှမျက်နှာ၊ ချစ်စရာကို၊ စဉ်သာစူးစိုက်၊ သည်းတွင်းခိုက်အောင်၊ မှတ်ပိုက်သဘော၊ စဉ်စောတွေးမှု၊ ငေး၍ရှုသည်၊ ညက်နု-ဝါကြည် ကြာနီ-ပန်းခက်နယ်ပေလော။ ။

အသဲကြွေငါ၊ ပူစေရာကို၊ ကြမ္မာပြုဘိ၊ လွန်မရှိဘို့၊ ခက်သည်အခဲ၊ အခက်ထဲတွင်၊ လွန်ကဲပိုမောက်၊ လွမ်းပိုလောက်၏၊ ချစ်ညှောက်-ချစ်ညှာ၊ ချစ်ပင်လွှာသည်၊ ပူဆာပြင်းလောင်၊ နေအရောင်၌၊ ခွေယောင်ညှိုးငယ်၊ သေမည့်နှယ်သို့၊ ရှေ့ဝယ်တလှမ်း၊ ယခုမြန်းခဲ့၊ ချစ်ပန်းပင်ခြေ၊ ဆာဝေဝေဝယ်၊ ချစ်ရေစိုလန်း၊ ချစ်ပန်းဆင့်ဆင့်၊ ချစ်ပွင့်စုံစုံ၊ ချစ်ငုံထူးထူး၊ ချစ်ဖူးမြိုင်မြိုင်၊ ချစ်ခိုင်တင့်တင့်၊ အဆင်သင့်ဘို့၊ မျှော်လင့်မသွေ၊ တမ်းတပေလည်း၊ သည်ခြေရောက်ရေး၊ အတန်ဝေး၏၊ ချစ်တေးမြိုင်မြိုင်၊ သီဆိုနိုင်သည့်၊ ပင်တိုင်မြင့်ဦး၊ ဟိုပင်ထူးမှ၊ ချစ်ဦးမောင်မယ်၊ ထိုငှက်ငယ်တို့၊ ကျီစယ်မြူချို၊ ချစ်ရေးပိုက၊ ငြင်ငြိုစိတ်နွမ်း၊ ကြေကျွမ်းသည်းနှ၊ ပြတ်ကြွေလုသည်၊ ခက်မှုဖြာပြီ၊ တာရီလွမ်းရက် ကျယ်စေလော။ ။

..............................................

## ဘုရားတိုင်

တွက်ချင့်ကာရည်၊ နေ့ရက်သည်လည်း၊ ခါလည်တနှစ်၊ ဆန်းစသစ်၍၊ ချွေလှစ်ရွက်ဟောင်း၊ အသစ်လောင်းခဲ့၊ ငယ်ပေါင်းအဆွေ၊ မောင့်သက်ဝေနှင့်၊ တမြေရပ်ခြား၊ နေရခြားသော်၊ မပျော်မသစ်၊ စိတ်နွမ်းညစ်၍၊ တနှစ်ရာသီ၊ ချိန်နာရီကို၊ ကိုးလီကမ္ဘာ၊ သချေ်ကြာဟု၊ ထင်လာစိတ်ထဲ၊ မရှိကဲသည်၊ အသဲငွေညှာ-ကြွေကာနွမ်းတော့မည်.... ဘုရား။ ရက်မြင့်ကြာရှည်၊ နေဌာနီနှင့်၊ ကွာသည်အချစ်၊ မောင့်အဖြစ်ကို၊ ရုံးလှစ်လျှောက်ချင်၊ စိန္တေရှင်ဝယ်၊ ဦးတင်ဝပ်တွား၊ ပန်ကာကြား၍၊ လွမ်းအားပြေရာ၊ ကြံစည်လာခဲ့၊ မြန်စွာပြန်ရေး၊ အခွင့်လေးကို၊

မိတေးမြတ်စွာ၊ တည်းဖန်ပါဟု၊ ရည်ကာသွန်းလောင်း၊ ဆုမွန်ကောင်းနှင့်၊ ထပ်လောင်းတလဲ၊ တောင်းမစဲသည်.....၊ မကွဲကွေရာ- ချွေကာ- မှန်းတော့မည်....... ဘုရား။

ခက်ပွင့်ဖြာသည်၊ ခက်ပင်စည်ဝယ်၊ ခက်ညီငုံဖူး၊ ခက်မှုန်မြူး၍၊ ဘယ်ကူးညာလှည့်၊ ရှေ့ဝယ်ကြည့်လျှင်၊ ခက်သည့်အရောင်၊ အခက်တောင်မှ၊ လွတ်အောင်မမြင်၊ အခက်ယှဉ်ခွဲ၊ ခက်ပင်ခက်သေး၊ အခက်တေးနှင့်၊ ရပ်ဝေးနေသူ၊ မောင့်ဒါရှုကို၊ တူရှုမျှော်ဆ၊ သီကြွေးရလျက်၊ ဆွေးလှရင်ထဲ၊ ပူမစဲသည်....၊ တနဲပွေကာ-သေရွာမြန်းတော့မည်..........ဘုရား။ ။

................................................

**မှားသလော**

လောကဓမ္မတာ၊ ချိန်တန်လာက
ဘာသာတကိုယ်၊ မပျော်လိုဘဲ
ရှင်ချိုကြည်ဖြူ၊ စိတ်ညီတူကို
ဖွေယူရှာပေ၊ သဟာဆွေတို့
ခက်ပွေစိတ်မှာ၊ ဒုက္ခသာသည်
သဟာ- မှားသည် ဆိုအံ့လော။
အများနည်းတူ၊ ခင်ပျိုဖြူလည်း
ချစ်သူတပါး၊ ရှာလိုငြားက
ချစ်အားပိုကာ၊ မောင့်ကိုသာလျှင်
ကြင်ပါခင်-ဟု၊ နှုတ်ကျူပြုလည်း
ချစ်မှုမရှာ၊ မယ့်ဆန္ဒာကြောင့်
စိတ်မှာဗျာဝေ၊ ညှိုးလျချေသည်
အဆွေမှားသည် ဆိုအံ့လော။
ချစ်မှုချစ်ရာ၊ ကင်းလေပါမှ
စိတ်မှာရှင်ကြည်၊ ပူကင်းမည်ဟု
တွေးရည်ရမ်းရော်၊ စိတ်ကိုဖျော်လည်း
မပျော်တရံ၊ ချစ်ငွေ့လျှံမိ
တဖန်တနည်း၊ စိတ်ချုပ်တည်းသော်
နာကျည်းသဲဝ၊ ဆင်းရဲလှသည်
ကျွန်မ မှားသည် ဆိုအံ့လော။ ။

................................................

**ဖော်မဲ့သူ**

နေမင်းဝင်စ၊ ညကျပြီဆိုလျှင်
တဲအိမ်ရှေ့မှာ၊ ထွက်၍ငယ်ထိုင်စဉ်
ထက်မိုးငယ်တခွင်၊ ကြည်လင်စိုအေး
ဖိုးလ,စန္ဒာ၊ ထိန်ထိန်သာ
ဝင်းကာငွေရောင်ဖွေးသည်နှင့်လေး။
စည်းရိုးနံဘေး၊ နီတွေးပွင့်လွှာ
ပျံ့ချိုကြိုင်မွှေး၊ စိတ်အေးဖွယ့်ဂန္ဓာ

နင်းဆီမာလာ၊ ဘယ်ညာလှည့်လူး
လေမင်းတေးဆို၊ ရွှင်ရေးပို
ပင်ပျိုနှင်းဆီ မြူးသည်နှင့်လေး။
လေမင်းတေးကျူး၊ နွဲ့လူးသည်မာလာ
သူတို့နှစ်ဦး၊ ရွှင်မြူးငယ်ချင်းအရာ
ခင်လေးပျိုမှာ၊ ပျော်ချင်ပါလဲ
ချစ်ဦးမလာ၊ ကိုယ်တည်းသာ
စိတ်မှာ ပျော်နိုင်ဘဲ ငယ်နှင့်လေး။
ပျိုလေးချစ်ခဲ၊ မောင်လဲမပေါ်
စိတ်မှာမချမ်း၊ လွမ်းလွမ်းနှင့်မယ်မျှော်
ဘိုးခေါင်ငှက်တော်၊ ကျူးကြော်ညံကြွေး
မဖိုပျော်ပျော်၊ တူနှစ်ဖော်
ထူးခေါ်ကာ နှုတ်ချွေမေး သည်နှင့်လေး။
ဖော်ကွဲချစ်ဝေး၊ ခေါ်မေးပြောင်လှောင်
အလွမ်းနှင့်အဆွေး၊ မအေးသည့်အရောင်
ဖူးစာနတ်မောင်၊ မုန်းယောင်နှင့်ညိုး
ချစ်ဦးငယ်လူညို၊ ချစ်တေးမဆို
ဗျာပိုကာ သောကတိုးသည်နှင့်လေး။

နွမ်းလျစိတ်ညှိုး၊ ပူမျိုးပြင်းသော်
သနားမိစိတ်တွင်း၊ လ,မင်းငွေစန္ဒာ
မျက်နှာမဖော်၊ မပျော်မပြုံး
သုန်ကာမှုန်ကာ လွမ်းစိတ်ဖြာ
မျက်နှာ တိမ်မှာဖုံးသည်နှင့်လေး။
နလုံးငယ် မသာယာ၊ လွမ်းတာ မြင့်တော့သည်။
ပျိုလေးငယ် ခင်သူဇာ၊ ဆွေးသာ ရင့်တော့သည်။  ။

................................................

**တညခါ**

ကောင်းကင်ယံ တိမ်တွင်းက
လ,မင်းကြီး ထွက်ချိန်ခါ။
ထူးတင့်သာယာ။
ညဥ့်လွှာကပြာ
မာလာက ပျံ့မွှေး။
ပျိုထွေး ပျော်ရွှင်စွာမို့
ကြည်အေး ဘော်စင်ဖြာလို့
တော်သဏ္ဍာ ဆောင်အခန်းမှာ
မှန်းဆလို့တွေး။

သိင်္ဂုတ်ဆို တောင်သိင်္ဂုတွင်ဖြင့်

မင်းဥက္ကာ တည်ခဲ့ပေ

တိဂုံတဲ့လေ။

တန်ခိုးငယ်တွေ

စိန္တေ ယျမြတ်လေး။

ဆီမီးရယ် ဆာဝေဝေနဲ့

လမင်းရယ် ဝါရွှေရွှေနဲ့

ဆံတော်ဘွေ့ စေတီဦးမှာ

ထူးတဲ့ရောင်သွေး။

ကန်တော်လယ် ငွေသောင်ကျွန်းသို့

လွှမ်းဘွယ့် အာရုံဆင်

စိမ်းလဲ့ညိုလွှင်။

ပျိုထွေးဖြင့်ရှင်

ပျော်ရွှင်လို့ ဆိုတေး။

လသာသာ ပြာညိုရီနှင့်

ညအခါ စာကိုစီလို့

ချိုအေးကြည် ကဗျာဆန်းကို

မှန်းလို့စီရေး။

## ကြိုပွဲမယ်

စန္ဒာရောင်ရှိန် ထိန်ထိန်လင်းတော့

အိမ်ပြတင်းက ပျိုမျှော်တာ။

ချစ်ဆုံးသက်လျာ လာမယ်လားလို့

ပျိုစောင့်စားလို့ မှန်းဆကာ။

တမ်းတပါသော် ပေါ်လာခဲမို့

ရွှေရင်ထဲမှာ ဖိုမိရှာ။

ပျိုလေးကြင်သူ ပွေ့ကျူညှင်းလို့

ဖိုးလမင်းကို အဖေါ်ခေါ်ကာ။

လှမ်းပါ၊ မြန်းပါ။

တာတာတီတီ ပြီပြီသဲ့သဲ့

တီတီတွဲ့နဲ့ လေထဲမှာ။

ပျံဝဲလို့သာ ပျို့ရင်တွင်းကို

ကျူသီချင်းလေး ဝင်လို့လာ။

ခင်ပျို့ကြင်သူ လူညိုထွေးတော့

ဟိုအဝေးက လာနေရှာ။

ပျိုလေးခင်မှာ အချစ်လေးကို

လ,ရောင်အေးက ပြေးကြိုမှာ

ဝမ်းသာ၊ ဝမ်းသာ။ ။

............................................

**နေထွက်ချိန်**

ဒေါင်းဖန်ဝါ ရှင်နေမင်း

ဖေါက်ထွင်းခဲ့ နှင်းမြူပြာ

ထွက်ပေါ်လို့လာ။

နေခြည်ကဖြာ၊ အာကာက လင်း။

သောင်ကမ်းယံ ကျွန်းတွေကြော့မှာ

ဖျော့တော့ရောင်ဝင်း။

နေရောင်ခြည် မြစ်တွင်းသို့

သက်ဆင်းခဲ့ ရွှေရောင်ဖြာ

ဝင်းလက်လက်ဝါ။

ငှက်သံကသာ၊ စာရာဖို့တွေး။

သိုက်နန်း ပင်ချုံဦးမှာ

မြူးပျံလို့ကြွေး။ ။

............................................

**ဘယ်လို**

ဝင်းဝင်းလဲ့လဲ့၊ ရောင်ခြည်ဖွဲ့၍

သဲ့သဲ့သာသာ၊ လေပြေလာသော်

သဥ္ဇာဘွေခန်း၊ အဆောင်နန်း၌

အလွမ်းပိုမို၊ ချစ်ဆုံးပျိုသည်

ငိုချင်သည်လော ငိုမည်လော။

ညှင်းညှင်းတွဲ့တွဲ့၊ စောင်းသံနွဲ့၍

ပြုံ့ပြုံ့တခါ၊ သဲ့သဲ့ဖြာသော်

သာယာကြည်အေး၊ အချစ်တေးကို

အဆွေးပိုပို၊ ဝင်းညိုညိုသည်

ဆိုချင်သည်လော၊ ဆိုမည်လော။

သင်းသင်းသဲ့သဲ့၊ မာလာနွဲ့၍

လဲ့လဲ့ဝါဝါ၊ လရောင်ဖြာသော်

သူဇာခင်လေး၊ လရောင်အေးမှ

ချစ်သွေးပိုမို၊ မယ့်ဘုန်းမိုကို

ကြိုချင်သည်လော ကြိုမည်လော။ ။

............................................

**ရွှေနဂါး**

ပင်နန်းယံ ချိုနွယ်ဖျား
ဆူးကြားက နီရောင်ဖြာ
ဖူးပွင့်ငုံအာ။
လေယူရာ
ဘယ်ညာတဲ့ လှည့်လူး။
ရွှေနှင်းဆီ လေပြေညှင်းတော့
သင်းရနံ့မြူး။
လေပြေမှာ ကြူမွှေးတော့
ဟိုဝေးက ရွှေနဂါး
မြန်းခဲ့လေသည်။
ဝတ်မှုန်ရည်
ထုံကြည်တဲ့ခိုင်ပန်း။
ရွှေနဂါး ဝတ်ရည်သုံးတယ်
ပြုံးလဲ့ရွှင်လန်း။
နှင်းဆီလေး နီတီတီ
ရွှေနဂါး ပလီအိုးကို
ကိုးရလေပြီ။
ကိုထွေးနဂါး
သွေ့ဖီနဲ့လား။
ပျိုလေးမဒီ
သေမည်တဲ့လား။
သူ့ချစ်သူ နဂါးလေးကို
မေးပေါ့ ခုများ။
ချစ်မယ်ကွယ့် ကြိုက်မယ်
ဒေဝီမယ် အလှဆုံးရယ်
ဘုန်းမမေ့နိုင်တယ်။
စကားဆိုတယ်
ကြွယ်ပေလို့လား။
စိတ်ထားချိုဘွယ်
ဆွယ်လေဘို့လား။
ရွှေနဂါး ပလီတုံးက
သုံးတဲ့စကား။
မိုးချုပ်လို့ နေခြည်ကွယ်
ရွှေနှင်းဆီ နီရောင်မှေးလို့
မွှေးနဲ့ တွေ့ပြယ်။

ရပ်ဝေးကိုကွယ်

ဖယ်လေပေ့ါ ရွှေသွေး။

ဂျီလေး အစာဝလို့

ဌာနပြန်ပြေး။ ။

...............................................

**ရွှေချိုး**

အဖော်ဝေးပါတဲ့ ရွှေချိုးပျို။

ညောင်ညိုညို ပင်ပျိုထက်မှာ

တေး မြွက်လို့ဆို။

ရွှေချိုးပျိုရယ်

ဆိုပါနဲ့သည်တေး။

သည်တေးသံ ခင်မကြေားရင်

အားလျော့လှသေး။

ရပ်ဝေးကိုတဲ့ မောင်သွားတယ်

ကျန်ရစ်သူ မေကတိုးမှာ

ညိုးခွေပေ့ါကွယ်။

ညိုးသင့်ပါတယ်

တွယ်တာတဲ့ချစ်ရေး။

သည့်ထက်သာ ပိုမညိုးအောင်

ကြိုးခဲ့ရလေး။

ဆိုးဝါးတဲ့ ရှေးကံ

ခင်နဲ့မောင် ဖေါ်ကွာဝေးငယ်မို့

ဆွေးပူမိပြန်။

ပူရေးငယ်ထန်

ပြန်ပါတော့လေး။

တရပ်ဌာန် တမြေခြားမှာ

အားငယ်လှသေး။

နယ်ရှစ်ခွင် အုံ့ဆိုင်းလို့

မှုန်မှိုင်းပေ့ါ သည်ရာသီ။

မယ့်ဒါလီ မပြန်သေးတယ်

ဆွေးရလေပြီ။

လွမ်းမှုငယ်ညီ

မပီတဲ့ချစ်ရေး။

ခင်နဲ့မောင် အနေဝေးတယ်

ဖေးကူပ့ါလေး။

ကူလိုက်ပါတဲ့ ရွှေချိုးပျို။

မလေးခင် ရင်ဖိုလေးအောင်
တေးမြွက်လို့ချီ။
ရွှေချိုးပျံ့ရယ်
ဆိုပါနဲ့သည်တေး။
သည်တေးသံ ခင်မကြားရင်
အားလျော့လှသေး။ ။

.................................................

**အေးရိပ်ဆာယာ**

မြရောင်ခြည် ကြည်ကြည်လျှမ်းပါတဲ့
ရိပ်နန်း သည်ဆာယာဖြင့်
သည်နေရာ မြေငှလမ်းဆီက
ကြည်ဝေဆာ အပူခန်းစေဘို့
ချမ်းအေးလှ သည်သစ်ပင်။
ဆတံပိုး
ရိပ်မျိုး သည်ဆာယာထက်
ဆွေပိတာ မာတာရိပ်ရယ်က
ချွေးတိတ်ဖွယ် ကြည်ရွှင်အေးကာပ့ါ
ပူဝေး ဗျာပါကွာတော့
သြော်.........သည်ဆာယာ ဘယ်ဟာလွှမ်းနိုင်လိမ့်
ချမ်းစိမ့်မှတ်ထင်။
ဗျာပါကင်းပါဘိ
သည်မင်း သည်ဆရာတို့
ရှိပြာပြာ ဆာယာအေးတွင်ဖြင့်
ကြည်သာယာ ဘယာဝေးကာပ
ရွှင်အေးစွာ ဘဝင်လန်းတာမို့
ပူခန်းဖြင့် ဘယ်မမြင်
ခိုဝင်က တုန်အေး။
နှိုင်းဆမတန်
ထို့ထက်ကယ် ဆယ်ခါပြန်ပ့ါ
ပူဗျာပန် တဆံရှိပါဘု
ကြည်ရွှင်ရန် အမှန်ပြည့်ပါတဲ့
မြတ်ထီး ဘဂဝါ၏
သာသနာ ဆာယာရိပ်ရယ်က
ပွေဗျာပါ ဖြာဖြာတိတ်လို့ရယ်
အေးထိပ်မြသွေး။ ။

.................................................

**အိုပြွေရှင်**

ပြွေရှင်
တေးယဉ်နပို့
ချစ်တေးချိုကို
သီဆိုရင်းပင်
တနေ့ဝင်။
တနေ့ဝင်
ငွေစင်စန္ဒ
ရွှန်းဝေပသည်
လွမ်းတပူပင်
ဖြေမရှင်။
ဖြေမရှင်
ချစ်ကြင်ကိုတမ်း
ပြွေကိုစမ်းသည်
အလွမ်းတေးငင် အို-ပြွေရှင်။ ။

..............................................

**နှင်းဆီကယည် သဇင်ကပြုံး**

နေရီရီ လေပြည်သွေးရင်ဖြင့်
ကြူမွှေး ထုံဂန္ဓာနဲ့
ရုံမဟာ ချုံလွှာတွင်းဆီက
မယ်နှင်းဆီ နီတျာတျာနဲ့
ဖြူဝါဝါ သဇင်ဦးတွေတော့
လေယူရာ ဘယ်ညာလူးကာပ
မြူးကြပေါ့ ကြူရွှင်ရှင်။
နွဲ့နှင်းဆီ မာလာထွေးမှာဖြင့်
နီတွေး ငုံအလွှာနဲ့
ရုံမဟာ ပင်နွယ်ဦးဆီက
လှည့်လူးကာ ထုံထုံကြူလို့
"လေအမြှူ ချွေယူသိမ်းပါ"တဲ့
ယိမ်းနွဲ့ကာ ခေါ်သယောင်နဲ့
စာဆိုမောင် အချစ်ပြင်းအောင်ပ
နှင်းဆီကယည်။
ဟိုပင်မြင့်မှာတော့
ဂုဏ်မြင့် ရွှေသဇင်ဖြင့်

လေအနင် ကြည့်ရှင်မြူးရယ်နဲ့
ဘုံဦး ကြာကတ္တီက
"ငွေတာရီ လာပါခူးပါ"လို့
နွဲ့ဦးကို ခေါ်ယောင်ထင်
တော်ဝင်တဲ့ သဇင်ပြုံး။
ခူးတော့မယ်လေ
နွဲ့နှင်းဆီ သဇင်မေလို့
တာရီဆွေ နှုတ်ချေကျူးကာပ
ရှင်မြူးစွာ တံချူနွဲ့ငယ်နဲ့
ယူတဲ့ကာ ချိန်ရွယ်လှမ်းကာမှ
ပင်ပန်းစွာ အငင်ခက်ပါဘိ
အပင်မှာ ဘယ်အတွက်နဲ့ကွယ်
ဆူးဖက်သတုံး။ ။

................................................

**လိုက်ခဲ့ပါလား**

သံသရာ မရှည်လျားစေဘို့
ဖန်ခါခါ ဓမ္မတရားတွေနဲ့
ဆွေတပါး မွေ့တော့မယ်။
လူမနီးအောင်ပ
ပုတီး အသာကိုင်လို့
ဝနာမြိုင် ချောင်ဂူနန်းကို
မြန်းဘို့ ကြံရွယ်။
ပင်ရိပ်ငူ မြတ်ပင်နန်းမှာလ
ဆင်ပိတ်ဖြူ ဝတ်တင်လွှမ်းပါလို့
ကျွတ်ခွင်လမ်းကိုတဲ့ မှန်းရည်ရွယ်
သတိဆွယ်ပါလို့ သံဝေပွါး။
ရည်စိတ်သန်
ပြည်နိဗ္ဗာန် အတူကူးနိုင်ဘို့
ချစ်ဦးမယ် ဆွေမကိုင်ရှုကယ်
လိုက်ခဲ့ပါလား။ ။

................................................

**ဖြေမပြေ**

ဖြေမပြေ

သောင်ခြေကမ်းသာ၊ ချိန်ဆည်းဆာဝယ်

ငှက်မှာတွေဝေ၊ လွမ်းစိတ်ပွေ။

လွမ်းစိတ်ပွေ

ငွေလေ့ရေထက်၊ နေရောင်ပြက်သည်

ဝင်းလက်ရောင်ထွေ၊ ညိုဝါရွှေ။

ညိုဝါရွှေ

မောင်မေ ပျော်ခိုက်၊ ငါမြင်လိုက်သည်

ဘွင်လိုက်ဆူဝေ၊ ဖြေမပြေ။

.............................................

**စိပ်ပုတီး**

ဒူနောင်ဝေဝေ ကြေးစည်တီးတော့

စိပ်ပုတီးနဲ့ မောင်ထွေးငယ်။

မကြီးဆီကို လာထိုင်ပြီးတော့

စိပ်ပုတီးကြီး ပြလို့ရယ်။

"မမကြီးရယ် ဘကြီးလုံးက

ပုတီးတကုံး ဝယ်ပေးတယ်။

ဘကြီးညစဉ် မအိပ်ခင်ပြောတဲ့

ဗုဒ္ဓေါ ဗုဒ္ဓေါ ရွတ်လို့ရယ်

စိပ်မယ်- စိပ်မယ်"တဲ့။ ။

.............................................

**အခန်း(၃)**

**အမျိုးသားနေ့**

နှစ်-နှစ်ဆယ့်ခြောက် အစွန်းဆီက

မူကွန်း ရာဝင်ကျော်ခဲ့

ကျောင်းတော်သူ ကျောင်းတော်သားငယ်တို့

စွန့်စားကာ ညီတညာနှင့်

သည်ပညာ လျော်ကန်မှုကိုလ

ကြည့်ရှုင်စွာ တော်လှန်ပြုရာကြ

များလူထု ပျိုရွှယ်ရွှယ်။

သပိတ်စက်

လက်နက် ကိုယ်စီဆင်လို့

လိုချင်သည် ထိုအချက်ရယ်ကြောင့်

မငြိုငြင် ဟိုအထက်ရယ်က

ကြိုးရှက်ခဲ့တယ်။

မြတ်ဒေါင်းလံ လူလူလွှင့်ကာပ

မျိုးမတိမ် ဂုဏ်သိန်ဝင့်ပါပေ့ါ

ပညာတော် ထိုအဆင့်ကိုဖြင့်

တိုးမြှင့်လို့ ပြည်မြန်ဝယ်

ဖန်ချယ်လို့ တည်ခဲ့။

မျိုးမြန်မာ

တိုးကြဲကာ တဖုံထွင်တော့

တဂုဏ်ဆင် တထွေဆန်းပါတဲ့

ကျောင်းတော်တွေ သရေလျှမ်းခဲ့ကြ

ဩော်-စခန်း သည်နေရာက

သည်အခါ မျှော်လို့လွမ်းမိရဲ့

လွတ်လပ်ရာ ဟိုမြတ်နန်းကိုဖြင့်

ရည်မှန်းကာ စာဆိုတွေးတဲ့ပြင်

မြတ်နောင်တော် သာကီ့မြေးတွေနဲ့

အမတော် ဇာနည်သွေးတို့ကို

လေးပြုပါရဲ့။ ။

...............................................

**ကာကွယ်ရေးနှင့် လူထု**

တိုင်းပြည်စိုးရ၊ ဗမာ့မြေတွင်

ကာကွယ်ရေးဟု၊ မနေးဘု ဖန်ကာဆင်

ပုဒ်မတွေတင်၊ ဆင်ပြင်အပြီး

သင်တန်းရဲဘော်-လေ့ကျင့်သော်

ကြွေးကြော်ဖမ်းကာဆီးသည်နှင့်လေး။

ထိုမှတသီး၊ တနည်းငယ်တဖုံ

ထန်းတပင်ပ၊ နာမတွင်ခေါ်တုံ

လယ်သမားငယ်စုံ၊ ရဲဟုန်မာန်ကြွ

လူထုငယ်ညီညီ၊ ရဲဘော်ရှိ

သွေးနီအင်အားပြသည်နှင့်လေး။

ဗမာ့ဗီဇ၊ ဗမာ့အနွယ်

သို့ပါသော်ငြား၊ စိတ်ထားကမဖွယ်

ပုလိပ်လူကျယ်၊ မာန်စွယ်ထောင်လွှား

သေနတ်ကယ်ကိုယ်စီ၊ လူထုဆီ

ပစ်ပြီ ထင်အရှားငယ်နှင့်လေး။

စိတ်မာန်မောက်ကြွား၊ ထောက်ထားငဲ့မညှာ

သို့နယ်ပစ်ခတ်၊ သတ်ဖြတ်သည့်အခါ

လယ်သမားငယ်ခများ၊ ရှောင်သာနိုင်ဘူး

သွေးပေါက်ငယ် ထွေထွေ၊ စီးကျမြေ

သက်ကြွေ မရဏာကူးသည်နှင့်လေး။

လွတ်ရေးရန်ဆူး၊ ဂုဏ်ထူးခင်ကာ

သွေးတူသားချင်း၊ အလျင်းပမညှာ

စိုးရထံမှာ၊ မျက်နှာသာမူ

ရာထူးငယ်ထွေထွေ၊ တိုးပါစေ

ရည်ချွေ၍သာပြုသည်နှင့်လေး။

ရာထူးလုပါလို့၊ လူထုမညှာ၊ ခက်ရှာဦးတော့မည်။

တိုင်းပြည်ပြုပါတဲ့၊ ဆူမှုငယ်ဖြာဖြာ၊ ပွက်လာဦးတော့မည်။

..............................................

**လယ်သမားပြဿနာ**

စစ်ပြေငြိမ်းစ၊ ကမ္ဘာ့တခွင်

ရိက္ခာအစား၊ ရှားပါး၍နေရာတွင်

တို့တိုင်းငယ်ပြည်ပင်၊ ငြိုငြင်ခက်ခဲ

စပါးဆန်ရေ၊ ချို့တဲ့နေ

တို့တွေရိက္ခာမွဲသည်နှင့်လေး။

စစ်မီးလောင်ဆဲ၊ နွားကျွဲငယ်မစုံ

ပုံးဒဏ်အစ၊ ဓားမြကတဖုံ

တိုက်လဲမဖြို၊ မတုန်မလှုပ်

ပြည်တိုင်းနယ်တခို၊ ပေါ်စေလို

သက်ကိုစွန့်ကာ လုပ်သည်နှင့်လေး။

ပစ္စည်းကိုင်ဆုပ်၊ အထုပ်ကယ်ပိုက်လွယ်

ဘေးရန်ကျော်နင်း၊ လွတ်ကင်းတဲ့ ကိုလူကြွယ်

စစ်ပြီးခါဝယ်၊ ပြန်လည်လာကြ

တလင်းပေါ်တွင် စပါးမြင်

လိုချင် သွားရေကျသည်နှင့်လေး။

ကျွဲနွားအစ၊ ဘာမျှ-မကူ

စပါးပုံမြင်မှ၊ သီးခတဲ့ လိုချင်မှု

လယ်သမားငယ်ပြည်သူ၊ ကြည်ဖြူမရှိ

လူထုစုံလင်၊ ပေါင်းစုအင်

တိုင်ပင်နှိုင်းကာ ညှိသည်နှင့်လေး။

စိုးရအသိ၊ တိုင်းပြည့်ဒုက္ခာ

လယ်ယာသမား၊ ထောက်ထားငယ်မညှာ

ဆန်ဈေးကိုနှိမ်ကာ၊ ဝယ်မှာအတင်း

တို့ကိုရှောင်ဖယ်၊ တိုင်းခြားဝယ်

ဆက်သွယ်ကူညီပင်းသည်နှင့်လေး။

တရားမဲ့လျှင်း၊ ဖွတ်မင်းပမူလျှင်

ဒုက္ခကြပ်တည်း၊ အပြီးတွေ့ရမည်သာပင်

စိတ်ထားမရှင်၊ လယ်ထွင်မလုပ်

မုချကြုံလာ၊ နောင်နှစ်မှာ

ရိက္ခာကုန်ကုန်ပြုတ်မည်နှင့်လေး။

အချုပ်တိုင်အောင်သာ ကပ်,ကမ္ဘာဖုံးတော့သည်။

မလုပ်နိုင်လယ်ယာ၊ ငတ်ရှာအုံးတော့မည်။ ။

................................................

**လွတ်လပ်ချိန်**

ကြိတ်လို့သာခဲတော့တယ်၊ စိတ်ထဲဝယ်အားမာန်၊ ခိုင်မြဲကာ သန်သည်၊ လွတ်လပ်ရန် ညီညာညာနှင့်၊ အခါခါ ကြိုးတဲ့ခေတ်ကိုလေး။

ပြည်ဗမာဝယ်၊ ညီညာစိတ်ထား၊ လူငယ်များတို့ကြိုးစားတန်တန်၊ အနာခံလို့၊ ဖန်ဖန်ပြုပြင်၊ လွတ်ရေးတွင် ငင်ဆဲကို၊ သဘင်လွှတ် ရုံးတော်မှာ၊ ရာထူးနော် လူတစုတို့(အိုကွယ်) လုကြတယ်လေး.......။

................................................

**မျိုးချစ်ခေါင်းဆောင်နှင့် မျိုးနှစ်ခေါင်းရှောင်**

စစ်ပြေငြိမ်းစ၊ ဗမာ့ပြည်ခွင်

သာယာချိုမြိုး၊ တိုင်းလုံးငယ့်ကြည်ရှင်

ပျော်ပွဲတွေဆင်၊ ငြိုငြင်မဖက်

လူတိုင်းစိတ်ကြည်၊ အောင်ပွဲစည်

တိုင်းပြည်လုံးကျွက်ကျွက်ကယ်နှင့်လေး။

စစ်မြေထွက်တဲ့၊ ရဲမက်ကယ်ဗိုလ်ပါ

တိုင်းပြည်လွတ်ရေး၊ မနေးပကြံရှာ

အများနယ်သာ၊ ပျော်ပါနိုင်ဘဲ

လွတ်ကြောင်းငယ်ထွေထွေ၊ နည်းလမ်းဖွေ

အောင်စေစိတ်မှာ ခဲသည်နှင့်လေး။

စိုးရဖွဲ့ထဲ၊ နွဲ့ဘို့စိတ်ရည်

ရာထူးမက်မော၊ သဘောကမတည်

ဝန်ကြီးငယ်ထွင်သည်၊ အမည်ကျော်ဟိုး

မျိုးနှစ်ကယ် ခေါင်းရှောင် ဘွဲ့ထူးဆောင်

တိုင်းဘောင်-နိမ်၍ ချိုးသည်နှင့်လေး။

ကိုယ့်တိုင်းကိုယ့်မျိုး၊ တန်ခိုးထွားကာ

လွတ်ရာလွတ်ကြောင်း၊ လမ်းကောင်းကိုမရှာ

ပြည်သူ့ဆန္ဒာ၊ ဘယ်ခါမလိုက်

ဘုရင့်အာဏာ၊ မှန်လှပါ

ဦးသာတွင်တွင်ခိုက်သည်နှင့်လေး။

အကြိုက်ကယ်ရာဇာ၊ လိုက်ခါပေးတော့သည်။

စရိုက်ကယ်လူညာ၊ မိုက်ရှာသေးတော့သည်။ ။

..............................................

**နှစ်ကူးအဓိဋ္ဌာန်**

လွတ်ရေးတွက်ဆို၊ အငြင်ပြိုဘဲ

သက်ကိုစွန့်ခွါ၊ ကြိုးမည်သာဟု

ထပ်ကာဖန်ဖန်၊ ငါဓိဋ္ဌာန်၏။

တရားမဲ့လျင်း၊ မင်းမူခြင်းနှင့်

ငယ်ညှင်းကြီးနိုင်၊ စနစ်စိုင်ကို

မှုန့်တိုင်ချေရန်၊ ငါဓိဋ္ဌာန်၏။

လမ်းမှားလမ်းလွဲ၊ စိတ်ဝမ်းကွဲက

အမြဲသေချာ၊ လမ်းမှာရာသို့

စောင့်ကာညွှန်ရည်၊ ငါဓိဋ္ဌာန်၏။

သဗ္ဗေသတ္တာ၊ ဝေနေယျာကို

ချမ်းသာစေမှု၊ မေတ္တာပြု၍

ထောက်ရှုမ,ရန်၊ ငါဓိဋ္ဌာန်၏။

..............................................

**တော်လှန်မျိုး**

နိုင်မခံ တော်လှန်မျိုးမို့

နှိမ်ချိုးတဲ့ မသမာ

တိုက်ခဲ့ခါခါ။

ကျွန်သံသရာ

မကြာ ရစေဘို့။

ကြယ်ပွင့် သည်အလံနဲ့

ထယ်ဝံ့သည် ခြေမှန်မှန်ပ့ါ

လွတ်လပ်ရန် ထိုစခန်းကို

မြန်းကြပါစို့။ ။

..............................................

**တော်လှန်ရေး နှစ်ပတ်လည်**

နှစ်ယမန် လတန်ခူးမှာဖြင့်

သစ်တဖန် ဘဝကူးစေဘို့

အစ-ပကတူးသာပ ဗမာပြည်

ဩော်-ဇယ-ခူးကြပါတဲ့ အာဇာနည်။

အမှတ်တရပါဘဲ
မတ်လ သည်အချိန်ပေါ့
ဉာဏ်-ကလိန် စနစ်ဆိုးပါတဲ့
ကိုဂျပန် ဖက်ဆစ်မျိုးကိုလ
နှိမ်ချိုးမည် သည်အကြံနှင့်
နိုင်မခံ တော်လှန်ရေးကို
မွေးခဲ့ကြသည်။
ရာဇဝင် စာတင်ပွဲပေမို့
မြို့နယ်ရွာ ရပ်ပါနွှံပါလို့
စိတ်စွဲကာ သည်အာရုံနှင့်
ဗမာဂုဏ် ဘယ်မှာမေ့နိုင်လိမ့်
တစိမ့်စိမ့် မြင်ယောင်ရည်
တာရှည်ဘို့အကြောင်း။
ကြဲကြစို့လေ
ခဲကြပါ မြန်အဆွေတို့
ဟန်သရေ ဒြပ်မညှိုးအောင်လို့
တန်ခိုး ဝေဝေဖြာတဲ့
ပြေဗမာ လွတ်လပ်ရေးကိုဖြင့်
သက်ပေးကာ ထူထောင်မည်ဟု
သစ္စာတည် မိဋ္ဌာန်ပွဲကို
(ဗမာတို့ရေ) နွှဲကြဘို့လောင်း။ ။

.............................................

**၂- နှစ်မြောက်**

၂ - နှစ်တဲ့ မြောက်ခဲ့ပြီ
တို့ဗမာ ဇာနည်သွေးငယ်တို့
လွတ်ရေးမျှော် တော်လှန်ပွဲမှာ
နွှဲခဲ့ကြသည်။
သွေးမြေကျ အာဇာနည်
မြန်ပြည်ရဲ့ လက်ရုံး။
မြတ်နန်း ရွှေဗိမာန်က
လွတ်လပ်ရန် ရည်ကာရော်လို့
မြတ်နောင်တော် မျှော်လို့မှန်းရာပေါ့
လွတ်လမ်း ရှာဖွေဖော်တဲ့
ချစ်ရဲတော် ဗမာတသိုက်ရယ်
အားစိုက်လိုက်အုံး။ ။

.............................................

**လွတ်လပ်မှ**

မာလာငုံ ဖူးအထွတ်မို့
ရူးဆွတ်ဖို့ ကြံရွယ်
နူးညွတ်လို့ ခြံအလယ်မှာ
မာန်ချယ်ကာ နေပေ့ါ။

ဆွတ်လှမ်းဘို့ ညွတ်ကမ်းယောင်ငယ်
ဖွတ်ရမ်းအောင် ဘုန်းတွက်သူနော့။
လွတ်ရေးနဲ့ ညွတ်ပေးတာတောင်
ဆွတ်သေးပေါင် မောင်တော့
ဝင့်ကြွေးနောင် နောင်ကာကြော့တာမို့
နောင်တော့မှ စိတ်ဝယ်။

ခုဆိုရင် ပြည်နယ်ကျိုး
မသည်ပိုးနိုင်တော့ပေမယ်။
ယိုင်ပြော့တဲ့ ငွေစပယ်ရယ်
ပြေမြန်နယ် ချမ်းမြလို့
မှန်းဆတဲ့ ကြံအောင်မြင်
လွတ်လပ်ခဲ့လျှင်။

ချစ်ဦးနွဲ့ လှဲ့ဝင်းခင်ရယ်
ချက်ချင်းပင် ဆွတ်မယ်ကွဲ့လေး။ ။

..............................................

**ဝါကျွတ်ပွဲတော် လွတ်ရေးမျှော်**

နီကျင့်ပြာရင့်၊ ဝါရွှေဆင့်လျက်
နိမ့်မြင့်စီတန်း၊ ရောင်စုံဆန်းသည်....
မီးပန်းထွေထွေ လွှတ်တော့သည်။

မြရေကြည်ဖြာ၊ ကန်တော်သာ၌
ပန်းကြာဝတ်မှုန်၊ သင်းပျံ့ထုံသည်........
ဖူးငုံဝတ်ရည် ညွတ်တော့သည်။

ခေါင်းဆောင်ညွှန်ပြ၊ ဤလမ်းမ၌
တက်ကြွစိတ်တွင်း၊ ညီညွတ်ခြင်းဖြင့်
အပြင်းရှီသွား၊ ငါတို့အားလည်း
စောင့်စားမျှော်တွေး၊ လွတ်လပ်ရေးသည်.........
မဝေးတော့ပြီ ကျွတ်တော့မည်။ ။

..............................................

မာလာမြိုင် ကဗျာများ

(၁၉၄၇)

အခန်း(၁)

**ဒေါင်းလူပျို**

ပြော့ပါဘူး

စစ်ဦးမှာတဲ့ တိုက်ချင်တာ။

ကြောက်စိတ်ဆို ဆံခြည်မြွေး

ရွေးမျှမပါ။

သေနင်္ဂါ

ဗျူဟာဖွဲ့ တပ်ခင်း။

တို့သွေး ဇာနည်ဗိုလ်မို့

ဒေါင်းလူပျို ရှေ့ကိုဆက်လို့ရယ်

တက်ပေါ့အပြင်း။ ။

…………………………………………….

**စစ်ထွက်မယ်ကွယ့် ချစ်သက်လှယ်**

ရွှေဗမာ ကျင့်ဝတ္တရားတွေကြောင့်

မနေသာ အချစ်ဖွတ်သွားရင်ဖြင့်

ခွင့်လွှတ်အားမှာလား မောင်တို့ခင်။

ဖျက်မတားပါနဲ့

သက်ထား တသာကီရဲ့

ဘာမထီ ဇာနည်သွေးတွေမို့

ဆွေးစိတ်ပယ်နှင်။

ရှီးကြေကြေ သက်တွေဆုံးစေတော့

တို့တတွေ ဖျက်ချေမှုန်းမယ်လို့

လက်သုံးတဲ့ သီလဝင်

ရန်နှင်မယ့် ချစ်ဦး။

စိုးပါနဲ့မေ

အမျိုး ဘာသာတွေနဲ့

ဗမာပြေ သည့်အရေးကိုလ

သက်ပေး ကြည်ဘဝင်နဲ့

သည့်သခင် သေနင်ကျင်းလို့ရယ်

နှင်းဖို့ရည်စူး။ ။

**စစ်ထွက်မောင်အတွက် ချစ်လက်ဆောင်**

ငွေဓားလွယ် ဆန်းကြော့သားရယ်နဲ့
ဖေတကယ် နန်းမော့ဖျားဆီသို့
မြန်းတော့ သွားမှာလား မယ့်သခင်။
မယ်မတားပါဘု
တနယ်သွား ဇာနည်မော်ရဲ့
မြန်ပြည်တော် သည်အရေးပေမို့
ဆွေးစိတ်မဝင်။
သက်လျာဆွေ ထိုစစ်ပွဲမှာလ
ဖျက်ကာချွေ ပို့မျစ်ဖွဲ့ငယ်နဲ့
ဝင်နွဲလို့ ဆင်သာဆင်
ညာခင်ခင့် ချစ်ဦး။
ပို့မှာတော့လေ
ချစ်ဦး သဟာဆွေရဲ့
ယျာစိန္တေ ပရမေနန်းမှာလ
ရေချမ်း သပြေညို့နဲ့
အဆွေကို အောင်စေကြောင်းနဲ့ရယ်
တောင်းရ ဆုထူး။ ။

**ချီလေတဲ့ ချီလေ**

ချီလေတဲ့ ချီလေ။
တို့နိုင်ငံ ပြည်တော်တွက်ရယ်
စစ်ထွက်တဲ့ဖေ။
အသက်နဲ့ ရင်းကာလေ
မြန်ပြေတွက် မှုထမ်း။
စန်းငွေ့ရောင်ဝေ
လန်းစွေ့သည် အောင်သပြေနှင့်
ချမ်းမြေ့ကြည် ညောင်ရေနှင့်
စိန္တေမှာ ဆွေသမုငယ်
တောင်းဆုဆင်မြန်း။ ။

.....................................................

**ချီမယ်တဲ့ ချီမယ်**

ချီမယ်တဲ့ ချီမယ်။
မျိုးမြန်မာ သာကီဘွားမို့
ဓားဝင့်ဘို့ရှယ်။
ကြောက်သွေးကို ဝေးရာဖယ်
ဝင်မယ်ကွဲ့ စစ်ထဲ။

နလုံးရယ် ဘာမထီဘု
မြန်မာပြည် အိုအမိငယ်
ဆက်မည့်အောင်ပွဲ။ ။

..............................................

**မွေးမေ့မေတ္တာ**

နိုင်လိုချင်၍
စစ်ပြင်ကိုထွက်၊ ငါချီတက်၏။
ပိုင်လိုချင်၍
ချစ်ကြင်မကွက်၊ ငါခွါထွက်၏။
မွေးမေ့မြန်မာ၊ ဤအခါဝယ်
သာယာချိုကျူး၊ နှုတ်ရွှေထူးဖြင့်
သားဦးမြန်မာ၊ အောင်စေရာကို
ပန်ထွာညွှတ်ညောင်း၊ ဆုရွှေတောင်း၏။
ထောင်းထောင်းတက်ကြွ၊ အားမာန်ထ၍
မွေးမာ့မေတ္တာ၊ ရေစင်ဖြာကြောင့်
ကွေကွာဘယ၊ ရကြော၁,သို့
ရှင်ပျကြည်စွာ၊ အောင်ပွဲသာသည်
ကမ္ဘာကျော်ကြားခဲ့ပြီတကား။ ။

**ချီတက်အမိန့်**

အမျှားနှစ်ခြိုက်၊ အိပ်စည်ခိုက်ဝယ်
မျဉ်းဝိုက်ရန်ပင်၊ စိတ်မထင်ဘဲ
တောဝင်တောင်သက်၊ ငါချီတက်၏။
မတောက်တတောက်
ကြယ်ပြောက်ပြောက်လည်း
ကွေ့ကောက်လိမ်ဖယ်
လမ်းသွယ်သွယ်ကို
မြင်ဘွယ်အတွက်၊ ရောင်ခြည်တက်၏။
ဖြိုးဖြိုးဖြောက်ဖြောက်၊ ဆီးနှင်းပေါက်ကား
မိုးလောက်ပြင်းထန်၊ အာကာယံမှ
ခုန်ပျံဆင်းလျက်၊ မြေသို့သက်၏။
ငါတို့ချီရာ၊ ဤဒေသာကား
ညီညာမရှိ၊ ချောက်အပြည့်နှင့်
အတိမှောင်မိုက်၊ ခလုတ်တိုက်၍
မောဟိုက်ပင့်သက်၊ ခရီးခက်၏။
သေနတ်ကိုဆွဲ၊ လုံ့စွပ်စွဲ၍
နှင်းထဲသို့တိုး၊ ခလုတ်ဆိုးနှင့်

ထုပ်ပိုးအပြည့်၊ တအိအိကြောင့်
မချိုင့်မှာ၊ မောလေပါလည်း
"ဗမာအကျိုး၊ ပြည့်အကျိုး"ဟု
မညှိုးစေရ၊ စိတ်ကိုဆွ၏။
"ရှေ့ကချီတက်"၊ မိန့်မှာမြွက်သည့်
ချီတက်အမိန့်၊ နားတွင်ငြိမ့်၍
နှစ်သိမ့်ကြည်စွာ၊ ရှေ့သို့သာလျှင်
ခိုင်မာစိတ်သွင်း၊ ဖွဲ့နှင့်ရင်းသည်
အားတင်းကာပင် တက်တော့၏။ ။

...............................................

**လာမယ့်ဘေး ပြေးတွေ့**

လာမယ့်ဘေး
အဝေးကဖြင့် ရှောင်မဖယ်။
တွေ့ပေစေ ရင်ဆိုင်တိုးယင်
မျိုးဖြုတ်ဖို့ရှယ်။
မြန်ပြည်နယ်
ဆင်မယ်ကွယ့် အောင်ပွဲ။
လက်ရုံး ဗမာပီလို့
ထက်ဆုံး အာဇာနည်မို့
ဘာမထီ လာမည့်ဘေးကို
ပြေးတွေ့ဖို့ခဲ။ ။

...............................................

**ဗမာ့သား**

ဗမာ့သား
ရွှေဓားကိုတဲ့ ဝင့်ကာရှယ်။
ဝတီ နန်းဆီက
တိမ်းပန်းကို ဆွတ်ချူဆွဲမယ်တဲ့
ရဲလှသူငယ်။
မေ့သက်လှယ်
ငယ်လှပါသေး။
နောင်တခေတ်တွင်မှ
နောင်စစ်သည် ဇာနည်များလိုပ
စွန့်စားကာ စစ်မြေနန်းကိုကွယ်
မြန်းရမယ်လေး။ ။

...............................................

**စစ်ထွက်ခဲ့ပြီ**

စစ်ထွက်ခဲ့ပြီ

မြန်ပြည်ရဲ့ လက်ရုံး။

စစ်ထဲ မောင်ဝင်တော့

ဒေါင်းဖခင် ကြည်ရွှင်ပျ

အားရဖို့ပြုံး။

စစ်ထွက်ခဲ့ပြီ

ဇာနည်တဲ့ ထိပ်ဆုံး။

ငွေဓား ကာကီနဲ့

မာန်တည်တည် သရေဝင့်

ထူးတင့်တဲ့ဘုန်း။

စစ်ထွက်ခဲ့ပြီ

မထီဘု မောင်ပြုံး။

စိတ်ထဲ ကြည်ကြည်ဖြူနဲ့

စံမတူ ရန်သူရှုံးအောင်

အားစိုက်လို့မှန်း။

စစ်ထွက်တဲ့သည်ချိန်ခါ။

ဖွဲ့ဆောင်ကာ အားကိုမွေးလို့

သွေးနဲ့တည်မှာ။

ချွေးတလီ သွေးကိုပေးလို့

လွတ်ရေးတဲ့ အောင်စေရာ

ဆောင်မှာကွယ့် တအား။

တိုက်ပွဲ အောင်မြင်စေဘို့

ရှောင်မသွေ သက်ကုန်ပန်း

ထမ်းမည့်စိတ်ထား။

စစ်ထွက်မောင် အောင်စေကြောင်းနဲ့

ဆုတောင်းရစ် ကညာမေ

ချစ်သူတွက်လေ။

အောင်သပြေ

ညောင်ရေတဲ့ ခုလောင်း။

ချစ်ဦး သာယာစေလို့

ယျာစိန္တေ ပရမေနန်းမှာ

ညွှန်းပွဲ့ဆုကောင်း။ ။

..............................................

**တော်လှန်ရေး**

ဂျပန်စံနစ်၊ ဖက်ဆစ်ဆိုလျှင်
မြန်မာပြည်ဘွား၊ တိုင်းသားတို့မလိုချင်
လူထုငယ်စုံလင်၊ ရာဇဝင်အသစ်
ဖက်ဆစ်တော်လှန်၊ သွေးနှင့်ဖန်
နိုင်ငံလုံးစစ် ဖြစ်သည်နှင့်လေး။
မျိုးကိုလွန်ချစ်၊ ဖက်ဆစ်ကယ်တော်လှန်
သက်ကိုစွန့်မှု၊ လူထုတို့ဇာတိမာန်
ယခုတဖန်၊ နိုင်ငံငြိမ်းအေး
သို့စင်တစေ၊ ဖက်ဆစ်တွေ
တို့ပြေ ကြွင်းကျန်သေးသည်နှင့်လေး။
ပြန်လည်ထူရေး၊ ကြံတွေးခဲ့ပါလျှင်
လူထုသဘော၊ လိုက်လျောညီစွာပင်
အရာရာတွင်၊ ပြုပြင်နိုင်ခွင့်
လူထုအာဏာ၊ ထိရောက်စွာ
ရေးပါစေရန် သင့်သည်နှင့်လေး။
လွတ်လပ်ရေးနှင့်၊ အုပ်ချုပ်ခွင့်အာဏာ
ပြန်လည်ထောင်မှု၊ လူထုတို့ဆန္ဒာ
အခွင့်မသာ၊ လိုရာမရောက်
ဖက်ဆစ်သို့နယ်၊ ဝေ့လယ်လယ်
တို့ဝယ် အခြေပျောက် သည်နှင့်လေး။
ထင်တိုင်းမပေါက်၊ မရောက်လိုရာ
တော်လှန်စစ်ပွဲ၊ မစဲဘုဘယ်ခါ
တို့များသူငါ၊ ဝန်တာမဆုံး
လုံးဝ, လိုအင်၊ ပြည့်မှပင်
ကြည်ရွှင်စိတ်မှာ ပြုံးမည်နှင့်လေး။
အဆုံးတိုင်အောင်သာ၊ ကြိုးကာလျှောက်ရမည်။
ဖက်ဆစ်တကယ်မသမာ၊ မျိုးပါဖျောက်ရမည်။ ။

.............................................

**အောင်တပ်တော်**

တပ်ဦးကိုမျှော်
လံတော်နဲ့ ပန်းပွါး။
အသွေး ဖြူဖြူနဲ့
လေအမြူ လူလူလွင့်
ရဲမာန်ဝင့်ကြွား။
တပ်ဦးကဆော်

စည်တော်ရဲ့သံများ။

အောင်တပ်တော် ချီလာလို့

ရောင်နီမှာ အောင်စည်ထင့်

ရဲရင့်မာန်ပွါး။

တပ်ဦးမှာနော်

စည်တော်နဲ့ လံများ။

အောင်မောင်း တဒူဒူနဲ့

လံပေါင်း တလူလူနဲ့

ဇမ္ဗူ တုသူရှား

ရဲမင်းတပ်များ။

စစ်ထွက်တဲ့ သည်ချိန်ခါ

သေချင်သေ ရင်မြေကတုတ်မို့

နောက်မဆုတ်ပါ။

ဗိုလ်ပါတွေ မိန်ညိုချပ်နဲ့

တလျှပ်လျှပ် မောက်တိုဝါ

ဆင်ကာပ ဝတ်စား။

ဆင်မြင်း စုံစုံညီနဲ့

ရဲဇာနည် စစ်ခေါင်းမျိုးတို့

တပ်ဦးမှာ တက်ချီသွား

တိုင်းပြည်တွက်လား။

တို့ဇိဝိန် တို့သွေးနဲ့

တို့ချွေးကို ရင်းကာနော်

ဖွဲ့နှင့်ချီသော်။

အောင်လံတော်

မော်မော်ကွဲ့ ဝင့်ကြွား။

အောင်မောင်း တဒူဒူနဲ့

ညံဆူဆူ အောင်သံကြွေး

ရဲသွေးကပွါး။ ။

................................................

**စစ်ထွက်သူ**

မိန်ညို ချပ်ကယ်နှင့်၊ ရောင်လျှပ်သည့် မောက်တို၊ ဆောင်စားကို လျှိုသည်၊ မောင်စစ်ဗိုလ် ရွှေကိုယ်လေးကိုလ၊ ရဲသွေးတဲ့ ဝင်စေဘွယ်၊ ရွှေစလွယ် ရောင်ဝါဝါနှင့်၊ ငွေသော်တာ သွေးလိုပလေး။

ကေရာဇာ၊ ရှင်မဟာ၏၊ လက်ျာလက်ရုံး၊ သည်မောင်ဘုန်းဟုု၊ ပြည်လုံးအားထား၊ ဇာနည်ဘွားလဲ၊ မနားစစ်ပြင်၊ ရှေ့ရှုနှင်က၊ မောင့်ကြင်ဖက်မယ်၊ လှမျက်ချယ်မှု၊ ဆယ်ဆူလက်ချောင်း၊ စုကာပေါင်း၍၊ အောင်ကြောင်းပတ္ထနာ၊ ပန်လျက်သာတည့်၊ သက်လျာသခင်၊ စစ်ပွဲငယ် ဝင်သောခါ၊ ဖြူစင်သည့် ပေလ္လာမှာ၊ လွမ်းရွှေစာ မှာရေးလို့၊ ပေးလိုက်တယ်လေး။ ။

................................................

**ကင်းစောင့်**

ရွာလျက်သွန်းသွန်း
ရှစ်ရပ်မွန်း၍
မြိုင်ဝန်းတခို
မဲရောင်ညိုသည်
စိုစိုရွှဲရွှဲအေးမြဆဲ။
ဖြာလျက်ရွှန်းရွှန်း
လျှပ်စစ်ထွန်း၍
စည်ရွမ်းဂျိုးဂျိမ့်
မြည်ဟည်းငြိမ့်သည်
သိမ့်သိမ့်သဲသဲ တိုးမြည်ဆဲ။
ညာဘက်ယွန်းယွန်း
ကမူစွန်း၌
ချမ်းလွန်းခိုက်ခိုက်
သေနတ်ပိုက်လျက်
တဝိုက်မြိုင်ပေါ်
ဘေးရန်မျှော်သည်
ရဲဘော်သူလဲ ကင်းစောင့်ဆဲ။ ။

**အခန်း(၂)**

**ခါသကြန်**

သွားစို့လေ ချစ်ဆွေများတို့ရဲ့
ဟိုနား ရွှေစေတီ၌
ထွေစီစီ ရေကြည်ဖျန်းမှာမို့
လှမ်းကြစို့ တူပျော်ပျော်။

.......... အဖော်က များများ၊ စကားက ဖေါင်ဖေါင်၊ ရွာတောင်က စေတီကုန်း၊ နေလုံးကလေး မပျောက်တပျောက်၊ မြန်ရောက်ဖို့ တွင်တွင်လှမ်း၊ ရေထမ်းနဲ့ တသွယ်၊ အိုးငယ်နဲ့ တနည်း၊ အိုးကြီးက တမျိုး၊ ရွက်အိုးကတဖုံ၊ အိုးမျိုးတွေစုံလိုက်တာ..........

မြိုင်ရဂုံ သာအတွင်းဆီက
ရောင်ဝင်းသည့် ပိတောက်ပန်းကိုလ
ဆင်မြန်းကာ ရှုမငြီးတာမို့
အုံ့မြီး ဘယ်မကုန်ဘု
တမယ်လုံ အလှထူးကိုဖြင့်
မြင်ဘူးသူ မေ့ရန်ခက်ပေလိမ့်
ရွှေမျက်နှာ မူချိုချိုနဲ့
ရေအိုးကို ရွက်ကာလှမ်းခဲ့ကြ
ဆန်းတင့်ပေ့နော်။

......... တကြော်ကြော် ကြူသီချင်းနဲ့၊ လင်းကွင်းက သံချိုချို၊ ပြွေတိုကို လေချိုညှုတော့၊ ရှမဝ အံ့သရဲ၊ ဟိုတနဲ သည်တဖုံ၊ အကနယ် စုံလှချည့်.........

ဆည်းဆာငုံ ညနေချမ်းမှာလ

နေရီရီ စေတီနန်းမှာဖြင့်

ရည်မှန်းပြီ ပန်းလိုလန်းကာပ

ရေချမ်းနယ် ဘဝင်ချမ်းအောင်တဲ့

ရေထမ်းကာ တခါသွန်းပါလို့

ဆုညွှန်း အထွေထွေနဲ့

ကုသိုလ်တွေ ရစေကြောင်းရယ်မို့

လောင်းရာကြ ရေကြည်တော်

မော်မော်ကွဲ့ မျက်နှာထား။

......... ပျော်ပါးကြ သူငါ၊ ဆည်းဆာတဲ့ ညနေချမ်း၊ လေချိုက ဖျန်းသနဲ့၊ အေးချမ်းတဲ့ သည်သဘင်၊ ပြန်တွေးယင် မြင်ချင်ရဲ့၊ ကြည့်ရွှင်တဲ့ မျက်နှာပေး၊ ချိုအေးတဲ့ လေသံ၊ "မုန်းမာန်ဝင် မျက်မပွါးပါနဲ့၊ ပျိုထွားကို ရေကစားမယ်" တဲ့...........

"ချစ်အားငယ်သာ

သက်ထား ခင်ကညာရဲ့

တော်မဟာ သကြ်န်ခေတ်တွင်မှ

ရွှေသစ္စာ တူဆိုစို့ - "ရယ်လို့

သူလိုရာ ငဲ့ကာစောင်းကာနှင့်

ချစ်ကြောင်းကို သည်လိုဖေါ်၍

ရွှေရည်ရော် စေတီဦးမှာဖြင့်

တူနှစ်ဖော် အချစ်ထူးသူတို့

ဦးချဝပ်တွား။ ။

.................................................

**နွေသကြ်န်**

ခါသကြ်န် နွေအပေါက်တွင်မှ

ဝါဝင်းလျှံ ရွှေပိတောက်ကယ်တို့

လေအလျောက်ကြူခဲ့ပြီ။

နှစ်အကူးပေမို့

ညွှတ်နူးစွာ စေတနာနဲ့

အဝေရာ ပွေဗျာဝေးဘို့ရယ်

အေးဆုပန်ညီ။

ဟန်ချီကာ မြန်ရပ်တဝှန်းမှာဖြင့်

ညံစီစွာ သံချပ်ဆန်းပုံက

လွတ်လမ်းသို့ ကြိုရှာသည်

ဟိုခါဆီနဲ့ တူပါဘဲ။

နှစ်ကူးအခါ

ချစ်ဦးရယ် တူနှစ်ဖြာပေါ့
စိန္တေ ယျာ စေတီနန်းဆီက
မြတ်ပန်းခိုင် ဖမ္ဗူလှော်နဲ့
ပုပ္ဖဇော် ရှိရှင်ညောင်းကာပ
ဗမာပြည် သာကီပေါင်းတွေသို့
ကျန်းမာကာ ချမ်းသာကြောင်းကိုဖြင့်
အတာရေ ဖြာဝေလောင်းလို့ရယ်
တောင်းဆုပန်ဆဲ။ ။

..............................................

**အတာ**

သင်္ကြန်တော် တန်ခူးမို့
ရွှေဝါဖူး ပိတောက်တွေ
ပွင့်ပေါ့ ဝေဝေ။
အတာရေ
ဖြာဝေလို့ စိုလန်း။
ချစ်ဦး မာပါစေတဲ့
နှစ်ကူး သာပါစေ-တဲ့
ပဏာချွေ ရွှန်းဝေဆင့်တယ်
ထွန်းတင့် နှစ်ဆန်း။ ။

..............................................

**ကဆုန်လဘွဲ့**

ကြွလို့သာ မြန်းတော့တယ်၊ မြတ်နန်းငယ် နိဗ္ဗူ။
အောင်ဟိတ်ကယ် ယူသည်၊ ဖွဲးမြင်သူ မုနိန္ဒရယ်က၊
ခုချိန်မှ ရွှေပလ္လင်ကို၊ ခမ္မေရှင် ရတဲ့နေ့ကိုလေး။
သည်ကဆုန်ဝယ်၊ ကြည်ယုံစိတ်ထား၊ မြတ်ဘုရားနှင့်၊
လှူပြားရေကြည်၊ ပျော်ပွဲတွေစည်တော့ကို
မြရည်ကြော့ ဗုဒ္ဓဟောမှာ၊ ဆုပန်ချွေ နိဗ္ဗူနန်းရယ်လို့၊
တမ်းတော့တယ်လေး။ ။

..............................................

**ရေပွဲခံတဲ့ လ**

ပြိုသဲအကြို ကဆုန်ပြေ့မှာ
ရဂုံတအွေ့ ခန်းဝနာ
ဝတ်မှုန်ကြွေ့လို့ ကြိုင်လျှမ်းစွာငယ်
ခိုင်ပန်းစကဝါ ဝေသပ။
ရွှေဖီဦးနှင့် ကွမ်းဖူးဖြာလျှင်
သွန်းမြူးသီတာ ရေပွဲခံတဲ့လ။

ဗုဒ္ဓရှင်မြတ် စောသတ္တာငယ်

မြင်ဖွားပြန်ရာ ဤမှာသ။

ထင်ရှားစံကာ ပလ္လမ,၌

ရွှေညာဏ်သဗ္ဗ အောင်ပြန်တုံ။

မလ္လာရွှေပြည် ဌာနီနန်းမှာ

သောင်ခေမာကမ်း လှမ်းတဲ့ခါနှင့်ဆုံ။

နေ့ထူးရက်မြတ် ခါအကြံမှာ

သတ္တဝါကုန် မာစေကြောင်းနှင့်

တကောင်းရေအိုး ပန်းစုံညီ

သွန်းကြ ပဏာချီ။

ဆောင်ဘွေကွန်းက ဆုညွှန်းရည်သည်

တို့ကျွန်းဇမ္ဗူဒီ အောင်ကြောင်းပေပေါ့လေး။။

..............................................

**လမြတ်ဝါဆို**

ပြီးလျက်ချိ မြိုင်သာတွင်းဆီက

ပုန်းညက်ညို ခိုင်ညှာဝင်းငယ်တို့

ကြိုင်ကာသင်းပါတဲ့ သည်ဝါဆို။

ရှာမလို့သာပ

ပြာညို့ကာ ရီမှောင်ဝေတော့

သည်တောင်ခြေ မြောင်ဘေ့တရိုးမှာ

မိုးဝိုက်လို့ခို။

နန်းညာပျို ဒေဝီတဦးငယ်နှင့်

ပန်းဝါဆို ရွှေရည်လူးကိုလ

ခူးခဲ့ကြ တူနှစ်ကိုယ်

ရွှင်ချိုလို့ ကြည်ပြုံး။

ဂူနန်းစေတီ

လှူဒါန်းကာ ချွေရည်လို့

နိုင်ရွှေပြည် ဌာနီကျအောင်ပ

ချစ်ခင်သူ ညာအလှငယ်နှင့်

ရွှင်ပျစွာ နှစ်ကိုယ်တွဲဘို့ငယ်

(ချစ်သူရေ) ခဲမိနှလုံး။ ။

..............................................

**တန်ဆောင်တိုင်**

မြောက်လေဖုံဖုံ သုန်သုန်ဝေ့တော့

ရဂုံတကွေ့ နှင်းဝေစီ

မှုန်မှုန်ကြွေ့တဲ့ ဆင်းငွေရည်ဝယ်

အလင်းနေခြည်ထင်ပြန်တော့။

ဝါဝင်းလဲ့လဲ့ ထိန်တောက်စိုကာ

စိန်ကျောက်လိုလို ပိုလင်းပြန်လှပေ့ါ။

ဝတ်မှုံကြဲတဲ့ ခဝဲညာငယ်

ပုလဲဝါနယ် သရေကြော့

မလွှဲသာတယ် လေပြေနှော့တော့

ခွေခွေပြော့ပြော့ ညွတ်ယိုင်ယိုင်။

ဆီမီးရောင်စုံ ပူဇော်ကဲတဲ့

လှူတော်သည်ပွဲ လမြတ်တန်ဆောင်တိုင်။

ကြတ္တိကာနှင့် ငွေလဆိုင်ကာ

တကွတပြိုင် တူတူသွားတော့

လူသူအများ မြူးကြရွှင်သာကြည်

ထူးစွစည်သာညီ။

ကထိန်သင်္ကန်း မင်္ဂလမ်းရည်သည်

လှူဒါန်းခါမှီ ဆုကြီးပန်လို့လေး။ ။

..............................................

**သည်ဝါဆို စိတ်ထဲဘာလိုလိုနဲ့**

လဝါဆို အခါမြတ်ပေမို့

မွေဓာတ် ရောင်တော်ထွေတဲ့

ပရမေ စိန္တေ ဦးမှာလ

ကြည်နူးစွာ လူထိုထိုတို့

ကြည်ညိုညို နှစ်ကိုယ်ဖူးလေတော့

စာဆိုမောင် ရွှင်မမြူးနိုင်ဘု

ရှူးရလိမ့် ထင်မိတယ်။

....... ခြောက်-ထယ်ထယ်ဝါဝါ တူယှဉ်တွဲပါလို့၊

သည်ဝဲသံသရာက၊ မြန်မကြာ ခေမာကမ်းဆီသို့၊

တို့နှစ်ကိုယ်လှမ်းမယ်လို့၊ ရည်မှန်းကာ ပဏာချွေကြထင့်.........

ဆွေမောင်မယ် တူပျော်မြူးကာပ

ကြည့်ရွှင်စွာ ပန်းစုံခူးချိန်မို့

စိတ်ကူးကာ ဟိုယခေါင်ဖြင့်

ထင်ယောင် မြင်ယောင်မှန်းပါလို့

လွမ်းရတော့တယ်။

........... နယ်ဝေးသူ တကိုယ်ဆွေးပေမို့၊ ဖြေဆေးဖြင့်မရနိုင်၊

သက်မဏ္ဍိုင် ယိုင်ကာလဲရချည့်............

အုံ့ဖွဲစွာ အမှုန်တိုင်းဆီက

ရစ်ဝိုင်းကာ ရွာပုံထူးပြန်တော့

ပန်းဝါဆို ရောင်စုံဖူးကိုလ

ပျော်မြူး ရွှင်ကြည်စွာနှင့်

တူမကွာ ချူကာခူးပါလို့

ရွာဦးဆီ စေတီနန်းတွင်ဖြင့်

လှူဒါန်းကာ ဆုကိုတောင်းပါတဲ့

နှစ်ဟောင်းကို ရော်ရည်လို့

တွေစီစီ မျက်ရည်မိုးရယ်က

သွန်းဖြိုးကာ ဖြေနိုင်စိမ့်သော်ကြောင့်

ဆွေးသိမ့်သိမ့် လွမ်းနယ်ပယ်

ကျယ်ပါပေ့ါ ခုများ။

.......... ကြွားနိုင်ပေ့ တူမောင်မယ်၊ ကြွယ်နိုင်ပေ့ဝါဆိုပန်း၊

ဆန်းနိုင်ပေ့ ဤချိန်ခါ၊ စာဆိုမောင် အဆွေးအိုးမို့၊

အငြိုးနဲ့သာရော့ထင့်.........

ကြာရက်ရှေပြီ

ညာသက်လျာ ဖြေဆီဘို့

ငွေတာရီ စာစီရေးပါ-တဲ့

ရပ်ဝေးသူ ကျူစကားရယ်ကြောင့်

စာသား ချိုကြည်ကြည်နဲ့

ကဗျာသီ စာစီဖွဲ့ချင်လှဲ့

ဖေါ်မဲ့ ဖြေမပြေတဲ့

သည်အခြေ တည်နေလျက်ကယ်မို့

တေးဆိုလျှင် ဆွေးပိုတက်သော်ကြောင့်

မှာမြွက်သူ ဖတ်ရန်ရေးသော်လဲ

(အချစ်ရယ်) ဆွေးစိတ်သာပွါး။ ။

..............................................

**လမြတ်အထွတ် သီတင်းကျွတ်**

ဝါဆိုကင်းလွတ်၊ သီတင်းကျွတ်ပြီဆိုလျှင်

သူငါအများ၊ ပျော်ပါးလို့ကြည်ရွှင်

မီးပွဲငယ်စုံလင်၊ မြို့ပြင်မြို့တွင်း

နီမောင်းရွှေရွှေ၊ ရောင်ထွေထွေ

ထွန်းကာ ဝေဝေ လင်းသည်နှင့်လေး။

မိုးယံအတွင်း၊ ကြယ်မင်း သဝဏ်

ရောင်ခြည်လျှံထွန်း၊ ပြည့်ဝန်းငွေစန္ဒီ

ငုံဖူးငယ်စုံညီ၊ ကြာနီမုံဝတ်

မြကုဏ္ဏာအိုင်၊ ပွင့်ချင်းဆိုင်
သင်းကြိုင် ဝတ်ရည် ညွတ်သည်နှင့်လေး။
သုံးလူ့အထွတ်၊ မြတ်မွတ်စိန္တေ
ဒေသစာနန်း၊ ဖြန့်မြန်းဝတီဘွေ
ဝါကျွတ်ကယ်အခြေ၊ လူ့ပြေသက်ဆင်း
ပြည်မြတ်ပူရာ၊ သင်္ကဿာ
မြတ်စွာအသျှင် ချဉ်းသည်နှင့်လေး။
တိုင်းပြည့်သနင်း၊ မြတ်မင်းဘုရင်
ကန်တော့ခံမြဲ၊ အောင်ပွဲသည်သဘင်
သီဟငယ်ပလ္လင်၊ ညာတင်ထိပ်ထား
နှစ်ပါးစုံညီ၊ မတ်ရွှေညီ
ဆက်မည် ပဏ္ဏာများ ငယ်နှင့်လေး။
တိုင်းသူပြည်သား ၊ စိတ်ထားကြည်ရွှင်
နှစ်စဉ်ပြုမြဲ၊ မီးပွဲသည်သဘင်
ရောင်မျိုးငယ်စုံလင်၊ ဝါလွင်ဝေလျှမ်း
သက်ကြီးသူကို၊ သဒ္ဓါပို
ကြည်ညို ကန်တော့ပန်း ငယ်နှင့်လေး။
မြတ်ကြာငုံလန်းကိုလ၊ လှူဒါန်းကာ ချွေရည်
ရွှေပြည်မှန်းတော့သည်။
မီးရောင်စုံ လျှမ်းပါတဲ့၊ ဂူနန်း မဟာစေတီ
ထွေလီ ဆန်းတော့သည်။         ။

..............................................

**ဆောင်းဦးအမွှန် မာလာငုံ**

"သွားလိုက်အုံးမယ်နော်"တဲ့
ကြော့ဆုံး ပင်ရုံတော်က
တကိုယ်ပျော် ပန်တော်ပန်းဆီသို့
ရည်မှန်းကာ နှုတ်ချွေဆက်ယောင်ထင့်
ကြင်ဘက် မောင်အမွှန်က
ပူဗျာဟုန် ပူပုံပန်းရယ်နဲ့
ရွှမ်းလေပေ့ါ ဒုန္ဒဘီ။
ရုံမဟာ ချုံလွှာနန်းဆီက
မြတ်ပန်း နီတျာတျာဖြင့်
ကြည်မသာ ရွှင်မပြုံးနိုင်ဘု
"ချစ်ဆုံးမောင် အမွှန်ဆွေရဲ့
ပျိုမေကို ကိုယ်သွေသွားမယ်လား
ပူပွါးအောင် ကြံဆောင်ညှင်းပါနဲ့"

ရွှေနှင်းဆီ မာလာနွယ်က
လေပြည်ဝယ် ဘယ်ညာလူးကာပ
ညွတ်နူးစွာ တခါပန်တော့
ဖြေပါရန် အလွန်ခက်သော်ကြောင့်
သက်မ ချီချီ။
ဝသန်ကုန် ဟေမန်ဆန်းပြီမို့
ပြန်လမ်းကို ရှောင်ဖယ်လွှဲနိုင်ဘု
ချစ်သဲ ဆွေကလျာရဲ့
ဒီတခါ တနှစ်ဆိုင်းပါအုံး
ခါတိုင်း လာချိန်တန်တော့
တခါပြန်ကာ မောင်လာအုံးမှာမို့
မပြုံးတဲ့ မာလာရည်ရယ်
ကြည်ပေတော့ နောင်ခါများ။
"သွားတော့မယ်လေ
ချစ်ဦး မာလာဆွေ"လို့
အမွှန်ဖေ နှုတ်ချွေသွန်းကာပ
စံကွန်း ဌာနေပြန်တော့
ညာကေပန် မာလာပန်းမှာဖြင့်
ရှင်မသာ ဘဝင်မှာနွမ်းလို့ရယ်
လွမ်းရစ်ပူပွါး။ ။

..............................................

**နွေဦး**

(ဥဩ)
နွေဝင်ကို နှုတ်ချွေသ,လို့
ခွန်းစ,တဲ့ ဥဩပျို
တေးဖွဲ့ပုံချို။
သိုက်နန်းမှာခို
နစ်ကိုယ်ပ,တွဲ။
မြိုင်ဟေမာ သာစခန်းက၊
လွမ်းလောက်အောင်ချွဲ။
(လေရူး)
ချိန်ခါနွေ ဂိမှေကူးတော့
လေရူးက တသုန်သုန်
မြူးလျက် ပျော်ပုံ။
ပန်းလှအစုံ
ထုံကြိုင်လို့သင်း။

ငုံမာလာ ဘယ်ညာယိမ်းအောင်
သိမ်းတဲ့လေညှင်း။
(ပန်းခင်း)
လေပြေမှာ ယိမ်းနွဲ့တဲ့
စိမ်းလဲ့လဲ့ မျက်ခင်းဝယ်
ပန်းမျိုးစုံချယ်။
ဖူးပွင့်အလယ်
ငုံတယ်ကွယ့် တချို့။
ဖြူနီကာ ပြာညိုဝင်းကာ
သင်းပျံ့လှိုင်လို့။ ။

.............................................

**မိုး**

မှိုင်းမှုန်မှုန်
အမှုန်မာန်ဖြိုး
ဝသန်မိုးဝယ်
မြူခိုးငယ်ခြုံ
ဆိုင်းအုံ့အုံ့။
ဆိုင်းအုံ့အုံ
ပဲ့ရှန်မာန်ဖြိုး
စည်တံပိုးနှင့်
ရိုက်ကြိုးသံစုံ
သိုင်းခြုံခြုံ။
သိုင်းခြုံခြုံ
မေထုန်ခါတွင်
မိုးလ,ဝင်သည်
ညိုသင်တိုင်းရှုံ
မှိုင်းမှုန်မှုန်။ ။

.............................................

**ပန်းမြတ်ဝါဆို**

စိမ့်စမ်းလှိုင်ဂူ မြိုင်ငူကြားသို့
တူတူသွားစို့ ချစ်ညာမော်
အမူထွားလို့ မေတ္တာပေါ်တယ်
လှစ်ကာခေါ်ယင် သွေ့ပါနဲ့။
ထပ်ထပ်လျှမ်းလို့ ချပ်တန်း တခိုမှာ
မြတ်ပန်းဝါဆို ကြိုနှင့်ပါလေရဲ့။
လေအသိမ်းမို့ လှကိန်းဖြာတယ်

က,ယိမ်းညာဘယ် ခွေခွေနဲ့။
မြစိမ်းညှာဝယ် ရွှေရေလဲ့လို့
ပြေပြေတလဲ့ နိုင်ထွေထွေ။
မေပျိုအသဝါ ဖြူပြာမွှတ်တို့
ချူကာဆွတ်လို့ မောင်ပေးပါရဲ့လေ။
ပြေပြေလျော့တဲ့ တကျော့ကေမှာ
ပန်တော့ဝေဝေ သရေတင့်မှ
ပရမေသခင့် နန်းမို့ဂူတော်
လှမ်းစို့ တူပျော်ပျော်။
သစ္စာပေးလို့ ချစ်ရေးမျှော်တယ်
ခင်လေးပျိုမော် ယုံသင့်ပါငဲ့လေး။ ။

..............................................

**ရွှေပိတောက်**

ရွှေပိတောက်
နေအောက်မှာတဲ့ ရွှေအဆင်။
နေညိုညို လေချိုသွေးယင်။
မွှေးနံ့ကြိုင်ရှင်။
ခါသဘင်
တာဝင်တဲ့ နှစ်ဆန်း။
စိန္တေ ယျာ စေတီကျောင်းမှာ
လောင်းကြ ရေချမ်း။ ။

..............................................

**အခန်း(၃)**

**အကြည်တော်သို့**

ညောင်ညိုညို ပင်ပျိုအောက်က
တေးနောက်လို့ တကြော်ကြော်
လွမ်းစကိုဖေါ်။
အဆွေတော်
မပျော်လို့လား။
ဘယ်နန်း ဘယ်ဌာနီက
ဘယ်သူ့ဆီ ရည်ရော်လို့
အကြည်တော် မျှော်တဲ့ကြောင်းကို
ပြန်ပြောင်းကာ ခွန်းချိုနောလို့ရယ်
ပြောပါတော့လား။ ။

..............................................

**သတို့သား**

တူနှစ်ပါး

စုလျားရယ်တဲ့ ဆင်တော့မယ်။

ပြီးမျက်နှာ ရွှင်စကားနဲ့

ကြွားပါပေ့ကွယ်။

တူနှစ်သွယ်၊

ပျော်မယ်မို့ ရွှင်မြူး။

ကိုလူပျို သတို့သားမှာဗျာ

များတဲ့ စိတ်ကူး။ ။

...............................................

**ဝတ်ကြစို့**

အခါသစ်

ဗမာဖြစ်ကိုတဲ့ သုံးတော့မယ်။

မျိုးချစ်သူ ဗမာတိုင်း

ယှိုင်းပင်းကြကွယ်။

ပင်နီရယ်

ဆင်တယ်ကွယ့် ပျိုလဲ။

ခေတ်သစ်မောင် ဆွေသဟာတို့

ခေတ်သစ်မယ် ဆွေသဟာတို့

တို့ဗမာ ပြည်တော်ဖြစ်ကို

ဝတ်ရစ်အမြဲ။ ။

...............................................

**ညှော့ဝတ်**

ရွှေကျီးပျို ညီပြာလဲ့က

တေးဖွဲ့လို့ သာတကြည်

ခွန်းဆင့်ကာမြည်။

ကိုညှော့သည်

လာပြီလို့ ထင်ရဲ့။

ရိပ်နန်း သည်ဂေဟာက

လာတဲ့ခါ ချွေသဒ္ဒါနဲ့

နေအဝါ ရောင်ခြည်ယွန်းရင်လ

စေတနာ ပြောင်ကြည်ရွှန်းနဲ့ရယ်

ကွန်းထောက်မယ်ကွဲ့။ ။

...............................................

**ဤကဗျာ**

စာဆိုမယ် မှိုင်ငေးလို့

စာရေးဖို့ မစွမ်းသာ

ဆန်းတဲ့ ကဗျာ။

ရေးဖို့ရာသာ

ကြောင်းရာက လွန်များ။

အလွမ်း အကြည်ရယ်နဲ့

ရီရွှင်ဘွယ် ကဗျာများရယ်

ရေးတော့ခက်သား။ ။

.............................................

**အမောပြေ**

လုပ်ငန်းကိုဝင်

ရချင်သည့် ငွေဝင်လမ်းရယ်ကြောင့်

ပင်ပန်းခဲ့လေး။

လုပ်ငန်းကခွါ

ရွှင်ပြုံးသူ ချိုမူယာနဲ့

ချောကညာ မောတာဖျောက်တော့ရယ်

ဝမ်းမြောက်ခဲ့သေး။ ။

**ဖေါ်နဲ့မို့**

ငှက်ကလေးတဲ့ ရွှေချိုးဖြူ

ညောင်ညိုညို ပင်ပျိုထက်မှာ

တေးမြွက်လို့ကျူ။

ရွှေချိုးဖြူ

ကူပေမပေါ့။

ယှဉ်တွဲကာ တူတူပျော်မယ့်

သူ့ကြင်ဖေါ် သူ့အပါးမှာ

နားကာနေတော့။ ။

.............................................

**ဆုတောင်း**

ဆွမ်း-ပန်းတော် ရေကြည်ခွက်နဲ့

တင်ဆက်ပေ့ါ စိန္တေ ယျာ။

ဘုန်းမြတ်ရှင်မှာ။

ဆွေသဟာ ပွေဗျာကကွာရှင်း။

အဝေရာ ရေကြာခ,ပုံဆင်း။

များသဗ္ဗေ ဝေနေယျာသို့

ထားအပ်ပေ ချွေပဏာနဲ့

စေတနာ သဒ္ဓါလောင်းကာ
တောင်းဆုပန်ညှင်း။ ။

.............................................

**စာရေးဆရာ**

ပေရွက်လွှာ ကလောင်စွဲလို့
စားပွဲ၌ ထိုင်ကာသာ။
တွေးတောနေရှာ။
စာရေးဆရာ
သူပါဘဲ ထင်ရဲ့။
စိတ်ကူး တယဉ်ယဉ်နဲ့
ဖတ်ရသူ ကြည်ကြည်ရွှင်ဘို့
ဓာတ်ပုံသွင် စီစဉ်တွေးလို့ရယ်
ရေးတော့တယ်ကွဲ့။ ။

.............................................

**အညာလက်ဆောင်**

အညာစောင် နံ့သာခေါက်နဲ့
ခရမ်းခြောက် ပုန်းရည်ညို
ထန်းလျက်ချိုချို။
ခင်အပို
ငြင်ပြိုနဲ့ စိတ်ထဲ။
တို့များ အညာမှာဖြင့်
ဂုဏ်ပကာ ပါဝါတက်ပါတဲ့
ထူး လက်ဆောင်ဘဲ။ ။

.............................................

**ရည်ရွယ်သူ**

ယဉ်နွဲ့သူ ဆင်မြန်းဖို့
တင့်ဆန်းတဲ့ တော်သဇင်
ခူးတဲ့လို့ငင်။
လှူကြဲတွင်
မေခင်သို့ မောင်ပေး။
သို့မင့်လေ တမေခင်က
စိန္တေ ရှင် မြတ်ဘုရားမှာ
ဝပ်တွားကာ တကယ်လှူတော့
ရည်ရွယ်သူ လှုပျိုချောမှာ(ဗျာ)
မောလို့သာငေး။ ။

.............................................

**ကျောင်းပိတ်ရှိန်**

နွေတပေါင်း

ရွှေကျောင်းရယ်တဲ့ ပိတ်ခဲ့ပြီ။

ချစ်ခင်သူ ဆွေအများ

သွားပေ့ါ ဌာနီ။

ငွေတာရီ

ပြန်ပြီကွယ့် ရွာကျေး။

ဝသန်ဆန်းကာမှ

ရှင်လန်းစွာ ဆွေအများရယ်နှင့်

စကားကုန် စုံစုံပြောဖို့ရယ်

ဇောစိုက်လို့တွေး။ ။

..............................................

**မင်းမြတ်စံရာ**

ကျုံးသုံးတန် ကာရံဆီးလို့

မြို့ကြီးတဲ့ မန်းအောင်ချာ

မင်းမြတ်စံရာ။

ဘွေသီဟာ

ညီလာက စုံတုန်း။

တရား ဓမ္မကွန်နဲ့

ကျင့်ဆယ်တန် ဆံမကျိုးအောင်

စိုးပိုင်တဲ့ဘုန်း။ ။

..............................................

**ပန်ချင်ပါရဲ့**

ကြူကြူသင်းပါတဲ့ ပိတောက်ရွှေ။

ခါဂီမှ နွေတန်ခူးမှာ

ဖူးပွင့် ဝေဝေ။

ချစ်သူရေ

ခင်မေဖို့ ချူခဲ့။

ကေသာမှာ ရွှေဝါလျှမ်းအောင်

ဆန်းပန်ချင်ရဲ့။ ။

..............................................

**အခန်း(၄)**

**ချစ်မျက်လုံး**

ကြည့်လိုက်တိုင်း

ရစ်ဝိုင်းပါတဲ့ ချစ်ရည်ရယ်။

"ချစ်ချင်တယ်"ထိုသဘောကို

ပြောတော့ သည်နှယ်။

နှုတ်ဖြင့်ကွယ်

ဘယ်ခါမှ မိန့်ဘူး။

တွေ့တိုင်း ရယ်မလိုနဲ့

ရင်ဖိုဘွယ် သူ့မျက်လုံးရယ်

ပြုံးချက်ကထူး။ ။

...............................................

**တဝါတွင်း**

တဝါတွင်း

အောင့်အင်းကာပ နေပါနော်။

ဝါလ,ကုန် ကျွတ်သီတင်း

ချဉ်းလို့လာသော်။

ရွှင်ပျော်ပျော်

စဉ်မျှော်လျက် ပို့လဲ။

ချစ်ဦးမောင် ရှင်လူထွက်ယင်

ချစ်ဆက်ဖို့ဘဲ။ ။

...............................................

**ချစ်တေး**

ငွေစန္ဒာ ဖြူဝင်းတော့

ပြတင်းက မေမျှော်

ဘုန်းမယ့် ချစ်ဖော်။

ချစ်တေးနော်

ဖြေဖျော်လို့ သီကြွေး။

ညာလှည့်ကာ ဘယ်လောင်းလို့

ဘယ်လောင်းကာ ညာလှည့်တော့

တေးနွဲ့ယင် ဘဝင်ထဲမှာ

စွဲခဲ့ပြီလေး။ ။

...............................................

**ရေ-မြေ ဆုံးစေတော့-တဲ့**

စေတီနန်း

ရည်မှန်းပါလို့ ဆုပန်ချွေ။

မယ့်ချစ်သူ ရွှေရောင်စောင်းနဲ့

ပေါင်းရဖို့လေ။

တည်ပါစေ

တဖေရဲ့ စကား။

"ရေ-မြေ ဆုံးစေတော့
ခင်ဘုန်းကို မောင်မမေ့ပါ"-တဲ့
ပျိုလေးကို အစဉ်စွဲအောင်
ချွဲခဲ့တာများ။ ။

..............................................

**ပြောချင်ပါရဲ့**

အချစ်ရေး
ခင်လေးကိုတဲ့ ပြောချင်တယ်။
သို့မင့်ကွယ် ထိုသဘောကို
ပြောဝံ့နိုင်ဘူးယ်။
"ချစ်ထာရယ်
ဘယ်ဘယ်သို့ သိဘူး"။
နွဲ့နှောင်း မာလာပျိုက
"ချစ်တယ်ဆို ချိုနဲ့လား"-ရယ်လို့
လှည့်စားကာ ခင်ကျီစားရင်ဖြင့်
ရှက်အားပို လူညိုထွေးမှာကွယ်
ဆွေးလိမ့်ချစ်ဦး။ ။

..............................................

**ပြွေရှင်**

ရှင်နေမင်းက မလင်းတလင်း
တိမ်ရောင်စုံတဲ့ ညနေခင်း
ပျိုလေး ရေခပ်ဆင်း။
ကန်ပေါင်ရင်းက မချို့တချို
ညှုတဲ့ ပြွေတို။
"ခင်ပျိုဖြူနဲ့ နှစ်ကိုယ်တွဲ
နွဲ့ချင်လှစိတ်ထဲ"-တဲ့။
နှစ်ကိုတွဲမယ့် လူယဉ်ညို
တေးသံ ပေးပုံချို။
ဆိုလာပါနဲ့ ချစ်သံမျိုး
မွေးမေ ကြားမှာစိုး။ ။

..............................................

**သူ့စကား**

လသာသာ တညတုန်းဆီက
မောင်ဘုန်းနဲ့ ပျိုကညာ
တွေ့ကြတဲ့ခါ။
"နောင်တော့ကာ

ပစ်မှာလား" ပျို့မေး။
"ချစ်ဦး စပယ်ငုံရဲ့
ပစ်ဖူး တကယ်ယုံ"-တဲ့
ပြောလိုက်ပုံ သူ့စကားကို
ကြားမိပြန်သေး။ ။

.............................................

**အချစ်**

လန့်ကြောက်မိ၍
ချစ်မည့်အရေး၊ ငါမတွေးခဲ့။
ရွံ့ရှာမိ၍
ချစ်သည့်စာလုံး၊ ငါမကုံးခဲ့။
ချစ်ဆုံးဘယ်မှာ၊ မမျှော်ပါလည်း
ခုခါချစ်မြား၊ ငါ့သည်းကြား၌
တအားစူးနစ်၊ သတိလစ်သည်
သည်ချစ် ငါရှောင် မလွတ်တကား။ ။

.............................................

**တွဲစို့နှစ်ကိုယ်**

ကျွတ်သီတင်း
လွတ်ကင်းပြန်ပေါ့ တဝါဆို။
"ဘယ့်နယ်တုံး
မောင်ဘုန်း ငွေတာရီ"လို့
အလီလီ ဆိုစကားရယ်နဲ့
နတ်မြားမောင် သူလှောင်ချက်ကိုဖြင့်
ရှက်မိလှညို။
ချစ်မေတ္တာ စိတ်အရင်းပေမို့
လှစ်လှစ်ကာ တဆိတ်လင်းယင်ဖြင့်
ငြင်းပါနဲ့ ငွေဝတ်ပျိုရယ်
နှစ်ကိုယ်ကွယ့် ယှဉ်စို့။
ငွေဝတ်ရည်ရယ်
ချွေဆွတ်ယင် သာတကြည်ပ
ညာမဒီ တာရှည်နှောင့်ပါနဲ့
(တာရီမှာဗျာ.........)
တဝါဆီ ခါမှီစောင့်လို့ငယ်
(အချစ်ရယ်)အောင့်ခဲ့တာမို့။ ။

**ချစ်သူ့စာခွေ**

ချစ်သူကို မျှော်တွေးလို့
ရေးလိုက်တဲ့ ကဗျာတွေ
မြင့်မိုနယ်လေ။
စာတခွေ
ညာမေက တွေ့ဘဲ။
ချစ်ဦး ဆွေသဟာရဲ့
လှစ်ကျူး ပေကဗျာနဲ့
သေအချာ စီကာကုံးသော်လဲ
ပြုံးဖို့ခက်ခဲ။ ။

............................................

**စစ်မောင်မယ်**

(မယ်)
ပြေမြန်မာ ဒေါင်းလံစိုက်နိုင်ဖို့
သေခံကာ ပေါင်းရန်မိုက်ကိုဖြင့်
မောင်းလိုက်ချင်ပေ့ါ ခုမကြာ။
သည်စိတ်,ထားပါတဲ့
စစ်သား ဇာနည်ရှင်မှ
ချစ်ရေစင် ကြူကြူမွှန်းကို
သွန်းလိုက်ချင်တာ။
(မောင်)
ပြေတွက်ဆို သွေမရှဲ့ကာပ
အသက်ကို ချွေကာစွန့်ပါလို့
သေဝံ့ရဲ့ ခါတရာ
ဗမာတဲ့ ဘသား။
မျိုးစစ်မို့လေ
တိုးချစ်ပါ ကညာမေရဲ့
ဗမာပြေ ရောင်ဝေဖြိုးစေဖို့
ရှောင်မသွေ မောင်လေ ကြိုးပဲ့မယ်
စိုးနဲ့ထိပ်ထား။ ။

............................................

**နှစ်ဦးသစ္စာ**

နှစ်အကူး
သစ်မြူးပါလို့ ဘဝင်ချို။
ညာအနိပ်ကယ်နှင့်
ရှာထိပ်ဆီ စေတီနန်းကို

လှမ်းခဲ့ နှစ်ကိုယ်။
လယ်ဘေးဆီ သည့်တာရိုးငယ်က
ချိုးခဲ့တဲ့ သပြေညို
စိုစိုမို့ ကြိုင်သင်း။
"ပစ်ဖူးဗျာ
ငယ်ချစ်ရယ် ပယ်မခွါဘု
ဆယ်ကမ္ဘာ သည့်မောင်ချစ်မယ်"တဲ့
ကြူလှစ်ကာ သစ္စာထူးနဲ့ရယ်
ဦးချဝပ်စင်း။ ။

..............................................

**ဖျိုင်းအိုနှင့်ထွေးညို**

နေမင်းညိုယင် ဟိုကန်စောင်းက
ငါးတွေချောင်းတဲ့ ငွေဖျိုင်းအို။
နေမင်းကွယ်တောင် ဘယ်မရတော့
နွမ်းလျပါလို့ စိတ်မချို။
ပြာလဲ့ရေညို ဟိုကန်စောင်းက
အပျိုချောင်းတဲ့ မောင်ထွေးညို။
ငွေဖျိုင်းအိုနှယ် ဘယ်မတွေ့လို့
မရှင်ချမ်းမြေ့ သောကပို။
ဖျိုင်းအို၊ ထွေးညို။ ။

..............................................

**ချစ်စိတ်မပါ**

သည့်အချစ်ကိုလ
စီစစ် ဝေဖန်တော့
ပွေဗျာပန် သူဖန်တီးမှာမို့
ဝေးကြီးက ရှောင်ခွါလာ။
သူတကာ ကိုယ်စီအတွဲတွေနဲ့
ချစ်ပွဲကို ယှဉ်မှီနွှဲသော်လဲ့
ညာမေမှာ ဒါတွေဖဲခွါခဲ့
သဟာဆွေ လာလေဆွဲသော်လဲ့
ထဲစိတ်မပါ။
မြူးနတ်မောင် အမူထွားသူက
ချစ်မြှားကို သူကစားမယ်လို့
အနားမှာ ရစ်ကာဝဲပြန်တော့
ဖျိုလဲလေ ဘာလိုလိုနဲ့
သဟာကို အလိုလိုက်ကာပ

မိုက်မိလိမ့် တရံခါ

ထင်လာမိ စိတ်ထဲ။

သို့ပေမယ့်လေ

ရှောင်လွှဲကာ ဖယ်သွေလို့

အချစ်ရေ ကြည်ဝေရွှန်းကိုလ

မသွန်းချင် အားခံငြင်းပါလို့

အံတင်းကာ စိတ်ကိုထိန်းပါခဲ့

လွတ်ငြိမ်းရာ ခွင့်အရေးကိုတော့

ကြံတွေးကာ ညာပျိုခဲ့ရင်ဖြင့်

ရွံ့စဘွယ် အချစ်ဝဲရယ်က

ခွါဖဲကာ ဘဝင်ချမ်းနိုင်လိမ့်

ဝမ်းမြောက်စွာ လွတ်ရာလမ်းကိုဖြင့်

ရော်ကာ မြော်ကာမှန်းသူမို့

ချစ်တာကို လှစ်ကာတမ်းသူဖြင့်

နှမ်းရမှာဘဲ။ ။

..............................................

**အခန်း(၅)**

**ရွှေပဇွန်**

မှုန်မှိုင်းပါတဲ့ ရွှေပဇွန်။

အုံ့ဆိုင်းပါတဲ့ ရွှေပဇွန်။

မြူခိုးငယ် ကျူငွေသန်းပြန်တော့

ပူမိုးငယ် ဆူဝေလျှမ်းကာပ

လွမ်းစိတ်ကခြုံ။

ဝလာအထက်ဆီက

ရွာရက်တဲ့ သည်အမှုန်ငယ်

မာန်ဟုန်က ထန်ပြင်း။

မေးစက်မပျော်

တွေးလျက်သာ ပုပုံတော်နဲ့

တူစုံပျော် ကြင်ဖော်ဝေးတာမို့

တသုန်သုန် မှုန်မှုန်အေးပြန်တော့

အစုံစုံ ဖုံဖုံတွေးလို့ရယ်

ဆွေးရစိတ်တွင်း။ ။

..............................................

**မောင်နံ့စုံမို့**

ပျိုချောကိုမြင်

ချစ်ချင်ပြီ သည်စိတ်ကူးရယ်ကြောင့်

မောင်ရှူးချည့်လေး။

ကြည့်လိုက်ပြန်တုံ

ပျိုချော မောင်နံ့စုံမို့

အကြံကုန် ပူပုံတိုးတယ်

ညှိုးစိတ်နဲ့ဆွေး။ ။

...............................................

**မြန်းဘို့ချိန်**

စန္ဒာဝန်း

နောက်ကျွန်းမှာတဲ့ ဆွဲကာခို။

ရှေ့ဆီမှာ အရုဏ်ကျင်း

လင်းတော့မှာကို။

သာမချို

ဗျာပိုပေါ့ စိတ်ထဲ။

ချစ်ဦး ခင်ကညာနဲ့

ကြည့်ရှင်ရာ သဏ္ဍာနန်းကရယ်

မြန်းဘို့ခါဘဲ။ ။

...............................................

**လွမ်းစာဆိုမို့**

"မိုးညိုယင် စာဆိုကောင်းတယ်"လို့

နွဲ့နှောင်းရာတဲ့ ခင်စပယ်

ပြောလိုက်ရာဝယ်။

ထင်ရှာတယ်

မလွယ်ဘု ချစ်ခဲ။

နန်းညာပျို ခင်ကညာရဲ့

လွမ်းစာဆို ရှင်မသာလို့

ယဉ်ကဗျာ စာခွေလေးကို

ရေးရနိုင်ဘဲ။ ။

...............................................

**စိတ်ကူး**

အသစ်အသစ်၊ ဉာဏ်ရည်ညှစ်လျက်

ရေးခြစ်မည်ခဲ၊ စိတ်မှာစွဲ၍

စာစားပွဲ၌ ထိုင်ဆဲကို။

တကိုယ်တည်းလျှင်၊ ဉာဏ်သစ်ထွင်၍

စာယဉ်ကဗျာ၊ သီကုံးကာလျှင်
သာယာရွှင်အောင်၊ စိတ်ရည်ဆောင်မည်
ကလောင်လက်မှာ ကိုင်ဆဲကို။
ရှေ့ဆီအနား၊ သစ်ပင်ဖျားဌ
ရွှင်အားပိုမို၊ ရွှေချိုးပျိုလည်း
မ-ဖို ယှဉ်တွဲ၊ သံစုံချွဲခဲ့
စိတ်ထဲလွမ်းမူး၊ မရွှင်မြူးသည်
စိတ်ကူးမယဉ် နိုင်ဘဲကို။ ။

.............................................

**အချစ်မီး**

လစန္ဒာ ငွေရောင်လက်တော့
မေးစက်လို့ ဘယ်မပျော်
ဆွေးစိတ်သာပေါ်။
စန္ဒီမော်
သော်တာက ထိန်ညီး။
တာရီနော်
မျှော်ကာပ ကိုယ်တည်း။
စိတ်တွင်း မကြည်သာနဲ့
လိမ့်ဆင်း မျက်ရည်ဖြာလို့
မဖြေသာ ဘဝင်စွဲအောင်
သဲတဲ့ချစ်မီး။ ။

.............................................

**ချစ်ပွဲနှင့်စစ်ပွဲ**

ချစ်စခန်းမှ
ပင်ပန်းကြီးစွာ ရှောင်ခဲ့သည်။
စစ်စိတ်မွေး၍
စစ်သွေးကိုသာ ဆောင်ခဲ့သည်။
ရင်ဆိုင်နွှဲသော်
စစ်ပွဲမညှာ၊ ချစ်ပွဲနာ၍
လွဲကာသေွဗီ အောင်ခဲ့ပြီ။ ။

.............................................

**လွမ်းဘွယ့်တယော**

ညစဉ်တဲ့ ညစဉ်။
နေသူရိန် ဂေါယာဆင်းပါလို့
စန္ဒာရှင် ထိန်ဝါလင်းယင်
ညှင်းတဲ့သံလွင်။

ကြားရသူ စိတ်ညွှတ်နူးစေဘို့
သီကျူးတဲ့ တေးသံရှင်မှာ
ဆွေးဝင်တဲ့ သဘော။
လွမ်းဘွယ့်တလီ
စိတ်ကူး ခါခါရည်ဘို့
တာတီတီ သာကြည်ဆန်းလှတယ်
လွမ်းဘွယ့်တယော။ ။

..............................................

**စစ်ပြန်ရဲဘော်**

မပြောချင်စမ်းပါဘု
ဇာတ်လမ်း ခြေမဟန်လို့
လွတ်နိုင်ရန် ဘယ်လိုကြိုးပေမင့်
ဝဋ်ဆိုး သံသရာက
ဖန်လာတာ လွတ်မရုန်းသာဘု
နလုံးမှာ တပွေပွေနဲ့
အကြံခေ ဉာဏ်ခြေမဲ့လှချည့်
ရဲဘော်တို့ ကံကြမ္မာ။
တခေတ်လဲနိုင်ဘို့

စစ်ပွဲမှာ ဘာမထီဘု
စာမရှိ သာကီသွေးတွေက
သက်ပေးကာ သည်လိုဆောင်တော့
ပြည်ဘောင်မှာ သည်အောင်ပွဲရယ်
သဲခြိမ့်ခြိမ့်ညာ။
သေသူသေ ကျိုးသူကျိုးပါဘဲ
ကံဆိုး တဖုံဆင်လို့
စဉ်မမှီ လူညွှန့်တုံးကာပ
ဆုံးခဲ့ရ ဘဝတာ
ဖန်လာတဲ့ ဖြစ်မျိုး။
စစ်ပြန်တော့နော်
အားတက်ကာ တပျော်ပျော်နဲ့
မြေပေါ်မှာ ခြေနော်ဝင့်နိုင်လိမ့်
တွက်ချင့်ကာ အားပင်သစ်မိရဲ့
ဩော်-ဖြစ်ရပုံ ခြေမလှချင်တော့
သေရတာ ကောင်းပါဦးမယ်ထင့်
စိတ်ကူးတွေ တခါလွဲချေပေါ့
ခဲမကျေ သဲရေကျပါဘဲ

လှစ်ဟ,ကာ တကြော်ကြော်နဲ့
ရဲဘော်မှာ ပဲလှော်ရောင်းရတယ်ကွယ်
ကြောင်းဖြစ်ချက်ဆိုး။ ။

.............................................

**ဆည်းဆာ**

ရွှေပွင့် ငွေပွင့် ၊တိမ်တောင်ဆင့်လျက်
မိုးမြင့်အတွင်း၊ ရောင်စုံဝင်းသည်
နေမင်းတောင်စွယ် ခိုဆဲကို။
ကန်ပေါင်ရိုးတွင်၊ ပြွေချိုရှင်လည်း
ချစ်ကြင်ဘယ်မှာ၊ ရော်ရမ်းကာလျှင်
သာယာကြည်လင်၊ တေးသံဆင်သည်
လေယဉ်တွင်းမှာ ချိုဆဲကို။
ဝေးမြေရပ်ခြား၊ ချစ်သူသွားက
သက်ထားသည်မှာ၊ ကြည်မသာခဲ့
ခါခါမျှော်မှန်း၊ စိတ်ဝယ်တမ်းသည်
အလွမ်းသည်မှာ ပိုဆဲကို။ ။

.............................................

**အဆွေးစာ**

ဆွေးစာတွေ ထပ်ကာနှောလို့
စိတ်မောရှာတဲ့ ခင်ကညာ
ပြောလိုက်ပေ့ါဗျာ။
"အဆွေးစာ
ရေးပါနဲ့ မောင်ရဲ့"တဲ့။
ချစ်ဦး ခင်ကညာရဲ့
စိတ်ကူး မရှင်တာမို့
ယဉ်ကဗျာ စာအဆွေးကို
ရေးမိသကွဲ့။ ။

.............................................

**ညီခဲ့ပြီ**

စစ်စခန်းသို့
ခြေလှမ်းရဲဘော် ညီခဲ့ပြီ။
ရဲစိတ်လွှမ်း၍
ရှင်လန်းတေးချို သီခဲ့ပြီ။
စစ်မြေထွက်သော်
ကြင်ဘက်ဖြူပြာ၊ ပျိုသူဇာနှင့်

ကွဲကွာဒဏ် ချီခဲ့ပြီ။ ။

………………………………………….

**လွမ်းစာဆို**

လွမ်းစာဆို

မှန်းတာကို သူမရတာမို့

ပူစ မငြိမ်း။

တွေးကြည့်ပါ

ရေးသည့် စာကဗျာဖြင့်

အခါခါ ဖျာပါတိုးလို့ရယ်

ညှိုးရတဲ့ကိန်း။ ။

………………………………………….

**မလာဖြစ်နိုင်လို့**

ခါတခေါက်

မလာရောက်နိုင်ဘု ခင်တို့ရွာ။

'ကြွခဲ့ပါ' မှာစကား

ကြားယောင်လျက်သာ။

ဘယ်အခါ

လာပါရ မောင်တွေး။

စစ်ပြီး သည့်အခါက

ခရီး တယ်မသာလို့

မယ်တရွာ မောင်တမြို့မယ်

လွမ်းဆို့လို့ဆွေး။ ။

………………………………………….

**ယောက်ျား**

ငါယောက်ျား

လားလားမှ ဘာမထီ။

သွေးနီနီ ယှဉ်ပြိုင်နွှဲရင်

ကဲ ခေါင်ကတည်။

အာဇာနည်

မြန်ပြည်မေ့ ချစ်သား။

ကြောက်ဆိုတာ "နယ်မလား"တယ်

ကျားဆိုမှ ကျား။ ။

………………………………………….

**ကိုယ်စား**

တိမ်ဖြူလေ့ ရွက်တွေဖွင့်လို့
လေလှိုင့်တော့ ဟိုသည်ဆီ
ရှားရွေ့ခဲ့ပြီ။
ချစ်သူဆီ
ရောက်မည်တဲ့လား။
ကိုယ်တည်း မပျော်လို့
ခင့်မောင်တော် စံတဲ့နန်းကို
လှမ်းခဲ့ပါ လျင်အမြန်လို့
ချစ်သက်နံ မူဟန်နွဲ့ကို
ပြောခဲ့ကိုယ်စား။ ။

.............................................

**နတ်ပန်းချီ**

ဒေါင်းယာဉ်ပျံ ဂေါယာဆင်းတဲ့
ညနေခင်း တိမ်ရောင်ခြည်
ဆေးစုံခဲ့ပြီ။
နတ်ပန်းချီ
ချယ်စီရော့သလား။
ရွှေထဲ ငွေရောင်နှင့်
ငွေထဲ ရွှေရောင်နှင့်
ပြာရီမှောင် ညိုရောင်သန်းလို့ရယ်
နန်းထွက်တဲ့ကား။ ။

.............................................

**သောကြာကြယ်**

အာကာယံ ဝတီဖျားက
ဟိုဟာလား ကြယ်သောကြာ
ပြောစမ်းပါ့ဗျာ။
ကြယ်တကာ
ဘယ်ဟာမှ မတူခဲ့။
ငွေစန္ဒာ သူကလွဲရင်
ကဲဆိုနိုင်ရဲ့။ ။

.............................................

**စန္ဒာ**

ကန်လယ်မှာ လှေကလေးနဲ့
တေးမြွက်လို့ ပျော်ရွှင်ရွှင်
သွားခဲ့ညစဉ်။

ကန်ရေပြင်
ကြည်လင်လို့အေး။
သော်တာရှင် ရေပြင်တွင်းမှာ
ဝင်းပပဖွေး။ ။

.............................................

**ကျား**

တကယ့်သား
"ဟဲ့ကျားငါပ"စွန့်တော့မယ်။
မွေးမိခင် မယ်မတားနဲ့
စားအပ်ပဲ့ကွယ်။
မာန်ထယ်ထယ်
ရန်ပယ်မယ့် မေ့သား။
လက်ရုံးရည် မာန်ဆူဆူနဲ့
နလုံးရည် စံမတူလို့
တို့ရန်သူ ဝေးကရှားတယ်
ကျားဆိုမှ ကျား။ ။

.............................................

**ဓား**

တကယ်ဓား
မယ့်သားကိုတဲ့ အပ်လိုက်မယ်။
လွတ်ရေးဆို ထိုစစ်ပွဲမှာ
ကြဲပါတော့ကွယ်။
ခင်းသွယ်သွယ်
ရှင်းပယ်ဘို့ ဆောင်သွား။
ထက်ဆုံးနော် မှီမထင်နဲ့
လက်သုံးတော် သီလဝင်မို့
ပြည်တခွင် ကြည်ရွှင်အေးအောင်
ရေးဆောင်မဲ့ဓား။ ။

.............................................

**တော်လှန်စိတ်**

သွေးနီရောင် ကြယ်ပွင့်နဲ့
ဂုဏ်တင့်တဲ့ တို့အောင်လံ
ဝင့်ခဲ့ဝေယံ။
နိုင်မခံ
တော်လှန်တဲ့ လူမျိုး။

မဆုတ်တမ်းသာပ
လုပ်ငန်းကို တွင်တွင်ဆောင်လို့
တိုင်းမြန်အောင် လွတ်ရန်တွက်ကို
သက်ဆက်လို့ကြိုး။ ။

..............................................

**ပဒေသာ ကဗျာများ**

**(၁၉၄၇-၁၉၅၀)**

**အခန်း(၁)**

**ပဒေသာ**

စံတခုပေပ
ပံသုသည် ပဒေသာပေါ့
ပြေဗမာ မြေလွှာကြီးမှာဖြင့်
ရွှေသမ္တာ ဝေဖြာညီးပါလို့
နိုင်ဖြိုးလှ များဥစ္စာ။
မလွတ်တမ်း
ဆွတ်လှမ်း တကယ်ယူသည့်
တနယ်သူ မတူမျိုးတွေက
ပဒေသာ ဝေကာစိုးသည်ကြောင့်
ခြေမသာ နေရာတိုးနိုင်ဘု
ရွှေဗမာ တေဇာညှိုးလို့ရယ်
ဆိုးခဲ့ကြမ္မာ။
တို့ပြေမှာ တို့တွေလျှမ်းကာပ
လွတ်လမ်း တကယ်ဆောင်မတဲ့
တိုင်းချစ်မောင် သည်လိုကြိမ်းသော်လဲ
တို့မြေကို တို့တွေသိမ်းနိုင်မှ
လွတ်ငြိမ်း ရန်စွယ်ကွာလို့
ရွှေဗမာ နေရာကျပါလိမ့်
ပဒေသာ မြေမှာရမှာမို့
သေအချာ ဖွေရှာကြပါတော့
မွေး မိ,ဘ မြေအရှာဝယ်
ဝေဆာတဲ့ခနေများ။
စပါးရေဆန်
ပတ္တမြား ရေနံပ
အခြေခံ မြေမှန်ဖြစ်ပါရဲ့
ဝေအလျှံ ရွှေ,သံ,သစ်တွေနဲ့
ပြေချစ်မောင် ဖေရှာဆုပ်နိုင်ငဲ့

အားထုတ်ကာ တကယ်ကြိုးရင်လ
ဝင့်ဆိုး ဘယ်မကြာဘု
ကျွန်သံသာ မှန်စွာလွတ်ပါလိမ့်
ရွှေဗမာ တေဇာထွတ်ကယ်နှင့်
သေအချာ ဝေဆာညွှတ်မှာမို့
ပဒေသာ မြေလွှာမွတ်ကို
ဆွတ်ပ တအား။ ။

.............................................

**အတိတ်**

သက်ဘေးမမြော်၊ အရေးတော်ကြောင့်
ရဲဘော်သင်းဖွဲ့၊ တော်လှန်ခဲ့၏။
ရက်ဆွေးလသော်၊ နှစ်သို့ကျော်လည်း
တွေးသော်ကြွင်းမဲ့၊ ပေါ်ပြန်ခဲ့၏။
စုံသာမြိုင်လမ်း၊ ပေဟဝန်နန်းထက်
စိမ့်စမ်းမြောင်သွေ၊ တောတောင်တွေဝယ်
ရဲဆွေပြောက်ကျား၊ ငါတို့အားမူ
ငှက်ဖျားမကြောက်၊ ကျားရန်ညှောက်နှင့်
အမြောက်ကျည်ဆန်၊ အတန်တန်ကို
အာခံဖွတ်တိုး၊ ပြည်နယ်ကျိုးဟု
သည်ပိုးမနေး၊ သက်လျှင်ပေးသည့်
မေးမေးမှိုတ်မှိုတ်၊ ရေး"အတိတ်"ကား
ရိပ်ရိပ်ရေးထင်၊ တွေးတိုင်းမြင်သည်
စိတ်တွင်မပြယ်-နိုင်တကား။ ။

.............................................

**အမွေ**

မေ့သက်ဝေ ချစ်မဆုံးမို့
နှလုံးနဲ့ ထပ်တူကြင်၊
သားလှရွှေစင်။
မောင့်ဖခင်
ပြောချင်တဲ့ စကား၊
နှလုံးမှာ သေချာပိုက်လို့
နားစိုက်ကာထား။
ခြိုဥယျာဉ် လယ်ယာများနဲ့
ဆန်စပါးအဖြာဖြာ၊
များတဲ့ဥစ္စာ။
သူများမှာ ပေးပါလိမ့်မရှား၊

စိန်ကျောက် အထွေထွေနဲ့

မြတ်ရွှေငွေ တိုက်တာအလုံးမှာ

သုံးဘို့တဲ့လား။

ဖေဖေ့မှာ စစ်သားမို့

မြောက်မြားဥစ္စာတွေ၊

ရှိနိုင်ဘုလေ။

သို့တစေ

ပေးဝေဘို့သင့်ဘဲ၊

ဖေ့အမွေ ပျောက်မတိမ်းအောင်

သိမ်းရစ်အမြဲ။

မင့်ဖေဖေ ရည်တတ်တဲ့

စိတ်ဓာတ်ကွဲ့ အာဇာနည်၊

မျိုးချစ်ပုံမှီ။

ဗမာပီ မထိတဲ့လက်ရုံး၊

မြင့်မြတ်ပုံ ဇမ္ဗူတလွှားမှာ

ရှားတဲ့နလုံး။

နိုင်မခံ တော်လှန်တတ်တဲ့

သတ္တိနဲ့ ဖွဲ့ကိုမောင်၊

ကြိုးစားလို့ဆောင်။

တိုင်းမြန်ဘောင်၊

လွတ်အောင်ကွယ့်တအား။

မင့်ဖေလို သွေးမရွံ့ကာ

စွန့်တော့ငါ့သား။

မှာချင်တာ မှာခဲ့ရလို့

စိတ်ချပေါ့ သားသက်ဝေ၊

သွားတော့မယ်လေ။

မွေးဖေဖေ

သွေးမြေကျပါပေါ့။

အာဇာနည် ဗိမာန်နန်းဆီသို့

ခါခါရည် စိတ်ကြံမှန်းကာ

လွမ်းရစ်ပါတော့။ ။

.................................................

**ကျွတ်တော့မည်**

နီကျင့်ပြာရင့်၊ ဝါရွှေဆင့်လျက်

နိမ့်မြင့်စီတန်း၊ ရောင်စုံဆန်းသည်

မီးပန်းဝေဝေ လွှတ်တော့သည်။

မြရေကြည်ဖြာ၊ ကန်တော်သာ၌
ပန်းကြာဝတ်မှုန်၊ သင်းပျံ့ထုံသည်
ဖူးငုံဝတ်ရည် ညွတ်တော့သည်။
ခေါင်းဆောင်ညွှန်ပြ၊ ဤလမ်းမ၌
တက်ကြွစိတ်ရင်း၊ ညီညွတ်ခြင်းဖြင့်
အပြင်းချီသွား၊ ငါတို့အားလည်း
စောင့်စားမျှော်ငေး၊ လွတ်လပ်ရေးသည်
မဝေးတော့ပြီ ကျွတ်တော့မည်။

.............................................

**အမျိုးသားနေ့မှ တော်လှန်ရေးသို့**

သိလော့မြန်မာ၊ တိုင်းရင်းချာတို့
တို့ရွာတို့စိုး၊ တို့လူမျိုးကား
နှိမ်ချိုးမခံ၊ မြဲတော်လှန်၏။
ယမန်ခါက၊ ဤကာလ၌
နှိမ့်ချမာန်ရစ်၊ ကျွန်စနစ်ကြောင့်
နွမ်းညစ်ရောင်ဝါ၊ ကျွန်ပညာကို
ကောင်းစွာလက်နက်၊ သပိတ်စက်ဖြင့်
ထက်မြက်ရှင်ပျ၊ ပြင်ဆင်ကြသည်
အစတော်လှန်ရေးပါတကား။

သိလော့မြန်မာ၊ တိုင်းရင်းချာတို့
တို့ရွာတို့စိုး၊ တို့လူမျိုးကား
နှိမ်ချိုးမခံ၊ မြဲတော်လှန်၏။
တဖန်ထိုမှ၊ စိတ်မာန်ကြွ၍
နှိမ်ချကာနင်း၊ တရားကင်းသည့်
မှုခင်းတိုင်းကို၊ ဝိုင်းဝန်းဖြိုခဲ့
ကြည်ညိုကြိတ်ခဲ၊ တို့အသဲ၌
စွဲမြဲ ခ,ညောင်း၊ မပျက်ကောင်းသည်
ကိန်းအောင်းတော်လှန်စိတ်ပါတကား။

သိလော့ကမ္ဘာ၊ တိုင်းဖြာဖြာကို
တို့ရွာတို့စိုး၊ တို့လူမျိုးကား
နှိမ်ချိုးမခံ၊ မြဲတော်လှန်၏။
ဖွဲ့မာန်ကြွကြွ၊ အင်အားပြခဲ့
လွတ်ရမည်ခဲ၊ လွတ်မည်စွဲ၍
တိုက်ပွဲမျိုးမျိုး၊ ဖုံဖုံကြိုး၏
တို့မျိုးသာစံ၊ တို့နိုင်ငံ၌
တို့ဆန်စပါး၊ တို့သာစားဟု

မခြားနေညာ၊ ဆောင်ရွက်ကြ၍
လွတ်ရတိုင်းခွင်၊ မကြာခင်တည့်
အင်အားမချို့၊ တွဲမညို့သည်
ငါတို့တော်လှန်မျိုးပါတကား။ ။

...............................................

**သူပုန်ချစ်စိတ် လရောင်ရိပ်ဝယ်**

လခြမ်းဖွေးဖွေး၊ တံစဉ်ကွေးလည်း
မှေးမှေးသွင်သွင်၊ ရေးရေးထင်သော်
ယခင်ရှေးခါ၊ သူနှင့်ငါတို့
စန္ဒာ့ရိပ်ဆွယ်၊ ချစ်တုံ့လှယ်သည်
ရည်ရွယ်သစ္စာ.... ပန်တော့သည်။
ပန်ပင်ပန်လည်း၊ ချစ်မငြီးအား
စွန့်ပြီးတထွေ၊ သည်စစ်မြေသို့
မသွေမှုထမ်း၊ ချီတက်လှမ်းသည်
လွတ်လမ်းကြောင့်သာ..... မှန်တော့သည်။
မှန်ပင်မှန်လည်း၊ လွတ်ခရီးကား
မနီးမလွယ်၊ ရန်သွယ်သွယ်ကြောင့်
တို့ဝယ်မနေး၊ ဇာနည်သွေးဖြင့်

သက်ပေး၍သာ..... ဖန်တော့သည်။
ဖန်ပင်ဖန်လည်း၊ တခုတည်းဟု
ဆုကြီးသဘွယ်၊ သွေးနှင့်လှယ်သည့်
တို့ဝယ်မြော်မှန်း၊ လွတ်လပ်ပန်းကား
မလန်းရောင်မှိန်၊ ရွှေရည်စိမ်မို့
လှူလိမ် ငပု၊ သူ-ရန်စုကို
အံတု၍သာ... လှန်တော့သည်။
လှန်ပင်လှန်လည်း၊ တို့မြေကြီးကား
ဝဋ်မီးကြမ္မာ၊ မကုန်ရှာခဲ့
ဇာတာချွတ်ယွင်း၊ နယ်ချဲ့မင်း၏
ထန်ပြင်းနိပ်ကြောက်၊ ဖိနှိပ်အောက်၌
ပြားမှောက်ဝပ်ဆင်း၊ မလွတ်ကင်းသည်
ဒုံရင်းကိုသာ.... ပြန်တော့သည်။
ပြန်ပင်ပြန်လည်း၊ အချည်းနှီးဟု
မြို့ကြီးမခို၊ တောရပ်လှို၍
ထိုထိုတစု၊ သင်းဗိုလ်ထုဖြင့်
လွတ်ဆုကိုသာ၊ ကြိုးပမ်းရာမည်
သည်မှာငါ့စိတ်......... သန်တော့သည်။

သန်ပင်သန်လည်း၊ ငါ့ခရီးကား
ခက်ကြီးရင်ဆိုင်၊ တွန်းမနိုင်ခဲ့
မြဲခိုင်စိတ်ထား၊ ဖွဲ့အင်အားနှင့်
တိုက်ကြားရန်မှုံ၊ ငါတို့'ဂုဏ်'ကို
သူပုန်ဓားပြ၊ ထပ်တူဆ,၍
တိုင်းမ,ပြည်စိုး၊ သူနိမ်ချိုးသည်
ရန်မျိုးထွေကာ........လှုံတော့သည်။
လှုံပင်လှုံလည်း၊ မှုမကြီးခဲ့
ရန်မီးရန်စွယ်၊ တွန်းလှန်ပယ်၍
ရည်ရွယ်ရင်းမှူ၊ သည်လွတ်ဆုကို
လွယ်နကြမ်းခက်၊ လမ်းနှစ်ဖက်နှင့်
နေ့ရက်မကြာ၊ ဆွတ်မည်သာဟု
ထပ်ကာဇောကြွေ့၊ သည်တောကွေ့၏
တဲရှေ့သာသာ၊ မြေဝါဝါတွင်
ထိုင်ကာမြော်ငေး၊ ဖန်ဖန်တွေးသည်
လွတ်ရေးစိတ်သာ......ထန်တော့သည်။
လခြမ်းရေးရေး၊ တံစဉ်ကွေးလည်း
အသွေးကြည်ကြည်၊ မိုးယံဆီမှ
ငွေရည်ဆင်းကြွ၊ ဝင်းဝင်းပလျက်
ရွှယ်လှပျိုမျစ်၊ ငါ့အချစ်ကား
ရက်နှစ်,လ,ကြာ၊ ငါနှင့်ကွာ၍
ခန်းသာရိပ်လလယ်၊ ဆွေးစိတ်ကြွယ်လိမ့်
သို့နှယ်မလွမ်း၊ သို့မတမ်းဘဲ
စိတ်ဝမ်းမာန်ခု၊ "သူပုန်"သူ့ကို
ဘယ်မှုကြောင့်တမ်း၊ တို့မလွမ်းဟု
ချစ်ခန်းကိုရပ်၊ ချစ်စိတ်ဖြတ်က
ဘယ်တတ်နိုင်ပါ၊ နယ်ကျွန်ငါသည်
သည်မှာဆွေးရစ်......ကျန်တော့မည်။ ။

.............................................

**နောက်ဆုံးတိုက်ပွဲ**

နေရောင်ဖြန့်ကျင်း၊ နံနက်ခင်းလည်း
ထွန်းလင်းရောင်ဝေ၊ ကျက်သရေတည့်
ခွန်းချွေပြုဟှာ၊ တီတာတာဖြင့်
သာရကာငှက်၊ ခွန်းချိုဆက်သည်
လွတ်ရက်ဤချိန်- တိုင်မှကို။
နေ့ညမကွက်၊ အဆက်ဆက်တည့်

မပျက်မယွင်း၊ လွတ်လိုခြင်းကြောင့်
ထန်ပြင်းလုံ့လ၊ ဝီရိယဖြင့်
ထကြွလှုပ်ရှား၊ ဗမာ့သားလည်း
စိတ်ထားပျိုနု၊ ကြည်ရွှင်ပြုသည်
လွတ်ဆုလက်ဝယ်- ပိုင်မှကို။
တိုက်ပွဲခိုက်ပွဲ၊ ဖုံဖုံနွှဲ၍
ကြိတ်ခဲဖန်ဖန်၊ လွတ်မြောက်ရန်ဟု
အားသွန်ကာကြိုး၊ သည်ဆောင်ပိုးခဲ့
အမျိုးဇာနည်၊ ရဲစစ်သည်ကား
ရွှင်ကြည်နလုံး၊ ချိုချိုပြုံးသည်
နောက်ဆုံးတိုက်ပွဲ- နိုင်မှကို။ ။

...............................................

**အသစ်**

နှစ်ဟောင်းကြူး၍
တန်ခူးတဖန်- သစ်ခဲ့ပြီ။
ရော်ရွက်ကင်း၍
ပင်မင်းမြရည်- သစ်ခဲ့ပြီ။
နှစ်သစ်ကူးသော်
ရွှင်မြူးသာယာ၊ "ညီညွတ်စွာဖြင့်
ဗမာလွတ်လမ်း၊ အားကုန်ပမ်းမည်"
စိတ်ဝမ်းသည်လို- သစ်၏လော။ ။

...............................................

**နှစ်သစ်မင်္ဂလာ**

ပင်အပေါင်းလည်း
ရွက်ညောင်းချွေလှစ်၊ ညွှာနုသစ်နှင့်။
ဥသြပျိုလည်း
တေးချိုခွန်းလှစ်၊ လင်္ကာသစ်နှင့်။
အချိန်မှာလည်း
အတာကူးလစ်၊ အခါသစ်တည့်။
ပြည်သစ်စိတ်သစ်၊ ဗမာသစ်တို့
အသစ်သည်ချိန်၊ သစ်အရှိန်နှင့်
တည်ငြိမ်ဖို့တွေး၊ လွတ်လပ်ရေးကို
ကူပေးထကြွ၊ ဝိုင်းဝန်းကြမှ
ပြည်မအောင်ချာ၊ မင်္ဂလာနှင့်
ဖြာဖြာငြိမ့်ရွှန်း၊ သရေထွန်း၍
မော်ကွန်းတည်လိမ့်မည်တကား။ ။

**ဇူလိုင်လ ၁၉ ရက်ညအိပ်မက်**

တဒိုင်းဒိုင်းနှင့်
မဆိုင်းမရပ်၊ အထပ်ထပ်တည့်
သေနတ်ပစ်သံ၊ ဆူဆူညံလျက်။
တမှိုင်းမှိုင်းနှင့်
ရစ်သိုင်းမှုန်မှေး၊ တဝေ့ဝေ့တည့်
ယမ်းငွေ့မီးခိုး၊ သူကြီးစိုးလျက်။
လှမ်းမျှော်ကြည့်သော်၊
သွေးတိနီလွင်၊ အောက်ကြမ်းပြင်ဝယ်
ဟိုတွင်တယောက်၊ သည်တယောက်နှင့်
လျားမှောက်ပက်လက်၊ ငြိမ်သက်လျက်။
အလိုဘုရား
နှုတ်ဖျားသံထွက်၊ ရုတ်တရက်တည့်
မျက်စိလှည့်စား၊ လေသလားဟု
ထင်မှားစိတ်ရှိ၊ မပြောဝံ့သည်
သက်စွန့်ဇာနည်၊ ခေါင်းဆောင်များ။
"အို ဘုရားနှင့်၊ နတ်များကယ်ပါ"
ဆိုကာမြည်တမ်း၊ မောဟိုက်ပန်းနှင့်
စိတ်နွမ်းလိုက်ဖို့၊ မျက်ရည်ယိုက
အလိုစိတ်ထင့်၊ မျက်လုံးဖွင့်မိ
မှန်းချင့်မျှော်ကာ၊ ကြည့်လိုက်ပါသော်
တိမ်လွှာနောက်တွင်၊ လစန်းရှင်သည်
မရွှင်လိုက်ဖို မဲညိုလျက်။ ။

.................................................

**သားကောင်းဇာနည်**

ယဖ်နန်းပလ္လင်၊ ခင်တွယ်မနေး
အသက်သွေးဖြင့်၊ လွတ်ရေးပူဇော်
ပြည်တော်နိုင်ငံ၊ ပိုင်ရန်အဟုတ်
တကယ်လုပ်သည့်၊ "ဗိုလ်ချုပ်"အကျော်
ကြံဖော်စည်ဖက်၊ ပြည်အတွက်ဟု
ဆောင်ရွက်ကျေပွန်၊ သည်ဝန်မျက်ရှဲ
ပြည့်အသဲတို့၊ ဝံ့ရဲပျော်ပျော်
မလျော်ညဏ်စွက်၊ အကြံပက်သည့်
လက်ချက်ဒဏ်ရာ၊ ခံရှာမနေး
သည်လွတ်ရေးတွက်၊ သက်ပေးခန္ဓာ
လူ့ရွာဇာတ်သိမ်း၊ ရှောင်ခွာတိမ်းလို့

ချုပ်ငြိမ်းသေရွာ၊ မြန်းရရှာတဲ့-မှ
မြန်းရှာတယ်လေး.......။ ။

..............................................

**လွတ်ရက်-ခုတိုင်**

လွတ်ရေးကို အပိုင်ခဲလို့
တိုက်ပွဲတဲ့ ဘာမထီ
နွှဲ့ခဲ့လီလီ။
လွတ်ရောင်ခြည်
ကြည်ကြည်ခဲ့ပြန်တော့။
ဗိုလ်ချုပ်ကယ် သူမရှိလို့
ဆွေးမိပြန်ပေါ့။
လွတ်ရမည်တဲ့ လွတ်ရမည်။
ဒီလမ်းကို ဒီလိုလိုက်
မိုက်ကြနဲ့တည်။
သွေးမြေကျ အာဇာနည်
မြော်ရည်လို့ ဆောင်ပြ။
တိုင်းချစ်မောင် လူတသင်းရယ်
နင်းလိုက်ပါကြ။
နင်းခဲ့ပြီတဲ့ နင်းခဲ့ပြီ။
လွတ်ရေးဆို ဒီစခန်း
လမ်းဖြောင့်ဖြောင့်ညီ။
ချခဲ့တဲ့ သွေးနီနီ
ချီပါတော့ ဤလမ်း။
လမ်းခွဲကို မောင်မလိုက်နဲ့
တိုက်ရိုက်သာ လှမ်း။
လွတ်ရက်တဲ့ ခုတိုင်။
ဝင့်ဆိုး ကျွန်သံသာက
တို့ဗမာ သေချာကျွတ်တယ်
လွတ်ဆုတဲ့ပိုင်။
လွတ်ပန်းခိုင်
ဆွတ်နိုင်ခဲ့ပါပေါ့။
အာဇာနည် ဗိမာန်နန်းဆီက
စိတ်ဘဝင် ကြည်ရွှင်လန်းလို့ရယ်
(ဗိုလ်ချုပ်ရေ) ဝမ်းမြောက်ပါတော့။ ။

..............................................

**အောင်သဘင်**

လွတ်ပြီဟေ့ ကျွတ်ပြီ။

ကျွတ်ပြီဟေ့ လွတ်ပြီ။

သူ့ကျွန်ဆို မှောင်မိုက်တွင်းက

လင်းခဲ့ပေါ့တည်။

ရှေ့ဆီမှာ အရုဏ်ကျင်းလို့

လင်းခဲ့တဲ့ ဥနေခြည်မှာ

အောင်စည်နဲ့ အောင်မောင်း။

အောင်နန်းပလ္လင်

အောင်ပန်းတွေ ကိုယ်စီဆင်လို့

"အောင်သဘင် အောင်မြင်ပွဲ"ကို

နွှဲကြလူပေါင်း။ ။

.............................................

**မင်္ဂလာ**

ကျွန်သက်ကျွန်ငွေ့၊ အကုန်ရွေ့သည့်

ဤနေ့ဤချိန်၊ ပျော်မှုကြိမ်သည်

တည်ငြိမ်သြဘာ၊ မင်္ဂလာတည့်။

လွတ်ရက်လွတ်နေ့၊ ပီတိမွေ့လျက်

ချမ်းမြေ့ရွှင်လန်း၊ ဤစာတမ်းကား

နှုတ်ခွန်းချိုသာ၊ မင်္ဂလာတည့်။

သာယာစေကြောင်း၊ မာစေကြောင်းဖြင့်

ဆုတောင်းမြွက်ဟ၊ ပန်ခြွေသ,သည်

ချမ်းမြမေတ္တာ၊ မင်္ဂလာတည့်။ ။

.............................................

**လွတ်လပ်ချိန်**

ဗမာ့အောင်လံ၊ ဝေဟင်ယံဝယ်

လေပြန်ပင့်သော်၊ တမော်မော်နှင့်။

နိမ့်မြင့်ခုန်ပျံ၊ ခရာသံလည်း

ရဲမာန်ကြွေးဖော်၊ တကြော်ကြော်နှင့်။

လွတ်ရေးကိုဆောင်၊ တိုင်းချစ်မောင်လည်း

လွတ်ရောင်ဝင်းသော်၊ တပျော်ပျော်နှင့်။

ကြွားဝင့်မော်မော်၊ အောင်လံတော်နှင့်

ကြွေးကြော်ဆင့်ဆင့်၊ ခရာတင့်၍

လွတ်ခွင့်ကြိမ်သော်၊ ကြည်ရွှင်ပျော်သည့်

ရဲဘော်ချစ်ဆွေ၊ သူတို့တွေသို့

ခွန်းချွေသာယာ၊ ဤကဗျာကို

သီကာဖွဲ့နွန်း၊ စီချယ်ကုံးသည့်
ချိုပြုံးကြည်လင်၊ ငွါဘဝင်လည်း
ပျော်ရွှင်ကြွားဝင့်ပြီတကား။ ။

.............................................

**အောင်စိတ်**

အောင်စခန်း
အောင်ပန်းရယ်နဲ့ လှမ်းချင်သူ။
အောင်ပါစေ ဆုမွန်ကောင်းကို
တောင်းရကြည်ဖြူ။
အောင်ချင်သူ
အောင်မှုနဲ့ အမြဲ။
အောင်လံတွေ လူလူဝင့်ကာ
ဆင့်တဲ့အောင်ပွဲ။ ။

.............................................

**မြတ်အောင်လံ**

သုံးရောင်ချယ် အလယ်ဒေါင်းနဲ့
ခေတ်ဟောင်းက အလံတော်
ကြွားခဲ့မော်မော်။
လွတ်တယ်လို့နော်
ပျော်ရှာခဲ့မိသေး။
လွတ်ရေးငယ် ဘယ်မစစ်လို့
ဆိုးညစ်တယ်လေး။
သွေးနီရောင် ကြယ်တပွင့်နဲ့
ဖြိုလွှင့်ခဲ့ ဘေးရန်မာန်
တိုက်ခိုက်လို့ကြုံ။
လွတ်ကြောင်းကိုဖန်
တော်လှန်ခဲ့သော်လဲ။
လွတ်ရေးရယ် ခြေမလှလို့
ဆွေးရတဲ့ပွဲ။
ပြာရင့်မှာ နီဆင့်လို့
ကြယ်မင်းမြတ် ကြယ်ရွှေရံ
ဝန်းခြွေလို့စံ။
မြတ်အောင်လံ
ဝဲပျံခဲ့လေတော့။
တိုင်းမြန်မာ
ဇာတာထလို့ရယ်

လွတ်ရပြီပေါ့။

..............................................

**လွတ်ရေးအပိုင်စံဘို့**

လွတ်မြောက်ခဲ့ပြီ။
ကျွန်တွင်း ကျွန်နောင်တွေက
တို့တတွေ အားသွန်ကြိုးတာမို့
ထိုးဖေါက်နိုင်သည်။
နောင်တာရှည်.....
ခိုင်တည်နိုင်ဘို့။
လွတ်ရေးအပိုင်စံလို့
ဝင့်ကြွေး နိုင်မခံဘို့
ညီညွှတ်ရန် အားအံခဲလို့ရယ်
(ဗမာတို့ရေ) ကြဲကြပါစို့။ ။

..............................................

**ဤယနေ့ဝယ်**

ဤယနေ့ဝယ်
မွေးမေ့မြန်မာ၊ ဝမ်းပန်းသာလျက်
ညီညာဖျဖျ၊ သားလူလုတို့
ပြကြစစ်ရေး၊ ဇာတိသွေးနှင့်
ပြည့်သေးရန်မူန်၊ တိုက်ဖျက်ပုံကို
အာရုံဝင်စား၊ သူရှုပြား၏။
ဤယနေ့ဝယ်
မွေးမေ့မြန်မာ၊ သားသည်းချာတို့
ညီညာဖျဖျ၊ စစ်ရေးပြ၍
အားရရွှင်ကြည်၊ ပြီးကြသည်သော်
နေခြည်ဝါဝင်း၊ နံနက်ခင်း၌
ချစ်ရင်းသခင်၊ မွေးမိရှင်လျှင်
ပန်ဆင်ပေးသ၊ သပြေမြကို
အားရနစ်ခြိုက်၊ ထိပ်ဝယ်စိုက်လျက်
လိုက်လိုက်ဝမ်းသာ၊ အောင်ဩဘာနှင့်
အောင်ရာရည်ညွှန်း၊ အောင်ရေသွန်းသည်
အောင်ပန်း-အောင်ဆု ဆင်ကြတကား။ ။

..............................................

**အောင်လံတော်**

လေပြန်ပင့်သော်
မိုးမြင့်ယံလယ်၊ စံပယ်ပယ်တည့်။

ဝေယံမြင့်ဝယ်

ဖြိုးတင့်ဟန်ကြွယ်၊ မာန်ထယ်ထယ်တည့်။

တော်လှန်မဆုံး၊ ကြယ်တလုံးဖြင့်

ချေမှုန်းရန်သူ၊ အောင်ပွဲယူခဲ့။

ကြည်ဖြူရွှင်လန်း၊ ကြယ်စုံဝန်း၍

ရည်ညွှန်းခဲ့မှု၊ သည်လွတ်ဆုကို

ယခုလက်တွင်၊ ပိုင်ခဲ့လျှင်သော်

မြေပြင်တလွှား၊ စိတ်မပြားသည့်

တို့သား တို့မြေး၊ တိုင်းရင်းသွေးတို့

စုဝေးညီညာ၊ အောင်ပွဲစည်ခဲ့။

တို့ပြည်တို့ရွာ၊ တို့မြေချာတည့်

သာယာမခြား၊ တို့သွေးသားတည့်

စပါးဆန်ရေ၊ ရွှေသံငွေနှင့်

သစ်မြေတပါး၊ ရေနံများလည်း

တို့အားသာဆိုင်၊ တို့သာပိုင်၏။

တို့နိုင်ငံရိုး၊ တို့သာစိုး၍

တို့မျိုးသာဖန်၊ တို့သာစံသော်

နီခံပြာရင့်၊ ကြယ်စုံပွင့်သည့်

တိုင်းရင့်အောင်လံ၊ ဝေဟင်ယံဝယ်

မြူးစံကြွားဝင့်၊ ရှုတိုင်းတင့်သည်

လွင့်လွင့်လူလူပါတကား။ ။

..............................................

**ဗမာ့တပ်မတော်**

ချီတဲ့လေ ချီလေ။

ညီစေကွဲ့ ညီစေ။

တပ်သားတွေ ညီညွတ်လို့

ပြည်လွတ်ကာ ဂုဏ်ရောင်ဝင်း

လင်းခဲ့ရပေ။

မေ့နိုင်ဘူး တို့တတွေ

ဂုဏ်ထွေတဲ့ နေ့ထူး။

တပ်မတော်နေ့သည်ပွဲကို

နွှဲလိုက်ကြဦး။

တပ်ပေါင်းတဲ့ ချီလာလျှင်။

ပြည်တော်မှာ စည်တော်မြွက်လို့ရယ်

အားတက်ပျော်ရွှင်။

ရဟန်း လူ-သျှင်

ပြည်ခွင်ပ မြို့လုံး။
"တို့သား စာမရီ"တဲ့
ဘာမထီ သက်ကိုပေးပါတဲ့
မွေးဖ လက်ရုံး။
နိုင်ငံနဲ့ ပြည်သူ။
မျိုးမတိမ် ဂုဏ်သိရ်မြဲအောင်တဲ့
ရဲပါပေ့လူ။
အသက်ကိုလှူ
လှူပေမယ့် ရှင်ပြီး။
ဤနေ့ ဤအခါဖြင့်
ဤတေး ဤကဗျာနှင့်
တပ်မဟာ သေနင်ထုကို
လေးပြမဆုံး။ ။
(ဗမာ့တပ်ပေါင်းစုံအား အလေးပြုလျက်)

.............................................

**ဘဝသစ်**

လွတ်ရေးပိုင်၍
တို့နိုင်ငံလည်း သစ်ခဲ့ပြီ။
ကျွန်သက်ကွာ၍
တို့ဗမာလည်း သစ်ခဲ့ပြီ။
သဝသစ်တွင်၊ စိတ်သစ်ဝင်၍
ကြံလျှင်လည်းသစ်၊ ဉာဏ်လည်းသစ်လော့။
ပျို့ချစ်ဆပွား၊ သစ်အင်အားနှင့်
တို့များနိုင်ငံ၊ ထူထောင်ရန်ဟု
ဖွဲ့မာန်ကိုမွေး၊ စိတ်ကိုဆေး၍
ညစ်ကြေးစင်ပ၊ ဖြူစင်စွလျှင်
ဘဝခရီး သစ်စေလော့။ ။

.............................................

**ပါတော်မူဘူးခဲ့ပြီ**

ပါဘူးခဲ့ပြီ
မညီမညွတ်၊ စည်းပြေကျွတ်၍
လက်လွတ်ပြည်လုံး၊ မင်းပါဆုံးခဲ့
နလုံးသည်းဆိုင်၊ ပြုတ်လုယိုင်သည်
ကျွန်နိုင်ငံ ဖြစ်ဘူးပြီကော။
နာခဲ့ဘူးပြီ
သွေဖီတိမ်းပါး၊ ကိုယ့်မျိုးသားကို

အားကိုးမပြု၊ တပါးသူမှ
ကောင်းမှုထင်ရှိး၊ ကောင်းလိမ့်နိုးနှင့်
အားကိုးစရာ၊ တို့လျှင်ရှာသည်
တို့သာ နာခဲ့ ဘူးပြီကော။
သာခဲ့ဘူးပြီ
တပြည်လုံးကျွတ်၊ စည်းလုံးညွှတ်၍
လွတ်လပ်ဖို့ရေး၊ ကြံဆောင်ပေးခဲ့
သက်သွေးနှင့်ဖန်၊ တို့တွန်းလှန်သည်
တိုင်းမြန်သာခဲ့ ဘူးပြီကော။
သို့အမှုကြောင့်
ယခုခါသော်၊ ညီနောင်တော်တို့
မလျော်စိတ်ဆိုး၊ တို့မပျိုးနှင့်
တို့မျိုးတို့ပြည်၊ ဝပြောစည်၍
ချစ်ကြည်အေးမြ၊ ငြိမ်းချမ်းရအောင်
ရှေးကဖြစ်ထွေ၊ ပြန်ရှုပေလော့
ပါလေသည်ခေတ်၊ နာသည်ခေတ်နှင့်
သာခေတ်စုံစွာ၊ ဆန်းစစ်ကာဖြင့်
တိုင်းရွာပြည်မျိုး၊ တို့အကျိုးကို
သည်ပိုးရွက်ဆောင် နိုင်စေသော။ ။

................................................

**ပါတော်မူနေ့အတွက် မေမေ့အမှာ**

ဤယနေ့ဝယ်
မွေးမေ့မြန်ပြည်၊ လည်မျက်ရည်နှင့်
နှုတ်ခြည်စကား၊ ဤသို့ကြား၏။
ငါ့သားမောင်ပု၊ ထောက်ဆရှုလော့
ဝိတု့ဖခင်၊ ကျေးဇူးရှင်သည်
အားအင်မစည်၊ လူမညီ၍
သူ့ပြည်တိုင်းခြား၊ ပါ၍သွား၏။
ပါသည့်နေ့က၊ ယနေ့ကျအောင်
မွေးမာ့မျက်ရည်၊ တလည်တည်နှင့်
မကြည်နိုင်ပြား၊ မရွှင်အားခဲ့။
ငါ့သားဗိုလ်ချုပ်၊ သူကြီးကုပ်၍
နှစ်မြုပ်နေရ၊ ကျွန်ဘဝမှ
မုချအမှန်၊ လွတ်ခဲ့ပြန်၏။
လွတ်သည့်ခါသော်
ညီနောင်တော်တို့၊ ချွတ်ချော်တိမ်းပါး

ဝါဒများ၍ ကွဲပြားကြကာ
အမြွာမြွာမို့၊ မွေးမာမျက်ရည်
ချောက်လှုပြီက၊ ပြန်လည်စီးရ
ဖြိုင်ဖြိုင်ကျခဲ့။
ဤယနေ့မှ
မွေးဖေ့သခင်၊ ကျေးဇူးရှင်ကို
ဆင်ခြင်တွေးဆ၊ သတိရ၍
သားလှုဗိုလ်ချုပ်၊ သူကြိုးကုပ်သည့်
အချုပ်အခြာ၊ လွတ်အာဏာကို
တည်ပါစေလို၊ သစ္စာဆို၍
ညီကိုမကွဲ၊ တစိတ်ထဲလျှင်
အောင်ပွဲလက်လှမ်း၊ အောင်ဆုကမ်း၍
ငြိမ်းချမ်းရေးသို့ ချီပါတော့။ ။
..............................................

**ဆု**

ပိတောက်ဝါနှင့်
ဝေဆာလှုဒါန်း၊ ဆုကိုညွှန်းလျှင်
ရွှင်လန်းကြည်သာ၊ ပြည်မြန်မာ၌
ဝင်းဝါပါစေ၊ ရွှေရောင်တွေတည့်။
စပယ်ဖြူနှင့်
ဆုယူပန်ရည်၊ လှူခဲ့သည်သော်
မြန်ပြည်လူရှင်၊ စိတ်ဖြူစင်၍
ကြည်လင်ပါစေ၊ ဘယာကွေတည့်။
သပြေညိုနှင့်၊
ဘုန်းမိုမြတ်ဖျား၊ ခဝပ်တွားက
အောင်ငြားရန်မှုန်၊ အောင်မှုခြံ၍
အောင်ပုံတင့်စွာ၊ အောင်ဘို့သာတည့်။
မြတ်ရေစင်နှင့်
သခင်ဘုန်းဟော့၊ ဂုဏ်တော်မွေ့ကို
သွန်း၍ကြည်ညို၊ တောင်းဆုဆိုသော်
ရွှင်ချိုကြည်အေး၊ ငြိမ်းချမ်းရေးတည့်။
ခေါင်ပရမကျောင်းမှာလ
ပန်းလောင်းရေဇလာ
သွန်းကာ-ဖြန်းကာ လောင်းတော့သည်။
နောင်အရှည်ကောင်းရန်ဘို့
အောင်ကြောင်းအောင်စေရာ

မှန်းကာ-တမ်းကာ တောင်းတော့သည်။ ။

.............................................

**မမေ့တဲ့နိုင်**

မမေ့နိုင်ပြီ။

တနစ်ပြောင်းသော်လဲ

ဖြစ်ကြောင်းငယ် အထွေထွေတို့

ဖြေမပြေ မြင်ယောင်မှတ်လို့ငယ်

လွမ်းထပ်ပွေလီ။

တို့ခေါင်းဆောင် ဇာနည်များရယ်တို့

ပြည်ကောင်းအောင် သေခံသွားသော်လဲ့

ရန်စွယ်တွေပွါးပါလို့ မသာမကြည်

အော်-ဗမာပြည်မှာဖြင့် မိုက်မှောင်ဖုံး။

မြတ်နန်းဇာနည်

ပြာသာဒ်ကယ် ဆောင်ဘုံဆီက

မူပွေလီ ရန်မာန်သွမ်းပါတဲ့

ခုနေပြည် ဌာန်စခန်းဆီသို့

ရော်ရည်ကာ မြှော်မည်မှန်းလို့ငယ်

(ဗိုလ်ချုပ်ရေ) လှမ်းကြည့်လို့အုံး။ ။

**တနစ်လည်၍**

တနစ်လည်၍

မြန်ပြည်မြန်းဆင့်၊ "လွတ်"ပန်းပွင့်နှင့်

ပန်းမင်းမြခွါ၊ လန်းပွင့်ဖြာခဲ့။

ချိန်သာကုန်ညောင်း၊ တနစ်ပြောင်း၍

လပေါင်းတာရှည်၊ ကြာလေပြီလည်း

ဝေစည်မြနန်း၊ "ငြိမ်းချမ်း"ပန်းသည်

လန်းပွင့် မဖြာသေးတကား။

တနစ်လည်၍

ငွေရည်ပက်ဖျန်း၊ လ,ယုန်စန်းလည်း

ထက်နန်းအာကာ၊ ထွန်းတင့်ဝါခဲ့။

ချိန်သာကုန်ညောင်း၊ တနစ်ပြောင်း၍

လပေါင်းတာရှည်၊ ကြာလေပြီလည်း

ဘော်ရည်လဲ့ရွှန်း၊ "ငြိမ်းအေး"စန်းသည်

ထွန်းတင့်မဝါသေးတကား။

တနစ်လည်၍

လေပြည်ပျံ့မွှေး၊ ချိုချိုအေးငယ်

လွတ်တေးသံဝါ၊ ရွှန်းဆင့်သာခဲ့

ချိန်သာကုန်ညောင်း၊ တနစ်ပြောင်း၍
လပေါင်းတာရှည်၊ ကြာလေပြီလည်း
ချိုကြည်တင့်ဆန်း၊ "ငြိမ်း"တေးခွန်းသည်
ရွှန်းဆင့် မသာသေးတကား။ ။

.............................................

**ငြိမ်းချမ်းသောဘဝသစ်သို့**

ပိုင်လိုချင်၍
သက်ပင်မကွက်၊ သူဆောင်ရွက်၏။
နိုင်လိုချင်၍
ချစ်ကြင်မတွက်၊ သူခွါထွက်၏။
ဖခင်မျက်ချယ်၊ ဗိုလ်ချုပ်ကွယ်သော်
သက်လှယ်သားတို့၊ စိတ်ဝယ်ညို့၍
နှစ်လို့မကြည်၊ မညီမညွှတ်
စည်းပြေကျွတ်၍၊ သတ်ဖြတ်ညှဉ်းဆဲ
ထင်တိုင်းကြဲခဲ့။
တဝဲလည်ကာ၊ ကျွန်သံသာဝယ်
ရှည်ပါစေကြောင်း၊ ရန်သူပေါင်းတို့
နှစ်ထောင်းအားရ၊ ဖြစ်ကုန်ကြအောင်
သားလှသက်ဝေ၊ မပြုလေနှင့်
မွေးမေမြန်မာ၊ စိတ်ချမ်းသာ၍
လွတ်ရာဘဝ၊ တည်နေရအောင်
တက်ကြွစိတ်ရိုင်း၊ ဉာဏ်နှင့်ပိုင်း၍
ချင့်နှိုင်းခပ်သိမ်း၊ မာန်ကိုထိန်းကာ
ငြိမ်းချမ်းရေးသို့ ရှုပါလော့။ ။

.............................................

**နှစ်ကူးပွဲ**

သွေ့ယောင်းရိုးကျင်၊ ခက်လက်ခွင်မှ
လေယဉ်စီးခို၊ စုံမြိုင်ညိုဝယ်
ရွှေလိုတဝက်၊ ညိုတဝက်သည်
ညောင်းရွက်လေချို ခဲ့လေပြီ။
အရွက်နုနု၊ ပုရစ်ဖုတို့
ပြေလုပြေခင်၊ စုံတခွင်ဝယ်
စိုလွင်ညက်ညက်၊ ဖြာဖြာထွက်၍
မြရွက်ဝေစီ ကြလေပြီ။
ကန့်ကော်ရင်ကတ်၊ ပိတောက်မြတ်တို့
ညွတ်ညွတ်ဝေဆာ၊ မြိုင်ဘွေချာဝယ်

ထိန်ဝါဝေမြူး၊ ရွှေရည်လူးသည်
ပွင့်ဖူးငုံအာ ကြလေပြီ။
မြိုင်တကြောဝယ်
ဥသြငှက်ရှင်၊ တေးသံလွင်ကို
ချိုရှင်ငြိမ့်လေး၊ ရင့်ကူကြွေးခဲ့
နကွေးပုရစ်၊ ဖူးစသစ်၍
မြစစ်ဝတ်ရုံ၊ လွှမ်းကာခြုံမှ
က,ခုန်ရော်ရွက်၊ ဝဲပျံလျက်တည့်
ညွန့်ခက်ဝေမောက်၊ ရွှေပိတောက်တို့
လေနှောက်ရာစီ၊ ယိမ်းချက်ညီသော်
ရှင်ကြည်ပိုက်ကဲ၊ နစ်ကူးပွဲသည်
သဲသဲမြိမ့်မြိမ့် ညာပြီတကား။ ။

..............................................

**နှစ်ကူး**

သင်္ကြန်ရောက်၍
မိုးပေါက်စွေသွန်း ရွာလေပြီ။
မိုးရေသောက်၍
မြညှောက်ဝေလန်း ဖြာလေပြီ။
နှစ်အကူးဝယ်
သစ်မြူးရှင်ကြည်၊ ဇမ္ဗော်ရည်ဖြင့်
လေပြည်မွှေနှောက်၊ ကြိုင်နံ့လှောက်သည်
ပိတောက် ရွှေသို့ ဝါပြီတကား။ ။

..............................................

**အတာကူးချိန်**

နှစ်ကူးချိန်မို့၊ မိုန်ညို့ကာသာ
မှိုင်းအုံကာဖုံး၊ မိုးလုံးငယ့်အာကာ
ပဖ္ဂုန်ဒေဝါ၊ ဝေဖြာစီသွန်း
ဖော်မဲ့သူတွေ၊ မြေမပြေ
သေစေရာသီ ညွှန်းသည်သို့လေး။
ဖူးငုံဖြာလန်း၊ မြတ်ပန်းဝေစီ
ထိန်ဝါဝေလှောက်၊ ပိတောက်ရွှေသီကီ
ရင်ကတ်ကယ်စုံညီ၊ ရွှေရည်အသွေး
မြိုင်ရပ်စုံပေါ်၊ ထုံပျံ့သော်
ကန့်ကော်မာလာ မွှေးသည်နှင့်လေး။
ဥသြရင့်ကြွေး၊ ချစ်တေးချိုချို
အတာနှစ်ဆန်း၊ ပင်နန်းကကြိုဆို

ထက်နန်းငယ်တခို၊ တိမ်ညိုလွှန့်လူး
စိတ်ကြွယ်၊ တိမ်မိုးလယ်
စံပယ်ကွန့်ကာ မြူးသည်နှင့်လေး.......။
နှစ်ဟောင်းကုန်ကျူး၊ နှစ်ကူးခါတော်
အတာရေပွဲ၊ သွန်းမြဲအချိန်နော်
မြို့လုံးငယ်နှံ့ကျော်၊ ရွှင်ပျော်မဆုံး
သီချင်းငယ်ညံစီ၊ သံချပ်ညီ
မြူးပြီခြိမ့်တအုံးငယ်နှင့်လေး။
မြို့တခွင်လုံးမှာဖြင့်၊ ရွှင်ပြုံးလို့ကျေညာ၊
ရေဇလာဖြန်းတော့သည်။
စုံမြိုင်ယံကုန်းမှာလ၊ ရွှေမှုန်းလို့ နွေခါ၊
ဝေဆာလျှမ်းတော့သည်။ ။

................................................

**ချစ်ဆု**

ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းရယ်- ကောင်းသည့်
ယောင်းမတို့လေ......။
ခါနွေတန်ခူး၊ ပိတောက်ဖူးတို့၊ မြူးတဲ့ချိန်ကို၊
မလိမ်လှည့်ဖြား၊ လာမည်များနှင့် မှာထားဆို၊
လှပျိုမျှော်ကာ မှန်းရတယ်။
လွမ်းဘွယ်အဖြစ်၊ ရှေးယခင် ယခင်နှစ်က၊
အချစ်စံရာ၊ နေရင်းရွာသို့၊ မောင်သာပျော်ပျော်၊
ဖေါ်မိတ်သဟာ၊ မကွာတူညီ၊ ပျော်ပွဲစည်၊
ဆုရည်ပန်ကြား၊ စေတီဖျား၌၊ ပျော်ပါးကြစဉ်၊
ရေသဘင်ဝယ်၊ ချိုရွှင်ကြည်မွေ့၊ သဘောတွေ့လို့၊
"ချောမေ့သူဇာ၊ သက်လျာပျိုမျစ်၊
သည်မောင်စွဲတဲ့ ပုလဲညွှာ၊ ကညာချစ်"တဲ့၊
ဖွင့်လှစ်ကယ်သံချို၊ မယ်နားဝင်အောင်၊
ချစ်မေတ္တာကို သစ္စာညှပ်လို့၊ ထပ်ထပ်ကယ်ဆို၊
"မောင့်ကိုသနား ခင်နှမက ကြင်မလား"တဲ့၊
စကားချိုနဲ့၊ ကြည်ညိုစရာ၊ ညာခဲ့ရှာတဲ့၊
သက်လျာသခင်၊ ပျိုလေးချစ်တဲ့ ညိုနွဲ့ယဉ်၊
ခုပင်ရောက်ခဲ့ပါစေသား။ ။

................................................

**ရောင်ဝေရွှန်း၍**

ရောင်ဝေရွှန်း၍
ရွက်ဝန်းစိုရှိမ်း၊ မြရည်လိမ်းသည်

ညောင်စိမ်းဗုဒ္ဓဟော၊ ရွှန်းရောင်ဝေတည့်။
ညောင်ရေသွန်း၍
ပင်နန်းခြေရင်း၊ အေးဓာတ်သွင်းသည်
ညင်းညင်းပြေပြေ၊ သွန်းညောင်ရေတည့်။
အောင်ဇေယျသွန်း၍
ပျံ့မွှေးနှုတ်ဆု၊ "နိဗ္ဗူ"ပြုသည်
ကောင်းမှုမသွေ၊ ညွှန်းအောင်စေတည့်။ ။

..............................................

**သွန်းတည့်ညောင်ရေ**

မသဲဘဲလျှင်
ဖွဲ့ဖွဲ့နှင့်သာတန်တော့သည်။
မရွဲဘဲလျှင်
ကျဲကျဲနှင့်သာပြန်တော့သည်။
သို့လျှင်ရွှေမိုး၊ ဘယ်မာန်ကိုး၍
ဘယ်ငြိုးချေဘိ၊ တပ်မသိတော့။
နေလည်းပူဆာ၊ ထိုင်မသာနှင့်
ရှိန်ဝါထန်ပြင်း၊ ရှင်နေမင်းကြောင့်
စိတ်တွင်းမရွှင်၊ မကြည်လင်ခဲ့။
သစ်ပင်ပန်းမန်၊ နုံးရိပ်ဟန်ဖြင့်
အားအန်ခွေပြော့၊ ကြွေတော့မလို
ဖျော့ပါပိုခဲ့။
အော်-ရေအကျိုးလျှင်၊ ဆယ်မျိုးသောဆု
ပြည့်၏ဟုတည့်၊ ဖတ်ရှုမှတ်သား
ကြားဘူးထားသော်
ဘုရားပွင့်သည့်
ပလ္လင့်ချက်ဖွေ၊ ဗုဒ္ဓဟောကို
အေးစေဘို့ကြောင်း၊ သွန်းရေလောင်းက
တောင်းဆုမကြာ၊ ပြည့်မည်သာတည့်။
ဤသို့စိတ်မှန်း၊ ရေစင်ဖျန်း၍
အေးချမ်းသမှု၊ အကြောင်းပြုသော်
တောင်းဆုမသွေ၊ တို့တိုင်းပြေဝယ်
ရွှန်းဝေချမ်းမြ အေးလိမ့်တကား။ ။

..............................................

**လွမ်းသူ့ကဆုန်**

တသုန်တမှုန် ရဂုံနန်းဝ
ကဆုန်ဆန်းစ ရတုခါ၊

မစုံတမ်းတ, ပူမှုဖြာအောင်

သူပြုကာသာ တမင်ညှဉ်း။

မြိုင်ယံ့လှိုင်နံ့ ချိုင်ဝံ့စရာငယ်

ကြိုင်ပျံ့စကဝါ ပင်ထက်လျှံလို့ဝင်း။

အရပ်ဂံဘုန်းမြတ် ဂူတော်ရှင်မှာ

ပူဇော်သဘင် ခြိမ့်ညံခင်း၊

မစိုမပို တကိုယ်ချင်းမို့

မချိုစိတ်တွင်း ရှင်မပျော်။

သဥ္ဇာကြင်ရာ မြင်လာဘူးမို့

ဘွင်မှာမမြူး ကိုယ်ထူးကြုံရနော်။

လွမ်းရစ် ရမ်းဆစ် ကျွမ်းချစ်ဖေါ်မှာ

တမ်းလှစ်ခေါ်ကာ ကဗျာလေးနဲ့

သာယာဘို့ရေး ပျိုတွေးရှုကာဆွယ်၊

ဆိုတေးညှာကာကွယ်။

သို့လဲပျို့လဲ ညို့မဲငယ်ငယ်

ဖို့မြဲဖိုတယ် ပြေပျောက်နိုင်ဘုလေး။ ။

..............................................

**မဲဇာတောင်ခြေမှအလွမ်း**

ရဂုံဘွေခွင်

စုံခြေမြိုင်နန်း၊ တောစခန်းမှ

စိတ်ပန်းနွမ်းလျ၊ သုန္ဒရ,လျှင်

မှန်းဆ,ရော်ရည်၊ နန်း,ရွှေပြည်ကို

စိတ်လည်၍သာ၊ ဆွေးငွေ့ဖြာသည်

မဲဇာတောင်က လွမ်းဖိုတ။

မှူန်တဝေလျှင်

မြစ်ရေစိမ်းပြာ၊ လှိုင်းပုတ်လာက

ဘယ်ညာနစ်ဖက်၊ ကမ်းပါးထက်၌

ညိုညက်ညှို့န၊ သဲမှုန့်စုတို့

ဖွေးလုဝါဝါ၊ ပျံ့ပျူးလာသည်

သဲသာသောင်စ ကမ်းညိုလွ။

ကဆုန်နွေတွင်

ဆင်းရွှေရောင်လျှပ်၊ ပုထိုးမြတ်၌

မွေးသပ်ပန်းပေါင်း၊ ရေတကောင်းနှင့်

ဆုတောင်းဆုယူ၊ များဗိုလ်လူလျှင်

ကြည်ဖြူသွန်းခါ၊ ကောင်းမှုရှာသည်

ပွဲခါညောင်ပ ရွှမ်းစိုမြ။ ။

...............................................

**ဝါကျွတ်ချိန်**

ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းရယ်ကောင်းသည့် ယောင်းမတို့လေ-

ဘုံထွဋ်ကြငှန်း၊ ရွှေနန်းမြို့ရိုး၊ ပြာသာဒ်ကယ်စိုးပါသည့်၊

မြတ်မျိုးရာဇာ၊ ဒြပ်ဖြိုးလို့ အုပ်စိုးစံရာ၊ မြို့ပဒေသာကို၊

မယ့်မှာရောက်ဘူးပါငဲ့ရှင့်။

နန်းရင်ပြင်မကာ၊ မြို့အစနှင့် မြို့ပတာသွယ်၊

ခုနယ်ခါတွင်း၊ ဝါချိန်ကင်းသည့် သီတင်းကျွတ်ကို၊

ညွတ်ညွတ်ကယ်ဝေဆာ၊ နီပြာဝါစို၊ စိမ်းညိုဖြူရွှန်း၊

မီးပုံးသွယ်သွယ်၊ ရောင်ခြယ်ထွန်းလို့၊ လ,ဝန်းငယ်စန္ဒာ၊

လင်းခွင့်မသာ၊ မိုန်ရှာပြန်ရ၊ တောဟန်တင့်ထူး၊

တို့ရွာဦးနှင့်၊ တူဘူးငဲ့ရှင်။

အပျိုဖြူမယ်သာကျွမ်းပါတဲ့-လွမ်းတုံ့တင်လေး.........။

ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းရယ်၊ ကောင်းသည့် ယောင်းမတို့လေ-

ဌာနီဝေသည်၊ မြို့ကြီးဆီမှာ၊ ခုချိန်ခါကို၊

မီးပွဲတော်နှင့်- နွဲ့ပျော်ဆင့်။

ပုံမောင်းညံ့ညံ့၊ တေးဆိုသံနှင့် က,ဟန်ထင့်။

ဝတ်စားကြွရွှ၊ ရောင်စုံပလို့ လှကြရှင့်။

စေတီနန်းမှာ၊ မီးပန်းရောင်စုံဝေလို့မြင့်။

တို့တောရွာဆို၊ ခုခါလိုမူ၊ မြူခြေငယ်မှရှင်းရှင်း၊

ငွေလမင်းက၊ လင်းလှပါ့ရှင့်။

ရွာရှေ့ပြင်က၊ မြသွင်စိုစို၊ ကြည်လင်အေးသည့်

ကန်ရေညိုတွင်၊ စိုစိုငယ်မှ-ဖြူဖွေး၊ ကြာပွင့်လေးတို့က

မွှေးပါပေ့ရှင့်။

အလိုအပျိုစင်၊ မြဲပင်နေသည်၊ ကြာတွေပေါပါတဲ့

ကျေးတောရွာလေး။

ကြာမျိုးငယ်ဖြာဖြာ၊ ပဒုမ္မာနှင့်၊ ဆီမီးရယ်မှဝင်းဝင်း

ရောင်ခြည်လင်းလို့၊ လမင်းငယ်မှဝါဝါ၊ ယုန်စန္ဒာအောက်၊

နစ်ဖြာငယ်မှ ရွှင်မြူး၊ အချစ်ဦးတို့၊ ကြည်နူးရိုညွတ်၊

သံပြိုင်လွှတ်လို့၊ တွတ်တွတ်နှုတ်ချို၊ တောင်းဆိုသံသာ၊

သံသရာဝယ်၊ လည်ပါသရွေ့၊ တွေ့ကြနစ်ကိုယ်၊

ဆုံပါလိုကြောင်း၊ လက်ဆယ်ချောင်းနှင့်၊ ဆုတောင်းပန်ထွာ။

အပျိုဖြူမယ်သာကျွမ်းပါတဲ့-လွမ်းတုံ့တင်သေး.........။ ။

...............................................

**မိုးဝါဆို**

အိုမစဲနိုင်ဘု၊ ညှိုမဲလို့ပြာမှုန်၊
သင်တိုင်းငယ်ခြုံသည်၊ ရစ်ဝိုင်းအုံမကြည်တဲ့နိုင်ဘု၊
ကတ္တီလဲ့ခန်းသဏ္ဍာမှာ၊ လွမ်းချင်စရာ
ထွေထွေတွေးပါလို့၊ ဆွေးရတာယ်လေး။
သည်ဝါဆိုငယ်၊ စာဆိုမတတ်၊
မြိုင်ရဂုံမှာ - ကြိုင်ထုံလှုပ်လို့၊
ပွင့်ချပ်ကယ် ထွေထွေ၊
ပုန်းညက်တွေ ဝေတော့ကို၊
ဖြေနိုင်ဘု လွမ်းသသူမှာ၊
နန်းအငူ ဒဂုန်တဝိုက်ဆီက၊
မြော်လိုက်မိလေး.........။ ။

.............................................

**ဝါဦးဆု**

ပုန်းညက်ညိုလည်း
ပျံ့ချိုကြိုင်သင်း၊ စုံမြိုင်တွင်းဝယ်
ခိုင်ချင်းမှီကာ၊ ဖူးငုံအာလျက်။
စပယ်ဖြူလည်း
မွေးကြူကြိုင်လှောက်၊ မိုးရေသောက်၍
ညွှန့်ညှောက်ညှာချို၊ ဝေဝေစီလျက်။
ရွှေပဒ္မာနှလည်း
မာန်ဟုန်ပြင်းပြီ၊ မှိုင်းအုံ့ရီ၍
နတ်စည်ဆော်နိုး၊ ရွာသွန်းဖြိုးလျက်။
ဝါဆိုပွဲလည်း
သဲသဲခြိမ့်ခြိမ့်၊ တငြိမ့်ငြိမ့်နှင့်။
လူတကာလည်း
ကြည်သာရွှင်မြူး၊ တေးစုံကျူးတည့်။
ရတုအလို၊ သာယာပိုသော်
စာဆိုမြော်တွေး၊ တရပ်ဝေးက
ချစ်သွေးတူညီ၊ "ငွေဝတ်ရည်"ကို
စိတ်လည်းမြော်မှန်း၊ ရော်တ,ရမ်း၍
"ကျန်းခန့်ပါစေ၊ ဘယာကွေ"ဟု
စိန္တေမြတ်ဝယ်၊ ဆုပန်ရွယ်သည်
ပန်းနှယ်လန်းဆတ် ပွင့်စေသော်။ ။

.............................................

**ပန်းဝါဆို**

ရပ်ရှစ်ခွင် မိုးအတွင်းမှာဖြင့်

အော်- လျှပ်စစ်ဆင် ဝိုးတဝင်းငယ်နှင့်

ဂျိုးဂျင်းဂျင်းသာပ- တကယ်ဆူ

မိုးမင်းရယ်ကလဲ တယ်မဖြူ။

နန်းညာပျို ဆွေခင်နန်မှာဖြင့်

ပန်းဝါဆို ရွှေရင်ကတ်ကိုတဲ့

ဘွေခင်ရပ်ဆိုတဲ့ ဝနာငူမကွယ်

(အော်) ချွေငင်ဖြတ်ပါလို့အသာချူ။

ခါအလို ဝါဆိုဆန်းချိန်မို့

ဇမ္ဗူတခိုမှာလေ ပြာညို့တွေသန်းပေမယ့်

ညာအပျို ဝါဆိုပန်းကိုတော့

လှမ်းချူလို့ တင်သ,လှူ

ရွှင်ပျကြူစွာပ ချွေဆုတောင်း

အမျှယူကြပါတော့ ဆွေသမုပေါင်း။

တောင်းဆုငယ်ပီ

ကောင်းမှုငယ် စုံတညီနဲ့

မှန်ရီရီ နေညို့ချမ်းမှာလ

လုံမဒီ မေပျို့ဖြန်းငယ်က

ဝါလျှမ်းသည် ရွှေမာလာနဲ့

အော်- ခါဆန်းညီ ချွေပဏာလို့

ဆွေသဟာ ပွေဖျာဝေးကာပ

အဝေရာ ရေကြာအေးသည့်နယ်

စေတနာ သေချာဖွေးလို့ငယ်

ကြွေးဆုမြွက်တောင်း။ ။

.................................................

**ပန်းခူးရအောင်ဆွေ**

ခါဝလေ့ရယ်လို့

ရွာရှေ့ဆို ဟိုခင်တန်းဆီက

မြတ်ပန်းတော် ဆိုတဲ့ပန်းကိုဖြင့်

ပျိုဖျန်းငယ် မေမဒီတို့

တေးသီကာ ပျော်ပျော်ခူးပြီမို့

ညွတ်နူး ဘဝင်ကြည်နဲ့

ခါအမှီ တာရီသွားမယ်ပ

လိုက်မှာလား ပျို့ချစ်ဆွေ။

..........မှောင်ဝေဝေငယ်၊ တောင်ခြေရစ်သန်း၊ ဟိုခင်တန်းဖြင့်

စိုလန်းဝေဆာ၊ ရွှေပန်းထိမ်ပန်း၊ ဝေထိန်လျှမ်းလို့၊

ထွေဆန်းကာ ဝါတော့ကို.........

လာ-လာလေ ခူးလဲ့ပွဲ့ပါ

ခင်ဦး ဆွေမဒီရဲ့

နေခြည်မှာ ငွေရည်လျှပ်ကာပ

ရွှေဝတ်ဆံ မြင်ရုံလုပ်ပုံက

ယဉ်တတ်လေ ဘာနဲ့နှိုင်းနိုင်မတုံး

မြကိုင်းဆုံ ပင်ချို့ထက်ဆီက

ပုန်းညက်ခိုင်တွေ။

...........ဒီကိုလေ ခင်ခင်ဦးရဲ့၊ ဆွတ်ခူးပွဲ့တခိုင်လုံး၊

မမှီယင် ကမူထက်က၊ ပျိုတက်လို့နှိမ်အုံးမှ.........

ရေတိမ်တိမ် ကန်တော်စပ်ဆီက

ပြာသဒ်လို မာလာဖူးဟာဖြင့်

နီကြောင်ကြောင် အရောင်ထူးငယ်နှင့်

ခူးလဲ့ပွဲ့ပါ ပျိုတို့ရေ

ဆိုလေရှော့သလား။

...............အို- အလိုဒီအနား၊ မြက်ရိုင်းတွေ အရှုပ်သားမို့၊

မသွားနဲ့ ငွေဝတ်ရည်၊ ကျူးပြီးများ မလိုက်လေနဲ့၊

ခူးပြီးသားတသိုက်ကိုသာ၊ ကြိုးဝိုက်လို့ချည်နှင့်တော့။

နေမင်းထောင်ခြည်

မိုန်ဖျော့ကာ ရောင်နီနီနဲ့

ကွယ်တော့မည် ဟိုတောင်စွန်းဆီက

နှုတ်ခွန်း ချိုသာ ဆက်ပြီပေါ့

လှမျက်ချယ် ခင်အပျိုတို့

ခါအလို ဝါဆိုပန်းတွေနဲ့

ရွာထိပ်ဆီ စေတီနန်းကိုဖြင့်

လှူဒါန်းရန် ကျန်လေသေးပေငဲ့

ငွေသွေး ငွေရည်လျှံတဲ့

ညဦးယံ ထိန်ကြည်တောက်စဉ်မှ

မုခ်ဦးထံ ချိန်မှီရောက်လို့ငယ်

လျှောက်စို့ဆုများ။

(ချစ်သည့်ဆွေများသို့)

..............................................

**ဝါဆိုပန်းခူးသွားရအောင်**

ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းရယ်၊ ကောင်းသည့်ယောင်းမတို့လေ။ ငွေမိုးရယ်မှတပြိုက် ၊ လေတလိုက်နှင့်၊ တိမ်တိုက်ကယ်ညို၊ လျှပ်ရောင်ပြက်ပြိုး၊ စည်တံပိုးနှင့်၊ မိုးစိုစိုမှာ၊ ဝါဆိုပန်း ချိုးထွက်ကြသတဲ့ လားရှင့်။

ပုန်းညက်ကယ်မှ ငွေပွင့်၊ ဝတ်ရွှေရင့်တို့၊ ကြွေလွင့်ကာကြိုင်၊ ဟိုတောင်တတန်း၊ လျှိုမြောင်နန်းဆီက၊ ပျံ့ရွှန်းလို့လှိုင်တော့ကို၊ တခိုင်တဖူး၊ ဝတ်ရွှေလူးကို၊ ပျိုတို့ခူးကြမှာလားရှင်။

ဝါဆိုငယ်မှအဆန်း၊ မိုးပေါက်တွေ လျှမ်းပါသည့်၊ အနိမ့်တန်းက စိမ့်စမ်းရေလျှံ၊ သပြေကသီး ရေကကြီးသနှင့်၊ ပိတ်ဆီးလို့ ကာပြန်သည်၊ ရေဆန်ဝဲပေမို့ ဝင့်ရဲသင့်ဘူး။

သည်းထန်ရွှေမိုး၊ လမ်းပျောက်မှာ စိုးပါဘိ၊ ပန်းချိုးသူ-ပျိုခင်၊ မူ မူယာတင့်၊ မြင်သူမှာ မင့်တွက်ကြောင့် ပင့်သက်ပင် ဖြာလိုက်မိ-တဲ့။

တေးချိုပျံ့မွှန်း၊ မေ့ကိုညွှန်းလို့၊ နှုတ်ခွန်းဆက်လို၊ သက်လျာပျိုလှ မာပါစေဟု၊ ကျူဟာမြွက်ဆို၊ ဝါဝါထိန်လျှမ်း၊ ပန်းထိမ်ပန်းနှင့်၊ ချစ်ကျွမ်းကကြိုသည်၊ မြိုင်ညိုစွန်းဆီက ချစ်ခွန်းသံပေး။

ရွှေမိုးကသဲသဲ၊ ရှစ်ခွင်မှာမဲပါလို့၊ တိမ်ခဲစုအုံ၊ မှုန်ပြာမှိုင်းမောက်၊ နေရောင်ခြည်ဖေါက်နိုင်ဘု၊ လမ်းပျောက်မှာ စိုးပါဘိ၊ ပန်းချိုးသူလေး။

မခူးသာသည်၊ ချပ်လွှာပြေပြေ၊ ရွှေဝတ်ဆံပြက်ပါတဲ့ ပုန်းညက်ငွေကို၊ ကြွေလို့ စွန့်ရတော့မလား။

မကူးသာသည်၊ မောက်ကာဖြိုးအက်၊ ဝဲလည်ကို တက်ပါတဲ့၊ ဂယက်ရေကို ၊ မေတို့ရှုံ့ရတော့မလား။

မမျှော်သာသည်၊ လမ်းတာဖွေးဖွေး၊ မြိုင်တောချုံလယ်၊ မှုန်ရေးရေးကို၊ တွေးနှင့်မှန်းရပေတော့တယ်။

မခေါ်သာသည်၊ ထံတျာချိုအေး၊ ချစ်သံကြွေးတဲ့ ချစ်ဖော်လေးကို၊ ဝေးလို့ လွမ်းရပေတော့တယ်။

မမျှော်သာ၊ လမ်းတာ မှုန်တိမှုန်မှေးမို့၊ အလိုလေ့အိုင်- ဝါဆိုစဉ်မှာ၊ တေးသံရှင် ညို့ပါလို့၊ ပျိုတို့မှာဆွေး။

.................................................

**ဖြေမှု**

မြတ်ဗုဒ္ဓလည်း

လူ့ပြေသက်ဆင်း၊ ကျွတ်သီတင်းဝယ်

ပျံ့ညှင်းချိုသာ၊ မြတ်ဓမ္မာနှင့်။

နတ်အပေါင်းလည်း

ခ,ညောင်းစုံညီ၊ ဘေးပတ်လည်ဝယ်

မြှောက်ချီလက်မုံ၊ ထိပ်ထက်ပုံနှင့်။

စောင်းတန်းသွယ်လည်း

ရွှေနယ်ဝင်းပ၊ ငွေနယ်ဆွ၍

ပတ္တမြားရည်၊ ရဲရဲနီနှင့်။

ရောင်ခြည်နွယ်လည်း

ခြောက်သွယ်ထွေလျှမ်း၊ အံ့မခန်းတည့်။

လူခပင်းလည်း

ဝပ်စင်းကော်ရော်၊ ဖူးမြင် မြော်တည့်။

ရှင်မြတ်ဇိနော်၊ လူ့မြေပေါ်ဝယ်

သက်တော်ထင်ရှား၊ ရှိစဉ်များက

ငါကားကြုံကြိုက်၊ မဆုံလိုက်၍

အမြိုက်ရသာ၊ ဒေသနာကို

ကြည်သာရွှင်ပျ၊ မသုံးရဟု
တောင့်တင့်ဝယ်၊ ဆွေးမှုကြွယ်ခဲ့
သို့နယ်ညှိုးနွမ်း၊ စိတ်ပင်ပန်းသော်
မျှော်မှန်းရည်ရွေ၊ ပြေကြောင်းဖွေ၍
"သြော်- လေ လူ့ခွင်၊ ခုနေတွင်လည်း
ချစ်သျှင်မြတ်စွာ၊ သာသနာတည့်
ငါသာကြည်မြ၊ ဖြူသီလနှင့်
ဗုဒ္ဓ,လုစ်ချွေ၊ မြတ်ဓမ္မကို
မသွေထိပ်ထက်၊ ဆင်ပန်ရွက်က
လက်ထက်မြတ်စွာ၊ ရှိစဉ်ခါသို့
မကွာတညီ၊ တူတော့ပြီတည့်"
ဤသည်ဤသို့၊ စိတ်ကိုညှို့မှ
နှစ်လို့ကြည်ရွှင်၊ ငါ့ဘဝင်သည်
စိုလွင်ပန်းသို့ လန်းသည်တကား။ ။

.............................................

**မီးပွဲ**

မီးအိမ်ငဲ့စီ။
ထက်နန်းဝတီသာက
မြတ်ဗုဒ္ဓါ လူ့ရွာဆင်းချိန်မို့
လင်းထိန်ခဲ့ပြီ။
ရွှေပြောင်ပြောင် ငွေရောင်လွှမ်းပါတဲ့
စောင်းတန်းမြတ် စီရရီ
ညီညီကွယ့်ဆင့်ထူး။
ပတ္တမြားရည်
လှေကား နေရာဆီက
ခြောက်ရောင်ခြည် ထိန်ထိန်လက်ပါလို့
မြတ်စိန္တေ လူ့ပြေသက်တယ်
နေ့ရက်ကထူး။ ။

.............................................

**ဝါကျွတ်ကန်တော့ပန်း**

ကြော့ရရော့ဆံကိုဖြေ။
ထိပ်ထက် လက်မုံနှင့်
ဆယ်ဖြာစုံ ပဏာသ

တုပ်ကွရှိသေ။
သျှင်ဘုရားသာပ
တရားမြတ် ဓမ္မာရှေ့
ပျိုမေက ရည်စူး။
ထေဝရ်သံဃာ
အနန္တေ၁ အနန္တ၁ပ
ဆွေမာတာ ပိတာဖ,ငယ်နှင့်
မြတ်ဆရာ အာစာရကိုဖြင့်
ဝါကျွတ်ချိန် ဦးနှိမ်ချလို့ငယ်
ညွှတ်ခလို့ဖူး။ ။

.............................................

**ဝါကျွတ်ဆုတောင်း**

မြှောက်ချီတဲ့လက်မုံ။
ဆီမီးငယ်ဝါဝါနှင့်
ဆုချွေကာ ပဏာသ
ချမ်းမြရေစုံ။
ဖြူနီညို စိုစိုလက်ပါတဲ့
နဖပ်ဖပ် ကြာအင့်
ဝတ်မှုန်က ပျံ့မွှေး။
သွယ်နွဲ့လှိုင်ကြည်
မယ်နဲ့မောင် တခိုင်စီပ
ဆုပန်ရည် စေတီနန်းမှာဖြင့်
နိဗ္ဗူပြည် ချွေရည်မှန်းကာ
တမ်းမိတယ်လေး။ ။

.............................................

**မီးထွန်းရအောင်ဆွေ**

ဝါကျွတ်ချိန် သီတင်းမို့
ချစ်ရင်းတဲ့ ဆွေသဟာ
လာပါကြလေး။
ဆီမီးဖုံဖုံနဲ့
ထိန်ညီး ရောင်စုံပ
ဓမ္မာရုံ သည်ပတ်ဝန်းကို
သွန်းကြစို့လေး။
မီးရောင်စုံ ထိန်လင်းနဲ့
လမင်းကို ဂုဏ်ပြိုင်မယ်
နိုင်ပါစေ့လေး။

မီးပုံးတွေ ပြာဝါနီလို့
စီရရီ ကျောင်းမြေဝှန်းမှာ
လျှမ်းတင့်လိမ့်လေး။
ချစ်တဲ့မေ ဆွေတနှန်းက
ပြုံးဆိုတဲ့ မီးအိမ်ကိုင်
နိုင်အောင်တဲ့လေး။
တို့လဲ ကိုယ်စီပ၊
ပြိုင်ပွဲ ဝင်မည်လို့
ထိန်ကြည်ကြည် မီးသည်ပွဲမှာ
နွှဲလိုက်စို့လေး။
ကျောင်းရိပ်မှာ ဝါထွန်းတော့
ကျောင်းဝန်းတဲ့ ပြန့်စရာ
ဖွေရှာခဲ့လေး။
သည်မီးတတိုင်
ကျောင်းရိပ်မြိုင် သည်အဝှန်းကို
ဆန်းတင့်ဖို့လေး။
မေတ္တာတိုင် ငါညှိတော့
ရွှမ်းပီတိ ကြည်စရာ
ဝေဖြာခဲ့လေး။
ပတ်ဝန်း မှောင်ကုန်လို့
ထိန်လင်း ရောင်စုံပေါ့
ဓမ္မာရုံ တမြေလုံးငယ်
ပြုံးရွှင်လို့အေး။ ။

.............................................

**တန်ဆောင်မေ**

နှင်းရည်သီး၍
စိုလည်းစိုလန်း၊ မြနွယ်ဒန်းဝယ်
ဆန်းလည်းဆန်းစွ၊ ကြွရရှုတည့်
လှလည်းလှပေ၊ ခဝဲရွှေသည်
မြောက်လေသွေး၍ ယိမ်းပြီကော။
လင်းဆီမီးနှင့်
ထွန်းလည်းထွန်းညှို၊ ပူဇော်ဘိ၍
ရှိလည်းရှိခိုး၊ ပျပ်ဝပ်ကျိုးလျက်
ကိုးလည်းကိုးကွယ်၊ ဆုပန်ရွယ်သည်
တိုင်းနယ်အေး၍ ငြိမ်းစေသော။
ဆင်းရည်ညီးလျက်

ပလည်းပဝင်း၊ လှများမင်းကို
လင်းလည်းလင်းစွာ၊ မီးရောင်ဝါဝယ်
သာလည်းသာရွှင်၊ ကျွန်ုပ်မြင်သည်
နှိုင်းယှဉ်တုလွတ် နတ်မေလော။ ။

..............................................

**တန်ဆောင်တိုင်**

မိုးချိန်လွတ်စ၊ သည်လ,ခါတွင်
မြရည်လျှံဖုံး၊ တောလုံးဝယ်တခွင်
ငှက်မျိုးငယ်စုံလင်၊ ကြည်ရွှင်စိတ်တွင်း
ငွေနှင်းစိုစို၊ ဆောင်းကိုကြို
တေးချိုသံပြိုင် ညှင်းသည်နှင့်လေး။
ကောင်းကင်တိမ်တွင်း၊ ကြည်မင်းစုံညီ
ကြတ္တိကာနှင့်၊ ငွေလ,ပုဏ္ဏမီ
သာမျိုးငယ်စုံစီ၊ ရွှင်ကြည်မြို့လုံး
သည်လ,သည်ချိန်၊ မြတ်ကထိန်
ခင်းချိန်တန်ဆောင်မုန်းငယ်နှင့်လေး။
မြို့ပြင်မြို့လုံး၊ ခြိမ့်အုံးညီညီ
တန်ဆောင်ဆီမီး၊ ညီးခဲ့စီရရီ
မြတ်နန်းငယ်စေတီ၊ ထွေလီဆင်သ
ဆီမီးဝေဆာ၊ ရှိန်ရှိန်ဖြာ
လင်းကာ ထိန်ထိန်ပ,သည်နှင့်လေး။
တန်ဆောင်မာသ၊ ဆောင်းလခါပေ
မှိုင်းရီပြာမှုန်း၊ မိုးလုံးငယ်မှောင်ဝေ
နှင်းဥငယ်ထွေထွေ၊ မြောက်လေဆော်သွင်း
ခဝဲငွေညှာ၊ ခိုင်ဝေဆာ
ပွင့်လွှာ ရွှေရောင်ဝင်းသည်နှင့်လေး။
ဉာတ်ကထိန်ခင်းပါလို့ ပြည်မင်းငယ်ခမော၊
ရွှေကော လင့်တော့သည်။
မြတ်အချိန်တွင်းမှာလ- ထိန်လင်းလို့ရွှေဝါ၊
ဝေကာ ဆင့်တော့သည်။ ။

..............................................

**ချစ်နတ်မောင်**

ဝါဆိုကူး၍
ရွှင်မြူးကစား၊ ချစ်လေးမြားကို
ရပ်နားကာရှောင်၊ မြားနတ်မောင်လည်း
ကျင့်ဆောင်တည်သုံး၊ တရားထုံးဖြင့်

"ချစ်ရုံး"ကိုပင်- ပိတ်ခဲ့ပြီ။
ပုတီးကုံးဖြင့်
စောင့်သုံးသီလ၊ ဝါဝင်စမှ
ဝါပ,တိုင်ပင်၊ မိဋ္ဌာန်ဝင်၍
နေ့စဉ်ထပ်ထပ်၊ မလစ်လပ်သည်
မပြတ်အောင်ပင်-စိပ်ခဲ့သည်။
ဝါချိန်ကင်းသော်
"ချစ်ချင်းမေတ္တာ၊ ကူးရက်ကာဖြင့်
နှစ်ဖြာကြည်နူး၊ ရွှင်စေဦး"ဟု
ရည်စူးစိတ်ဝယ်၊ "ချစ်လေး"ငယ်နှင့်
မိုးလယ်ခရီး၊ လေယာဉ်စီးသည်
ပုတီးတိုင်တွင် ချိန်ခဲ့ပြီ။ ။

.............................................

**ဆုထူးရှယ်**

ဝါဆိုဆန်း၍
မြတ်နန်းဂူမ၊ ရောင်စုံပ,သည်
ပန်းလှထွေထွေ၊ ဖြာဖြာဝေတည့်။
စာဆိုလွမ်း၍
ရော်ရမ်းမုန်းဆ၊ တမ်းတတဖြင့်
နေ့ညဆုဝေ၊ ခါခါချွေ၏။
ညာပျိုမုန်း၍
ရည်ညွှန်းပန်သ၊ မြတ်ဗုဒ္ဓဝယ်
ချမ်းမြနှုတ်ချွေ၊ "မာပါစေတည့်"။ ။

.............................................

**နှင်းဆီ**

အထပ်အထပ်၊ ပွင့်လွှာချပ်၍
နုဖပ်နီတွေး၊ ပန်းစုံကွေးသည်
လှသွေးနှင်းဆီ မြိုင်ဆဲကို။
လေပျိုအေးဝယ်၊ မာလာမယ်လည်း
ညာဘယ်လိမ့်လူး၊ ရွှင်ကြည်မြူးသည်
နံ့ထူးဂန္ဓာ ကြိုင်ဆဲကို။
ခူးမည်စိတ်မှန်း၊ လက်ကိုကမ်းလည်း
မလှမ်းနိုင်ပါ၊ နွမ်းယိုင်လာခဲ့
ချွန်စွာအသွား၊ ဆူးကတားသည်
ထံပါးမသီ နိုင်ဘဲကို။ ။

.............................................

**ပြာပြာညိုရောင်**

ကောင်းကင်ကပြာ

တိမ်လွှာက ညိုဆိုင်း။

ဟိုတောင်စဉ် မြောင်ခွင်ရိုးမှာ

မိုးရိပ်လို့ဝိုင်း။

ရေဆင်းကပြာ

မာလာက ညိုမှိုင်း။

ပန်းရွှေကြာ ခိုင်ညှာမင်းငယ်

သင်းပျံ့လို့လှိုင်း။

မီးပုံးကပြာ

ဝေဆာလို့ ဆင့်သိုင်း။

ညညိုညို မှောင်ခိုမင်းကို

ခွင်းတော့မည့်တိုင်း။

မျက်လုံးငဲ့ပြာ

ကြည်စွာပ လှည့်ဝိုင်း။

နသားတော် ညိုညိုလဲ့ငယ်

နတ်နဲ့ပုံနှိုင်း။

ဝတ်ရုံလဲ့ပြာ

အသာပ ခြုံသိုင်း။

စီးရိုးငယ် မှောင်တညိုက

ချစ်သူကို ပျိုစောင့်စားပုံဖြင့်

"ငွေလ,ပြာ တိမ်လွှာကြားဆီက

ထွက်ပေါ်လာ ပြုံသလားသာပ

ညိုလွှာမှာ ခိုပြာသားတယ်"လို့

စကားဆို သည်လိုကြွားစေတော့

ကြားလို့မရိုင်း။ ။

.............................................

**သို့လော-သို့လော**

ဝင်းကာ ထိန်ကာ၊ မြိုင်ဘွေချာ၌

ဝါဝါတင့်ဆန်း၊ ငုံကာလန်း၌

ဝေးလျှမ်းမိုမောက်၊ ကြိုင်နံ့လှောက်သည်

ပိတောက်ရွှေလော ငုပေလော။

လေရူးချီပင့်၊ ဆင့်ရရင့်တည့်

ပျံ့လွင့်လေတွင်၊ ချိုနုယဉ်၍

ကြည်ရွှင်စေသော၊ ရည်ရွယ်ပြောသည်

ဥသြပျိုလော တေးချိုလော။

ငွေဖလားလျှင်၊ လက်ဝယ်ငင်၍
ပြုံးရွှင်ချိုလန်း၊ ဤနှစ်ဆန်းဝယ်
ပုံ့မွှန်းကြည်ဖိတ်၊ သဒ္ဒါစိတ်ဖြင့်
ဆွေမိတ်ချစ်ကြည်၊ သွန်းဖို့ရည်သည်
စေတီကိုလော ဒေဝီလော။ ။

.............................................

**ရေးမှု**

ဆိုင်းကာဆို့ကာ၊ မှိုင်းညို့စွာဖြင့်
အာကာပြင်ထဲ၊ မင်သို့မဲသည်
တိမ်ခဲပင်လော တောင်စဉ်လော။
လေပြေကတိုက်၊ မိုးတဝိုက်တည့်
ဖြိုးဖြိုက်ဝပ်စင်း၊ မြေသို့ဆင်းသည်
မိုးကြွင်းလေလော နှင်းပေလော။
အာကာမှိုင်းလျှင်၊ စာဦးရှင်၍
တောင်တွင်နှင်းငွေ့၊ စာတွင်မွေ့ခဲ့
ညနေ့မမူ၊ ရေးစီပြုသည်
လွမ်းသူ့စာလော ကဗျာလော။

.............................................

**ဆည်းဆာမေ**

နေဝင်ချိန် တိမ်အတောက်
ရောင်စုံနှောက် မိုးပြင်ကျယ်။
မြစ်ရေပြင် မှန်သွင်ညို
ငုံ့ကြည့်ရာဝယ်။
"လှလိုက်တာဟယ်၊ တယ်လာတဲ့ ငါပါလား။
ရွှေ ငွေ ရွှေရည်ရှက်ကာပ
ငွေ ငွေ ငွေခြည်လက်ပါဘိ
စိန် စိန် စိန်ရည်စွက်လို့ငယ်
ပြုံးပြက်ဝင့်ကြွား"တဲ့။ ။

.............................................

**မြကျွန်းစံ**

ရေပြာမှိုင်း
ပတ်ဝိုင်းလို့ဖြင့် ရှေ့ဝဲယာ။
မြပင်လယ် ကျယ်အဝန်းမှာ
ကျွန်းညို့ညို့ပြာ။
လမ်းမဆုံ လူကြုံမရောက်နိုင်လို့
ခွန်းထောက်ဖို့ ခက်လှပါ

ကဗျာဖွဲ့စီရေး။
ငယ်ကျွမ်းခင်
လက်လှမ်းကာ ကြိုပါချင်ငဲ့
ပျိုလာလျှင် သည်မောင်နှောင့်ပါဘု
မြကျွန်းညို သောင်မြေဒေါင့်ဆီက
စောင့်ပါ့မယ်လေး။ ။

.............................................

**လွမ်းလေ့စုန်**

"မေ့ပါဘူး ချစ်သူရယ်။
စပယ်ဖြူ ဘယ်လိုမွှေးပေမယ့်
မြစ္စာညို ယဉ်ယဉ်လေးကိုမှ
ထွေးပိုက်ဖို့ရွယ်"တဲ့။
စကားကကြွယ်၊ အားငယ်မိသေး။
လွမ်းလေ့စုန် ဒဂုန်ကိုမြန်းတော့
မြသစ်ပင် သောင်ခြေကမ်းဆီက
တကိုယ်တော် ပူပုံပန်းနဲ့ရယ်
နွမ်းလျလို့ငေး။ ။

.............................................

**လွမ်းမောင့်တကိုယ်**

တကိုယ်ရေ
ဌာနေကွာလှမ်း၊ စစ်စခန်းဝယ်
ချစ်ကျွမ်းငယ်ဆွေ၊ မစိုပြေ။
မစိုပြေ
သက်ဝေစံမြန်း၊ ဒဂုံနန်းက
မြင်စမ်းချင်စေ၊ အိုအဆွေ။
အိုအဆွေ
မောင်မေတူတွဲ၊ ပျော်မည်ခဲလည်း
ဖော်ကွဲကာနေ၊ တကိုယ်ရေ။ ။

.............................................

**ည**

ရီပြာသန်း၍
ထက်နန်းဘုံဝ၊ တိမ်စင်ပသည်
အာကာ့ဝေဟင်၊ မြူ မတင်တည့်။
ကြည်သာရွှန်း၍
ငွေဝန်းစန္ဒ၊ မြူးရွှင်ပျသည်
ဝင်းပကြည်လင်၊ ဖြူစင်စင်တည့်။

ညီလာဝန်း၍
တင့်ဆန်းတာရှာ၊ ကြယ်စုံခသည်
ဖိုးလကောင်းကင်၊ သူဘုရင်တည့်။ ။

.............................................

**အမွန်နှင့်တံခွန်**

တင့်တင့်ထွား၍
လူများဦးခိုက်၊ နတ်ခေါင်းငိုက်သည်
မကိုင်ရှုအချွန်၊ ညာဏ်အမွန်တည့်။
မြင့်မြင့်မား၍
ဘုရားကိုမိုး၊ တိမ်ယံတိုးသည်
တိုင်ရိုးအချွန်၊ မာန်တံခွန်တည့်။
ချင့်ချင့်စား၍
မြင့်မားတံခွန်၊ လူမန့်ဘဲ
မြတ်မွန်ဘုရား၊ ခ,ဝပ်တွားသည်
ပယ်ရှားမာန်ညွှန်၊ စံမလွန်တည့်။ ။

.............................................

**စာဆိုတော်**

ကြုံစမ်းချင်ပါဘိ
ကြငှန်း သီတာပျံ့၍
ညီလာခံ ရွှေတသင်းတွေနဲ့
တို့မင်းတွေ ရွှင်စံပျော်တော့
ဘွဲ့ရွှေတော် အပိုင်မြို့ရယ်နဲ့
ငါတို့မှာ တကံပေါ်လို့
"စာဆိုတော်" အမည်သင်းခဲ့ကြ
နန်းတွင်း၌ထင်ထင်ပေါ်။
"နတ်သျှင်နောင်" "နဝဒေး" သာပ
"ရှင်ထွေး နာသိန်"ကျော်ခဲ့
"ဘိုးသူတော် ကဝိမင်း"ရယ်နဲ့
"နန်းတွင်းသူ" "ရှင်ညို-မြို့" တို့
တကြုကြု ဂုဏ်နှံ့လျှမ်းကာပ
ဆန်းတင့်ခဲ့နော်။
သို့ပါသော် တခေတ်လဲပြီမို့
"သူရဲ" "ရှင်သံခို"နဲ့
"ရှင်အုန်းညို"သူ့လိုစွမ်းသော်လဲ

မြတ်နန်း ရဝေပျံက
ရွှေနာမံ ဘွဲ့တော်ရနိုင်ဘု
"မင်းရဂ်ဇလ"ကျော်လို
မမော်နိုင်တို့များ။
ခုများဖြင့်လေ
တို့များ တကံခေလို့
စာထွေထွေ ဉာဏ်ရေသွေးသော်လဲ
အရေးသာ ပိုရှာပါလိမ့်
မြို့ရွာတွေ အသာထားပါဒုံး
ရွှေနား အဝင်ချိုတဲ့
ဘွဲ့ထိုထို တို့များမရတဲ့ပြင်
ရေးခ,ပင် နိုင်နိုင်ခဲခဲ့ရ
ကံမွဲသူ စာဆိုတော်တို့
သည်ဝဋ်နော် ဘယ်သော်ဆုံးပါလိမ့်
တွေးလိုက်ယင် ရှင်မပြုံးနိုင်ဘု
(စာဆိုတို့မှာဗျာ) နံးဟိုက်လို့သွား။ ။

.............................................

**မချစ်သာ**

ရေးပဝေ အခြေမလှတာမို့
တွေးလေလေ မေ နမ မှာဖြင့်
သြော်--ဖြေမရပါကလား အသက်ရယ်။
အချစ်ဦးကိုလ
ချစ်ဖူးကွယ် ပျိုရောင်ဖယ်တော့
ငိုယောင်နှယ် မျက်နှာလေးမှာ
ဆွေးဗျာထုကြွယ်။
"ချစ်ပါတယ်" ထိုစကားကိုလ
လှစ်ခါကွယ် ပျိုမကြားနိုင်လို့
ငိုအားရယ်တဲ့ ပိုပါတယ်........
ရောင်ဖယ်ပါတော့ ပျို့သက်ထား။
မုန်းလိုက်တော့နော်
နံးဟိုက်ကာ ကညာမော် မဖြင့်
ကံမလျော် ဖန်တော်ရေးငယ်ကြောင့်
စံမပျော် မုန်နော်ဆွေးလှချည့်
(အချစ်ရယ်) အေးကွက်ကရှား။ ။

.............................................

**ချစ်ရေးမညီ**

"တသက်တွင် တကြိမ်ဘဲ"သာပ

စိတ်စွဲ အယူဝင်လို့

ပျို့ဖြူခင် သဲတွင်နစ်အောင်ပ

ချစ်ခဲ့မိ သူ့ကိုသာ။

အသက်ပေးကာပ

ချစ်ရေးကို တည်ထောင်ပါလဲ့

မရှောင်သာ ကြမ္မာနဲလေတော့

မယ်မောင်မှာ နစ်ဖြာကွဲလို့ရယ်

လွဲချက်ကနာ။

လွဲရှောင်ကာ ဖွတ်မငြင်းသာဘု

သြော်-ဆွဲဆောင်ရာ မလွတ်ကင်းကာပ

ဝဋ်ကြွင်းရယ် ကျန်မကုန်တော့

ကံဆုံသူ ဟိုတယောက်ဟာဖြင့်

ပိုမောက်ကာ ညာဏ်တွေကူလို့

အကြံယူ ရန်သူပြုလေငဲ့

ညံ့ဆူဆူ မာန်မူမှုတွေကြောင့်

ခုလိုဖြင့် လွတ်အောင်ခွာ......

ရှောင်လာရမနေး။

ချစ်ရေးမညီ

ဝဋ်ကြွေးငယ် ဘယ်ခါဆီမှ

ပြေလည်မည် မျှော်ရည်မှန်းနိုင်ဘု

ချစ်ခန်းရယ် ဆင်မပြေတော့

ဖြေသာဖြေ ပြေနိုင်စွမ်းပါဘု

မေညာဆွေ ခွေယိုင်နွမ်းလို့ရယ်

(မောင်ရေ) လွမ်းတလို့ဆွေး။ ။

..............................................

**ပန်ဆုယူ**

လင်းကာထိန်ကာ၊ စေတီချာ၌

ရောင်ဝါရုက်သန်း၊ ငွေရောင်ဆန်း၍

ရွှေလွှမ်းသို့လည်း၊ ထိန်ထိန်ညီးသည်

ဆီမီးရောင်လော လရောင်လော။

လေပြည်သိမ်းဖွဲ့၊ ယိမ်းနွဲ့နွဲ့တည့်

စိမ်းလဲ့အညာ၊ ပွင့်ဝါဝါနှင့်

မာလာခိုင်တွဲ၊ လေယူနွဲသည်

ခဲညာလော ရွှေဝါလော။

စေတီ၌လျှင်၊ ဆီမီးရှင်ရှင့်
လှူတင်ထွန်းညှိ၊ ဦးခိုက်ရှိ၍
နွဲ့အိပြာမှု၊ ပန်ဆုယူသည်
"နိဗ္ဗူ"ကိုလော "ချစ်သူ"လော။ ။

.............................................

**ဆုကြီးပန်**

ဝါဝါဝင်းဝင်း၊ ဖြာဖြာလင်းလျက်
ရောင်ချင်းရှက်သန်း၊ အံ့မခန်းသည်
မီးပန်းရောင်စုံ-မြူးပြီကို။
ခိုင်ချင်းခိုင်ချင်း၊ မှိန္ဒဲ့ယင်းဖြင့်
ပျံ့သင်းကြိုင်ပျူ၊ ကြာမုံလွှသည်
ဝင်းပ,ရေဝယ်-လူးပြီကို။
ဝပ်စင်းဝပ်စင်း၊ ခြေတော်ရင်း၌
ရောင်ဝင်းဆီမီး၊ ပန်းကြာစည်းနှင့်
ဆုကြီးရည်သန်-ဖူးပြီကို။

.............................................

**ဖသမီး**

လှဖြူပြာ ရှုပါထွားပုံက
သူဇာလား ထင်လောက်ပေ။
နုနယ်သူ ပျိုယမင်းငယ်
ဆင်းကြန္နာ့ဆွေ။
ပျော့လိုလျှင် ဖော့ဖယောင်းသာပ
သံချောင်းထက် မာနိုင်ပေ
မာစေလို ယင်ဖြင့်။
ဖသမီးပါဘဲ
လက်သီး တခါနံ့တော့
သဒ္ဒါလန် ဂျွမ်းပျံကျမယ်
ဝေးက ရှောင်နှင့်။ ။

.............................................

**ပန်ဆုယူသော်**

နေခြည်လင်းလင်း၊ မိုးရိပ်ကင်း၍
ပြာဝင်းစင်ပ၊ မိုးပြပြဝယ်
လှမ်းကြွပ်ဟန်ယူ၊ တိမ်ဆူဆူသည်
မဖြူတချို့ ဖြူတချို့။

လေပြည်သွင်းသွင်း၊ ကန်တော်တွင်းမှ
ပျံ့သင်းချိုမြ၊ ယဉ်ယဉ်ခသော်
မြမြကြူကြူ၊ ပင်မဥ္ဇူသည်
ကလူတချို့ မြူတချို့။
ရွှေရည်ဝင်းဝင်း၊ သုံးလှူ့မင်း၏
ရောင်ဆင်းကြွကြွ၊ ဝင်းပပလည်း
မြမြအေးလူ၊ တောရေးငှုဝယ်
မပြုတချို့ ပြုတချို့။
စေတီမင်းရင်း၊ ဆွေတသင်းနှင့်
ဖူးယင်းရိုတွ၊ ညွှတ်ခကြသော်
ပန်သဆုယူ၊ မေနှင့်သူသည်
မတူတချို့ တူတချို့။ ။

.............................................

**ချစ်တေးချို**

ဥဩတွန်ကျူး၊ နွေလကူး၍
လေရူးဆော်သွေး၊ ပန်းစုံမွှေးလည်း
ချစ်တေးချိုချို သူမဆို။
ပဖွန်နှင်မြူး၊ နတ်စည်ကျူး၍
သုတ်ဖြူးဆော်သွေး၊ လျှပ်ခြည်ပြေးလည်း
ချစ်တေးချိုချို သူမဆို။
ငွေနှင်းပက်ဖြန်း၊ မြူမှုံလွှမ်း၍
မြိုင်တန်းမှုန်မှေး၊ နှင်းရည်ဖွေးလည်း
ချစ်တေးချိုချို သူမဆို။ ။

.............................................

**သဇင်ဦးနှင့် ဆု**

ဤနံနက်မှာပေါ့
နေထွက် တပြုကယ်လို့
ကျေးမောင်မယ် နူတ်ချိုခွန်းတွေနဲ့
နေဝန်းကို သူကြိုဆိုတော့
မေတကိုယ် ဂေဟာမြင့်ဆီက
လှမ်းလင့်ကာ ပန်းခြံအောက်ကိုဖြင့်
လမ်းလျှောက်ဘို့ ဆင်းခဲ့တယ်။
သရက်ကိုင်း
ကြိုးဆိုင်း အသာချည်တဲ့
နကဗာရီ ဆိုသည့်အုန်းမှာလ
မြစိမ်းရောင် ရွက်သစ်ဖုံးကာပ

ငွေမှုန်း ငွေရည်စိုလို့

တုတ်တိုတို ဖြူအခက်တွေက

ဘယ်ညာမှာ ဆွယ်ကာထွက်လို့ရယ်

နှစ်သက်စဘွယ်။

အို-သဇင်ဦးပါကလား

ညွှတ်နူး မေဆိုမိပေါ့

ဩော်-ဆွတ်ရှုးငွေလိုအိလေတော့

မုန်သျှင် ချစ်သခင်လက်ဆီသို့

လှူဆက်လို့ ဆုကိုဆွယ်

ရည်ရွယ်မိဤသို့။

သံသရာ......

ဤနယ်မှာ မလွတ်သေးတာဖြင့်

ဝဋ်ကြွေး တာမရှည်ဘို့

ပါရမီ သည်မယ်ဖြည့်လိုရဲ့

ဖြည့်ချင်ပြီ သည်ဘဝမှာလ

ကြည်မြသည် စေတနာမှန်နဲ့

"သောတာပန်" ဆုမွန်ထူးကိုကွယ်

"ဦးရပါစေ"လို့။ ။

**မြပင်တိုင်**

ပန်းဝတ်ဆံ ရွှေရည်လျှပ်လို့

ပွင့်ချပ်က ပုလဲသွယ်၊

သင်းပျံ့လှိုင်ကြွယ်။

ချူလှဲ့ပါကွယ်

ခေါ်တယ်လို့ထင်ရဲ့။

မြပင်တိုင် ဘုံဆောင်မြင့်က

ကြိုနှင့်တယ်ကွဲ့။။

..............................................

**ချစ်သူ**

ချစ်ခဲ့ကြသည်

ချစ်ရမဆုံး၊ ချစ်စိတ်ဖုံး၍

ချစ်အုံးမည်ပင်၊ ချစ်ပါချင်ခဲ့

ချစ်ပင်ကိုပျိုး၊ ချစ်ရေမိုးနှင့်

ချစ်တိုးဆင့်ကာ၊ ချစ်ပွင့်ဖြာလျက်

ချစ်လွှာကွေးညက်၊ ချစ်ဆုံးသက်၌

ချစ်လျက်ပင်လျှင်၊ ချစ်မျိုးရှင်ကို

ချစ်ကြင်ကြဲချ၊ ချစ်ကြွေကျခဲ့

ချစ်စ ချစ်မျိုး၊ ချစ်သစ်ဖြိုး၍

ချစ်မျိုးအသစ်၊ ချစ်၍ဖြစ်သည့်

ချစ်ချစ်ဘဝ ဆက်တကား။ ။

.............................................

**လွမ်း**

လွမ်းလည်းလွမ်း၍၊ ကျွမ်းမြေ့မြေ့လျှင်

လွမ်းငွေ့မှုန်မှိုင်း၊ လွမ်းမြူဆိုင်းခဲ့

လွမ်းလှိုင်းမာန်ထယ်၊ လွမ်းပင်လယ်မှ

လွမ်းနယ်ကျယ်ဝန်း၊ လွမ်းသည့်ကျွန်းသို့

လွမ်းလွန်း၍သာ၊ ရောက်ရှိလာတည့်

လွမ်းစာကိုရေး၊ လွမ်းသည့်တေးလျှင်

လွမ်းဆွေးချင်သူ၊ လွမ်းစိတ်ကူမည်

လွမ်းမှုလွမ်းခွင့်-လွမ်းတကား။ ။

.............................................

**လာလှဲ့ပါ့-ချစ်သူရယ်**

စိုစိုညိုညို ပင်ပျိုအောက်၌

မေနဲ့နှစ်ယောက် နေချင်ယင်။

ချိုကျူးသာယာ ကဗျာအေးကို

ငှက်ကလေးသို့ တေးဖွဲ့ဆင်။

နောက်ပြီးတခါ သာယာအေးလို့

ဘယာဝေးတဲ့ စခန်းတွင်။

ငွေနှင်းဝေလျှံ ဟေမန်ဆန်းနဲ့

ရာသီကြမ်းတော့ မကြောက်ယင်

လာခဲ့ရှင် လာခဲ့ရှင်။

နေမင်းပူပူ အရိပ်ကင်းလဲ့

ဘယ်မငြင်းဘု နေမည့်သခင်။

ကိုယ့်စားစရာ ကိုယ်ရှာပြီးတော့

ရရာမှီးလို့ ကျေနပ်ချင်။

နောက်ပြီးတခါ သာယာအေးလို့

ဘယာဝေးတဲ့ စခန်းတွင်

ငွေနှင်းဝေလျှံ ဟေမန်ဆန်းနဲ့

ရာသီကြမ်းတော့ မကြောက်ယင်

လာခဲ့ရှင်-လာခဲ့ရှင်။ ။

.............................................

**ရောင့်ရဲမှု**

ရလိုသေးသည်
ကြယ်သေးကြယ်မွှား၊ ကြယ်စုံများနှင့်
ကြီးမားကြယ်ပြောင်၊ အကုန်ဆောင်သည့်
ထက်ဘောင်အာကာ၊ ငါပိုင်ပါလည်း။

တောင်းလိုသေးသည်
ကြွယ်ဋ္ဌေးဥစ္စာ၊ မြတ်ချမ်းသာတို့
ဆုံးရာမရှိ၊ ဖြိုးမောက်ပြည့်၍
သက်ရှိကမ္ဘာ၊ ငါဆိုင်ပါလည်း။

သို့လည်းရှိစေ
သက်ဝေပျိုလှ၊ ငါပိုင်ကလျှင်
ချမ်းမြကြည်လင်၊ လွန်ပျော်ရွှင်၍
ပူပင်မနှောင့်၊ သေးသည့်ဒေါင့်ဝယ်
ရောင့်ရဲ၍သာ နေမည်တည်း။ ။

.............................................

**နှင်းဆီပျိုနှင့် ငွေစန္ဒာ**

နေမင်းဝင်စ၊ ညကျပြီဆိုလျှင်
တဲအိမ်ရှေ့မှာ၊ ထွက်၍ငယ်ထိုင်စဉ်
ထက်မိုးလယ်တခွင်၊ ကြည်လင်စိုအေး
ဖိုးလစန္ဒာ၊ ထိန်ထိန်သာ
ဝင်းကာငွေရောင် ဖွေးသည်နှင့်လေး။

စီးရိုးနဘေး၊ နီတွေးပွင့်လှာ
ပျံ့ချိုကြိုင်မွှေး၊ စိတ်အေးဖွယ်ဂန္ဓာ
နှင်းဆီမာလာ၊ ဘယ်ညာလှည့်လူး
လေမင်းတေးဆို၊ ရွှင်ရေးပို
ပင်ပျိုနှင်းဆီမြူးသည်နှင့်လေး။

လေမင်းတေးကျူး၊ နွဲ့လူးသည်မာလာ
သူတို့နှစ်ဦး၊ ရွှင်မြူးပုံခြင်းအရာ
ခင်လေးပျိုမှာ၊ ပျော်ချင်ပါလဲ
ချစ်ဦးမလာ၊ ကိုယ်တည်းသာ
စိတ်မှာပျော်နိုင်ဘဲငယ်နှင့်လေး။

ပျိုလေးချစ်ခဲ၊ မောင်လဲမပေါ်
စိတ်မှာမချမ်း၊ လွမ်းလွမ်းနှင့်မယ်မြော်
ဘိုးခေါင်ငှက်တော်၊ ကျူးကြော်ညံ့ကြွေး
မဖိုပျော်ပျော်၊ တူနှစ်ဖော်
ထူးခေါ်ကာ နှုတ်ချွေမေးသည်နှင့်လေး။

ဖေါ်ကွဲချစ်ဝေး၊ ခေါ်မေးပြောင်လှောင်

အလွမ်းနှင့်အဆွေး၊ မအေးသည်အရောင်

ဖူးစာနတ်မောင်၊ မုန်းရောင်နှင့်ငြိုး

ချစ်ဦးငယ်လူညို၊ ချစ်တေးမဆို

ဗျာပိုကာ သောကတိုးသည်နှင့်လေး။

နွမ်းလျစိတ်ညှိုး၊ ပူမျိုးပြင်းသော်

သနားမိစိတ်တွင်း၊ လ,မင်း ငွေစန္ဒော်

မျက်နှာမဖေါ်၊ မပျော်မပြုံး

သုန်ကာမှုန်ကာ၊ လွမ်းစိတ်ဖြာ

မျက်နှာတိမ်မှာ ဖုံးသည်နှင့်လေး။

နလုံးငယ် မသာယာ၊ လွမ်းတာမြင့်တော့သည်။

ပျိုလေးငယ် ခင်သူဇာ၊ ဆွေးသာရင့်တော့သည်။    ။

.............................................

**ချစ်မိခင်သို့ (မြို့မကျောင်းသို့)**

မြို့မဆို ကျောင်းတော်ပါးဆီက

ချစ်မိခင် ခေါ်သံကြားရတော့

နားစွင့်လို့ ထောင်မိတယ်။

"လာပါလေ ပျော်ပါလှဲ့"ပါတဲ့

ခေါ်တဲ့သံ နာယူခံလို့

မေ့သက်နံ့ ချစ်သမီးမှာဖြင့်

ရိပ်ထီးလှုံ သည်ဂေဟာက

မေ့စရာ မြို့မနန်းဆီသို့

လှမ်းဘို့ကြံရွယ်။

ပစ်မသွေ ပယ်မရှားပါဘု

ချစ်မေမေ မယ်စကားကိုဖြင့်

ချိုနားနဲ့ နာခံလွယ်

လာမယ်ပွဲမနေး။

နေ့ရက်ကယ်မကြာ

မေ့သက်လှယ် အမြန်လာလို့

မယ်စံရာ ကနက်ထီးမှာလ

ချစ်နှောင်တော် အမကြီးတွေနဲ့

ဆုံစည်းကာ တကယ်မော်လို့

မေ့မျက်ဖျော် တူပျော်အုံးမှာပေါ့

ချစ်ဆုံးကို သာတကြည်နဲ့

အခါမှီ ဌာနီနန်းဆီက

မေတ္တာတော် ရေကြည်ဖြန်းလို့ရယ်

လှမ်းကြိုပွဲလေး။ ။

.............................................

**ရွှေမန်းစာဆို**

မန်း-မန္တလာ ရွှေပြည်ရပ်ဆီက

စန်း-စန္ဒရာ ငွေခြည်နတ်လိုပ

ဂုဏ်ရည်လျှပ်ပါလို့ မျိုးသမ္ဘာပြောင်

သြော် -စုံညီဆက်ကြပါတော့ တို့စာစောင်။

ခန်းအဝဝငယ်နှင့်

နန်းမ,ရွှေမြေနယ်က

ရာဖွယ်ဖွယ် ဖန်ချယ်ဆန်းပါဘိ

သမ္ဘာကြွယ် စာနယ်စခန်းမှာ

လျှမ်းလိမ့်ဂုဏ်ရောင်။

မန်းစာဆို ထိုကဝိငယ်တို့

စွမ်းတာတွေကို အလိုရှိတာဖြင့်

တိုတိုနဲ့သိနိုင်ဘို့ နှုတ်ကာမြှောင်

ထုတ်ကာဆောင်ပါလို့ စာစောင်ဖွဲ့။

ရွှေမန်းစာဆို

ဝေလျှမ်း သဒ္ဓါပိုလို့

ကဗျာတို စာချိုကလေးကိုလ

စီရေးကာ စေတနာနှင့်

ပြေဗမာ ဆွေညာအပေါင်းတွေသို့

သွေဘာယာ ရေကြာညောင်းကာပ

ကျန်းမာစွာ ချမ်းသာကြောင်းရယ်နှင့်

ရန်ပေါင်းတွေ ရှောင်သွေဖိဘို့

ထူးတလည် ဆုရည်မြွက်လို့ငယ်

နှုတ်ဆက်ပါရဲ့။ ။

.............................................

**ရှုမဝ**

ပြာရီဝါစို၊ မီးမြင့်မိုလည်း

ဖြူညိုပြိုးပြက်၊ ဝင်းလက်လက်နှင့်

မြင့်လျက်တလီ၊ နိမ့်နိမ့်စီ၍

နေရီတိမ်ပန်း၊ ညနေချမ်းနှင့်

တင့်ဆန်းလှပ၊ ပန်းရသည်

ရှုမဝနိုင်ပါတကား။

ကြာနီကြာညို၊ ရေတခိုဝယ်

ပျံ့ချိုကြိုင်အေး၊ ရနံ့မွှေးခဲ့

နံ့သွေးပိုမို၊ ကြာဖြူပိုလည်း
စိုစိုရွှရွ၊ ဆွတ်ဆွတ်လွသည်
ရှုမဝနိုင်ပါတကား။
သာကီညာပျို၊ နေညိုညိုဝယ်
ရွှင်ချိုကြည်အေး၊ ပြုံးဟန်လေးဖြင့်
ကန်ဘေးဌာန၊ ဤဒေသမှ
မိုးဝကောင်းကင်၊ မျှော်သည့်သွင်ကား
နယဉ်နွဲ့လျ၊ ရှင်းရှင်းပသည်
ရှုမဝနိုင်ပါတကား။ ။

..............................................

**ရတနာ**

မြူလွှာစင်ပ၊ ပြာသည့်ညဝယ်
ဖိုးလ,စန္ဒာ၊ ရတနာတည့်။
လကွယ်ညဘက်၊ မှိုင်းမှုန်နက်သော်
ဝင်းလက်တာရာ၊ ရတနာတည့်။
ဖြေဆန်းမတတ်၊ စိတ်အားပြတ်၍
လွမ်းဆွတ်ညှိုးလျော့၊ ခွေနွမ်းပျော့က
နော့နော့ကာဆို၊ သာယာပိုသည်
တေးဆိုကဗျာ၊ ရတနာတည့်။ ။

..............................................

**ချစ်လှစွာသော ငွေဝတ်ရည်သို့**

ဘုံခလေ့ပေမို့
ကြုံတွေ့လျှင် တဖန်ကွဲကြမတဲ့
တရားဆို ထိုဓမ္မကိုလ
ကြားအစဉ် နားတွင်ဝပေမယ့်
ဩော်...... ကြုံရ တကယ်ဆိုင်တော့
ဖြေမနိုင် ခွေယိုင်နွမ်းပါမိ
ကျွမ်းလုလု ကြွေမလို။
မပြယ်စွမ်းနိုင်ဘု
ငယ်ကျွမ်း ကြင်ဖေါ်ဆွေမို့
လ,ထွေထွေ နှစ်တွေညောင်းကာပ
သုံးရာသီ စုန်ဆန်ပြောင်းပေမယ့်
ငယ်ပေါင်း ဆွေသာကီဖြင့်
ငွေတာရီ ဘယ်မှာ မေ့နိုင်လိမ့်
တွေးလိုက်လျှင် ဘဝင်စိမ့်လို့ရယ်
ဆွေးသိမ့်သိမ့်ဖို။

သူငယ်ချင်းပေမယ့်

ချစ်ခြင်း ဘယ်မကွာဘု

ဆုံးမရှာ ဩဝါဒတွေနဲ့

အရာရာ သင်ကာပြလေတော့

ဩော် .........သာစွ နားဝင်ချိုမိ

ငွေဝတ်ပျို သူ့ထံပါးကိုဖြင့်

သွားပါလို့ အစဉ်စို

ရှင်ချိုလို့ကြည်ပြုံး။

အခုတော့လေ

ဘယ်လမ်း ဘယ်ဌာနေသို့

ချစ်သူမေ ရှောင်သွေသွားလေသိ

ခွဲခွါလျှင် ကွဲကွာခြားလေပေါ့

ပျော်ပါး နေနိုင်ပါဘု

သံသရာ သည်ခရီးမှာလ

ဆုံစည်း အတူမော်တဲ့

ရှင်ပျော်ပျော် ဟိုစဉ်များကိုလ

ကြားယောင်ယောင် မြင်ယောင်လှလို့ရယ်

(ငွေဝတ်ရည်ရေ) တမ်းတမဆုံး။ ။

**အနောက်မှ**

ကုလားတို့ပြည်၊ ဟူဘိသည်လည်း

မကြည်မသာ၊ ပျင်းစရာတည့်။

ဘယ်ညာမြောက်လှည့်၊ ရှေ့နောက်ကြည့်သော်

ပျော်မည့်အရေး၊ မရှိဝေးခဲ့။

ကိုယ့်ပြည်ကိုယ်ဌာ၊ မိမြန်မာမူ

ဆည်းဆာရောင်တောက်၊ ဤချိန်လောက်၌

ခုန်ပေါက်ပြေးလွှား၊ မြူးကစားလျက်

ဆွေသားမိနွယ်၊ အသွယ်သွယ်သည်

ဘယ်ဝယ်လူတိုင်း-သာခဲ့သည်။

မွေးပြည်ဌာန၊ ပြန်ချင်စွဟု

တ,သ,မှိုင်ငေး၊ တကိုယ်ဆွေးလျှင်

လွမ်းတေးကဗျာ၊ သီကုံးကာဖြင့်

တီတာဖွဲ့နွဲ့၊ လွမ်းနယ်ချဲ့၍

ယဲ့ယဲ့စိတ်နွမ်း ပန်းခဲ့ပြီ။ ။

.............................................

**မဒရပ် သောင်ခုံ လှမျိုးစုံ**

ညနေချိန် တိမ်တွေလှတော့
ကမ်းမော်လွ သဲသောင်ခုံ
မှိုင်းညို့နမှုန်။
လေညှင်းငယ်သုန်၊ ပျော်ပုံနဲ့ကြူအား။
ခရုတွေ သောင်ငွေပြန့်မှာ
ဝင်းဖန့်ဖန့်ကြွား။
ပင်လယ်ရေ ပြာရောင်ရင့်
လှိုင်းဆင့်ဆင့် မြူးကာငယ်
ထူးတင့်လှတယ်။
ရေပြင်ကကျယ်၊ မြင်လွယ်ဘုဟိုဘက်ကမ်း။
မိုးကုပ်ဆို ဟိုစက်ဝိုင်းမှာ
မှိုင်းညို့ညို့သန်း။
ငွေသဲခုံ ဖြူဖြူလွှမှာ
ကိုတံငါ့ အိမ်ဂေဟာ
တန်းလို့ စီကာ။
သူတို့ဘာသာ၊ ဝမ်းစာမို့ပေလား။
လှေငယ်ငယ် ပင်လယ်ကျူးလို့
ကူးဝံ့သတဲ့ဗျား။
ဖြူနီဝါ ရောင်စုံလှလို့
ပန်းမာလာ ဖူးငုံအာ
သင်းပျံ့ထုံစွာ။
ရှုလေရာ၊ စိတ်မှာဖြင့်ကြည်အေး။
သည်ကမ်းခြေ ညိုတလျှောက်မှာ
လှျမ်းတောက်လို့လေး။
ဆည်းဆာချိန် တိမ်အတောက်မို့
လမ်းလျှောက်တဲ့ ပျိုတဖော်
လှရက်ပေ့နော်။
ငေးစိုက်လို့မျှော်၊ ရည်ရော်လို့စိတ်မှန်း။
ကိုလှပျို ညိုညိုညက်တို့မှာကွယ်
ပင့်သက်ရှုခန်း။ ။

..............................................

**အိမ်ပြန်ခရီး**

နံနက်ခင်းဝယ်
နေမင်းရောင်ဝါ၊ ဝင်းလက်ဖြာသော်
ပြာပြာနက်မင်၊ ပင်လယ်ပြင်သည်
ရွှေသွင်ဝင်းလျက် လာတကား။
ညှိုရိပ်မထင်၊ ထက်ကောင်းကင်လည်း
တိမ်စင်မြူကွာ၊ ကြည်ပြာပြာဖြင့်
ငုံ့ကာစေ့ငု၊ ပြုံး၍ရှုတည့်။
လေပြေအေးလည်း
ဖြေးလေးညင်သာ၊ တေးဂီတာဖြင့်
သာယာကြည်ချို၊ သီကာဆိုတည့်။
သဘော်ဦးမှ၊ ဖွာရာကျသည့်
လှိုင်းစ,ရေပွက်၊ ငွေရောင်လက်လည်း
ကလျက်ခုန်ကာ၊ မြူးတူးစွာတည့်။
လေပြေခတ်မူ၊ လှိုင်းခေါင်းပြူတို့
စိတ်တူညီလျက်၊ လွန်နှစ်သက်၍
ဟက်ပက်သံသာ၊ ရယ်မောကာတည့်။
ရွှေရောင်ဝင်းလက်၊ ပင်လယ်ထက်၌
ရေပွက်ကခုန်၊ ပျော်မူကြုံ၍
ဖုံဖုံတေးဆို၊ လေနပျိုနှင့်
ကြည်ချိုရယ်မော၊ လှိုင်းမချောကို
ရောနှောရွှင်ဟန်၊ ကောင်းကင်ယံလည်း
ပြုံးပြန်ကာရှု၊ ကြည်လင်ပြုသော်
မျက်ရှုစာဆို၊ ပင်လယ်ညိုက
အိမ်ကိုမျှော်မှန်း၊ စိတ်ဝယ်လန်းသည်
စခန်းမကွာတော့ တကား။ ။

...............................................

**မရေးနိုင်သော ကဗျာတပုဒ်**

ဤတညမှာ
မိုးလယုန်မင်း၊ မြူတိမ်ကင်း၍
ဝင်းဝင်းလက်ကာ၊ နေသည်သာတည့်။
မိုတ်တုံလက်တုံ၊ ကြယ်ငွေမှုန်တို့
တိမ်ဘုံထက်မှာ၊ ပြုံးလျက်သာတည့်။
နှင်းဆီနုဖပ်၊ ကွေးငုံလှပ်၍
မိုးရပ်တိမ်ဆီ၊ လ,စန္ဒီကို
ပြုံးရီလည်မော့၊ ကြည့်ပြန်တော့တည့်။

လေပြည်ညှင်းညှံ့၊ သင်းပျံ့ပျံ့ဝယ်
သန့်သန့်သဲ့သဲ့၊ တေးချိုနွဲ့လည်း
တိမ်းငဲ့ဘယ်ညာ၊ ဝေ့ဝိုက်ကာတည့်။
ငါတမူကား၊ စိတ်လွင့်ပါး၍
ရွှေ့လျားမတည်၊ ဝေ့ဝေ့လည်မိ
ငွေရည်လဲ့ရွှန်း၊ စန္ဒီဝန်းကို
မျှော်မှန်းမေ့လျော့၊ ကြည့်ပြန်တော့လျှင်
ပြုံးမော့ချိုသာ၊ "သူ့မျက်နှာ"တည့်။
ကြယ်တာရာမူ
ပြုံးကာတချက်၊ ရယ်တကွက်နှင့်
ဝင်းလက်ချိုပြုံး၊ "သူ့မျက်လုံး"တည့်။
နှင်းဆီနုဖပ်၊ ကွေးငုံချပ်ကား
စေ့စပ်နီမြန်း၊ "သူ့နှုတ်ခမ်း"တည့်။
သန့်သန့်သဲ့သဲ့၊ တေးချိုနွဲ့မူ
ချစ်ဖွယ့်နှုတ်ခမ်း၊ နှင်းဆီပန်းမှ
ချစ်ခွန်းဆက်သ၊ သံချိုမြတည့်။
ဤသို့ဤပုံ၊ ထင်လတ်တုံသော်
ရင်ခုန်ပန်းဟိုက်၊ ပင့်သက်ရှိုက်၍
လှိုက်-လှိုက်ကာလာ၊ အို-ဘယ့်နှာသည်
ကဗျာမရေးနိုင်တော့-တကား။ ။

..............................................

**ဘုန်းမြင်လှည့်ဘုရား**

တန်ဆောင်မုန်းပေမို့
မောင်ဘုန်းကိုတဲ့ရမ်းကာရော်။
ထိန်ထိန်ညီးပါတဲ့
ဆီမီးငယ် ပူ ပူဇော်လို့
ဂူဂူတော် မြတ်သျှင်ကျောင်းဆီက
ငယ်ချစ်ဆွေ လာစေကြောင်းကို
တောင်းဆုနဲ့မျှော်။
တန်ဆောင်တိုင်သည်လိုထူးပေမင့်
မရွှင်နိုင် ပျိုမမြူးသာဘု
ဟိုတဦးရယ်ကြောင့် ဖြေမပျော်
မြင်တော်မူလှည့်မောင်ဘုရား။
မျှော်တိုင်းခုဝယ်
လမင်း ငွေမှုန်ချယ်လို့
ဆီမီး ရောင်စုံသွယ်တော့

ချစ်သက်လှယ် မောင့်ကိုလွမ်းမိရဲ့
သြော်-တူအပြိုင် ဂူလိုင်နန်းမှာဖြင့်
မေတ္တာကို သစ္စာဖြန်းနိုင်ဘု
တကိုယ်ရေ ပျိုမေပန်းလှချည့်
(မောင်ရယ်)ကျွမ်းလှခုများ။ ။

.............................................

**လထဲက မေ့ပုံလွှာ**

မြစန္ဒာ ငွေရောင်လက်တော့
ချစ်ဖက်နဲ့ တူနှစ်ကိုယ်
လရိပ်မှာခို။
ချစ်တဲ့ပျို-ရှင်ချိုလို့ကြည်အေး။
ရံဝန်း တာရာစုံတဲ့
မြနန်းဘုံ ဝေယံကြော့ကို
ပြုံးမော့လို့ငေး။
ပြုံးမော့လို့ ငေးမိလျှင်
ငွေသော်တာ ပြည့်ပြည့်ရွှန်း
ဝန်းစက်စက်ထင်။
ကလေးငယ် မွေးမယ်ချော့စဉ်က
တေးနော့တဲ့ ယုန်အသွင်
ပုံတင်လို့ သူရှုစား။
လ,ဝန်း ငွေရည်စိုတော့
အဘိုးအို ဆန်ကိုဖွပ်တောင်
မြင်အပ်သတဲ့ဗျား။
"ငွေလမှာ ယုန်ဝပ်လို့
ဆန်ဖွပ်တဲ့ ပုံအနေ၊
မြင်သေးမောင်ရေ"တဲ့။
ချစ်ကြင်ဆွေ၊ ခင်မေကဆိုတော့
ဟင့်အင်းကွယ် မောင်မမြင်ဘု
မေ့ရုပ်သွင် သော်တာဝန်းမှာ
ရွှန်းစိုလို့ကြော့။ ။

.............................................

**ပဒေသာတည့်**

မှောင်ခြုံလွှမ်းလျက်
ထက်နန်းအာကာ့၊ မှိုင်းမှုန်ပြသော်
စန္ဒတာရာ၊ ပဒေသာတည့်။
ရောင်စုံလျှမ်းလက်

မီးပန်းရှက်သွယ်၊ အနွယ်နွယ်သည်

အံ့ဘွယ်ရှုရာ၊ ပဒေသာတည့်။

ဆောင်ဘုံနန်းထက်

မြှော်မှန်းတွေးထင်၊ ဖူးလက်တင်သည်

စိတ်တွင်ထွေရာ၊ ပဒေသာတည့်။ ။

..............................................

**ရတနာကဗျာများ**

**(၁၉၅၀)**

**အခန်း(၁)**

**နွေဦးရတနာ**

နွေတန်ခူးဆိုလျှင်

ရွှေလူးသည့် ပွင့်ညာတံမှာ

စိမ်းမြလျှံ ရွက်သစ်ဖုံးပါလို့

မြိုင်လုံး ကြိုင်ကြိုင်သင်းတာက

ဝင်းလဲ့လဲ့ ပိတောက်ဝါ။

.......သြော်-ရှုရာမျှော်တိုင်း၊

ရွှေရောင်လှိုင်းမှာ၊ မြမှိုင်းလို့ဆင့်

လေရူးအချီ ပွေပလီ

မြေဆီသို့လွင့်ကြတော့.........

ရွှေပွင့်ရွှေဆင့်၊ ရွှေရွှေရောင်ဝင့်လှချည့်

လျှမ်းတင့်ပုံထူးပါတဲ့ နွေဦးရဲ့ ရတနာငယ်။

မရွှေဘူးဆိုလျှင်

ကြွေဦးမည့် ပုံသဏ္ဍာလို

ဖွေးစိုစို မွှေးချိုသင်းပါဘိ

ခိုင်ချင်း ဝေဝေညွတ်တာက

နုထွတ်ထွတ် ဖြူစပယ်။

.......... ဒို မြိုင်လယ်အဆုံး

တတောင်လုံးမှာ သူဖုံးလို့ပေါ့

ဆောင်းလပေမန် နှင်းငွေလျှံ

လေပြန်နှင့် ဆော့ကြသလို

မူနော့ ဖြူဖျော့၊ ငွေ-ငွေရောင် ကြော့လှချည့်

မော့မော့ကလေး ဖူးပါတဲ့ နွေဦးရဲ့ ရတနာငယ်။ ။

..............................................

**မိုးဦးရတနာ**

တပေါက် နှစ်ပေါက်၊ တိမ်ကိုဖေါက်၍

ဖြိုးဖြောက်မြည်ကြွေး၊ ခုန်ချပြေးသည်

ဖွေးဖွေးသစ်သစ် ပုလဲနှစ်။

စိမ်းစိမ်းစိုစို၊ ရွှက်ထိုထိုဝယ်

မှီခိုနေနား၊ ရပ်တန့်ငြားက

မြသားရောင်သို့ ရှိမ်းရှိမ်းညို့။

တိမ်လွှာအက်မှ

ပြူထွက် ထွန်းပ၊ နေရောင်ခ,သော်

ကြိုးကြွရောင်ရှက်၊ ထိန်ထိန်လက်၍

ကျောက်မျက်စိန်သို့ ဝင်းသတည်း။ ။

..............................................

**ဆောင်းဦးရတနာ**

နှင်းရည်ဖွေးဖွေး နနကြည်

ပုလဲနှစ်သို့ သစ်လိမ့်မည်။

မေရဲ့လည်မှာ ဆွဲမယ်ဆို

ပိုးကြိုးလေးနဲ့ သီဘို့လို။

နှင်းရည်ဖွေးဖွေး နနကြည်

ပုလဲနှစ်သို့ သစ်လိမ့်မည်။

ဆောင်း၏နံနက် နေထွက်သည်

ကျောက်နီရွဲသို့ ရဲလိမ့်မည်။

မေ့လက်ချောင်းမှာ ဆင်စေလို

ရွှေနဲ့ကွင်းဘို့ လိုသကို။

ဆောင်း၏နံနက် နေထွက်သည်

ကျောက်နီရွဲသို့ ရဲလိမ့်မည်။

ဆောင်းတွင်းမှာမို့ ပြောတာနော်

ချစ်သူမောင့်သက် လှသော်မော်။

နွေပေါ်ယင်တော့ ဆင်နိုင်ဘူး

ချစ်သူမောင့်သက် လှထွတ်မှူး။ ။

..............................................

**ကဗျာဆရာ့အိမ်မက်**

**(အနုပညာသည်၏ ဥပါဒါန်)**

"စာဆိုဦးမည်"၊ စိတ်ကြံစည်၍

နေခြည်ဖြာစ၊ နံနက်ထ,က

ကြံဆ,အားထုတ်၊ ကြိုးတကုတ်သည်

တပုဒ်ကဗျာ-ဖြစ်ပေါ်ရေး။

ဆောင်း၏နံနက်၊ ဤနေထွက်မှာ

ဝင်းလက်ရောင်ဖြာ၊ စိမ်းစိုပါလည်း

ကဗျာမမြောက်၊ ဂုဏ်မတောက်ခဲ့

နင်းပေါက်ဖြူမှာ

နေပူထိသော်၊ အရည်ပျော်လိမ့်။

နေ့ခင်းအချိန်၊ ပူရှိန်ရှိန်နှင့်

မငြိမ်လေရူး၊ ပြေးခုန်မြူးလည်း

စိတ်ကူးမယဉ်၊ ဥဏ်မရွှင်ခဲ့

လေနင်ခ,သော်

ကြွေကျရွက်ခြောက်၊ မြေပေါ်ရောက်လိမ့်။

ဆည်းဆာတိမ်တောင်၊ ရောင်စုံဆောင်၍

ပန်းရောင်လိုလို၊ ညိုတိုတိုဝယ်

မှုန်ခိုတချက်၊ ဝါရွှေပြက်လည်း

စုတ်ချက်မပိုင်၊ ပန်းချီမှိုင်သို့

နွမ်းယိုင်တကိုယ်၊ စာမဆိုခဲ့

ရွှေလိုဝင်းလည်း၊ ညခင်းမှောင်လယ်

ရောင်စုံပြယ်လိမ့်။

ညလည်းမှောင်ပြီ

လရောင်တဝက်၊ ရိပ်တကွက်နှင့်

အုံးစက်ဘွေဝှန်၊ လျောင်းမိပြန်လည်း

ကာရန်ကိုသာ ၊ ရှာလျက်ပါတည့်။

ဤသို့နှင့်ပင်

လျောင်းစဉ်အခိုက်၊ မူးတမိုက်နှင့်

မျဉ်းငိုက်တဆိတ်၊ မျက်လုံးမှိတ်မိ။

တကိုယ်ချင်းလျှင်

လျှောက်ယင်းထွက်လာ၊ လ,သာသာဝယ်

ကဗျာသီကျူး၊ ထိုစိတ်ကူးနှင့်

ကြည်နူးစရာ၊ ပျော်စရာတည့်။

ခရမ်းပွင့်လည်း

ဆင့်ဆင့်သွယ်သွယ်၊ အနွယ်နွယ်နှင့်။

ရွှေနှင်းဆီမူ

ဖြူနီဝါကြား၊ ပွင့်ချပ်ကားနှင့်။

နင်းပန်းဖြူကား

မွှေးကြူရနံ့၊ သင်းပျံ့ပျံ့နှင့်။

ကျောက်ခက်စိုစိမ်း

မြရည်လိမ်းလို့၊ ရှိမ်းညို့ညို့နှင့်။

ပန်းတပွင့်ကို

လှမ်းလင့်ဆွတ်ချူ၊ ခူးမည်ဟူ၍

စိတ်ယူစွဲပိုက်၊ လက်လှမ်းလိုက်သော်။

ခရမ်းပွင့်မှု၊ ဂုဏ်နိမ့်သူတည့်။
ရွှေနှင်းဆီကား၊ ဆူးကများ၏။
နှင်းပန်းဖြူဖြူ၊ အဆိပ်ထူလျက်။
ကျောက်ခက်ကြမ်းကား၊ ပန်းမဟုတ်တည့်။
"အို-ဟယ်" စိတ်ပျက်၊ ပြန်လာထွက်သော်
ဝင်းလျက်ဝါဝါ၊ လစန္ဒာသည်
ပြုံးကာကြည့်လျက် နေသတည်း။
ကြယ်ကလေးက
ချီမျက်စ,နှင့်၊ မိုတ်ပြပြောင်တောင်
ငါ့ကိုလှောင်လျှင်၊ ဟန်ဆောင်နိုင်ဘဲ
လွှတ်ကနဲတည့်၊ အော်လိုက်မိမှ
သတိရကာ၊ လန့်နိုးလာသည်
ကဗျာအိပ်မက် စင်းသလော။ ။
..............................................

**လှည်းယဉ်ကလေးစီးကာလည်**
**(အနုပညာသည်၏ဆန္ဒ)**

သွားရအောင်ကွယ်
မြို့ကျယ်အဆုံး၊ အနောက်ကုန်းက
မြတ်ဘုန်းဂူမော်၊ စေတီတော်သို့။
"ဘာနဲ့သွားမယ်-ပြောစမ်းကွယ်"တဲ့
မွေးမယ်မာတာ၊ မေးသည့်ခါဝယ်
ငါ့မှာတွေကာ၊ အဖြေရှာမိ။
အပြင်ဘက်တွင်၊ နီလွင်လွှင်ဖြင့်
နေရှင်လဲ့ကြည်၊ နှင်းဥစီသား
ရာသီချမ်းဆောင်း၊ နွေသို့ပြောင်းသည့်
တပေါင်းလ,ဦး ချိန်ခါတော်။
"မေလိုက်မယ်ဆို-ဘုရားကို"တဲ့
လူညီနွဲ့နွဲ့၊ သံသဲ့သဲ့နှင့်
ပြောခဲ့ယခေါင်၊ ကြားမိယောင်တည့်။
လှည်းယဉ်ကြော့ကြော့၊ မြီးကော့ကော့ထက်
ပြုံးမော့ချိုသာ၊ ကြည်မျက်နှာနှင့်
လာပါတော့ဆို၊ ခေါ်သလိုကို
လှပျိုချောအိ၊ မြင်ယောင်မိလိုက်။
တဖက်တွင်မူ
သစ်လွင်လှပ၊ ရောင်ကြွကြွတည့်
မှုန်းသ မှန်ကား၊ အခန့်စားထက်

ကြွားရွှားဂုဏ်ထယ်၊ ဟန်ကြွယ်ကြွယ်နှင့်
လူရွယ်တယောက်၊ ခရီးထောက်လျက်။
မွေးမယ်စိတ်မူ၊ ဘယ်ဘက်လူကို
ကြည်ဖြူစိတ်ရှိ၊ ငါမသိတော့
တွေးမိတွေးရာ၊ ငေးမောကာဖြင့်
ငါ့မှာစိတ်ကူး၊ အထူးထူးတည့်။
အကယ်၍သာ၊ ဂုဏ်မောက်စွာဖြင့်
ကားပြောယာဉ်ထက်၊ ခရီးထွက်က
တောဖက်ရှောင်ခွါ၊ ကျောက်လမ်းတာမှ
လျင်စွာမောင်းနှင်၊ သွားဘို့ပင်တည့်။
မြေလွှာဖုန်မှုန်
မခုန်မထ၊ နေမခ,ဘူး
ချိုမြလင်္ကာ၊ မာဂဓာလည်း
ဘာသာဘာဝ၊ မကြားရတည့်။
ဂုဏ်ကြွဂုဏ်တောက်၊ ဂုဏ်ဂုဏ်မောက်၍
ထွက်ပေါက်မလွယ်၊ ဂုဏ်ရောင်ခြယ်လျက်
ဖုံးကွယ်ဟန်ဆောင်၊ နေမချောင်တည့်။
အကယ်၍သာ

နွားပြာမော့မော့၊ လှည်းကြော့ကြော့ထက်
ဘေးနော့လူညို၊ သူနှင့်ဆိုလျှင်
မြိုင်လှိုင်ရုပ်ကြား၊ တိုး၍သွားလိုက်
ပွင့်ကားငွေကြယ်၊ တောစပယ်ကို
တနွယ်တခိုင်၊ အကုန်ချိုင်ဦး
ရေအိုင်စပ်စပ်၊ ကမ်းပါးပြတ်မှာ
လှည်းရပ်လိုက်ဦး၊ ကြာတွေခူးလို့
ကြည်နူးစရာ၊ စမ်းယဉ်မှာလျှင်
ဆင်းကာရေမိုး၊ ပျိုမေချိုးလို့။
အို ဘယ့် မိခင်၊ ကျေးရူးရှင်ရယ်
ဂုဏ်တွင်နစ်မွန်း၊ ဂုဏ်ရုံဝန်း၍
စခန်းသာယာ၊ လွတ်လပ်စွာကို
ဖွေရှာမတွေ့၊ ဂုဏ်ဝေလေ့ဖြင့်
မမွေ့ချင်ပါ၊ မပျော်ပါတည့်။
သဘာဝ၏
လှပ,ဆေးခြယ်၊ တောတောင်လယ်က
ချုတ်ချယ်မရှိ၊ ပျော်အတိနှင့်
လွတ်သည့်လမ်းသာ၊ စခန်းတာဝယ်

သက်လျာလူညို၊ သူနှင့်ပိုလျှင်

သွားလိုပါ၏၊ ခွင့်ပြုဘိတော့။

ညအခါဝယ်

မိုးပြာနက်တွင်၊ စိန်ကြယ်တင်၍

ငွေသွင် လ,ဝါ၊ ရောင်ခြည်ဖြာပြီး

သံသာကြွေးမြွက်၊ ခွန်းနှုတ်ဆက်သည့်

ညငှက် မ,ဖို၊ တေးသံချိုသော်

နှစ်ကိုယ်ပျော်စွာ၊ ပီတိဖြာတည့်။

မောင့်မှာလေချို၊ ပလွေတိုနှင့်

မေပျိုချောနု၊ တေးကိုညှုလို့

ချစ်သူ့ရင်ခွင်၊ မှီလျက်ပင်လျှင်

မြတ်သျှင်နန်းသို့ မြန်းကြစို့။ ။

..............................................

**စာဆိုသေလျှင်**

**(အနုပညာသည်၏ သံဝေဂ)**

စာဆိုသေလျှင်

ချစ်ဆွေတဦး၊ သူရည်စူး၍

ကြည်နူးဘွယ်တွဲ့၊ ကုံးသီဖွဲ့သည့်

တေးနွဲ့ကဗျာ၊ ပေါ်ထွက်လာ၏။

သက်ရှိစဉ်က

အမျှင်မပြတ်၊ အထပ်ထပ်တည့်

ရေးစပ်ပြုစု၊ ကဗျာမှုနှင့်

စာနစာယဉ်၊ စာဆင်ဆင်လည်း

သခင်နှင့်တူ၊ မလိုက်မူခဲ့။

ဘဝသစ်ဆီ၊ သူလှည့်လည်သော်

ပြိုင်မည်စောင့်စား၊ သူတွေကြားဝယ်

သနားစဘွယ်၊ တအားငယ်လျက်။

စာဆိုတဆူ၊ မှန်ပေမူလည်း

အတူမကွာ၊ စာမပါခဲ့

ကဗျာတေးနု၊ ဤတခုလည်း

ခြားသူ့စာသာ၊ ဖြစ်လေပါတည့်။

အသစ်ရေးမည်၊ ကြံစိတ်ရည်လည်း

ဖွဲ့နည်းနိုင်ပါ၊ ကာရန်မရ

စာမလှတည့်၊

ဘဝသည်မှာ၊ သစ်လှပါ၏။

ကြောင်းရာမျှော်မှန်း၊ သစ်အဆန်းတည့်။

မြင်မြင်သရွေ့၊ အသစ်တွေ့၏။
ပမာဆိုသော်
နုစိုထွားရှား၊ နှင်းဆီများဝယ်
ဆူးကားမရှိ၊ ချောညက်ဘိ၏။
ပုံ့ပျူးသာယာ၊ ကျောက်လမ်းတာ၏
များစွာကျောက်ခဲ၊ ဖြူပုလဲတည့်။
စိုစိုမြင့်မြင့်၊ ပင်ဆင့်ဆင့်လည်း
မပွင့်ဘဲချည်း၊ အသီးသီး၏။
ကျေးငှက်ထိုထို၊ တေးမဆိုဘဲ
လူလိုစကား၊ သူပြောကြား၏။
ဝင်းဝင်းလက်လက်၊ ပိုးစုန်းနက်လည်း
ညဖက်မရွှန်း၊ နေ့ဖက်ထွန်း၏။
ငွေခြည်လွှမ်းခြုံ၊ စန်းငွေယုန်လျှင်
ကြေးမုံအသွင်၊ အရိပ်ထင်၏။
မို့မို့မြင့်မား၊ ကျောက်တောင်ဖျားဝယ်
ပွင့်ကားချပ်လွှာ၊ ပဒုမ္မာတည့်။
အဘယ်သို့လျှင်၊ စာဆိုရှင်သည်
နယဉ်စာသား၊ ရေးနိုင်အားလိမ့်။
ဘဝဟောင်းတွင်
သောင်းသောင်းညာညာ၊ အောင်ဩဘာဖြင့်
များစွာလျှမ်းတင့်၊ ဂုဏ်ရည်မြင့်လည်း
အခွင့်မကြုံ၊ ဤရိပ်မြုံဝယ်
ခိုလှုံစရာ၊ မရှိပါတည့်။
တကယ်ဆိုသော်
ထိုထိုဘဝ၊ တခါကလျှင်
မည်မျှတင့်တယ်၊ ဂုဏ်ရည်ကြွယ်လည်း
ကွယ်လွန်ပြီးလစ်၊ ဘဝသစ်တွင်
အနှစ်မပါ၊ အကာမထယ်
တအားငယ်သည်
ကိုးကွယ်စရာ၊ မရှိပါသို့။ ။

..............................................

**အဝါ**

လမင်းက ဝါ
သာသာပ ဖြန့်ကျင်း။
အာကာမှာ တာရာမှုန်းတော့
ပြိုးတဲ့လို့ဝင်း။

ရွှေဝင်းလို့ဝါ
ဗုဒ္ဓမြတ် ရောင်ဆင်း။
တိဂုံမွေ ဂုဏ်တွေစုတယ်
သုံးလူ့သနင်း။
ဆီမီးက ဝါ
သုံးရွာနတ် ခြေရင်း။
မြတ်ရင်ပြင် သည်တလျှောက်မှာ
ထွန်းတောက်လို့လင်း။
ခဝဲပွင့် ဝါ
ချွေရှာတဲ့ လေညင်း။
လေအလာ ခွေကာပျော့လို့
နော့တတ် လေခြင်း။
နသားက ဝါ
သူဇာလှ ယမင်း။
ခဝဲ ,ခိုင်ရွှေဝါသို့
လမင်း မှောင်ချွေခွာလို့
ဆီမီး ရောင်ဝေဆာတော့
စိန္တေ ယျာ စေတီဦးဆီက

မေကညာ ရွှေရည်လူးလို့ရယ်
ထူးလို့ ကြော့ရှင်း။ ။

..............................................

**အပြာ**

ပြာစို့စို့လျှင်
မို့မို့အာကာ၊ ရှုတိုင်းပြာ၏။
ပြာညို့ညို့လျှင်
လှိုင်းမို့ရေလျှာ၊ ကြည့်တိုင်းပြာ၏။
ပြာစို့နှင့်လျှင်၊ ပြာညို့ယှဉ်၍
ပြာတွင်ပြာဆင့်၊ ပြာရောင်တင့်သည်
မိုးနှင့်ရေလျှာ ဆုံရာတကား။ ။

..............................................

**အနီ**

"မီးပုံးအပြာ-ထွန်းလိုက်ပါ"ဟု
ပြောကာခဏ၊ ငါမြင်ရသည်
ရဲလှမီးပုံး နီနီတကား။
"ကြာဖြူပွင့်မော် ခူးခဲ့နော်"ဟု
မှာသော်ခဏ၊ ယူလာပြသည်

ရွှရွှကြာနီ ရဲရဲတကား။

“ဘာလို့မောင်ရယ်-နီရောင်ခြယ်လဲ”

စိတ်ဝယ်မသိ၊ မေးလိုက်မိသော်

မချိမျက်နှာ၊ ညိုရုပ်ဝါဖြင့်

“သည်မှာ ကြည့်ပါ့”၊ သူညွှန်ပြသည်

မြေကျ သွေးနီ ရဲရဲတကား။ ။

...............................................

**အခန်း(၂)**

**မသိကဗျာ**

ဖွဲ့နွဲ့ရေးစီ၊ ကဗျာသီ

မေ့ဆီ ပေးလိုက်ရာ။

သံချိုစပ်လား၊ တေးထပ်လား

မေကားမသိပါ။

ဖတ်ကြည့်ပြန်လျှင်၊ သူ့စာယဉ်

မေ့တွင် မရှင်းပါ။

ချစ်ပါကြောင်းလား၊ မုန်းကြောင်းလား

မေကား မသိပါ။ ။

...............................................

**မိုးကြိုတေး**

ငွေမိုးရယ်....... ရွာပါတော့

ရေကြည်လိုလှပေါ့။

တကြော့ နှစ်ကြော့ ထပ်ကာဆို

မြက်ခြောက် ဟစ်လို့ငို။

တေးချိုပါတဲ့ ကိုရွှေဖား

အုံ- အင် မြည်လို့ကြား။

ပင်ဖျားထက်က ဖူးတံဖြာ

ပိတောက် မြဝတ်လွှာ။

မိုးရွာပါမှ ရွှေလိုဝင်း

ရွာပ့ါ ခုချက်ချင်း။ ။

...............................................

**ကိုထွေးအမှာ**

နောက်ကျွန်းတောင်ညို ချိတ်ခိုဆွဲတဲ့

တွဲရရွဲနဲ့ ငွေစန္ဒော်။

နောက်နေ့လာယင် ညီမထွေးဖို့

ကြယ်ကလေးတွေ ခေါ်ခဲ့နော်။

တိမ်ကျွန်းဖြူဖြူ အငူစွန်းက

နေဝန်းစက်စက် ရွှေရောင်ပေါ်။
ကစားရအောင် မောင်ငယ်ထွေးဖို့
ဉသြလေးကို ခေါ်ခဲ့နော်။
ခေါ်ခဲ့နော်- ခေါ်ခဲ့နော်။ ။

...............................................

**ပဋိစ္စ သမုပ္ပါဒ်**

စစ်ဘေးကြောင့်သာ များသူငါ၊ ဆင်းရဲဒုက္ခဖြာ။
ဒုက္ခာကြောင့်ပေး ငြိမ်းချမ်းရေး၊ စိတ်ရွှင်ချမ်းမြအေး။
ငြိမ်းအေးသာယာ တို့ကမ္ဘာ၊ ကြွယ်ဝများဥစ္စာ။
စည်ပင်သာလို့ ဥစ္စာပွါး၊ မာန်မာနထောင်လွှား။
မာန်အားကိုးနဲ့ မာနထန်၊ စစ်ရဲ့အရင်းခံ။
စစ်ရန်ပိုကဲ ငြိမ်းချမ်းစဲ၊ ဆင်းရဲရောက်ပြန်မြဲ။
အမြဲတစေ မလွဲပေ၊ ဝဲလည်လှည့်လို့နေ။
ဆုံးစေအရေး မမြင်ဝေး၊ စက်ဝိုင်းကဲ့သို့လေး။ ။
(ဘာသာပြန်)

...............................................

**စာဆိုကလေး**

ရွှေကျီးသာလျှင်
သည်းချာရင်သွေး၊ သားငယ်လေးသည်
အတွေးဖြာဝေ၊ ကာရန်တွေနှင့်
"မွေးမေလာတော့-ကျီးမော့မော့"တဲ့။
ငှေဖျိုင်းပျံလျှင်
မိုးယံမော့ကြည့်၊ ကာရန်ညှိ၍
ပီတိဝေဝေ၊ သီလိုက်ချေသည်
"ဖျိုင်းရေ ပန်းပေး၊ ဟေ-ပန်းပေး"တဲ့။
လမင်းသာသော်
"ဝါဝါ"ဆိုကျူး၊ ပျော်ရွှင်မြူး၍
ကြည်နူးဘွယ်ခင်း၊ သူ့သီချင်းသည်
"ထမင်းဆီဆမ်း ကြာလင်ပန်း"တဲ့။ ။

...............................................

**လှည့်စားမှုရောင်ခြည်ရိုပ်ဝယ်**

စပယ်ပန်းက လန်းကြူကြူ။
ကြယ်ပြာပွင့်က ပြုံးမူမူ။
ညမှောင်မှာ လ,ရောင်ပြက်တော့
ဖွေးညက်ညက်ဖြူ။
မဝေခွဲနိုင်ဘု
စိတ်ထဲက အတူတူ
ထင်ယူမိ တဦး။
မလှည့်စားပါနဲ့
မှောင်ပါးကာ ငွေရည်ပြယ်လို့
နေခြည်ခြယ် လင်းရောင်ပေးယင်(ဖြင့်)
အသွေးမြင် အဆင်သိမှာမို့
နဂိုရ်သွင် မင်းဇာတိကို
ဝိလုပ်သင့်ဘူး။ ။

...............................................

**တိမ်ကြားထဲက လူပျက်ကလေး**

မိုးပေါ်မှာ ကြယ်တပွင့်
ပြုံးချင့်ချင့်နဲ့ သူကလျှောင်။
သည်မေ့မှာ ကဗျာကုံးဖို့
စာလုံးတွေ ရှာမရတော့
မှိတ်ပြ ပြောင်တောင်။
လာမစ,ပါနဲ့
ဒေါ်ပွတော့ ကြယ်လူပြောင်ရယ်
မရှောင်ဘု မင်းကိုရော။
တိမ်အထက်ဆီက
လူပျက် ကိုတာရာလို့
ချိုကဗျာ စာတွေချိုးလို့ရယ်
ငြီးလိုက်မှာနော။ ။

...............................................

**သူရဲကောင်းသုံးယောက်နှင့် ခရီးသည်**

စုံရိပ်မြိုင်ဆွယ်၊ ကန္တာလယ်

အိုဘယ် ယောက်ျား-ခရီးသွား။

ဖော်လည်း မဆွယ်၊ တကိုယ်ငယ်

အိုဘယ် လူသား-ကြောက်ဖူးလား။

ဤသို့မေးသော်

ရွှင်အေးကြည်သာ၊ ပြုံးမျက်နှာဖြင့်

"အို ဘာကိုထောက်-ကြောက်ရမလဲ

တကွ ဖော်ညို၊ 'သတ္တိ'ရှိပြီ

ချစ်သည့် သဟာ၊ 'ဇွဲ' လည်းပါ၍

မကွာ ထပ်လောင်း၊ ငယ်ကပေါင်းသည့်

ဆွေကောင်း 'လုံ့လ'၊ တူတကွတည့်

ဘေးကတူယှဉ်၊ ပါခဲ့လျှင်သော်

ငါ့တွင်သေချာ၊ အောင်ဖို့ရာတည့် "တဲ့။

ယောက်ျား ငါကိုယ်၊ မြွက်ဟ,ဆို

ဖော်မလိုဘဲ တကိုယ်ထဲ။

တော်ပေ့လူမော်၊ ပွဲတိုင်းကျော်

သုံးဖော်ဆွေလဲ၊ တူယှဉ်တွဲသည်

အောင်မြဲမုချ၊ အောင်မည်ပ။ ။

.............................................

**စိန်ကြောင်နီလာ**

ချိန်ရတီ စိန်ရည်လဲ့သလိုပ

ဝတိန်ဆီ ထိန်ကြည်မဲ့ပါလို့

ဩော် - မှိန်ချည်တလှဲ့ လင်းလိုက်တခါ။

အရောင် တောက်ပေမယ့်

တောင်မြောက် ဟိုသည်ငဲ့ပြန်တော့

ဖြူတဲ့ဟာ ဖြူတဖွေးပါဘဲ

ဝါတဲ့ဟာ ဝါအသွေးရယ်နဲ့

ပြာတဲ့ဟာ ပြာရောင်ပြေးတာကြောင့်

ငေးရှုမိပါ။

ထက်လွှာဘောင် တိမ်အကြားတွင်မှ

(အော်-ကြည့်စမ်းပါ့)

လက်ရာပြောင် ပန်းထိမ်သမားငယ်တို့

မအားရ သူ့ထက်ငါ(ငယ်)

စိန်ကြောင်နီလာတွေနဲ့ အလုပ်များ။

ငယ်ကြိုက်ကယ်

သွယ်ဝိုက်ကာ

လယ်ဟိုက်မှာ ဆင်ချင်ရာတဲ့

သည်တန်ဆာ သည်မှာတွေ့ပြီကော

ညဦးယံ မှောင်ရည်ဝေ့မှာလ

ပျိုမေ့ကို ဖေဆင်လှဲ့မယ်

စိုးနဲ့ထိပ်ထား။ ။

..............................................

**တောင့်တစိတ်ဝယ်**

"ငှါဘဝသာ

အာကာကောင်းကင်၊ ဖြစ်လိုက်ချင်တော့"တဲ့

ကြည်ပြာမိုးနှ၊ တိမ်ဝွမ်းစုကို

မျှော်ရှုသက်လှယ်၊ မြင်ကာဝယ်တည့်။

အကယ်၍သာ

ဆည်းဆာညိုမှိန်၊ တိမ်ပန်းလိမ်၏

မငြိမ်မသက်၊ ရောထွေးချက်ကို

ချောညက်ပျိုလှ၊ မြင်ပါရက

တောင့်တမည်ထင်၊ ငါမထင်မိ။

"ငှါဘဝသာ

အေးမြကန်သွင်၊ ဖြစ်လိုက်ချင်တော့"တဲ့

နလွှာဖါးလျား၊ ကြာငါးပါးကို

မြသားကန်လယ်၊ မြင်ခါဝယ်တည့်။

အကယ်၍သာ

ရှက်ကာထွေးနှော၊ ဒိုက်သရောနှင့်

ပေါလေရွှေ့လျား၊ မှော်ပင်များကို

သက်ထားညိုမြ၊ မြင်ပါရက

တောင့်တမည်ပင်၊ ငါမထင်မိ။

"ငှါဘဝသာ

မာလာဥယျာဉ်၊ ဖြစ်လိုက်ချင်တော့"တဲ့

စိုစိုနုနု၊ ပုရစ်ဖုနှင့်

ပွင့်လုပန်းနွယ်၊ မြင်ခါဝယ်တည့်။

အကယ်၍သာ

ရွက်ဝါလေလှောက်၊ ကိုင်းမွဲခြောက်နှင့်

မြေအောက်ကြွေလွင့်၊ ညိုမောင်းရင့်ကို

သခင့်သက်မျှ၊ မြင်ပါရက

တောင့်တမည်ပင်၊ ငါမထင်မိ။ ။

..............................................

**အိပ်မက်ဘဝ**

မမြင်ဘူးလည်း
မြင်ဘူးသလို၊ အသိပို၏။
မရောက်ဘူးလည်း
ရောက်ဘူးသည့်နယ်၊ အသိကြွယ်၏။
သည်ဘက်စခန်း၊ သွားမည့်မှန်းသော်
မောပန်းဘွယ်ရာ၊ ကြမ်းတန်းစွာဟု
ကြိုကာ ငါသိ နှင့်ပါ၏။
ဟိုမှာဘက်သော်
ရွှင်ပျော်စရာ၊ သာရကာတို့
လက်ာကြွေးဟစ်၊ သီချင်းသစ်နှင့်
ပျိုမျစ်နုထွား၊ ပန်းမန်များလည်း
ဝင့်ကြွားပပ၊ ကြိုနှင့်ကြဟု
မှန်းဆ,စိတ်မှာ၊ သိနှင့်ပါ၏။
အကယ်၍သာ.................
ဤမှာလောက၊ ငါ့ဘဝကို
မှန်းဆ,တင်ကြို၊ သိမည်ဆိုက
သိလိုပါလှ၊ ငါတောင့်တ,သည်
ဘဝအိပ်မက် ဖြစ်လိုသော။ ။

..............................................

**ပြိုင်ပွဲ**

မိုးစိုစို ဟိုတနေ့က
ကမူကွေ့ ချောင်ကိုခို
မိုးပက်လို့,ကို။
တပွင့်မို၊ ထီးညိုရဲ့အောက်နား။
မျက်ပြူး ကြောင်တောင်တောင်နဲ့
ကန်ဘောင်စံ သာကီမျိုးပါတဲ့
မိုးခိုတဲ့ဖား။
ငွေမိုးရယ် ဖောင်လျှံဖြိုးတော့
တာရိုးက ခိုကာရယ်
လှမ်းခဲ့ ဗျာကြွယ်။
ပရစ်ငယ်၊ ချစ်ဖွယ်ကွယ့်ပါလား။
ကိုယ်လုံး ရေတွေစိုလို့
ရိုးတိုတို ဖူးညိုအောက်ကို
တိုးလျှောက်လို့,နား။
တပွင့်မို ထီးညိုအောက်က

ဂုဏ်မောက်တဲ့ ဖားလူပြောင်
ပြုံးစစ,လျှောင်။
ပရစ်မောင်၊ ဟန်ဆောင်လဲ့ကြေကွဲ။
စိတ်ထဲ ဟာတာတာနဲ့
ဩော် - ငါ့မှာ အချိန်လင့်လို့
ထီးပွင့်နဲ့လွဲ။
သို့လဲလေ စိတ်ကိုတင်းလို့
အားချင်း အသာပြိုင်
တင်းစိတ်နဲ့ဆိုင်။
သူမနိုင်၊ ခရိုင်က တုတ်ကျိုး။
ရှုံးပါပေါ့မျိုး။
နံးကာပျော့ညှိုး။
မှိုဖူးရှင် ပြိုင်တဲ့ပွဲမှာ
လွဲချက်ကဆိုး။ ။

..............................................

## **အားသစ်**

မှောင်လှုချည့်ကွယ်
တိမ်နွယ်မဲချိပ်၊ အလိပ်လိပ်နှင့်
ပြွတ်သိပ်ခဲကာ၊ တက်တက်လာ၍
မိုးပြာကိုဖမ်း၊ လွှမ်းလိုက်ပြီလေ။
တကိုယ်တည်းမို့
ရွှေသည်းရင်ဖို၊ ကြောက်သလိုနှင့်
ဖေါ်ကိုတ,မိ၊ တောင့်တဘိလည်း
မရှိသခင်၊ တကိုယ်ပင်တည့်။
လ,မင်း စန္ဒာ၊ ရောင်မဖြာအား
ညဥ့်လွှာနက်နက်၊ သူ့လက်ချက်ကြောင့်
မဲလျက်မှောင်ကာ၊ မှောင်-မှောင်သာတည့်။
အပြင်ဘက်မှ
ညဌက် မ,ဖို၊ တေးမဆိုဘဲ
ဝါးပျိုပင်နွဲ့၊ ဟိုသည်ငဲ့၍
ပြဲ့ပြဲ့သံကြောင်၊ လေနတ်မောင်၏
ရန်ထောင်ကြုံးဝါး၊ ကြိမ်းသံကြားဝယ်
ရပ်နားမတည်၊ တုန်ရီရီတည့်။

တကိုယ်ချင်းလျှင်

မှောင်တွင်းနစ်ကာ၊ အားငယ်ရှာခိုက်

လျှပ်ဝါပြိုးပြက်၊ ဝင်းဝင်းလက်၍

ထစ်လျက်ချုန်းမြည်၊ မိုးကြိုးဟည်သည်

ရင်ဆီသဲနှ၊ ပြုတ်လုလုတည့်။

တထိတ်ထိတ်နှင့်

ဒိတ်ဒိတ်ရင်မှာ၊ တုန်၍လာတည့်

တန့်ကာ မရပ်၊ စိတ်အားပြတ်၍

မိုးရပ်တိမ်ပေါ်၊ ကြည့်လိုက်သော်လျှင်

"ဩော်.......ဩော်" ဆိုမိ၊ အတပ်သိသည်

ပီပိသေးသေး၊ ကြယ်ကလေးလေ။

တပွင့်ငယ်ငယ်၊ မှိတ်တုတ်ကြယ်လျှင်

မိုးလယ်တိမ်ကွက်၊ ပပ်ကြားအက်မှ

လင်းလျက်တခါ၊ မှိန်တခါတည့်။

အကာအကွယ်၊ ဘယ်ဝယ်မရှိ

မိုး၏အလယ်၊ တိမ်စွယ်အကြား

ကိုယ့်စွမ်းအားကို၊ ထောက်ထားမျှော်ကိုး

ကြောက်စိတ်ချိုး၍

ဖြိုးဖြိုးမြင့်မြင့်၊ စံပယ်လင့်၏။

ငါနှင့်ကြယ်ငယ်၊ နှိုင်း၍ဆွယ်သော်

ရယ်ဘွယ်အတိ၊ ငါဖြစ်ဘိ၏

"တွေးမိရှက်ဖွယ်၊ ငါ့ကိုယ်ငယ်"ဟု

စိတ်ဝယ်တိကျ၊ သိခဏ္ဍ

နွမ်းလျကျေပျောက်၊ အားသစ်ရောက်သည်

မကြောက်တော့ပြီပါတကား။ ။

..............................................

**ဖူးကြွေ**

**(သင်းကြူ-သို့)**

ဟောဟော့တဖူး၊ မြေပို့ပျူးမှာ

လူးလို့ပါကော၊ ဖုန်သောသောနှင့်

မောလို့ ပင့်သက်၊ ရှူရှိုက်လျက်တည့်။

ညှာခြေလိမ်၍

ညိုမှိန်မောင်းရင့်၊ ကြွေလွင့်မြေထက်

ဆုံးလုသက်လည်း၊ မွှေးလျက် ရနံ့

သင်းပျံ့ပျံ့တည့်။

တ,တိုင်းမွှေးငယ်

လေသွေးရာနံ့၊ သင့်ပျံ့ပျံ့နှင့်
ဝင်းဖန့်ဖြူဖွေး၊ ချပ်လွှာကွေးကို
သက်ဘေးရန်မူ၊ အဘယ်သူသည်
ချွေယူ ဆွတ်ချခဲ့သနည်း။
တကယ်ဆိုသော်
နစိုကြွားရွား၊ ပွင့်ချပ်ဖါးနှင့်
ကားကာ စွင့်စွင့်၊ စွမ်းကုန်ပွင့်က
အိမ်မြင့်စံရှင်၊ ချောမေခင်သည်
မြတ်သျှင်ကွန်းဝယ်၊ တင်သ,ချယ်၍
"သက်လှယ်နှင့်ပျို -နီးရလို"ဟု
ဆုကို ခ,ညောင်း၊ တောင်းကောင်း တောင်းလိမ့်။
သို့တည်းမဟုတ်
အုပ်လုံးသိမ်းစ၊ ဆံကေမြထက်
ရွရွကလေး၊ လှရည်သွေးကို
ပျံ့မွှေးစေရန်၊ ပန်ကောင်းပန်အံ့။
သို့မဟုတ်မူ
ချစ်သူဆင်သ၊ အကျီစ,ဝယ်
လှလှကလေး၊ ထိုးစိုက်ရေးဖြင့်
ပျံ့မွှေးငွေတူ၊ ပွင့်ဖြူဖြူကို
ဆွတ်ယူအထူး၊ ခူးကောင်း ခူးလိမ့်။
ယခုသော်ကား
သနားစရာ၊ မြေမှုန့်ဝါထက်
လူးကာလိမ့်ယင်း၊ သက်မျှင်းမျှင်းကို
ရှိုက်သွင်းရှုကာ၊ သေလုပါပြီ။
ဗောဓိဘုန်းလျှံ၊ ကြငှန်းပျံဝယ်
မစံလို၍တည်း ကြွမည်လော။
ခါခါထပ်လောင်း၊ ပေါင်းရကြောင်းဖြင့်
ဆုတောင်းစကား၊ နားမှာခါးလျက်
မကြားလို၍တည်း ကြွမည်လော။
ချောမေ့သူဇာ၊ မြကေသာနှင့်
တန်ရာမမြင်၊ နံ့အံ့ထင်ကြောင့်
မရှင်လို၍တည်း ကြွမည်လော။
သဒ္ဒါကြည်လင်၊ ဆွတ်ချူင်၍
မေလျှင်ပေးဆက်၊ ချစ်သူလက်သို့
မသက်လို၍တည်း ကြွမည်လော။
ငါကားသိလို၊ မေးမိဆိုလည်း

ဖြေကိုမရ၊ ဖူးကြွေမြလျှင်

နွမ်းလျတဆစ်၊ သတိလစ်သည်

ဘဝသစ်သို့ စောလျက်တကား။ ။

.............................................

**တောစပယ်**

ဆောင်းအကုန် နွေအကူးမို့

ငွေရည်လူး တောစပယ်

သင်းပျံ့မွှန်ကြွယ်။

ဉသြငယ်၊ ကျီစယ်တဲ့စကား။

"မောင်မောင့်ကိုမျှော်ကာမောရှာ"သတဲ့

ပြောလိုက်ပုံများ။

နံနက်ချိန် နေခြည်ပျို့မှာ

ခို့တရို့ ငွေစပယ်

ရှက်လို့မူတယ်။

"ဘုန်းမောင်ရယ်၊ လောင်လွယ်ရက်လေအား"။

နှင်းစီစီ မျက်ရည်ဝဲလို့

လွှဲတဲ့စကား။

ညဦးယံ ဆည်းဆာဖြော့တော့

ရှင်းကြော့ကြော့ ပျိုကညာ

လျှောက်တဲ့လို့လာ။

စပယ်လွှာ၊ မြင်ရှာတော့ဆိုကျူး။

"လှလိုက်လေ စပယ်ပွင့်ငယ်"တဲ့

လှမ်းလင့်လို့ခူး။

ညှော့ခန်းဆောင် စားပွဲထက်က

ဖန်ပြာခွက် ရေကြည်အလယ်

ကြွားဝံ့ကာငယ်။

လုံစပယ်၊ ဂုဏ်ထယ်လို့ရှင်မြူး။

တောသူပျို ဘုံရွှေနန်းမှာ

စန်းပွင့်ပုံထူး။

နံနက်ခါ နေခြည်ပြက်တော့

ဉသြငှက် တေးကိုဆို

လှမ်းခဲ့ရှင်ချို။

စပယ်ပျို ဘယ်ကိုတဲ့ရှောင်ရှား။

ချစ်ဦးကို ရှာမတွေ့တော့

ဆွေးမြေ့တပါး။

"မောင့်ချစ်သူစပယ်လေးရဲ့

ဘယ်တွေးနဲ့ မညှာတာ
ညှဉ်းရက်နိုင်ကာ။
ထွက်ခဲ့ပါ၊ မူယာနွဲ့ပျိုထွား။
သည်မောင့်မှာ ဘဝင်နွမ်းလို့
ပန်းလှပေါ့ဖျား”တဲ့။
ပြာလွဲ့ဇာ-ခန်းဆီးကြားက
ဝံ့ကြွားတဲ့ ငွေစပယ်။
ဥသြသံ ဘယ်မကြားပြီဘု
စိမ်းကားပေါ့ကွယ်။
ဟန်ကြွယ်ကြွယ်၊ မာန်ထယ်ပေါ့တပါး။
အိမ်မြင့် ရွှေဘုံစံလို့
မြို့ကြီးသူ ဟန်ပန်နဲ့
တေးတျာသံ ဘဝင်ငြိမ့်ပါလို့
“ရေဒီယို”သံချိုဆိမ့်မှာ
နှစ်သိမ့်လို့ဖျား။ ။
...............................................

**ဘာလဲဟဲ့--တော်လှန်ရေး**

ငါရေးခဲ့သည်
ဖွဲ့နွဲ့ကျစ်လစ်၊ စိတ်မာန်သစ်၍
ကြွေးဟစ်အာဘော်၊ ရဲစိတ်ဆော်သည်
တော်လှန်ရေးသို့ ကဗျာသစ်။
“ချီလော့တက်လော့၊ တိုက်ခိုက်လော့”တည့်
အသော့မနေး၊ ဖွဲ့အားမွေး၍
လွတ်ရေးအောင်ရာ၊ တော်လှန်ပါဟု
ခါခါထပ်လောင်း၊ ကဗျာပေါင်းသည်
လွတ်ကြောင်းမျှော်သည့် တော်လှန်ရေး။
ယခုသော်မူ
ပြည်ပေါ်တလွှား၊ ဖြူ ဝါ ကျား တို့
ထောက်ထားမညှာ၊ ကြောင်းရာ မချင့်
သင့် မသင့်ဟု၊ ငဲ့လင့်မရှု
တော်လှန်မှုသာ၊ အားပြုလာသည်
ကဗျာမရေးဝံ့တော့တကား။ ။
...............................................

**ကြွေရွက်လေယာဉ်**

မေ့ဆီကို သွားမယ်လို့ပေါ့

ဖျားညို့ညို့ ရော်ရွက်တွင်

စီးလိုက်ဖို့ပြင်။

ကိုခါချဉ်၊ လျှင်ပါပေ့စကား။

လေဆက်လျှင် မိုင်တရာနှုန်းနဲ့

ချစ်ဆုံးပျို သူ့ထံမှောက်ကို

ရောက်ရမယ်ဗျား-တဲ့။

ရွက်ယာဉ်ပေါ် ထိုင်မိကြတော့

အနားက ကိုပင့်ကူ

စောင်းချိန်ရန်မူ။

"ဖိလိုက်တဲ့ကိုရွှေလူ၊ ဘယ်ထူတော့မှာလဲ။

ရွရွလေးလေး အသာကိုင်လို့

ဖော့ထိုင်ပါ တဆိတ်ကလေး"ရယ်တဲ့

ဘေးက မာန်မဲ။

လေယာဉ်တော့ စထွက်ပြီ။

ခုမှပင် စိတ်ဝယ်ရှင်းလို့

ဟင်းချမိသည်။

ဒီဘက်က ခူမဒီ၊ ပြူစူမည်ထင်ပါရဲ့။

ဘာတဲ့ ဘယ်လိုပါတဲ့

အော် အင်း သည်ပုံပါတဲ့

သူ့လိုသာ ခွေခွေကျုံ့ပါလို့

ပုံ့ပုံ့ ပြင်ထိုင်ပါမှ

အခန့်တာ ကြာခရီးမှာဖြင့်

ကျပ်တည်း ကွေစဉ်ကွာလို့

သက်သာရာ ရပါလိမ့်မယ်တဲ့

ခူအပျို ညိုညိုစိမ့်ရယ်က

မိန့်မြွက်တယ်ကွဲ့။

ဟိုဘက်ကိုလဲ မလှည့်သာ။

သည်ဘက်မှာ သာလို့ဆိုးတော့

ညှိုးမိစိတ်မှာ။

ခက်ရချည့်ဗျာ၊ လိုက်လာမိ ကျုပ်အမှား။

ရပ်အုံး ကိုခါချဉ်ရဲ့

ဒီမှာတွင် ကျုပ်နေရစ်မယ်လို့

ဟစ်လိုက်မိဗျား။ ။

.............................................

**ငွေခြည်လမ်းမှ လဗိမာန်သို့**

ငွေရည်သွန်းပြီ
လပြည့်ဝန်းမို့၊ ရွှန်းပျို့ပျို့နှင့်
ထွန်းလို့ထိန်ကြည်၊ မိုးယံဆီတည့်။
ချစ်ဖွယ်စန္ဒာ၊ လ,ယုန်ဝါကို
ငါသာလိုက၊ ဆွတ်ချူရလိမ့်။
လမ်းမ,ဖွေးဖွေး၊ ငွေရောင်ပြေးလျက်
အားပေးခါခါ၊ လာလှည့်ပါဟု
ခေါ်ရှာလေယောင်၊ စိတ်ဝယ်ဆောင်၏။
အကယ်၍သာ
လမ်းတာရေးရေး၊ ငွေခြည်ဖွေးမှ
ဖြည်းနေးညင်သာ၊ လိုက်ခဲ့ပါမူ
ခန့်တာကြာရှည်၊ နေ့ရက်စည်က
ငွေရည်ဖိတ်လျှံ၊ လ,ဗိမာန်သို့
အမှန်မသွေ၊ ရောက်လိမ့်ပေတည့်။
ဤသို့စိတ်က၊ ကြံတွက်ဆ,သော်
ရှုတ်ချလေဟန်၊ တီးတိုးသံဖြင့်
"အကြံထွေထူး၊ အိုအရူး"တဲ့
စိတ်ကူးမဖွယ်၊ သူပြက်ရယ်၏။
"အိုဟယ် ဗာလ၊ လူအန္ဓရယ်
ကြောင့်ကြရှာဖွေ၊ လယုန်ငွေကို
သွားလေမည်တည့်၊ ကြံစည်မိ၏။
မိုက်ဘိတကား- လူ့ငနွား"တဲ့။
သို့ဆိုပြားလည်း
ငါကားမပျော့၊ ဖွဲမလျှော့တည့်
လှမ်းမော့ကာသာ၊ လယုန်ဝါကို
စိုက်ကာကြည့်ယင်း၊ စိတ်အားတင်း၍
ဖြေရှင်းဤပုံ၊ ပြောမိတုံ၏။
"ထက်ဘုံယံပါး၊ လ ရထားကား
ဝေးဖျားသီခေါင်၊ ဆိုပေယောင်လည်း
ထွန်းပြောင်ချောညက်၊ ဝန်းစက်စက်နှင့်
ငွါ့မျက်ထင်ထင်၊ အတပ်မြင်၏။
လူ့ခွင်ခန်းဝါ၊ တို့ပြေရှာဝယ်
များစွာသူမြတ်၊ ပြောစမှတ်တည့်
အရဟတ်ဖိုလ်၊ နိဗ္ဗာန်ကိုလျှင်
ရောက်လိုပါငြား၊ တို့ကြိုးစားက

မခြားထုတ်ချောက်၊ ဒိဋ္ဌရောက်၏”တဲ့။

အိုဘယ့်ပြက်ရယ်၊ ချစ်သူငယ်..........

မျက်ဝယ်ထင်ထင်၊ ရှုမမြင်သည့်

အကြင်နိဗ္ဗာန်၊ ရောက်သည်မှန်က

ဝေယံထက်ခွင်၊ လစက်ရှင်ကို

သို့လျှင်မရောက် ရှိအံ့နည်း။

ငွေရည်ဆင်းကြွ၊ ဝင်းဝင်းပ,သည့်

လမ်းမ,တလျှောက်၊ ငွေခြည်တောက်မှ

ပေါက်ရောက်နိုင်မူ၊ လုံ့လပြု၍

ရှေ့ရှုလ,ဝါ၊ သွားခဲ့ပါသော်

ရက်ကြာမလင့်၊ အချိန်သင့်က

ရောက်ခွင့်ရကာ၊ ရောက်ရပါလိမ့်။

လကွယ်နှင့်ဆုံ၊ ငွေခြည်မှုန်သော်

မစုံတကိုယ်၊ မှောင်ရိပ်ညိုဝယ်

လ,ကိုစောင့်စား၊ အားသစ်ပွါးလျက်

နေနား၍သာ၊ ငါမျှော်ပါအံ့။ ။

..............................................

**ညဦးယံမှန်တိုင်း**

တရိပ်ရိပ်နှင့်

မည်းချိပ်တိမ်တောင်၊ တက်ခဲ့မှောင်၍

လ,ရောင်မဝင်း၊ ကြယ်ပြောင်ကင်းခဲ့

မှုန်ယင်းမှိုင်းကာ၊ ညို့ညို့ပြာသည်

ညခါမှန်တိုင်း ကျသတည်း။

မှန်တိုင်းကျသော်

လေကလည်းတိုက်၊ မိုးပြိုက်ပြိုက်နှင့်

ခိုးဝိုက်မှုန်သန်း၊ ထက်ခွင်နန်းမှ

လျှပ်ပန်းဝင်းလက်၊ ပြိုးပြိုးပြက်သည်

ကြောက်မက်ဖွယ်ရာ ဖြစ်တော့သည်။

ကြောက်ဖွယ်ကောင်း၍

ထောင်းထောင်းပြတ်ထွက်၊ ကိုင်းအခက်တို့

ကြွေလျက် မြေဘောင်၊ ထိုးထိုးထောင်တည့်

ညမှောင်၏လယ်၊ ရှို့စဖွယ်တွင်

အားငယ်စရာ ဖြစ်တော့သည်။

အားငယ်မိသည်

ထွေးအိနထွား၊ သိုက်မြုံကြားမှ

ပေါက်ဖွါးခါစ၊ ညှင့်ကမ,၏

သားလှနနယ်၊ ငှက်သူငယ်လျှင်

ကိုးကွယ်စရာ မရှိပါသို့။

ညဦး ရွှေလ၊ ပြူထွက်စ,က

မွေးဖနှင့်တူ၊ တေးသစ်ကြူ၍

ချစ်သူ မိခင်၊ လေဝယ်နှင်လျက်

ဘယ်တွင် ပျံသန်း၊ ဘယ်စခန်း၌

စံမြန်းနေရှာ၊ မသိပါတည့်။

မှန်တိုင်းကျလည်း

မွေးဖ မလာ၊ မာတာမရှိ

သေးသည့်ငှက်ငယ်၊ သနားဖွယ်လျှင်

ဤတွင် နေရရှာတော့သည်။

ကြောက်လှလေငဲ့၊ သို့ပေမဲ့လည်း

ယဲ့ယဲ့စိတ်နွမ်း၊ ကြိုးကာပမ်း၍

အားစွမ်းကိုသာ၊ မွေးရပါတည့်။

ညဦးမှန်တိုင်း၊ မိုးမှိုင်းမှိုင်းတို့

ရပ်ဆိုင်းလွင့်ကွာ၊ ပြီးသည့်ခါသော်

ဝါဝါပြို့ပြို့၊ ဝင်းလဲ့လဲ့နှင့်

ချစ်ဖွဲ့ပုံပန်း၊ မိုးပြာနန်းမှ

လဝန်းကြည်စွာ၊ ဖွေးဖွေးသာ၍

မကွာရွှင်ပြုံး၊ တညလုံးကို

ငွေမှုန်းငွေရည်၊ ဖြန်းလိမ့်တကား။ ။

..............................................

**အခန်း(၃)**

**အဦး**

ပျိုလေးတဲ့ ပန်စေရန်

ရည်သန်လို့လေး။

ပင်မြင့်စံ သဇင်ဦးကို

ခူးဆွတ်လို့ပေး။

ပျိုလေးက လက်ဆောင်မှန်

ဘာပြန်လိမ့်တွေး။

“မောင်မောင့်သာအချစ်ဦး”တဲ့

မြူးမိရဲ့လေး။ ။

..............................................

**ဝေးတသက်သက်**

လှ သထက်ပင်၊ လှလာထင်သည်
မမြင်ရတာ ကြာ၍တကား။
သစ် သထက်ပင်၊ သစ်လာထင်သည်
မဆင်ရတာ ကြာ၍တကား။
ချစ် သထက်ပင်၊ ချစ်လာထင်သည်
မကြင်ရတာ ကြာ၍တကား။

...............................................

**တရွာသားမို့**

နွေဦးပေါက်မို့ ရွက်ကဲကဲ
ညိုမောင်းရင့်လို့ ရိုးတံမွဲ
ရွက်ရော်လေ၌ဝဲ။
သံချွဲလေးနဲ့ ငိုတော့မလို
ဥဩတေးကိုဆို။
ကိုင်းညိုအထက် သူပျံတက်
နားလျက် ချိုချိုမြွက်။
နွေငှက်တေးဝေ ခွန်းနှုတ်ချွေ
ချစ်ဖက်ကြားလိမ့်လေ။
သည်မေမှာတော့ မချွေအား
မောင့်မှာ တရွာသား။ ။

...............................................

**ဆန္ဒ**

ချစ်သူမေ
ပန်စေဘို့ ရည်စူး။
ဆူးရုံသီ နှင်းဆီပန်းကိုကွယ်
လှမ်းဆွတ်လို့ခူး။
ကြင်ဦးပျို
ပန်ဘူးရယ်လို့ ငြင်းကာဆို။
ချစ်သူမောင် ဘဝင်နွမ်း
ပန်းလှပေါ့ဖို။
ဘယ်ပန်းကို
ပန်လိုလဲ မေရဲ့။
"အဇ္ဈာကောင်းကင်မြင့်ဆီက
ကြယ်ပွင့်တွေ ခူးချွေကုံးခဲ့မှ
ဘုန်းပန်မယ်"တဲ့။ ။

...............................................

## လူရည်ချွန်

ကြယ်ပွင့်ကိုတဲ့ လှမ်းဆွတ်ချူ။

မေလိုယင် မောင်ယူပေးမယ်တဲ့

မေးလိုက်တဲ့လူ။

တိမ်ယံကြားမှာလ

စံစားတဲ့ ကြယ်တဆူ(ကို)

ဘယ်သူက ယူနိုင်မတုံး။

လာ မကြွားပါနဲ့

ဘသား လူရည်ချွန်လဲ့

တိမ်ဘုံစွန် ကြယ်ဖြူပန်းကိုလ

ဘယ်သို့လေ ဘယ်မျှစွမ်းစေတော့

လှမ်းယူရန် မဖြစ်ဖူးဟာမို့

ရှုံးသလို နှုတ်ချိုအေးနဲ့ရယ်

သွေးနဲ့ မောင်ဘုန်း။ ။

..............................................

## ချစ်ကြိုးခွေ

ချစ်ဆိုတဲ့ ကြိုးခွေ။

ရစ်ပတ်ကယ် ချည်နှောင်လို့

မြဲမြံအောင် သူကတင်း

ညှဉ်းရက်ပါပေ။

ရှောင်မလွတ်နိုင်ဘု

မောင်စွပ်တဲ့ သည်ကြိုးခွေ

ရုန်းပေမယ့် အလကား။

အားမတန်

သနားရန် ခွင့်လျှိုးလို့

ချစ်ကြိုးခွေ အမျှင်ပြတ်အောင်

ဖြတ်ဘို့ ပန်ကြား။ ။

..............................................

## သစ္စာ

ချစ်သူ ပြုံးလျှင်

မဆုံးနှစ်ခြိုက်၊ မေပြုံးလိုက်၏။

ချစ်သူ ငိုလျှင်

မချိုနွမ်းရီ၊ ငိုလိုက်မိ၏။

ချစ်သူ သွားလျှင်
ဖဝါးမကွာ၊ မေလိုက်ပါတည့်။
ချစ်သူ သေသော်
မေ မလိုက်နိုင်၊ နွမ်းခွေယိုင်၍
ငေးမှိုင်လျက်သာ၊ ကျန်ရစ်တကား။ ။

..............................................

**နှိုင်းသင့်ပါရဲ့**

ငွေမင်းရယ်တဲ့ ပုဏ္ဏမာ။
ကြယ်တာရာ ရံကာဝန်းယင်
ရွှန်းတင့် သာယာ။
တာရီမှာ
စန္ဒာနဲ့ တူသတဲ့။
ချစ်ဦး တရွာပျော်နဲ့
တူနှစ်ဖော် အပျော်ဝိုင်းယင်ဖြင့်
နှိုင်းသင့်ပါရဲ့။ ။

..............................................

**ဥပမာ**

မေရဲ့နှုတ်သည်
နှင်းဆီတဲ့လား။
ရော်ရင့် ကြွေမည်ခါမို့
ရက်သန်း ဖြူရောင်လာမှ
ဥပမာ သည်ပုံနိုင်းယင်ဖြင့်
နှိုင်းသင့်လေလား။
မေ့သားရောင်သည်
သီဂီတဲ့လား။
မေလေး သူမမာလို့
အသား ရွှေလိုဝါမှ
ဥပမာ သည်ပုံနိုင်းယင်ဖြင့်
နှိုင်းသင့်လေသား။ ။

..............................................

**ခွင့်လွှတ်တယ်မောင်**

ကမ်းအခြေ ရေသောင်စပ်က
ပြည့်ညပ်လို့ နပျိုပျို
နူးလှည့်လို့ကြို။

ပြာလဲ့ရောင်စို
ညိုညိုလဲ့ပင်ဆင့်။
လောင်းလေ့ရှင် သူပင်ဆွတ်မယ်လား
ညွှတ်မိ တပွင့်။
မြသားတဲ့ ကန်တော်လယ်။
လှမ်းမမှီ ဟိုဆီဝေးမှာ
ဖွေးနုနုထယ်။
ကြာဖူးငယ်
ကြွယ်ပါပေ့ အလှ။
လေ့လောင်းရှင် သူမြင်လာတော့
"ပန်းဝေဒါ အိုမရှုးချင်ဘု
ကြာဖူးကိုမှ"တဲ့။
လက်လှမ်းမှီတော့ မလိုချင်။
ဝေးမှာစံ မမှီပန်းကိုမှ
လှမ်းဆွတ်ဘို့ပြင်။
မိုက်ပါပေ့ အိုလေ့ရှင်
ထင်မြင်မိသော်လဲ့။
အပြစ် မဆိုသာဘု

လူ့ထုံး ဓမ္မတာမို့
ပွင့်ဝေဒါ ပြာရောင်ရင့်ငယ်က
ခွင့်လွှတ်တယ်တဲ့။ ။

............................................

**ကြွေလုနှင်းဆီ**

နှင်းဆီကို မေမရှုးတော့
နွဲ့ဆူးက လျှောင်သလို။
သူ့ကိုပင် ကြောက်လို့လားတဲ့
တဖက်သား မခံချိအောင်
ပြုံးစိစိဆို။
ဘယ်ဟုတ်လိမ့် နှင်းဆီပျိုရယ်
သင်မိုလို့ ပြောင်လေအား။
ကြည့်စမ်း ဖြူလျော်လျော်နဲ့
ကြွေလု အခါတော်မို့
ဆွတ်ဖူးနော် သည်မေငြင်းတာပေါ့
ပြောင်စိတ်ကို ဖွတ်မသွင်းပါနဲ့
မင်း သတိထား။ ။

............................................

**မျှော်ကိုးယောင် စာဆို**

"စိန်ခြူးကြာညောင်၊ မျှော်ကိုးယောင်ကို
ထိပ်ခေါင်တင်လေး၊ စီကာရေးလည်း
ပျို့ထွေးစာဆို၊ နှံ့ညီညီမူ
သည်လိုရေးရမည် မဟုတ်ပါ"တဲ့။
"ရှိစုံရွက်ကြာ၊ မျှော်တေးစာနှင့်
ထိပ်ချာနန်းသွေး၊ မမြလေးတို့
စီရေးကာသာ၊ ပူရရှာလည်း
သက်လျာစာဆို၊ နှံ့ညီညီမူ
သည်လိုရေးရမည် မဟုတ်ပါ"တဲ့။
"အလေမလိုက်၊ စရိုက်မကျူး
မမူး - မမေ့၊ ချစ်မရွေ့တည့်
ပျော်မွေ့စဉ်သာ၊ နေမည်ပါ"တဲ့
သစ္စာစကား၊ မောင်ကကြားသည်
သက်ထားစာဆို
ရွှင်ချိုကြည်လို့ ပြုံးပြီတကား။ ။

..............................................

**ချစ်သူ**

ပိတောက်တွေ ထိန်ဝေမြူးလို့
ပွင့်ဖူးက တဝါဝါ
သိင်္ဂါရ သွေး။
မြစိမ်း ပင်ယံမင်းက
သင်းပျံ့ပျံ့မွှေး။
ဥသြပျို တွန်ကျူးတဲ့
နွေဦး သင်္ကြန်ခါမှာ
မောင်လာလိမ့်လေး။
ချစ်ဆုံးရွာဝင်ပေါက်က
မေးထောက်လို့တွေး။
ပုံမောင်းသံ ညံညံကြားတော့
စောင့်စားတဲ့ ဆွေတဖော်
ပျော်နိုင်ဘုလေး။
ချစ်ဦး ပျိုမြင်ရမှ
ရင်ဝမှာ အေး။
ချစ်ဦးတဲ့ သူမလာ
မေ့ရှာထင့်လေး။

မေ့ရှာယင် တွေ့သာဘူးမို့

ရှုးလုလုဆွေး။

လစန္ဒာ ငွေရောင်မှုန်းတော့

မပြုံးနိုင့် မရွှင်သာ

လွမ်းစာတဲ့ရေး။

မေ့စာကို တွေ့ရာနန်းက

မြန်းခဲ့ပါ့လေး။

ပိတောက်တွေ ရွှေရည်လူးလို့

ချိုကြူး ဖုံသံသာ

လာပါတော့လေး။

မောင်မလာ အတာတက်ပေါ့

နေရက်တယ်လေး။ ။

..............................................

**ချစ်သူလာလိမ့်မည်**

မနေ့ညဘက်၊ နိုးတဝက်နှင့်

အိပ်မက်လိုလို၊ တကယ်လိုတည့်

ဝင်းစိုချောညက်၊ မေ့ချစ်သက်၏

ပြုံးလျက်ချိုသာ၊ လှမျက်နှာကို

လျှပ်ဝါလက်ခိုက်၊ ပျိုမြင်လိုက်မိ။

တိမ်တိုက်ယံကြား၊ လ ရထားသို့

မေအားမရ၊ ရှုမဝတည့်

တ-သ-လျှန္တမ်း၊ မြင်ချင်စမ်းဟု

ဆိုတမ်းပေမဲ့

ခွင့်လှဲ့မကြုံ၊ တွေ့မဆုံတည့်။

အရှက်ပေါ်စ၊ မှုန်ပျပျနှင့်

မိုးဝ-ကောင်းကင်၊ နီရောင်လွင်သော်

ချစ်သျှင်မြတ်စွာ၊ ဆွမ်းကပ်ကာဖြင့်

လာပါစေကြောင်း၊ ပျိုဆုတောင်းမိ။

တောင်းသည့်အခိုက်၊ ညောင်ညိုသိုက်မှ

လိုက်လိုက်လှဲ့လှဲ့၊ သံလေးတွဲ့နှင့်

ပြဲ့ပြဲ့နှုတ်ချို၊ တခွန်းကိုလျှင်

ကျီးညိုနှစ်ခြိုက်၊ မြည်တမ်းလိုက်သည်

ငယ်ကြိုက်မှန်ပင် လာတော့မည်။ ။

..............................................

**လှောင်ရက်မေ့ တာရာရယ်**

မိုးအာကာ ဇမ္ဗူထက်က
ဝင်းလက်လက် ငွေရောင်ဖြာ။
ရံရွှေတော် ကြယ်တန္တန်းနဲ့
စန္ဒီမော် ငွေရည်မှုန်းတော့
ပြိုးရှုမိပါ။
ချစ်မိတဲ့ သူ့ရုပ်ပါ
ထင်လာလိမ့် လေလား။
မြကြေးမုံ ငွေယုန်ရိပ်မှာ
ချစ်ကြင်နာ သဒ္ဒါဖိတ်လို့
တွေးစိတ်ကမှား။
ချစ်သူကို အတွေးနဲ့
အရုပ်ရေး ရှုမိလျှင်။
ချစ်တဲ့မောင် ပြုံးရောင်ကြွေ့လို့
မြူချော့ကာ ချိုသာမြွက်
နှုတ်ဆက်တဲ့သွင်။
ပျိုလဲထိုစဉ်
ကြည်ရွှင်မိ နလုံး။

သို့လဲလေ ရှောင်တခင်ပ
နလေယဉ် သွင်သွင်ခတ်တာကြောင့်
မြစန္ဒာ တိမ်တောင်ထွတ်မှာ
တွတ် တွတ် တူပုန်း။
တိမ်စွယ်မှာ တွတ်တူပုန်းတော့
မပြိုးတဲ့ မရွှင်နိုင်။
တိမ်အကွယ် ငွေရောင်မှေးသလို
မှိန်ပြယ်ပြယ် မျက်နှာလေးရယ်နဲ့
ငေးတဲ့လို့ငိုင်။
ပြိုးရီရီ ဟန်ချီဝင့်တဲ့
ကြယ်အပွင့် ကြယ်အခိုင်
ငဲ့ယိုင်လို့ ကြည့်ပြန်တော့။
သူလဲလေ လှောင်သလိုနဲ့
တိမ်မိုးလယ် မှောင်တခိုက
မျက်တောင်ကို ဖွင့်ချည်ပိတ်ပါလို့
မိတ်တုတ် ကရော်တိုက်လို့ရယ်
(ပျို့ကိုလေ)
နောက်လိုက်ပြန်ပေါ့။ ။

**ဆည်းဆာမိုး**

**(လွမ်းသူ့အတွေး)**

ဩော် ........ နေညိုညချမ်း မေပျိုနွမ်းလို့၊

ပြာနှမ်းလဲ့မှုန်၊ ကိုးခွင်လုံး ခြုံပါတဲ့၊ မစုံဖေါ်မဲ့၊

ချစ်ကျွမ်းငယ့်ဝင်၊ မယ့်သခင် မမြင်တဲ့လို့၊

ပျောင်းနွဲ့လျော့ခွေ၊ သဏ္ဌာနန်း လျှနွမ်းကာနေ၊

ကိုယ်ရေတည်းမို့ ဖိုတော့တယ်။

သင်းကြူငယ်လှိုင်ပျံ့၊ ကြိုင်ရနံ့နှင့်၊ နည့်မွှေးထုံ၊

စပယ်ငုံလဲ့၊ ဝတ်မှုန်ရည်ရင့်၊ သူ့ထက်ငါ ပွင့်ကြလို့၊

လန်းစွင့်ငယ် တလီ၊ ကြွေလုကာနှင့် ဖူးတံချီသည်၊

ငွေရည်ဝင်းလို့ စိုတော့တယ်။

ညို့ညို့မှိုင်းရီ တောင်ရိုးဆီလဲ၊ ဝေသီ ဝိုင်းခ,မှိုင်းပျပျ၊

ရွရွမိုးပေါက်၊ ထပ်ဆင့်လှောက်လို့၊ မြေအောက်တခို၊

ရေဟုန်ကဲလို့ ရွဲရွဲငယ် စိုသည်၊ မေ့ကိုသေစေ ညွှန်းတော့တယ်။

အဟုန်ထန်ပြင်း မိုးရေညှဉ်းလို့၊ ကွေကွင်းမြေဝယ်၊

ပန်းစပယ်လဲ၊ အားငယ် နွမ်းလျ၊ ပွင့်ဖပ်ငယ်စို အနားညို၊

လွမ်းပိုလို့ ကျတော့ကာ၊ သက်လျာစံမြန်း တမြို့နန်းသို့၊

ရေလမ်းတလျှောက် မြစ်အိုင်ပေါက်မှ၊ တခေါက် တလဲ့-

သွားမယ် ကွဲ့လို့၊ သဲ့သဲ့ ကြွေးကြော်၊

"မယ်လိုက်ပါဗျာ့ သွားမယ်လား"လို့ တရရခေါ်သည်၊

ချစ်ဖေါ် လိုက်ချင်လှတော့တယ်။

အို-ဒါပေမယ့် ၊ မြစ်ရဲ့ အဆုံး၊

ပြာရောင်မှိုင်းနှင့် ငွေလှိုင်းဖုံးသည့်၊

ပတ်ကုံးပြင်ကျယ် ရွှေပင်လယ်ကို၊

တကယ်လို့များ ရောက်ရှိလို့သွားမှဖြင့်၊

ပျိုအားငယ်နွဲ့၊ ဘယ်ဖြေဆည်တဲ့ နိုင်လိမ့်။

လွမ်းနယ်ချဲ့လို

လွမ်းစာဆို ဖေါ်ကင်းလို့

ပျော်ခင်းသာဘူး။

ရှင်းပြန့်ပြန့်ကျယ်

လှိုင်းမာန်ထယ် ပင်လယ်စခန်းဆီတော့

မြန်းဝံ့တဦး။ ။

..............................................

**လရောင်မရှိသောည**

မဲညိုမှောင်တဲ့ မဲမှောင်ညို။

ညသန်းယံ လရောင်မဲ့တယ်

ကြောက်ဖွယ့်ခါကို။

ခင်အပျို ရင်ဖိုလို့မအေး။

ချစ်သူထံ ဘယ်လိုသွားရပ့်

အားက ငယ်သေး။

ဆီမီးကိုဖြင့် ထွန်းဝံ့နိုင်။

မွေးမေမေ သူပင်နိုးလေလား

စိုးမိဗျာလှိုင်။

ချစ်မကျွိုင်၊ တူပြိုင်မယ့်သူက။

ခြုံရိပ် မှောင်ညိုညိုက

သံတိတ်စွာ ချောင်ကိုခိုလို့

ရင်ဖိုဖို ဗျာသီနောင့်ကာ

စောင့်နှင့်မှာပ။

စောင့်ရသူတဲ့ စောင့်ရသူ။

မလာယင် အထင်မှောက်လေမလား

တွေးကြောက်လို့ပူ။

တညည်းတဲ့ တညူညူ

ကူသူဖြင့် စောင့်စား။

အိုဟော့ လာပါပြီပေါ့

မှောင်ရိပ် ခြုံညိုဆီက

မိုတ်တချည် ဝါတလှည့်ငယ်နဲ့

ဖြာတဲ့ကာ ရောင်ခြည်ဝင်းပါတဲ့

စုန်းကြူးပို့ အို-အလင်းငယ်

မင်းလိုက်ပါလား။ ။

..............................................

**ပိတောက်တခက်**

ရွှေရည်လူး၍

ပွင့်ဖူးပိတောက် မြိုင်လေပြီ။

လေပြည်ဖြူး၍

ထုံကြူးရနံ့ လှိုင်လေပြီ။

နေခြည်မြူး၍

သူခူးငါဆွတ် ချိုင်လေပြီ။

ငါတမူကား

သူများတွေထက်၊ နောက်ကျလျက်မို့

တခက်ရွှေလို၊ တပွင့်ကိုလျှင်
ပင်ပျိုများစွင့်၊ ဟိုအမြင့်က
ကံပင့်၍သာ၊ ရခဲ့ပါ၏။
ဘုရားလှူမည်၊ ကြံစိတ်ရည်ကြောင့်
ပွင့်စည်ပိတောက်၊ တခက်လောက်ကို
ဝမ်းမြောက်ဝမ်းသာ၊ မြတ်နိုးစွာဖြင့်
ရင်မှာ ယ,ယု၊ ပိုက်ပွေ့ပြုမိ။
ပြန်မည်လုပ့်သော်
ခွန်းတွဲ့သာယာ၊ ချိုဝါစာတည့်
"ဒီမှာလေရှင့်၊ ပန်းရွှေပွင့်ကို
ပန်ချင်မေ့အား၊ ပေးပါလား"တဲ့။
နုထွားစိုပြေ၊ လုံမ မေကို
ငါလေ ငေးစိုက်၊ ကြည့်မိလိုက်၍
ပန်းဟိုက်ရင်ဖို၊ ဘာလိုလိုတည့်။
တကာယ်ဆိုသော်
နုစို ကြွရွ၊ သူ့အလှထက်
ဝင်းပ ပိတောက်၊ ထပ်ဆင့်လျောက်က
မိုးအောက် မြေချာ၊ လူ့ပြေရွာဝယ်
သူဇာပင်လော၊ ထင်မိမောလိမ့်။
ချောမေ့သဇင်၊ ပန်စေချင်လည်း
ချစ်သျှင်မြတ်စွာ၊ သူ့ဘို့သာဟု
စိတ်မှာ မှန်းသိ၊ ပိုင်းဖြတ်မိမို့
စိတ်ရှိတိုင်းသာ၊ မပေးသာသည်
သြော်- ရွှေဝါညက်က တခက်တည်း။ ။

.................................................

**မေဘယ်ကိုလဲ**

ဖိုးလယုန်မင်း၊ မှောင်ချွေခွင်း၍
ရှုခင်းညခါ၊ ညို့ညို့ပြာသော်
ငါ့မှာထိတ်ထိတ်၊ ချစ်သည့်စိတ်ဖြင့်
မြရည်သိပ်သိပ်၊ ကံ့ကော်ရိပ်မှာ
တိတ်တိတ်ကလေး ခိုမိတယ်။
ပြတင်းကိုဖွင့်၊ ဆောင်ကြာမြင့်မှ
လန်းစွင့်မျက်နှာ၊ ပြုံးချိုစွာကို
ငါ့မှာတွေးတော၊ ငေးတမောတည့်။
လရောင်ပြက်သည့်
လမ်းဖက်ဆီမူ၊ တယောက်လူတည့်

နွဲ့ကျူ တရော၊ ထံတျာတော၍
လှသော မေထံ၊ ချစ်ဆုပန်တည့်။
တကယ်ဆိုသော်
သည်လိုတိုင်းသာ၊ ဤငါ့မှာလျှင်
မြလွှာမှောင်ရိပ်၊ တိတ်တဆိတ်ဖြင့်
ချစ်စိတ်ဝေဖြာ၊ သူ့မျက်နှာကို
ရှုကာငေးမော၊ ချစ်သည့်ဖောကြောင့်
နစ်မျော၍သာ၊ နေရပါ၏။
"ချစ်ပါတော့လား၊ ငါ့စကားမူ
သက်ထားသူဇာ၊ သူ့နားမှာလျှင်
ကဗျာမဆံ၊ ကာရန်မသင့်
ဂုဏ်မဝင့်ဘူး၊ အပင့်အရှိုက်
အဟိုက်အလှဲ့၊ ပြောင်းနွဲ့နွဲ့နှင့်
ချစ်ဖွယ့်သံနော၊ ထိုတရောသာ
သဘောနစ်မြို့၊ သူ့ကိုညို့လိမ့်။
လရောင်အေးမှာ
ဆိုတေးကျူကျူ၊ ဟောဟိုလူလည်း
ကြည်ဖြူစေသော၊ ရည်ရွယ်ပြော၍
ချစ်သောပျို့ထံ၊ ချစ်ခွင့်ပန်ဆဲ။"
သို့အခိုက်တွင်
ငေးစိုက်တွေကာ၊ ငြိမ်နေရှာသည့်
သူဇာမျက်ခြယ်၊ လှသက်လှယ်လျှင်
ပျောက်ကွယ်၍သာ သွားခဲ့ပြီ။
လရောင်ထိုးဖောက်၊ ပြိုးတပြောက်နှင့်
ကွေ့ကောက်ဝိုက်ကွေး၊ လမ်းကလေးထက်
ဖြေးဖြေးလျှောက်လာ- မေပါလား။
"မေ-ဘယ်ကိုလဲ"
လွှတ်ကနဲတည့်၊ ငါမေးမိသော်
လှည့်ကြည့်လိုက်ရှာ၊ သူ့မျက်နှာဝယ်
ဝမ်းသာအားရ၊ ချစ်သွေးကြွလျက်
ခဏရပ်ကာ၊ ငေးနေရာမှ
ပြေးလာမြန်ပင်၊ ငါ့ရင်ခွင်သို့
တိုးဝင်လိုက်ပြီး၊ သံတိုးတီးဖြင့်
ကြိုဆီးပိုက်ယူ၊ ငါ့ကိုသူလျှင်
ညည်းညူတမ်းရှိုက်၊ ပန်းဟိုက်ဟိုက်နှင့်
လှိုက်လှိုက်လှဲ့လှဲ့၊ ကပ်၍နွဲ့သည်

"မေရဲ့မောင်ဆီ-သည်မောင့်ဆီလေ"…….တဲ့။ ။

…………………………………………….

**အို- စောင်းရှင်ရယ်**

ငွေလရောင် မှန်ပြတင်းက

သူဆင်းလို့ စက်ရာပေါ်

ဝင်းဝါခဲ့သော်။

စက်လို့ငယ်နော်

ပျော်နိုင်ဘုတပါး။

ညတိုင်း သံလွင်လွင်နဲ့

ချစ်တေး ချိုချိုဆင်တဲ့

စောင်းနွဲ့ရှင် လူယဉ်သိပ်မှ

အိပ်လိမ့်မယ်လား။

စက်လို့ငယ့် မပျော်။

မြစောင်းသံ သဲ့သဲ့ကြားတော့

နားစွင့်လို့မျှော်။

ပြုံးပါနဲ့ ငွေစန္ဒော်

သရော်နဲ့ တာရာလေး။

မြစက်ရာ သဋ္ဌာနက

လာလုလုငေး။

တေးနွဲ့နွဲ့သံချိုချို။

ကိုလူပျို ပျို့အိမ်ထိပ်က

လွမ်းစိတ်နဲ့ဆို။

သစ်ရိပ်ညိုညို

သူခိုလို့ ရပ်နား။

ပျိုလေးခင် ဘဝင်ထိတ်လို့

တေးသံမှာ ဆွေးဟန်ဖိတ်တော့

လွမ်းစိတ်နဲ့သွား။

သစ်ရိပ်မှာ နှစ်ကိုယ်တွေ့တော့

ချမ်းမြေ့မြေ့ ပျော်သလို

သည်းဘွင်လိုက်ဖို။

"ချစ်သူပျို

မောင့်ကိုကွယ့် ချစ်မယ်လား"တဲ့။

ပျိုလဲ သည်ခါကျတော့

ဖြေရ ခက်သား။

"ပြောပါတော့ သက်လှယ်ရယ်။

သည်မောင်မှာ ညစဉ်ဆွေးလို့

ချစ်တေးကို ချိုချိုကြူး
ရူးရပါတယ်”တဲ့။
စကားချိုတယ်
ဆွယ်မြူလိုက်တာလား။
သနားပိုဘွယ်
ကယ်ယူပိုက်စရာလား
ခင်ပျို့မှာ မြင်မသိတော့
ထင်မိယောင်မှား။
လူနဲ့ညို ဖြေမရတော့
တောင့်တတဲ့ သူ့စိတ်ဝယ်
ဆွေးစ,မပြယ်။
“မေလေးရယ်
ချစ်တယ်ကွယ့်မဟုတ်လား။
ချစ်လို့သာ ဂေဟာနန်းက
ကြိုက်လို့သာ ဖေလာလမ်းသို့
မြန်းခဲ့တာလား”တဲ့။
“ဘုန်းမောင်တဲ့လူညို။
ခင်လေးပျို မှန်ရာပြောမယ်”တဲ့
ချောနွဲ့ကဆို။
ချစ်မိတဲ့လူယဉ်ညို
ဖြေကိုဖြင့်စောင့်ဆဲ။
“ချစ်လို့ရယ် ဟုတ်ပါဘူး”တဲ့
“ကြိုက်လို့ရယ် ဟုတ်ပါဘူး”တဲ့
“သီကြူး သာယာလွင်တဲ့
မောင့်စောင်းယဉ် ချိုချိုငြိမ့်မှာ
နှစ်သိမ့်ရုံဘဲ”တဲ့။
“ရက်စက်တဲ့ ခင်လေးပျို”။
စောင်းသံရှင် သစ်ပင်ရိပ်မှာ
ဆွေးစိတ်နဲ့ဖို။
တေးချိုချို
မဆိုနိုင်ခုများ။
မေလေးရယ် တကယ်မုန်းလို့
ရုန်းလိုက်ထာလား။
ဖြေမအေးဖွယ် နွယ်တဖုန်းမဖြင့်
နံ့းဟိုက်ကာသွား။

..............................................

**သည်းရွှေရင်ဖို**

ခါတိုင်းတွင်မူ
မြေပြင်ဝါဝါ၊ လမ်းသာသာထက်
ဖြတ်ကာသွားယင်း၊ အိမ်ပြတင်းမှ
ဖြူဝင်းလဲ့လဲ့၊ ကြော့ဆုံးနွဲ့ကို
စောင်းငဲ့၍သာ၊ ကြည့်ရပါ၏။
မပြတ်နေ့စဉ်၊ မြင်ကာပင်လည်း
စိတ်တွင်မရိုး၊ ဆထက်တိုး၍
ထမ်းပိုးဆင့်ကာ၊ မြင်ချင်ပါ၏။
ကြည်လင်ငြိမ်အေး၊ မျက်နှာလေးကို
စိုက်ငေးသေချာ၊ ကြည့်ချင်ပါ၏။
ချိုသာစကား၊ သကာပျားကို
ထောင်နားဆင်ကာ၊ နာချင်ပါ၏။
သူတမူကား
ငါ့အားသိပင်၊ သိမထင်တည့်။
တကယ်ဆိုသော်
ငြင်ပြုံနှိမ့်ကျ၊ ငါ့ဘဝနှင့်
ဤမျှထွေထူး၊ အကြံရူးကို
စိတ်ကူးရန်ပင်၊ သင့် မထင်မိ။
ဤသို့နှင့်ပင်
ရက်မြင့်ကြာညောင်း၊ ကာလပြောင်း၍
နှစ်ဟောင်း ကြွေခဲ့ပါလေပြီ။
ဤယနေ့ကား
မြသားရှိမ်းညို့၊ ပင်အချို့ငယ်
ရွှေစို့ပိတောက်၊ ကြိုင်နံ့လှောက်၍
ပွင့်ညှောက် ဝေလန်းဖြာလေပြီ။
ငါလည်း ခုတ်ပိုင်း၊ ပန်းတကိုင်းနှင့်
မဆိုင်းမတွဲ့၊ အိမ်ပြန်ခဲ့၏။
"အို ရှင့်-- ဒီမှာ"
သံသာ ချိုမြ၊ ငါကြားရ၍
ချက်မျှလှည့်ကာ၊ ကြည့်မိပါ၏။
အလို.....နတ်သျှင်၊ ဂုဏ်မြင့်ခင်ကား
ကြည်လင်မျက်လုံး၊ ချိုအပြုံးနှင့်။
"တခက်ရွှေဝါ၊ ပေးခဲ့ပါ"ဟု
ကြည်သာငြိမ့်လေး၊ သံချိုအေးနှင့်
ပျိုထွေးသူဇာ၊ တောင်းလိုက်ပါသော်

ရွှေဝါပွင့်ဖုံး၊ တခိုင်လုံးကို
ကြော့ဆုံးသူအား ပေးမိ၏။
"ကျေးရူးပေ့ါရှင်-မြတ်ဖျားတွင်လည်း
ကြည်လင်သဒ္ဓါ၊ လှူမည်ပါ"တဲ့။
တည်ကြည်မျက်နှာ၊ သံသာသာနှင့်
ပြောကာပိျုလှ၊ လှည့်၍ကြွသော်
ဆွံ့-အ,ကာသာ၊ ဤငှါမှာလျှင်
ဘာမျှမလှုပ်၊ ငုတ်တုတ်တုတ်တည့်။
သူ့မျက်နှာကား
ဝေ့ကာဝဲဝဲ၊ မျက်စိထဲတည့်။
သူ့စကားလည်း
ကြားကာမပြတ်၊ အထပ်ထပ်တည့်။
မမျှော်လင့်သည့်
သခင့်မျက်နှာ၊ မြင်ခွင့်သာ၍
ချိုစွာစကား၊ ဤသို့ကြားသော်
လှုပ်ရှားရင်တွင်း၊ ထိခိုက်ခြင်းဖြင့်
ရပ်ယင်း၍မှာ၊ အတန်ကြာသည်
ငှါမှာရင်ဖို ဘာလိုလိုနှင့်။ ။

...............................................

**အဟောင်း၏ အသစ်**

တပွင့်ဒန်းနီ၊ ငှါဝတ်ရည်ကို
ကေသီဆံဖျား၊ ပန်ပါလားဟု
ချစ်အားနှင့်သာ၊ တောင်းပန်ပါလည်း
သက်လျာရွှေစင်၊ မပန်ချင်ဟု
တွင်တွင်ခေါင်းခါ၊ ငြင်းလိုက်ပါတည့်။
အချိန်လင့်သော်
ပွင့်ဝတ်မြေခ၊ ကုန်ကြွေကျတည့်
ချစ်လှသည့်ခင်၊ လှနတ်သျှင်ငယ်
ငှါတွင်ဖြစ်ရှာ၊ ပန်းမွှေ့ရာထက်
အသာစောင်းငဲ့၊ စက်လျောင်းလှဲ့လော့။
ပြုံးမဲ့ချဉ်ချိူ၊ လှောင်သလိုနှင့်
ခေါင်းကိုတင်းကာ၊ ငြင်းလိုက်ပါသော်
ငှါမှာမောဟိုက်၊ ပင့်သက်ရှိုက်မိ။
ကာလလျားသော်
ကြွေသွားပွင့်မြတ်၊ လှခေါင်ထွတ်မှ
ပန်းဝတ်စုစီး၊ အသီးသီးခဲ့။

ရှေးနည်းတဖန်၊ ကြွေကျပြန်က
ပန်းမွန်မျိုးစေ့၊ မြေအောက်မွေ့၍
ချစ်ငွေ့မျိုးညှောက်၊ ပင်သစ်ပေါက်၏။
စိမ်းစိုမြနစ်၊ ပင်ပျိုသစ်မှ
ဖွင့်လှစ်လှာညှက်၊ နီစက်စက်နှင့်
တခက်စွင့်စွင့်၊ အသစ်ပွင့်က
သခင့်မေပျို၊ လျှင်စလိုလျှင်
ခိုင်ကိုချိုးဖြတ်၊ ခူးယူဆွတ်၍
လှထွတ်ကေသာ၊ မွှေးပျံ့စွာထက်
ကြင်နာယယု၊ ပန်ဆင်ပြုသော်
ညှံ့နလဲဝါ၊ ငါ့သဲညာဝယ်
ဘယ်ဟာကိုမှန်း၊ သိမစွမ်းဘဲ
ဆွတ်လွမ်း ဆွေးမြေ့ မိတော့သည်။ ။

..............................................

**ဥယျာဉ်မှူး ကဗျာများ**

**(၁၉၅၀--၁၉၅၇)**

**ဥယျာဉ်မှူး**

စီးရိုးကာ၍
များစွာသစ်ပင်၊ မြေအပြင်ဝယ်
ငါလျှင်မျိုးချ၊ ပျိုးခဲ့ရတည့်။
တကုတ်ကုတ်လျှင်
မြက်နုတ် ပေါင်းသင်၊ နောက်ချေးတင်၍
ရေစင်ပက်သွန်း၊ နေ့စဉ်ဖြန်းသည်
ပင်ပန်းသည်လည်း ငါမသိ။
ဤယနေ့သော်
ချမ်းမြေ့ဘွယ်ရာ၊ ဥယျာဉ်သာဝယ်
ဖြာဖြာဆင့်လောင်း၊ ပင်အပေါင်းထက်
ရွှင်ကြောင်းဖန်ပြီ၊ ချုညီ့ဆီတည့်
ချပ်ညီဝန်းကော့၊ ပြော့ရရှော့နှင့်
ကြော့ကြော့ရှင်းရှင်း၊ ပပဝင်းလျက်
ရောင်ဆင်းကြွစွာ၊ မြမာလာသည်
ဂန္ဓာရနံ့၊ သင်းထုံပျံ့လျက်
ညှင်းညှံ့လေတွင်၊ ဂုဏ်ပွဲဆင်သော်
ငါလျှင်ပီတိ ဖြစ်လှတကား။ ။

..............................................

**အပြောင်းအလဲ**

သူ့လက်တွင်းမှ

သက်ချင်းလဲကာ ဆိုင်ရသည်။

အမျိုးတွက်ဟု

ငဲ့ကွက်မညာ ပြိုင်ရသည်။

ယခုခါသော်၊ ညီနောင်တော်တို့

မလျော်စိတ်မျိုး၊ မိုက်စပျိုး၍

နိမ်ချိုးမာန်ပြင်း၊ မေတ္တာကင်းသည်

ချင်းချင်းသတ်ရက် နိုင်ကြပြီ။ ။

.............................................

**မညီကြ၍**

မညီကြ၍

ဘဝကျွန်တွင်း ဆင်းရသည်။

ကျွန်ဖြစ်မုန်း၍

လွတ်ရုန်းနိုင်ရန်၊ အားသစ်ဖန်လျက်

တော်လှန်သွေးနှင့် ရင်းကြသည်။

လွတ်သည့်ခါသော်၊ ညီနောင်တော်တို့

မလျော်စိတ်ထား၊ ကွဲကြဲပြား၍

တရားမဲ့ကင်း၊ ချင်းချင်းတိုက်ခိုက်

မဲအောင်မိုက်သည်

ကျွန်သိုက်နီးသို့ ချဉ်းလှပြီ။ ။

.............................................

**ရွာပြန်ချိန်**

နေခြည်ငယ် ညှိုးပါပေါ့၊

မှောင်ပျိုးစခါကြိမ်၊

တိမ်ပန်းငယ် ညိုမှိန်သည်၊

ရွာပြန်ချိန် အခါသင့်ပါကော၊

ကျူးရင့်လို့ ထံတျာသီ၊

"ပြန်လာပြီ ညိုညိုနဲ့ရယ်က၊

ကြိုလှဲ့ကွယ်လေးတဲ့"။

နွားပြာညိုငယ်၊ နွားဝါချိုကုပ်၊

အစာလိုချင် ရွာပြင်ထုတ်လို့၊

တလုတ်ကယ်ဝမ်းစာ၊

နွားကျောင်းရင်း ရှာတော့ကို၊

ဘိုးသာတို့ ညီအကိုမှာ၊

တံပြာကို အသာမြှောက်ကာနှင့်၊

ဟဲ့-နွားလေ တခါငေါက်ပုံက၊
လွမ်းလောက်ကဲ့လေး။ ။

.............................................

**ယာတော**

နေဝန်းတက်၍
နံနက်မိုးသောက်၊ အလင်းရောက်တည့်။
မြေပေါက် တူးဆွ၊ မျိုးစေ့ချ၍
ထွန်ရကြေအောင်၊ နွားညီနောင်နှင့်
ရွက်ဆောင်ပျော်ပါး၊ အမေ့သားသည်
စိတ်အား သစ်နော၊ သည်ယာတောဝယ်
သာမောပေစွ တင့်ပေစွ။ ။

.............................................

**လူမွဲရိပ်မြုံ**

အရွက်ဟင်းလင်း၊ ရိုးတန်ရှင်းနှင့်
ရောင်ဆင်း မွဲတေ၊ ညှိုးခြောက်ခွေလျက်
ပူနေလောင်မြိုက်၊ ကျွမ်းလုဆိုက်လည်း
အားတိုက်အင်တန်၊ ထီးထီးကျန်၍
ဝင့်ဖန်သမျှ၊ စင်းခံရသည်
ဘဝဘယ်တော့ သစ်မည်နည်း။
ခနီမိုးကျဲ၊ ထရံပြဲနှင့်
လူမွဲရိပ်မြုံ၊ ဤတဲအုံလည်း
မလုံခါညာ၊ ကြောက်ဖွယ်စွတည့်။
နွေကျပူပို၊ မိုးရွာစိုနှင့်
ငြင်ငြိုစိတ်စက်၊ နေဖို့ခက်သည်
ပြိုပျက် ဘယ်တော့ လဲမည်နည်း။
သစ်ပင်လည်းခြောက်၊ လူလည်းခြောက်တည့်
အိမ်ပေါက်ညိုမွဲ၊ ပြိုလုဆဲနှင့်
စားလဲငြိုငြင်၊ အိပ်ရန်ပြင်လည်း
စိတ်တွင်မချ၊ နိုးကြွကြွတည့်
ဘယ်ကရန်သူ၊ လာလိမ့်ဟူ၍
တွေးပူစိုးနှောင့်၊ တကြောင့်ကြောင့်နှင့်
ဆင်းတောင့် ဆင်းရဲ၊ မွဲလည်းမွဲလျက်
စိတ်ထဲမအေး၊ ပြည်မအေး၍
ပူဆွေးစိတ်နောက်၊ သောကရောက်လည်း
ထွက်ပေါက်မလွယ်၊ လူမွဲနယ်တွင်
မှီတွယ်ကပ်ရပ်၊ အငတ်ငတ်သည်

မွဲဇာတ် ဘယ်တော့ ဆုံးမည်နည်း။ ။

.............................................

**မိုးမှောင်တွင်းမှ ထွက်ပြူစ**

မှောင်မှုန်နက်၍
မိုးထက်ခြုံသိုင်း၊ တိမ်ညိုမှိုင်းလည်း
ရပ်ဆိုင်းလင်းစ ပြုလေပြီ။

ရောင်စုံလက်၍
ပြိုးပြက်ဝင်းဝါ၊ သူရိယာလည်း
ထွက်ကာရွှေခြည် လုလေပြီ။

မြစ်အိုင်ကမ်းပါး၊ ရေစပ်နားမှ
ပွင့်ကားငွေကြာ၊ ပြုံ့ပြုံ့အာ၍
ရာဇာမင်းကို ကြိုလေပြီ။

စုံခြေမြိုင်နန်း၊ တောစခန်းမှ
နှုတ်ခွန်းကျေညာ၊ သာရကာလည်း
ရွှင်စွာတေးချို ဆိုလေပြီ။

ပန်းကြာပွင့်ငုံ၊ တေးသံစုံသော်
ထက်ဘုံယံပါး၊ နေရထားလည်း
အားရရွှင်ကြည်၊ ပေါ်ထွန်းစည်တည့်။

အိုဘယ်တိုင်းသား၊ တိုင်းသူများတို့
မခြားထို့တူ၊ ပမာယူ၍
ကြည်ဖြူစိတ်ထား၊ ဖွဲ့အင်အားနှင့်
တိမ်ကြားထွက်လာ၊ နေရာဇာသို့
ပူဆာထိန်ညီး၊ ပြည်တွင်းမီးမှ
လွတ်ပြီးစခါ၊ ပြည်ဗမာကို
ညီညာဖျဖျ၊ ကြည်ရွှင်ပျလျက်
တကွမကွေ၊ အားသစ်စေ၍
မသွေလက်တွဲ၊ တူယှဉ်နွဲ၍
မခွဲမခြား၊ တို့တိုင်းသားသည်
ကြိုးစားသင့်ကြပါပြီတကား။ ။

.............................................

**ပိတောက်ရွှေရည်**

ဝါရင့် ဝါရင့်၊ အညှာတင့်လျက်
ပင်မြင့်ထက်အောက်၊ ကြိုင်နံ့လှောက်သည်
ပိတောက်ရွှေရည် လူးပြီကို။

ရွှာသွန်း ရွာသွန်း၊ ပြာပြာရွှန်း၍
ထက်ဝန်းကျင်ရပ်၊ မင်ရောင်ဟပ်သည်

မိုးနတ်ပဇ္ဇုန် မြူးပြီကို။

နှစ်ပေါင်း နှစ်ပေါင်း၊ တဖြစ်ပြောင်း၍

ရင့်ညောင်း ကုန်လစ်၊ ရက်လ,နှစ်သည်

အသစ်တလီ ကူးပြီကို။ ။

.............................................

**အဖော်**

ဥဩတွန်လျှင်

ပန်းမွန်စပယ် ပွင့်တော့သည်။

လေရူးလာလျှင်

ရွက်ဝါမြေသို့ ချဉ်းတော့သည်။

ဥဩစပယ်၊ အဖော်ဆွယ်၍

ရွက်ငယ်ရွှေဝါ၊ လေရူးမှာလျှင်

မကွာတူယှဉ်၊ တွဲကြလျှင်သော်

ချစ်ကြင်စာဆို၊ နွဲ့ညိုညိုလည်း

သံချိုနှုတ်မြွက်၊ ပျော်ကြောင်းတွက်သည်

ကြင်ဘက် ကဗျာနှင့် တကား။ ။

.............................................

**နှစ်ဦးဆု**

ပိတောက်တွေ ရွှေရည်လူးပါလို့

ပွင့်ဖူး စုံတညီနဲ့

ရဂုံဆီ မြိုင်အနံ့ပေပေါ့

သင်းပျံ့လို့ ကြိုင်ဝေစီ။

နန်းရဂုံ မြိုင်တကြောမှာဖြင့်

ဥဩ မောင်မယ်ပျိုတို့

သံချိုချို တမူဆန်းလေပေါ့

တူအစုံ ကျူရုံနန်းဆီက

နှုတ်ခွန်း မာဂဓေနဲ့

ခါတန္တေ ဂိမ္မေဦးကို

ကျူးရင့်ကြိုပြီ။

တိမ်ဘွေမှာ မိုန်ပြေဆင့်ကာပ

ညိုရွှေဝယ် ခိုခြေရင့်ပါပေါ့

နီကြင့်ကို ဝါဝါမွှေခဲ့

အပြာငွေ သာထွေဆန်းပါလို့

ချယ်သန်းတဲ့ တိမ်ပန်းချီရယ်

ညိုရီလဲ့ပြာမှိုင်း။

ချစ်ဦးဒေဝီ

နစ်ကူးဝယ် သည်စေတီ၌

ရေကြည်ကြည် ကူညီလောင်းပါလို့

ဆုကောင်းနော် ပန်ကာချွေခဲ့

"သက်မေခင် အချစ်ဦးကိုဖြင့်

ရက်ရှေကြင် မပစ်ဘူး"သာပ

ဆုထူးကို သည်မောင်ဆင်တော့

ပျိုမေခင် ရွှေရည်သွန်းရယ်က

"တည်ပါစေ"ရည်ချွေညွှန်းလို့ရယ်

ရွှန်းပီတိဝိုင်း။ ။

..............................................

## ဆု-၂

သာတင့် ပြာရင့်၊ အာကာမြင့်ထက်

ကြွားဝင့်စံမြန်း၊ ကြယ်စုံဝန်း၍

တင့်ရွှန်းဖြူဖွေး၊ စန္ဒီအေးသည်

ငွေသွေးစိုကာ ကြည်လျက်ကို။

ပင်မြင့်ဦးတွင်၊ ညငှက်ရှင်ကား

ခိုဝင်သိုက်နန်း၊ သည်အိပ်တန်းမှ

လ,ဝန်းစန္ဒေ၊ ပုဏ္ဏမေကို

နှုတ်ချွေရည်သန်၊ လျှောက်တောင်းပန်သို့

တရံတချက်၊ ခွန်းချိုမြွက်သည်

နစ်သက်ဘွယ်ရာ မြည်လျက်ကို။

ဝေးမြေရပ်ခြား၊ ချစ်သူသွားက

စိတ်ထားမြူတင်၊ မကြည်လင်ခဲ့

သဘင်ခါမော်၊ အတာတော်ဝယ်

နစ်ဖော်တွဲရှက်၊ နန်းကနက်၌

ရေစက်သွန်းလောင်း၊ ဆုမွန်ကောင်းကို

ပန်တောင်းတူကွ၊ မပျော်ရတည့်

ဆွေးစမပြေ၊ မြတ်စိန္တေ ဝယ်

မာစေနှုတ်ဆု၊ တကိုယ်ပြုသည်

ချစ်သူ့ကိုသာ ရည်လျက်ကို။ ။

..............................................

## နန်းရိပ်ခို

ချစ်တဲ့သူငယ်လေ.......၊

သူငယ်ချင်းရယ်ကောင်းသည့် ယောင်းမတို့လေ......၊

တန်ခူးရယ်မှ, ကဆုန်၊ လေသုန်သုန်နှင့်၊

အမှုန်မာန်ကြွ၊ ဟန်ရောင်ပြ၍၊
တောဝမြိုင်အောက်၊ ပိတောက်ပွင့်ရန်၊
မိုးမမှန်သည်၊ ရွာပြန်သော်လဲ မိုးမသဲ။
ဌာနီရယ်မှ, တကျေး၊ မြို့နှင့်ဝေးသည့်၊
ပျိုလေးငဲ့စံရာ၊ ဝေရီမှိုင်းမို့၊
တောရိပ်ညို့ပါတဲ့ မယ်တို့ရွာကို၊
အချစ်ဦးငယ်- မောင်မပြန်သည်၊
မပြန်သော်လဲ၊ နမလေးငယ် ဝမ်းမနဲ။
မြို့ကြီးရယ်မှ, ရိပ်နန်း၊ ရွှေဘုံငယ် ဆန်းပါသည့်၊
ကျောင်းတော်ခန်းက၊ ပျိုလွမ်းရသူ၊
ပညာတော်သင်၊ မယ်ကြင်စ,ဦး၊
အချစ်ထူးသို့၊ ရှင်မြူးမလန်း၊
တကယ်သာပန်းပါတဲ့၊ မယ့်လွမ်းမှုကို၊
စိတ်တူသဘော၊ ခွန်းချိုငယ်နှောပါလို့၊
မပြောရလေ။
မီးရောင်ဖြာလွှတ်၊ သည်ဝါကျွတ်ကယ်၊
ဇေညွှတ်စိတ်မှာ၊ မောင်လာနေကျ၊
သမယမို့၊ တမ်းတ,မယ့်ဝယ်၊

သည်မြိုင်ခြေအောက်၊ ရောက်လိမ့်မယ် ရွယ်ပြီးလျှင်၊
ရွာလယ်နန်းဆီက၊ အလွမ်းဖြေလေ.......။
မမြော်သာသည်
ဝင်းဝါသန့်စင်၊ မိုးတိမ်ဝယ်ကပ်ပါတဲ့၊
လ,နတ်ရှင်ကို၊ မြင်လို့ ဆွတ်ရတော့မလား။
မခေါ်သာသည်
မောင့်မှာတကလုမ်း၊ ရည်ရွယ်ကာ-မှန်းပါတဲ့၊
သင်တန်းစဉ်ကို၊ ကြင်လို့ လွှတ်ရတော့မလား။
မပန်သာသည်
လ,ဝါငွေသွေး၊ တိမ်တိုက်ယံလယ်၊
စန္ဒာအေးကို၊ ဝေးလို့ ဆွေးရပေတော့တယ်။
မပြန်သာသည်
မောင့်မှာတကျေး၊ နန်းရိပ်ခိုလို့ ပညာမွေး၊
တွေးလို့ ငေးရပေတော့မယ်။
မပန်သာ
စောင့်ကာ-အလွမ်းတဖက်နှင့်။
မပြန်သာ
မောင့်မှာ-အကြောင်းတချက်နှင့်။

အလိုလေ့ အိုင်၊ လူညီုယဉ်မှာ၊

ပျိုသာစွဲပါတဲ့၊ အသဲညှာလေ.......။

.............................................

**မီးထွန်းလှည့်ပါမေ**

ရောင်မလင်းနိုင်ဘု

မှောင်တွင်းက ချစ်သူဆွေမှာ

လျစ်လျူကာ တမေစိမ်းတာကြောင့်

ဇာတ်သိမ်း မှောင်မှာဆုံးရချည့်

မုန်းပါနဲ့ ပျိုသက်လျာ။

ဩော်....... ရှုကာမျှော်ကြည့်

ကိုးနယ်ပြည့်မှာ

မှိုင်းအိလို့မဲ

တိမ်ခိုးတိမ်မှုန် တိမ်ဂဠုန်

ဆိုင်းအုံကာ ဝဲကြတော့

ပျော်ဘဲဖေါ်ကွဲ ပူပုံတော်ကဲလှချည့်

လက်တွဲကာ ဖေးလှည့်ပ့ါ

ရွှေသွေးလဲ့ မာလာငယ်။

မှောင်အတွင်းငယ်က

ဆောင်ကြဉ်းလို့ သက်လျာဆွေကို

မီးရောင်တွေ ဝေဝေမြူးပါတဲ့

မှန်ဦး ဘုံရွှေနန်းဆီသို့

ပို့စမ်းပ့ါ ညိုညက်ပြာ။

အို..... ဘယ်မှာဘယ်လမ်း ဘယ်စခန်းဟု

မျှော်မှန်းရန်ခက်

ရှေ့နောက်ဘယ်သင်း မသိလျင်း

ဟင်-မှောင်တွင်းက နက်လှချည့်

မျှော်လျက် ခေါ်လျက်

လွတ်မြောက်ကာထွက်နိုင်ဘု

မီးလက်လို့ ထွန်းလှည့်ပ့ါ

ချစ်ကျွမ်းနွဲ့မာလာငယ်။ ။

.............................................

**တိမ်ရိပ် လူရိပ်**

ပြာရည်မှိုင်းမှိုင်း၊ ညို့ဆိုင်းဆိုင်းနှင့်

ငွေလှိုင်းလဲ့လဲ့၊ ရွှေမှဲ့မှဲ့တည့်

တိမ်းငဲ့ရွှေ့လျား၊ ပြေးခုန်လွှားသည်

နဂါးရုံလေ ဂဠုန်လော။

ထံတျာငြိမ့်ငြိမ့်၊ သံဆိမ့်ဆိမ့်တည့်

ပြေးလိမ့်ကာမြူး၊ လေပျိုဦးဝယ်

ကြည်နူးသမူ၊ ချိုချိုညှသည်

ဗေလုဝလော ပြွေမြလော။

ရေးဝယ်လှလှ၊ မှုန်ပြပြတည့်

ဝင်းပသလို၊ မိုန်ညိုညိုနှင့်

ခိုရောင်တချိပ်၊ အလိပ်လိပ်သည်

တိမ်ရိပ်ပေလော လူပေလော။ ။

...............................................

**နွေအပြောင်းပေမို့**

ဘြော် -- ပေါမာန်ကုန်ညောင်း၊ နွေဟန်ပြောင်းလို့၊

ရွက်ဟောင်းစွန့်ချွေ၊ လေလွင့်လို့ ကြွေတဲ့ခါ၊

တထွေဆင်သ၊ ပုရစ်ပျိုငယ် စိုစိုကြွလို့၊

စိမ်းမြညွန့်ရှင်၊ ပင်ထက်နန်း ကွက်ဆန်းတွေဆင်သည်၊

လွင်လွင်စိမ်းလို့ ရှိမ်းတော့တယ်။

ခွန်းချိုငယ်သာစွ၊ မာဂဓနှင့်၊

ရွာဝထိပ်တွင်၊ ညောင်ညိုပင်က၊

ကြည်ရွှင်ကြောင်းပြု၊ တေးသွယ်သွယ်နှင့်

ဥသြငယ်ညှလှပေ့ါ၊ ဆန်းနှငယ်တထွေ၊

နေအတက်မှာ၊ နွေငှက်သံပွေသည်၊

ဖေါ်ရွေနည်းသူတို့ ဖိုလိမ့်မယ်။

ရတုပွဲမို၊ သဲစေတီနှင့်၊ ရာသီတပေါင်း၊

မတင့်တောင်းဝယ်၊ တကောင်းရေကြည်၊

ပန်းစုံစီနှင့်၊ ဆုရည်ပန်ချက်၊ သူ့ထက်ငါ မြွက်ကြလို့၊

ဖိုမင်္ဂကယ်တထွေ၊ မြတ်နိဗ္ဗာန်ချွေသည်၊

ပြည့်စေခွန်းလှည့်သာလိမ့်မယ်။

ဘြော်- ဝေမှင်မမှုန်း၊ သည်ရာသီငယ်၊

သာကြည်ဆုံးပေပေ့ါ၊ မိုးလုံးငွဲပြာပြာ၊

သဲဝါဝါနှင့်၊ မြလွှာရွက်နု၊ လှမျိုးစုံစုမှဖြင့်၊

ဆွေးလုလုရင်မှာကျပ်၊ ဘြော်-ဘယ်ဖြေဆည်တတ်နိုင်လိမ့်။

ဆုမြတ်ကယ်ရည်၊ သဲစေတီ ငွေသောင်ကမ်းက၊

ဆန်းတင့်ပုံထူး။

လေရူးငယ်ဆော်၊ နွေဦးခေါ်သည်

တပေါင်းမှာဖြင့်၊ ညောင်းရွက်ကလူး။ ။

...............................................

**စဉ်အလာ**

နွေအမှ နေပူများသော်ကြောင့်
မေတဖြူ ရေလှူသွားမယ်ကွယ့်
လိုက်ပါလား ပျိုတို့ရေ။
ကနက်ထီးမှာလ
သက်ကြီးသူကို ဂါရဝေနဲ့
အတာရေ အေးကြည်လျှမ်းငဲ့ပြင်
ဖြာဖြာဝေ မွှေးရည်ဆမ်းငယ်နဲ့
ပဏာခွေ လှူပက်ဖြန်းပါလို့
ကညာမေ ဖြူညက်ပန်းတို့ရယ်ကွယ်
မြန်းကြစို့လေ။
စဉ်အလာ ကန်တော့ပွဲပေပေါ့
ခင်ဗမာ မလွတ်နွှပါတော့
သြော် ကျွတ်ခဲ သည်သံသရာက
မြန်မကြာ ခေမာကမ်းဆီသို့
တို့တတွေ တူတူလှမ်းနိုင်လိမ့်
ကျွတ်တမ်းဆု ချွေသာချွေ
ပြည့်စေလိမ့် မလွဲ။

နွေဦးတာယံ
ခါသကြံန် ဂိမှာန်လပေမို့
သူရကာန် ပူလှုံပြေပါလိမ့်
အေးမြသည် ရေစင်ကြယ်နဲ့
ငွေစပယ် ဖြူဖြူဖွေးငဲ့ပြင်
သရဖီ ကန့်ကော်မွှေးသာပ
အေးပါစေ မွှေးစေကြောင်းရယ်လို့
မေတ္တာရေ ပေးဝေလောင်းပါစို့
သြော်-ဆုတောင်းကာ သည်ပုံပျော်တော့
သည်မြေပေါ် သည်ကဖွားပါတဲ့
ရွှေဗမာ လူယဉ်သားပါလို့
တရွာနေ ရပ်တခြားတို့ကို
(ကွယ်တို့ရယ်)ကြွားလိုက်ဖို့ခဲ။ ။

.................................................

**မပြည့်သည့်ဆု**

နှစ်သစ်ကူးတိုင်း
ရှင်မြူးစေရန်၊ တောင်းဆုပန်ခဲ့။
နှစ်သစ်ဆန်းတိုင်း

ရွှင်လန်းစေမှု၊ ပန်ယူပြုခဲ့။
ဤယနေ့သော်
ရေ့နောက်ဝဲယာ၊ လေးမျက်နှာကို
မျှော်ကာပတ်လှည့်၊ ငါလျှင်ကြည့်မိ
မှိုင်းသည်မြူခိုး၊ မှုန်ရီဖြိုးနှင့်
မိုးလုံးဆိုင်းအုံ၊ မြင်ရတုံသော်
ရင်ခုန်လှိုက်၍ ပန်းမိ၏။ ။

..............................................

**မြတ်ပန်းရတနာ**

အရှက်ဦးဝယ်
ကျေးရှူးသခင်၊ မွေးမေဆင်ဘို့
ငါလျှင်တကိုယ်၊ ဥယျာဉ်ပျိုတွင်
ပန်းကိုရှာလျက် ရှိသတည်း။
ဖြူဖွေးဖွေးမို့
နတွေးမာလာ၊ မေကြိုက်ရှာလိမ့်
တွေးကာဆွတ်ခူး၊ စပယ်ဖူးလျှင်
ပန်ဘူးမာတာ၊ ဆိုလိုက်ရှာတည့်။
ရနံ့ဝေဝေ၊ ပွင့်ခရေကို
မွေးမေသူ့တွက်၊ ဆောင်ခဲ့လျက်နှင့်
ခေါင်းထက်တင်ကာ၊ မဆင်ပါတည့်။
ရွှေရည်စက်သည့်
ပွင့်ခက်မာလာ၊ စကားဝါနှင့်
နီတျာနှင်းဆီ၊ ငုံတံချီကို
စီရီစုစည်း၊ ပို့ခဲ့ပြီးလျှင်
မိကြီးသခင်၊ ချစ်သည့်သျှင်သည်
ပန်ဆင်သကာ၊ လှဖို့ရာကို
စိတ်မှာရွယ်ရည်၊ မကြံစည်တည့်။
တကိုယ်တည်းလျှင်
ငိုညည်းချင်ဖွယ်၊ တအားငယ်လျက်
မွေးမယ်မာတာ၊ ဆင်ဖို့ရာကို
စိတ်မှာတမ်းတ၊ ကြံတွက်ဆသည်
ဘယ်မှဘယ်မှာ၊ ရနိုင်ပါလိမ့်။
စိတ်အားလျော့လျက်
ငေးမော့ကာသာ၊ ဤငါ့မှာလျှင်
များစွာခူးထား၊ ပန်းစုံကြားဝယ်
ရပ်နားတွေဝေ၊ မှိုင်လျက်နေစဉ်

ပောလေ-ဆိုမိ၊ တွေ့လိုက်ဘိသည်
ထွေးအိပန်းလှာ ရောင်စုံကော။
ညှံ့နသေးသည်၊ ပိုးကြိုးချည်နှင့်
ကုံးသီရွရွ၊ ပန်းစုံစွကို
လုပဖွယ်ရာ၊ ငါပြုပါတည့်
အဝါစကား၊ နှစ်ပွင့်ခြားထက်
ပွင့်ကားငွေကြယ်၊ ဖြူစပယ်တည့်
တသွယ်ထိုမှ၊ ခရေလုတည့်
ကြွကြွကလေး၊ နှင်းဆီသွေးကို
ပွင့်သေးကြိုင်လှောက်၊ ခရေအောက်မှ
ထို့နောက်တဖန်၊ သိင်္ဂါလျှံသည့်
ဝတ်ဆံမွှာမွှာ၊ စကားဝါတည့်။
ဤသို့စုရုံး၊ မြတ်ပန်းကုံးကို
ချစ်ဆုံးသူ့ထံ၊ ဆက်သပြန်သော်
သက်နှံမွေးမေ့၊ ရင်သပ်၍တည့်
"တော်မေ့ ငါ့သား၊ စွမ်းပါကလား"ဟု
နုတ်ဖျားဆိုတမ်း၊ ရွှင်သည့်ဝမ်းဖြင့်
စိတ်ချမ်းကိုယ်မြေ့၊ ပျော်တမွေ့သည်
ပန်၍ မငြီးရာတော့တကား။ ။

..............................................

**စိတ်ခရီးသည်**

"အနေ့နေ့လျှင်
ငြီးငွေ့စရာ၊ သည်အိပ်ရာဝယ်
လျောင်းကာစက်ကာ၊ မေးမို့တ်ကာနှင့်
သင့်မှာနေငြား၊ ပျင်းဘူးလား"တဲ့။
ငါ့အတွက်မူ
ခွဲချက်ဒဏ်ရာ၊ အနာနာ၍
ထောက်ကာစမ်းကာ၊ မလှမ်းသာတည့်
လျောင်းကာဆိတ်ဆိတ်၊ မျက်လုံးမှိတ်၍
တိုးတိတ်သာလျှင်၊ စိတ်ကူးယဉ်သော်
မြဆင်သိပ်သိပ်၊ ရွက်စိပ်စိပ်နှင့်
တောရိပ်မြိုင်ကြီး၊ ရှုမငြီးတည့်။
ပွင့်လည်းစုံစုံ၊ ငုံလည်းဆိုင်ဆိုင်
ခိုင်လည်းကွန့်ကွန့်၊ ဖူးတံလွန့်လျက်
အညွန့်အကိုက်၊ ကွေ့ဝန်းဝိုက်တည့်။
ကျူးရိုက်သံလွင်၊ သားသမင်တို့

ပျော်ရွှင်ခန်းဝါ၊ မိဂဒါသို့
တမာနုတ်ချိုး၊ ညသြပိုးနှင့်
ကျေးဖိုကျေးမ၊ ခွန်းချီချတည့်။
မြမြကြည်စင်၊ စမ်းရေယဉ်လည်း
ချိုလွင်သည့်တေး၊ ရင့်ရှုကြွေးတည့်။
ဝါစွေးညိုပြေ၊ ဤကမ်းခြေဝယ်
ရွက်ကြွေကောက်ကာ၊ လေပမာလျှင်
လွှတ်ကာဆိုင်ဆိုင်၊ တက်ရေးပြိုင်မိ။
သူနိုင်ငါရှုံး၊ ကြိတ်ခဲတုန်းဝယ်
နလုံးကြည်လင်၊ ချမ်းမြေ့ရွှင်၍
ငါလျှင် ပြုံးလိုက်မိသတည်း။
သူငယ်ချင်းက
"မပျင်းဘူးလား"၊ မေးသံကြားလျှင်
ငါကားရွှင်စွာ၊ ရယ်မောကာတည့်
"ဘယ်မှာပျင်းသည်၊ ရှိလိမ့်မည်နည်း"
မြရည်ပက်ဖြန်း၊ တောအဝှန်းကို
ဖြန့်မြန်းလှည့်လည်၊ နံ့ခဲ့ပြီလေ။ ။
..............................................

**ဤတနေ**

တနေထွက်၍
ဝင်းလက်ကြည်လျှမ်း၊ ငွေခြည်တန်းသို့
သစ်ဆန်းရောင်ထွေ၊ ရွှန်းရွှန်းဝေလျက်။
ရွှေသစ် ငွေစစ်၊ ပုလဲနှစ်သို့
ပွင့်သစ်စပန်း၊ စိမ်းစိုလန်း၍
ကြိုင်လျှမ်းမှုန်ချေ၊ ရွှန်းရွှန်းဝေလျက်။
သာရကာငှက်၊ တေးချိုမြွက်၍
ခွန်းဆက်ပျူငှါ၊ ဆန်းသစ်စွာဖြင့်
ခါခါ မေး ဖြေ၊ ရွှန်းရွှန်းဝေလျက်။
တနေခန်းသော်
မှိန်သန်းရောင်ဝါ၊ ဖျော့တော့စွာဖြင့်
အာကာမိုးဝ၊ မှိုင်းမှုန်ပျ၍
ကင်းပရောင်ငွေ၊ နွမ်းနွမ်းခွေခဲ့။
ပွင့်ချပ်ဝတ်မှုန်၊ ကွေးကွေးငုံ၍
ပျံ့ထုံမမွှေး၊ ကြိုင်နံ့ဝေးသည်
မှုန်မှေးရောင်ရွှေ၊ နွမ်းနွမ်းခွေခဲ့။
အားအင်ကုန်ခန်း၊ မောဟိုက်ပန်း၍

သိုက်နန်းပင်ညို၊ အိပ်တန်းခိုလျက်

ခွန်းချိုမကြွေး၊ တေးသံဝေးသည်

ငှက်ကျေးမောင်မေ၊ နွမ်းနွမ်းခွေခဲ့။ ။

..............................................

**ကဗျာ-၁၀၀**

**(၁၉၅၈)**

**အခန်း-၁**

**မိုးကုပ်စက်ဝိုင်း**

တခုဆည်းဆာ၊ ရှိပြာပြာ၌

ငါလျှင်ယောက်ချင်း၊ ငေးမောယင်းဖြင့်

လယ်ကွင်းမြေကွက်၊ ကန်သင်းထက်ဝယ်

ထိုင်လျက် နေမိသည် တကား။

ထိုင်လျက်နေစဉ်၊ ရှေ့တခွင်၌

နေဝင်မိုးဝ၊ မှိန်ပျပျနှင့်

အောက်ကမြေကြီး၊ တွေ့ဆုံစည်းသို့

ခရီးဝေးက၊ မြင်နေရသည်

မိုးစ မြေမှာ ပါတကား။

မိုးနှင့်မြေကြီး၊ တစပ်တည်းဟု

မှတ်ပြီးတခါ၊ တွေ့ဆုံရာသို့

ငါသာစိတ်လို၊ သွားမည်ဆိုက

သည်းဖိုလှိုက်ပန်း၊ ငါသာနွမ်းမည်

သည်လမ်း ဘယ်မှာ မဆုံးတကား။

မိုးမြေဆုံစည်း၊ ဤခရီးသို့

မငြီးချစ်သူ၊ လှပြာဖြူနှင့်

ငါမူလက်လှမ်း၊ ချစ်စခန်းလည်း

မျှော်မှန်းရာတွင်၊ နီးပါချင်လျက်

လိုက်လျှင်ရွှေ့ရွှေ့၊ ဖြည်းဖြည်းရွှေ့၏။

တနေ့တခြား၊ ဝေးကွာခြားက

စိတ်ထားမသစ်၊ ဝေမှိုင်းညစ်၍

သည်ချစ်ပုံခိုင်း၊ ပမာနှိုင်းမည်

စက်ဝိုင်း မိုးကုပ် နှယ်တကား။ ။

..............................................

**စိတ်**

တကိုယ်မွေ့လျှင်

လျှော်ရွှေ့မတည်၊ လူတို့ပြည်ကို

စိတ်ရည်မှန်းဆ၊ သံဝေဂဖြင့်

ဘဝရှုံမုန်း၊ လွတ်အောင်ရုန်းမည်

မြတ်ဆုံး နိဗ္ဗာန်၊ ရောက်လိုမှန်၏။

နှစ်ကိုယ်တွေ့သော်

ချောမွေ့သူဇာ၊ သူ့မျက်နှာကို

ရှုကာမဝ၊ တသသကြောင့်

ဘာမျှမသိ၊ ကျော့ကွင်းမိ၍

ပီတိ ဖြစ်ကာ၊ နေသည်သာတည့်။ ။

...............................................

**ပြိုင်ပွဲ**

ကြာပွင့်ညိုညို၊ ဝတ်ရည်စို၍

ဆွတ်လိုလက်ပြင်၊ ခူးလိုက်ချင်သည်

လေတွင် မွှေးလို့ ကြူကြူသင်း။

ကြာပွင့်ဖြူဖြူ၊ ကြိုင်ပုံ့ကြူ၍

လှမ်းချူဆွတ်ငင်၊ ခူးဖို့ပြင်သည်

ငွေစင် သွေးမို့ ဖြူဖြူဝင်း။

တပွင့်ဖြူဖြူ၊ ဆင်းငွေတူနှင့်

သင်းကြူညိုလွင်၊ ပြိုင်ပွဲဝင်သော်

မခင် ရွေးဖို့ တူတူချင်း။ ။

**ဝါကျွတ်လက်ဆောင်**

ရွာထိပ်ဆီ လယ်ပေါ်ကျောင်းက

ဗုံမောင်းတဲ့ သံစီစီ

ကျူးရိုက်လို့ဟည်။

လေငွေ့ရာဆီ၊ မြည်နိုင်ပေ့မစဲ။

ဝါလကုန် ကျွတ်သီတင်းပေမို့

လွတ်ကင်းတဲ့ပွဲ။

မှန်ခုံမှာ နံ့သာသလို့

ပြီးစစ သူ့မျက်နှာ

တောကသူဇာ။

ပွဲအခါ နွဲ့မှာမို့မအား။

ညနေချိန် တိမ်အတောက်တွင်မှ

မိုးကျမယ် တကယ်ထင်လောက်အောင်

ပျိုလျှောက်လို့သွား။

ကြာပန်းငုံ ဆီတိုင်မီးနဲ့

မောင်ကြီးနွဲ့ ညိုသွယ်သွယ်

လမ်းကွေ့ကကွယ်။

မောင့်သက်လှယ်၊ ပျိုမယ်ကလာခဲ့။

လေပြည်မှာ ဖုံသံဆင့်တော့
ထင့်မိစိတ်ထဲ။
လမ်းကွေ့မှာ၊ ကြုံကြိုက်တော့
မေလိုက်ခဲ့ သူကခေါ်
"သွားကြစို့နော်"......တဲ့။
ခေါင်အမော်၊ တော်ပေါ်ကဘုရား။
"ညိုနွဲ့ကို မောင်မမုန်းကာပ
ဆယ်ကမ္ဘာ ရှောင်မပုန်းပါဘု
သုံးလူ့ထွတ်ထား"တဲ့။

.............................................

**အကြိုတော်**

အုံ့ဆိုင်းရီရီ မိုးပြင်မှိုင်းလို့
ကိုးခွင်တိုင်းက မှုန်လို့ပြာ၊
မိုးညည်ညီ ငွေရည်တွဲက
ထွေစီမစဲ သဲလို့လာ၊
မြရွက်ထိုထို ရင့်စိုကြွားလို့
ပွင့်ညိုကားကား စကားဝါ၊
ရင့်ညောင်းငွေညှာ ကြွေကာပဲ့တော့
မြေမှာတလှဲ့ စံတဲ့ခါ၊
မေ့ပါးပြင်မှာ မျက်ရည်တွဲလို့
ပြတ်မည်အသဲ ကြွေလုပါ၊
လာနိုးငယ်သာ မှန်းကာဆရ
လွမ်းရှာသမျှ မောင့်တွက်သာ
ခက်တာ သက်လျှာ။ ။

.............................................

**တန်ဆောင်မေ**

နှင်းရည်သီး၍
စိုလည်းစိုလန်း၊မြနွယ်ဒန်းဝယ်
ဆန်းလည်းဆန်းစွ၊ ကြွရရှုတည့်
လှလည်းလှပေ၊ ခဝဲရွှေသည်
မြောက်လေသိမ်း၍ ယိမ်းပြီကော။
လင်းဆီမီးနှင့်
ထွန်းလည်းထွန်းညို၊ ပူဇော်တိ၍
ရှိလည်းရှိခိုး၊ ပျပ်ဝပ်ကျိုးလျက်
ကိုးလည်းကိုးကွယ်၊ ဆုပန်ရွယ်သည်
တိုင်းနယ်အေး၍ ငြိမ်းစေသော။

ဆင်းရည်ညီးလျက်

ပလည်းပဝင်း၊ လှများမင်းကို

လင်းလည်းလင်းစွာ၊ မီးရောင်ဝါဝယ်

သာလည်းသာရှင်၊ ကျွန်ုပ်မြင်သည်

နှိုင်းယှဉ်တုလွတ် နတ်မေလော။ ။

..............................................

**ငွေမြရည်**

လွမ်းဘွယ်ပြော၍

မှိုင်သောမျက်နှာ၊ ညိုရုပ်ဝါဖြင့်

သူ့မှာဆွေးဖက်၊ သောကတက်သည်

စိုလျက် မျက်ရည်နှင့်တကား။

ရယ်ဖွယ်ပြောသော်

ရွှင်သောမျက်နှာ၊ သံသာသာနှင့်

ရယ်ကာဟက်ပက်၊ အူပင်တက်မည်

စိုလျက် မျက်ရည်နှင့်တကား။ ။

..............................................

**အချစ်နှင့် စိတ်ကူးယဉ်သူ**

ဤတညဝယ်

ပပဝင်းကာ၊ မင်းစန္ဒာလည်း

ရောင်ဝါထွန်းဟိတ်၊ တဖိတ်ဖိတ်တည့်

တိတ်ဆိတ်ထိုစဉ်၊ ပတ်ဝန်းကျင်လည်း

ညသွင်ငြိမ်သက်၊ တည်ကြည်လျက်တည့်။

အလိုကြည့်ပွဲ၊ မှောင်ရိပ်ကျသည့်

အေးမြပင်လွှာ၊ သစ်ရိပ်သာ၏။

လ, ဝါထိုးဖောက်၊ ပြိုးတပြောက်ဝယ်

တယောက် လူပုံ ထိုင်၍တကား။

ထိုအခိုက်တွင်

စိုက်စိုက်ရည်တူ၊ ရှေ့တူရူမှ

ထိုသူတယောက်၊ သူ့မျက်မှောက်သို့

ဆိုက်ရောက်၍သာ၊ လာခဲ့ပါသည်

ကညာပျိုမျစ် နတကား။

"အဘယ်ကိစ္စ၊ ချစ်နမ"ဟု

သူကဆီးကြို၊ မေးမြန်းဆိုသော်

"အိုဘယ်သဟာ၊ ဤကမ္ဘာဝယ်

မကြာမဆိုင်း၊ ထပ်လှိုင်းမေတ္တာ
ရစ်ကာကာတည့်၊ သစ္စာချက်ကုံ
ထိပ်ထက်ပုံပြီး၊ ချစ်ခရီးဝယ်
ယှဉ်မှီးတူပျော်၊ သွားမည့်ဖော်ကို
ရည်မျှော် ၍သာ ရှာသတည်း”တဲ့။
“တွေ့ပါပြီလော
သူစောကြောသော်၊ မှုန်သောမျက်နှာ
ညှိုးရုပ်ဝါဖြင့်၊ “တွေ့ပါဘူးလေ”
နှုတ်တုံ့ဖြေသည်
ညီးခွေ အားလျော့ တိုးတိတ်တည်း။”
“အဘယ်ချစ်ဆွေ၊ ငါ့ကိုဖြေလော့
ထိုင်နေဤမှာ၊ သင့်ကြောင်းရာ”ဟု
သိသာလိုအား၊ မေးပြန်ငြားက
တပါးလူညို၊ မှောင်ရိပ်ခိုလည်း
သည်လို သူ့အား ပြောသတည်း။
“ငါ့မှာဆိုလျှင်၊ ဤရပ်ခွင်မှ
တန်ပင်ဝေးကွာ၊ “အတွေးရွာ”ဝယ်
နေပါသမှု၊ သက်လုံးပြု၏

ယခုခါသော်၊ ငံ့မျှော်ယင်းသာ
ချစ်သူရှာလည်း၊ ဘယ်မှာဘယ်မှ
စိတ်တိုင်းကျသည့်၊ အလှပြာဖြူ
မတွေ့မူ၍၊ သည်းအူလှိုက်ပန်း
ကိုယ်ယိုင်နွမ်းနှင့်၊ စခန်းဤမှာ
ချခဲ့ပါ၏”တဲ့။
ဤသို့ဤပုံ၊ ဖြေလတ်တုံသော်
အာရုံဝင်စား၊ သူ့စိတ်ထား၌
ထင်ရှားစွဲငြိ၊ လှနတ်မိ၏
ချောသည့်နဂို၊ ဆင်းရွှေကိုယ်ကို
မြင်လို စိတ်ကြောင့် မေးမိ၏။
တောင်းပန်ခယ၊ မယ့်ဆန္ဒကြောင့်
ရူပရွှေကိုယ်၊ ကြည့်ပွဲ့ါဆိုသော်
အို-အို အံ့သြ၊ ရင်သပ်မော၍
မေ့မြောလုလု၊ လှဂုဏ်စုသည်
ချစ်သူ့ရုပ်ပုံ လှာတကား။
ပုရစ္ဆိမေ၊ တက်သစ်နေသို့
ဒေဝစ္ဆ ရ၊ နတ်တမျှလျှင်

ဥတ္တမရူပ၊ ဆင်းအင်လှလျက်
ညည၌ခါကြိုက်၊ မှောင်တိဆိုက်လည်း
ဆယ့်နှစ်မိုက်ခန်း၊ မီးရောင်ထွန်းသို့
တက်ရွှန်းသရေ၊ လှမြတေ။
"ငါ၏လက်နှင့်၊ ဆေးစက်ခြယ်သ
ဤပုံလှသို့၊ မျှတချောန
လှရည်စုမှ၊ ချစ်မှုရိပ်မြုံ
လှမ်းကြကုန်မည်"တဲ့။
"ဩော်-ဩော်"မေ့မှာ၊ ဆိုလျက်သာလျှင်
ထူးစွာကြံစည်၊ မောင်ပန်းချီကို
အံ့သည် စိတ်နှင့် ငေးသတည်း။
လ,ရောင်ရိပ်ဝယ်
တွေးစိတ်ယဉ်သူ၊ နှစ်ဦးလူတို့
ဆွေးပူပန်းလျ၊ စိတ်နွမ်းကျနှင့်
ခွန်းဟမဆို၊ တဦးကိုလျှင်
ပြေလိုစိမ့်အား၊ ရှုမိငြား၏။
ဤသို့စူးစိုက်၊ ကြည့်မိလိုက်သော်
နှစ်မြိုက်သလို၊ ရင်ဖိုဖိုနှင့်
ရှယ်ပျိုနှစ်ယောက်၊ လ,ရောင်အောက်၌
ရက်ကြောက် စိတ်များ ပွားမိ၏။
တိတ်ဆိတ်မှုသည်
အခုမကြာ၊ ခဏသာတည့်။
"အိုဘယ့်အလှ၊ ချစ်နှမငယ်
စုံစွကြောင်းရာ၊ သိလေပါပြီ
ဤငါ့ငါကို၊ ချစ်ပဲ့"ဆိုသော်
နဂိုချောလှ၊ ဆင်းရောင်မြလည်း
တက်ကြွချစ်စိတ်၊ ရက်သွေးရိပ်နှင့်
ခေါင်းညိတ်၍သာ ဖြေ၏တည်း။
စန္ဒာရိပ်ဝယ်
ဖိတ်ဖိတ်ရွှန်းစို၊ မျက်နှာပျိုတို့
ကြည်ချိုပလျှမ်း၊ ချစ်ရောင်သန်းလျက်
လ,စန်းပုံညီ၊ ထိန်ထိန်ကြည်တည့်။
ထိုခဏဝယ်၊ လှလင်ငယ်ကား
စင်ကြယ်မေတ္တာ၊ ချစ်သဒ္ဓါနှင့်
သစ္စာချက်ကုံ၊ ထိပ်ထက်ပုံမည့်
ကြည်ယုံစရာ၊ ချစ်သက်လျာသို့။

လုံမပျိုမူ၊ နစိုရွှန်းပ

လှကြီးလှလျက်၊ ရူပသရေ

တက်သစ်နေသို့၊ ဒေဝစ္ဆ ရ

နတ်တမျှလျှင်၊ ဥတ္တမရူပ

ဆင်းအင်လှလျက်၊ ညည၌ခါကြိုက်

မှောင်တိဆိုက်လည်း၊ ဆယ့်နှစ်မိုက်ခန်း

မီးရောင်ထွန်းသည့်၊ တက်ရွှန်းဂုဏ်ဝေ

လှမြူတေသို့။

ချစ်ရိပ်မြို့ဝယ်၊ တူလှုံမိသော်

ချစ်သည့်စိတ်ဓာတ်၊ အရောင်ဟပ်၍

လျှပ်လျှပ်ရွှန်းပ၊ ရှုမဝတည့်။

ဘယ်ပုံဘယ်မျှ၊ လှစေရဟု

မဆွရည်စူး၊ သည်စိတ်ကူးနှင့်

အထူးမေတ္တာ၊ တည်ကြည်စွာဖြင့်

သစ္စာချက်ကုံ၊ ထိပ်ထက်ပုံမှ

ကြည်ယုံစိတ်မှာ၊ နှစ်သိမ့်ပါဟု

ဟိုခါမှန်းထင်၊ စိတ်ကူယဉ်လည်း

လေတွင် လွင့်ပျောက် ခဲ့တကား။ ။

**ဂုဏ်ရိပ်**

တာရာရံခ၊ ရွှန်းရွှန်းပ၍

ဖိုးလစန္ဒာ၊ ပြုံးလျက်သာစဉ်

မျက်နှာတံဆိပ်၊ ယုန်ပုံနိပ်၍

ညိုရိပ်မှုန်ဝေ၊ ထင်ကာနေလည်း

မပြေဆင့်လှိုင်း၊ ချစ်ကြိုးဆိုင်းခဲ့

လူတိုင်းဗိုလ်ခြေ၊ ချစ်စိတ်ဝေတည့်

ချစ်ရေကြည်ကြည်၊ ချစ်ကြိုးချည်၍

ချစ်ရည်လျှံဖိတ်၊ ချစ်မဆိတ်သည်

ယုန်ရိပ်ခွင်း၍ ဆင်းမလျှော။

သန့်ရှင်းကြည်လင်၊ ချစ်ရေစင်ကို

ငှါတွင်သွန်းဖြိုး၊ ချစ်ရန်ကြိုးလည်း

ရန်ငြိုးမာန်ခု၊ သုန်မှုန်ပြု၍

ချစ်မှုမပြိုး၊ ချစ်ကြိုးမချည်

ချစ်ရည်မဖိတ်၊ ချစ်မိုးတိတ်သည်

ဂုဏ်ရိပ်ကင်း၍ ငြင်းသလော။ ။

................................................

**နေရဋ္ဌရာ**

နေရဋ္ဌရာ၊ မြစ်မင်းမှာလည်း
သောင်သာအတိ၊ သဲအပြည့်နှင့်။
တဖက်ကမ်းတွင်၊ မြရောင်ဆင်လျက်
ညိုလွင်အသွေး၊ တောရေးရေးနှင့်။
သည်ဘက်မှာမူ
များလူသွားလာ၊ ကျောက်လမ်းတာဝယ်
ယာဉ်သာရထား၊ မြင်းလှည်းများနှင့်။
ကြေးအိုးကိုယ်စီ၊ ရွက်ပိုးချီ၍
ဟင်ဒီလုံမ၊ ပျိုအိုလှတို့
ခပ်ကြရေစင်၊ ဤမြစ်တွင်တည့်။
ထိုမှာဤမှ၊ ငါမျှော်ဆက
သဲလွှသောင်ပေါ်၊ အစာမျှော်သည့်
အဖော်မပါ၊ ဖိုင်းဖြူသာလျှင်
မြည်ရှာကြွေးဟစ်၊ တကျစ်ကျစ်သည်
ကြင်ချစ် တမ်းတ ယောင်တကား။ ။

..............................................

**ပန်ဆုယူ**

လင်းကာထိန်ကာ၊ စေတီချာ၌
ရောင်ဝါရှက်သန်း၊ ငွေရောင်ဆန်း၍
ရွှေလွှမ်းသို့လည်း၊ ထိန်ထိန်ညီးသည်
ဆီမီးရောင်လော လ ရောင်လော။
လေပြေသိမ်းဖွဲ့၊ ယိမ်းနွဲ့နွဲ့တည့်
စိမ်းလဲ့အညှာ၊ ပွင့်ဝါဝါနှင့်
မာလာခိုင်တွဲ၊ လေယူနွဲ့သည်
ခဝဲညှာလော ရွှေဝါလော။
စေတီ၌လျှင်၊ ဆီမီးရှင်နှင့်
လှူတင်ထွန်းညှိ၊ ဦးခိုက်ရှိ၍
နွဲ့အိပြာမူ၊ ပန်ဆုယူသည်
နို့ဗျူကိုလော ချစ်သူလော။ ။

..............................................

**အချစ်ကိုယ်စား**

ဝါကျွတ်ချိန် ကျောင်းပိတ်ရက်မို့

မောင့်ချစ်သက် တမြေစံ

ပြန်မယ်တဲ့လား။

ကိုယ်စားငယ် တကယ်လိုတော့

မယ့်ဆီကို မပြတ်သွန်းနိုင်ဘို့

ရိုးမဆို တောင်တတန်းဆီက

ရစ်သန်းကာ ရွာစွေဖြိုးပါမဲ့

မိုး လက်ဆောင်ပါး။

ဒီဇင်ဘာ ကျောင်းတွေပိတ်တော့

ဆွေမိတ်က ရွာကိုပြန်

ကျန်နေခဲ့ သက်ထား။

ကိုယ်စားငယ် တကယ်လိုတော့

မယ့်ဆီကို အမှီလိုက်နိုင်ဖို့

ဖြူညိုညို မြူခိုဝိုက်ပါတဲ့

တိမ်တိုက်ကယ် တိမ်လွှာတွင်းဆီက

နှင်း လက်ဆောင်ပါး။

နွေရာသီ ရက်ရှည်ပိတ်တော့

ဆွေးစိတ်နဲ့ မရွှင်နိုင်

နွမ်းယိုင်နွဲ့ စိတ်အား။

ကိုယ်စားငယ် တကယ်လိုတော့

မယ့်ဆီကို မပြတ်မြန်းနိုင်ဘို့

နှစ်ဆန်းချိန် သင်္ကြန်ကုန်နဲ့

တော်ကဆုန် နယုန်ကူးမှာ

လေရူးကိုပါး။ ။

..............................................

**မရေရာသည့်ခရီးစဉ်**

လဝါရေးရေး၊ တံစဉ်ကွေးလည်း

ဖြေးဖြေးမြုပ်၍ ပျောက်လုပြီ။

မှားမှားစွင့်စွင့်၊ ကြယ်ဖြူပွင့်သာ

မိုးမြင့်ထက်မှာ ကျန်ခဲ့သည်။

လနှင့်လိုက်သော်

ငယ်ကြိုက်စံရာ၊ ဆိပ်ကမ်းသာသို့

ရောက်ပါမည်လော၊ ကြံစိတ်မောမိ။

ကြယ်နှင့်ကျန်လျှင်

ထက်ယံငေးမော့၊ လေသာကြော့မှ

ဝါဖြော့မျက်နှာ၊ မြင်ခွင့်သာလိမ့်။
ဤသို့နှင့်ပင်
ချိန်မြင့်ကြာပြီး၊ ပဟိုရ်တီး၍
လ လည်း ဝင်ခဲ့ပါလေပြီ။
ငွေပွင့်ဖြူဖြူ၊ ကြယ်တဆူလည်း
တိမ်ငူစွန်း၌ ခိုလေပြီ။
တကိုယ်တည်းလျှင်
ဟိုလည်းမမှီ၊ သည်မမှီတည့်
မိုးဆီငေးမော့၊ နွမ်းပျော့ပျော့နှင့်
အားလျော့ညှိုးခွေ၊ ကျန်ခဲ့လေသည်
မရေရာသည့် ခရီးစဉ်။ ။

.............................................

**ခရေကုံးနှင့် မေပြုံးသို့**

ဆင့်ရရင့်ငယ်နှင့်
တပွင့်ထက် တပွင့်စီ။
ခရေပွင့်ပါကလား
လေသင့်ရာ သူကမွှေးပါဘိ
မြဝိမာန် ပင်ယံအေးဆီက
လွင့်ကြွေကာ မြေမှာဖွေးလေတော့
ပျိုလေးငယ် ခင်တမေက
ကောက်ကာလေ မြတ်တနိုးရယ်လို့
ရောင်စုံချယ် ပိုးချည်ကြိုးရယ်နဲ့
ထိုးဖောက်လို့သီ။
နှစ်ကုံးရယင်ဖြင့်
ပြုံးပြယ် ကြည်ဘဝင်နဲ့
သူဆံမျှင် ကေရှင်မြတ်မှာတဲ့
တခွေကို ယဉ်ယဉ်ချုပ်ပါလို့
ကုံးပတ်ပေါ့ ညာညီညီ
ပန်ပြီကွယ့် မောင့်ချစ်ခဲ။
တကုံးငဲ့ကျန်
ချိုပြုံးငယ် မူဟန်နဲ့
မောင့်ထံကို သူပြန်ကြည့်လေတော့
သြော်-တမိငယ် ခင်အပျိုက
ပေးလိုသည် ထိုအကဲပေထင့်
စိတ်ထဲ သည်လိုထင်လို့
ဘုန်းမောင်တွင် ပြုံးရောင်ဝင့်ကာပ

ဝမ်းသာစွာ လှမ်းကာလင့်မိတော့
"အို-ဟင့်"သည်ပုံဆိုလို့
ရှက်သလို မေနမရယ်က
ပန်းခွေကို ချေကာမွချည်ပေ့ါ
သြော်-လှနိုင်ပြီ ခရေပွင့်ငယ်တို့
ကြွေလွင့်ကာ မြေမှာကျရှာရ
ပန်းဝတ်မှုန် ကြွေအစတို့မှာကွယ်
(မေလေးရယ်) မွပြန့်လို့ကြ။ ။

............................................

**မရွှာပါနဲ့မိုး**

ညိုရီမှောင်၍
ပြာရောင်မည်းချိပ်၊ အလိပ်လိပ်ဖြင့်
တိမ်ရိပ်တိမ်လွှာ၊ မှုန်ကာသာတည့်။
"ရွာလိုက်ပါ့မိုး၊ သွန်းကာဖြိုး"ဟု
အားကိုးသမှု၊ နလုံးပြု၍
မျှော်ရှုငံ့လင့်၊ ရင်ကိုပင့်လျက်
မိုးမင်းနတ်ဆွေ၊ သူ့ကိုချွေသည်
တောနေလူသား၊ လယ်သမားတည့်။

အလျားကျယ်ကျယ်၊ လယ်ကွင်းဝယ်တည့်
သည်နယ် တ သ၊ မိုးကိုတ၍
မျိုးချစပါး၊ ကောက်ပင်များကို
နှံ့ပြားလယ်ထက်၊ စိုက်ပျိုးလျက်တည့်။
ကန်သင်းရိုးဝယ်
အမိုးစောက်စောက်၊ တဲခေါင်ပေါက်၌
တယောက်အိမ်သူ၊ သားသည်းအုကို
ပွေ့ယူပိုက်ထွေး၊ နို့ချိုကျွေးလျက်
မှုန်မှေးတိမ်တောင်၊ မည်းမှောင်မှောင်ကို
ပင့်ဆောင် တ သ၊ နှုတ်ရွရွတည့်
"ရွာပါ့ရွှေမိုး၊ သွန်းဖြိုးဖြိုး"တဲ့။
စက်ခန်းသာကွေ့၊ ကြေးမုံရေ့မှ
ပျိုမေ့ဖြူပြာ၊ မြို့သူမှာမူ
နံ့သာခြယ်သ၊ ဝတ်စုံလှနှင့်
ပြည့်ဝနှုတ်ခမ်း၊ ဆေးနီလူးမ်းတည့်
မြည်တမ်းရွရွ၊ စုပွပွဖြင့်
'အာဂမိုးမဲ၊ အားတိုင်းသဲတည့်
တိတ်ပဲတိတ်နိုင်၊ တဖြိုင်ဖြိုင်နှင့်

သွန်းအိုင်ညိုညို၊ တစိုစိုမို့

ပြင်ကိုထွက်ကာ၊ မလည်သာတည့်

စာဂါညစ်ဆိုး၊ ရွာနဲ့မိုး’တဲ့။

..............................................

**သည်လ တန်ဆောင်တိုင်**

ချစ်တဲ့ သူငယ်လေ

သူငယ်ချင်းရယ် ကောင်းသည့် ယောင်းမတို့လေ။

လေရူးငယ်မှ သုန်သုန်၊ မိုးပြင်လုံး တိမ်ခိုးအုံ

မြူမှုန်ထလို့ မှိုင်းပေါ့ကွယ်။

နံနက်ခင်း၊ နေမင်းအထွက်

အရုဏ်တက်လို့၊ ရောင်ရက်ဖြာလျှင်

မြူလွှာရယ်မှ မြူခိုး

အခြေညိုးလို့ ဖြိုးဖြိုးစင်

လေနှင်သည့်နယ် ပျောက်တတ်တယ်။

မြရည်လျှံဝင်း၊ ပင်မြင့်မင်းမှာ

စိုရွှင်းရွက်ညှာ၊ နှင်းရည်စို့လို့

ညို့ညို့ပြာသည်

ဖြာဖြာထွက်လို့ ပေါက်တတ်တယ်။

သည်မိုးရေနှင့်၊ နှင်းရေမတူ

ရေကာမိုး စွေဖြိုးမှု

ချပ်ထုပန်းလွှာ ကြိုင်တတ်တယ်။

ဝတ်လွှာစု၊ အနုငယ်မှအယဉ်

ရွှေရောင်စွဲတဲ့ ခဝဲပင်မှု

နှင်းရွှင်ကျမှ လှတော့တယ်။

အခြေထူး၊ လေရူးငယ်မှသွင်သွင်

ဟိုသည်ငိုက်လို့၊ ခတ်တိုက်လာလျှင်

ဘယ်ညာပွင့်ငုံ ယိမ်းတတ်တယ်။

မြက်ခင်းငယ်မှလွင်ပြင်

နှင်းရည်လူးလို့ ကြည်နူးဆင်

စိုလွှင်ရှိမ်းလို့ စိမ်းတော့တယ်။

လွမ်းဘို့ရာ၊ ဖန်လာပေမင့်

အလိုကွယ် နေမင်းမြင့်လို့၊ ရှူးရင့်ပေါ့ပျို့တွင်

ဌာနီဝေးလို့ ပူဆွေးဝင်

သခင်မောင့်ကြောင့် လွမ်းရတယ်။

“ဝါရှိန်ကင်းလွတ်၊ သီတင်းကျွတ်ကို

မချွတ်အမှန်၊ တကယ်ပြန်”ဟု

သက်နံ့ငယ်ချစ်၊ မနှစ်ခါနွေ

တာရေသူလောင်း

ဘုရားရှင်ထံ ပန်ဆုတောင်းလို့

"ရက်ညောင်းငယ်မှ မကြာ

တောရိပ်ညို့တဲ့ ပျို့စံရာကို

မောင်လာမည်ဆို၊ စောင့်ကာကြို"တဲ့

ဟိုတန်ခူးက ဆိုဘူးတယ်။

အမယ်မင်း ဖြစ်ရလေခြင်း၊ ရင်းမာရယ်ပေါ်

တော်သလင်းနှင့်၊ သီတင်းခါတော်

တန်ဆောင်နွဲတဲ့ မီးပွဲတော်တောင်

ချစ်ဖော် ရောက်သေး ပါဘူးရှင်။

အပျိုစင် ငယ်ကကျွမ်းပါတဲ့ လွမ်းတုံ့တင်လေ။

ချစ်တဲ့သူငယ်လေ

သူငယ်ချင်းရယ်ကောင်းသည့် ယောင်းမတို့တော်။

ဆီမီးရှင်နှင့်၊ ရွာပြင်ရွာဦး

ပြာသာဒ်ကယ် ကျူးပါသည့်

တင့်ထူးစေတီ၊ ရှိဦးငယ်ချီ

ဆုရည်လို့ တောင်းရတယ်တော်။

လာမယ်ဆို လာမည့်ရက်၊ ဆက်ဆက်မလာ

အခါနှောင်းလို့ ရက်ပေါင်းငယ်ကြာ

မေ့ကာ နေနိုင် အားပါပေ့တော်။

နေ့ကိုရေဆွမ်း၊ ညကိုပန်းနှင့်

လှူဒါန်းကာမျှော်၊ ပျော်နိုင်ဘူ့နော်။

ရွာထဲက တသွင်၊ ရွာပြင်က တမျိုး

ပျို့ချစ်သူ သူလာနိုးနဲ့

ကိုးလို့ခါခါ၊ စောင့်နေရှာ

မယ်သာစိတ်စွဲ၊ ဟိုလူဘဲလို့

မဲမဲမြင်လျှင်၊ ပျို့မှာထင်ရ

မောင်ကလေး ခွဲကာနေ

တမြေကျွန်း ဝေးလွန်းလှတော်။

ချစ်တဲ့သူငယ်လေ

သူငယ်ချင်းရယ် ကောင်းသည့် ယောင်းမတို့ရှင်။

ဟိုစဉ်ခါများ၊ မြက်ပင်အလုံး

နှင်းရည်ဖုံးလို့၊ မိုးလုံးမြူတင်

ဝေရီဆင်လို့၊ ရွှင်ဘူးငဲ့ရှင်။

ခဝဲပွင့်ဝါ၊ လေရှိန်ပါလို့

ဘယ်ညာလှဲ့လူး၊ ပျော်ပုံထူးတော့

မြူးဘူးငဲ့ရှင်။

မရှင်နိုင်အား၊ ခုခါများတော့

ပျော်ပါးနိုင်ပါ

လေပြေယူဆော့၊ ခွေယိုင်ပျော့တဲ့

နွမ်းလျော့ခိုင်ညှာ၊ ခဝဲဝါနယ်

အပျိုဖြူ ငယ်နမများလ၊ ကြွေရတယ်ရှင်။

အပျိုဖြူ၊ ငယ်ကကျွမ်းပါတဲ့

လွမ်းတုံ့တင်လေ။

............................................

**မောင်မှတ်မိသော ဝါကျွတ်ည**

မီးမထွန်းသည့်

ရိပ်ဝန်းမှောင်လည်၊ မှိုင်းမှုန်ရီဝယ်

မတည်စိတ်ထား၊ ဒွိဟများနှင့်

မောင်ကား ရောက်ခဲ့ပါပြီမေ။

မနေ့ကသော်

လှပစာလုံး၊ ဖွဲ့နွဲ့ကုံး၍

ရွှင်ပြုံးစရာ၊ မှာလိုက်ရာတည့်

"သက်လျာမောင်ရေ၊ ရှောင်မသွေနဲ့

မောင့်မေခင့်အား၊ မိဘများက

ယောက်ျားတသူ၊ တပါးလူသို့

ကြည်ဖြူသဒ္ဓါ၊ ပေးအပ်ပါလိမ့်

မောင်လာနေကျ၊ မှောင်ရီညဝယ်

အလှစံရာ၊ လာခဲ့ပါတော့

လ ဝါ မဖောက်၊ သစ်ရိပ်အောက်မှ

တယောက်ချစ်မေ၊ မောင့်သက်ဝေကို

စောင့်နေ၍သာ၊ ကြိုလှည့်ပါတော့

ခန်းသာပြတင်း၊ ရောင်ခြည်လင်းသည့်

ဝါဝင်းပွင့်ခြယ်၊ မီးပုံးငယ်ကို

ချိတ်သွယ်ထွန်းညှိ၊ မေစောင့်ကြည့်မည်

ချစ်သည့်မောင်တော် ဆက်ဆက်နော်"တဲ့။

မေတို့အိမ်ကား

ဝင်းထိန်ညီးညီး၊ ထွန်းသည့်မီးနှင့်။

အလှစံရာ၊ ခန်းရိပ်သာလည်း

ဝင်းဝါတလုံး၊ ချိတ်မီးပုံးနှင့်။

သို့ဖြစ်ပါငြား၊ ဘယ်ကြောင့်များဟု

မောင်ကားမသိ၊ ရင်ဖိုမိသည်

စိတ်၏ ယုံမှား တွေဝေမှု။

စောင့်သာစောင့်ရ၊ ကြောင့်ကြကြတည့်

အလုသက်လျှာ၊ လာမှလာမည်

ခါခါ စိတ်၌ ထင်မိ၏။

သြော်-မီးမထွန်းသည့်

ရိပ်ဝန်းမှောင်လည်း၊ မှိုင်းမှုန်ရီဝယ်

မတည်စိတ်ထား၊ ဒွိဟများနှင့်

မောင်ကား စောင့်လျက် နေပြီမေ။

သန်းခေါင်ကြက်လည်း

ရိုက်နက်တောင်ပံ၊ တွန်ကြွေးညံတည့်။

နာရီသံလည်း

ဆူညံပေါ်ထွက်၊ ဆယ့်နှစ်ချက်တည့်

ကြင်မည့်သက်နှောင်၊ လှထိပ်ခေါင်မူ

ရိပ်ရောင်သော်မှ၊ မမြင်ရသည်

လာမှ လာပါအုံးမလားကွယ်။

တထိတ်ထိတ်သည်

ဒိတ်ဒိတ်ရင်မှာ၊ တုန်၍လာမိ

ဖိုကာလှိုက်လှဲ၊ မောင့်အသဲသည်

ကွဲများ ကွဲလိမ့် မှာလားကွယ်။

တလှိုက်လှိုက်သည်

ပန်းဟိုက်ရင်မှာ၊ တုန်လှုပ်လာမိ

ဗျာပါချေမှုန်း၊ မောင့်နလုံးသည်

ပျက်ပြုန်း ကြေလိမ့် မှာလားကွယ်။

မီးပုံးဝါမှု

လေမှာယိမ်းနွဲ့၊ ဟိုသည်ငဲ့လျက်

မောင်ရဲ့ဖြစ်အင်၊ လှောင်သည့်သွင်နှင့်။

မေ........

ရှောင်သွေ့ပစ်ထား၊ စိမ်းပြီလားဟင်။

ဟော............

နီမောင်းစက်စက်၊ မိုးကုပ်ထက်၌

ဝင်းလက်ရောင်နှ၊ ပေါ်ကာစုပြီ

လင်းလှ အရုဏ် ပါလားကွယ်။

မောင်သိပါပြီ

မေ့မှာယိမ်းယိုင်၊ သစ္စာတိုင်ကို

ပိုင်ပိုင်ချိုးဖျက်၊ စိမ်းနိုင်ရက်လည်း

မောက်ဖက်ကမူ၊ ခိုင်ခိုင်ထူအုံ့။

တခုတည်းသာ၊ တောင်းဆိုပါ၏

သက်လျာရှောင်တိမ်း၊ စိမ်းချင်စိမ်းပေါ့

နွဲ့ယိမ်း ဂုဏ် ဆီ၊ သီချင်သီပေါ့

သဲဆီမြက်မြက်၊ အခံခက်အောင်

ရက်စက်မညှာ၊ လှောင်ကာသာနှင့်

ရွံ့ရှာမျက်လုံး၊ သရော်ပြုံးသည့်

မီးပုံးကိုသာ၊ ငြိမ်းလိုက်ပါတော့။    ။

...............................................

**မီးထွန်းပါရစေ - မော်**

မလင်းလှပေမယ့်

ပြင်းပြတဲ့ စေတနာကို

တဖေမှာ မချုပ်တည်းနိုင်လို့

သည်မီး ကြည်အောင်ထွန်းလိုက်ရ

"ရွှန်းပါဘူး" ဆိုနဲ့နော်။

ဩော်.....ရှုရာမျှော်ကြည့်

ကိုးနယ်ပြည့်မှာ

ထွန်းလှည့်မဆုံး

ဆီမီးမှန်အိမ်၊ ညီးညီးထိန်

ရောင်ရှိန်ဝါ မှုန်းကြတော့

ပျော်မဆုံး မော်မဆုံး

မော်လဲလေ ပြုံးလို့ပေါ့

မီးပုံးလေး ယူစမ်းပါ့

ချစ်ကျွမ်းနွဲ့ ဆွေသော်မော်။

မရင်းလှပေမယ့်

သင်းမြတဲ့ မေတ္တာခိုင်ကို

လှမ်းကိုင်ကာ တမေမွှေးနိုင်ဖို့

မိုန်မှေး တအိမ်မီးငယ်နှင့်

မောင်ဆီးလို့ ကြိုခဲ့သော်။

ဩော်...... ပေါ်မထွန်း မျှော်မရွှန်း

မီးအိမ်ဝန်းငယ်

မှိန်လွန်းတယ်လား

အရေးမယူ လေးမမူ

ဘေးဖယ်သူ ထားပါနဲ့

ရွှေလှုံလား ငွေဖန်သား

တောက်မထွန်း နိုင်ပြားသော်လဲ

မှောင်ကြားမှာ ဝင်းပါလိမ့်

ငြင်းပါနဲ့ ဆွေသော်မော်။ ။

...............................................

**တွေးသူ**

ခါနွေတန်ခူး၊ လေပြေရူး၍

ပွင့်ဖူးငုံအာ၊ ပိတောက်ဝါသော်။

ပိတောက်ဖူးကို၊ ခူးမည်ကြံလျှင်

ဝတ်ဆံမရင့်၊ သူမပွင့်၍

ခူးခွင့်မသာ ဖြစ်ခဲ့၏။

ပိတောက်ပွင့်ကို၊ လှမ်းလင့်သော်မူ

ညှိုးလျော်ခွေနွမ်း၊ သူ့ပုံပန်းကြောင့်

ဆွတ်လှမ်းမဝံ့ ဖြစ်ခဲ့၏။

သူတကာမူ

ဖူးညှာပွင့်ဝတ်၊ အကုန်ဆွတ်၍

နူးညွတ်ကိုယ်စီ၊ ပန်ကြသည်တည့်။

ငါ့မှာသော်ကား၊ စိတ်ထွေပြား၍

ပင်နားရစ်သီ၊ တလည်လည်နှင့်

အတည်ဆုံးဖြတ်၊ မပြုတတ်ခဲ့။

မေကာမေးလျှင်

မနေးမြန်စွာ၊ ဟုတ်မှန်ရာကို

ဖွင့်ကာပြောမှ သင့်မည်လော။

သို့မဟုတ်လည်း၊ အခြားနည်းဖြင့်

လှည့်ပြီးဖြေမှ သင့်လိမ့်လော။

သို့လော သို့လော၊ ငါတွေးတော၍

ငေးမောစဉ်ကြိုက်၊ လေပြေတိုက်သော်

ယိမ်းငိုက်လှုပ်ယမ်း၊ ပိတောက်ပန်းသည်

ဆွတ်စမ်းပါတော့ ခေါ်သည်သို့။

ဩော်........ခါနွေတန်ခူး၊ လေပြေရူး၍

ပွင့်ဖူးငုံအာ၊ ပိတောက်ဝါစဉ်။ ။

...............................................

**ဝေမည်လော**

လေရူးနှောက်၍

သွေ့ခြောက်ရွက်ဝါ ကြွေခဲ့ပြီ။

နွေဦးပေါက်၍

မြဲညှောက် နုလွှာဝေခဲ့ပြီ။

အဟောင်းပျက်မှု၊ အသစ်ပြုသည်

ဤမူလောက၊ သဘာဝသို့

ရေးကအချစ်၊ ဝေးကျန်ရစ်သော်

ပွင့်သစ်မေတ္တာ၊ ဖူးငုံအာလည်း

ရောနယ်ဖြိုး၊ ကြင်နာတိုးသည်

ချစ်မိုးစွေက ဝေမည်လော။ ။

.............................................

**သဘာဝ**

ချစ်လိုက်တာနော်၊ မပြောသော်လည်း

ချစ်သော်မှချ၊ သိနိုင်စွတည့်။

မုန်းလိုက်တာနော်၊ မပြောသော်လည်း

မုန်းသော်မှချ သိနိုင်စွတည့်။

သို့ပင်သိလည်း

ရီးတိယောင်တောင်၊ ချစ်ဟန်ဆောင်နှင့်

အကြောင်ရိုက်ကာ၊ ပြောခဲ့လှာသော်

ပြန်ကာပြောရ၊ လိုက်သင့်စွတည့်။

ချစ်သည့်မျက်လုံး၊ ဝှက်ကာဖုံးသော်

အမုန်းမျှပင်၊ မြင်သည့်သွင်ဖြင့်

ချစ်ကြင်မပြ၊ ဆင်ခြင်ရတည့်။ ။

**သံဝေဂဆု**

"အိုကြည့်စမ်းပါ၊ လှလိုက်တာ"ဟု

သက်လျာချောနု၊ ပြော၍ရှုသည်

တခု ပန်းမုံ နှင်းဆီတကား။

အလွှာထပ်ထပ်၊ နုဖပ်ဖပ်နှင့်

ပွင့်ချပ်ကားကား၊ စွမ်းကုန်ကြွား၍

လှအားကြီးပင်၊ ချစ်သူထင်လည်း

ငါ့တွင်မမှတ်၊ ပန်းငုံမြတ်၏

ပွင့်အပ်စွမ်းကုန်၊ ထို့နောက်တုံဝယ်

ဝတ်မှုန်ရော်ရီ၊ ကြွေတော့မည်ကို

မျှော်ရည်မှန်းရှု၊ သံဝေပြုသည်

ကြွေလု နှင်းဆီ ပါတကား။

"ကြည်နူးစဖွယ်၊ ရှုစမ်းကွယ်"ဟု

သက်လှယ်ညို့မြ၊ ဆိုပြန်ကလျှင်

မိုးဝထက်နန်း၊ မျှော်မိမှန်းသည်

တိမ်ပန်း ရောင်စုံ ပါတကား။

ပြာနုညို့ရွှေ၊ ခိုခြေမရန်း

နီမြန်းတဖုံ၊ တိမ်ဂဋ္ဌုန်နှင့်

နဂါးရုံသွင်၊ စုံစုံလင်၍
သခင်နတ်မိ၊ အံ့လိုက်ဘိလည်း
သက်ရှိသလို၊ တိမ်ထိုထို၏
ကွဲပြိုပျက်ရွေ့၊ မှုန်မေ့မေ့ကို
မြင်တွေ့ငါ့မှာ၊ "မမြဲရာ"ဟု
စိတ်မှာစွဲရှု၊ သံဝေပြုသည်
မေးလှ တိမ်နွယ် ပါတကား။
"အိုဘယ့်သက်ဝေ၊ လှနတ်မေငယ်
ခုနေဝင်းပ၊ မင်းအလှလည်း
လျှောကျပျက်ရွေ့၊ နောင်တနေ့တွင်
ရှောင်ကွေ့မလွတ်၊ ဖြစ်မချွတ်"ဟု
နှုးညွှတ်စိတ်ကျ၊ သံဝေဂနှင့်
ငါကချိုသာ၊ ပြောမိပါသော်
သက်လျာမေခင်၊ "မကြားချင်"ဟု
တွင်တွင်နားပိတ်၊ အံကိုကြိတ်၍
ညှိုးစိတ်မာန်ခု၊ မုန်းဟန်ပြုသည်
မေ့ဆု မောင့်သံဝေသို့တကား။ ။

..............................................

သို့

မနေ့ကလျှင်
လှပလန်းစွင့်၊ ပန်းတပွင့်ကို
ပန်ချင့်စိတ်မှာ၊ ကိုယ်တိုင်သာတည့်။
ဤယနေ့မူ
ချောမွေ့ရုပ်ဝါ၊ ငယ်မူယာနှင့်
ပြင်လျာနွဲ့မူ၊ ပန်းကြိုက်သူကို
ကြည်ဖြူစိတ်မှာ၊ ပေးလိုပါ၏။
နောင်တနေ့သော်
ချမ်းမြေ့ဘဝင်၊ ရွှင်ကြီးရွှင်တည့်
ဖူးပြင်လက်မုံ၊ မြှော်ချီတုံ၍
ပွင့်ငုံဖူးအာ၊ ပန်းဖြာဖြာကို
သဒ္ဓါဖြူဆွ၊ ဗလဝဖြင့်
တင်သပူဇော်၊ ဖူးမြင်မြော်မည်
ဇိနော် မြတ်စွာ သျှင်ဖို့တည်း။ ။

..............................................

**တောသူ့ရွာဝင်**

လာ၍နှိုးသည့်

မြတ်နိုးချစ်ခင်၊ သက်လှယ်သျှင်ကြောင့်

ငါလျှင်လျောင်းစက်၊ မိုတ်မှေးလျက်မှ

ပြုံးမျက် ကျယ်၍ နိုးခဲ့ပြီ။

စောစောကမူ

ချမ်းပူ အေးမြ၊ သောကမသိ

စက်မိစက်ရာ၊ သစ်ရိပ်သာဝယ်

ဘယ်ညာလွန့်လူး၊ မေ့မူးပျော်လျက်

အိပ်မက် မက်ခဲ့။

တောဓါဆိတ်ညံ၊ စိမ့်မြိုင်ယံဝယ်

ကျေးသံငှက်သံ၊ ရေစီးသံနှင့်

ပန်းမန်သစ်ပင်၊ စိမ်းစိုလွင်ကို

ကြည်လင်ပျော်မြူး၊ စိတ်ညွတ်နူးဖြင့်

ဆွတ်ခူးပန်ဆင်၊ ထောင်နားတင်၍

ချိုရွှင်ကြည်မြ၊ ငါ့ဘဝကို

အားရ ကျေနပ် မိပါ၏။

အဖော်မလို၊ မယ့်တကိုယ်လျှင်

နားခိုနေလိုက်၊ လျှောက်သွားလိုက်ဖြင့်

ပျော်ပိုက်ကာသာ၊ နေခဲ့ပါ၏။

များစွာသစ်သီး၊ ဆွတ်စားပြီး၍

ရေစီးသံသာ၊ ကမ်းသာယာဝယ်

လျောင်းကာမှေးက၊ တရေးရ၏။

နိုးထတဖန်၊ မြရိုးတံဝယ်

ရွှေလျှံငွေပွင့်၊ လှဆုံးတင့်ကို

အသင့်ဆွတ်ချွေ၊ ပန်ပြီးလေမှ

ငှက်ဆွေကျူးရင့်၊ သူ့တေးနှင့်လျှင်

လိုက်သင့်ခုန်ကြွ၊ ငါလျှင်က,၏။

နှမ်းလျပန်းသော်၊ သဲခုံပေါ်ဝယ်

စွယ်တော်စံကား၊ ချယားခွာပြာ

ပန်းရွှေဝါတို့၊ ကြဲကာဖြန့်လျက်

ပန်းဖြေစက်၏။

ယခုသော်မူ

ချစ်သူမောင်က၊ "ပျိုလေး-ထ"ဟု

ယုယတီးတိုး၊ လာ၍နှိုးသည်

တမိုးသောက်လှ ပါပြီကော။

နီးကာထ၍
ဟိုမှ သည်မှာ၊ ဝဲယာလှည့်ကြည့်
လှမ်းမျှော်မိသော်၊ ပျော်တိပျော်ဘွယ်
ရှေ့မှာ ခြယ်သည်
ရွာငယ်တခု ပါတကား။
ကြေးစည်သံလည်း
ဝဲပုံလေဝယ်၊ မောဖြေဘွယ်တည့်။
ဆန်ဖွပ် မောင်းထောင်း
နွားကျောင်း ယာထွန်၊ လုပ်ငန်းဝန်လည်း
အားသွန်ကြိုးကာ၊ ဆောင်ဘို့သာတည့်။
ကောင်းဆိုးတိုင်ပင်၊ မှူးစီရင်၍
ချစ်ခင်နီးရင်း၊ အချင်းချင်းလျှင်
ပေါင်းသင်းဆက်ဆံ၊ ပျော်ဘို့ဖန်တည့်။
သြော်သြော်-လူ့ဘုံ၊ ဤရိပ်မြုံကား
ခိုလှုံချင်ဖွယ်၊ ပျော်ကြောင်းဆွယ်တည့်
ကြီးငယ်တာဝန်၊ အတန်တန်လည်း
ကျေပွန်ရွက်ဆောင်၊ ငါလျှင်အောင်လိမ့်
တောရောင်ကိုဖျောက်၊ ဤမိုးသောက်ဝယ်
ဝမ်းမြောက်စိတ်ပြု၊ အားသစ်ထူသည်
တောသူရွာဝင်ခဲ့ပြီတကား။ ။

................................................

**ကြေကွဲသမှု**

တူကလေးတွေက
"ပို့ပေးပါ" အတန်တန်နဲ့
အဖန်ဖန် ပူဆာလှလေတော့
"အေး-ကောင်းပါ့"ဆိုမိတယ်။
နစ်ဖက်ဘေးမှာလှ
လက်ကလေး ကိုယ်စီကိုင်လို့
ပြိုင်အဆိုင် သူတို့လျှောက်လေတော့
နစ်ယောက် အလယ်ခေါင်က
ယောင်တောင်တောင် စဉ်တစိုက်နဲ့ရယ်
လိုက်ခဲ့ရကွယ်။
သို့ကလို သွားစဉ်ကြိုက်မှာဖြင့်
ဘွင်လိုက် တခုန်ခုန်နဲ့
တတုန်တုန် အနေခက်ပါမိ
ပျော်ချင် ရွှင်ချင် လျက်ကယ်နဲ့

စိတ်စက်က မကြည်တယ်
ဘယ့်နယ်ကြောင့်လေလဲ။
တွေးမိပါပြီ
ကလေး သည်နှော်ညီတို့
တာတီတီ မပြီစကားရယ်နဲ့
ကိုယ့်လက်ကို သူတအားသာပ
ကိုင်ဆွဲကာ လှုပ်ကစားလေတော့
သြော်-ကိုယ့်သားဆို ဘယ်လောက်ကောင်းလိုက်မတုံး
နလုံးမှာ အာသာခိုမိ
ခါခါကို သည်လိုတွေးလို့ရယ်
ဆွေးမြေ့ကြေကွဲ။ ။

..............................................

**သားသက်ဝေ**

တူတူရေ ဝါးရယ်နဲ့
မေ့သားတဲ့ ချော့စရာ
မိတ္တီလာ ကန်တော်အောက်ရယ်က
မကောက်မယ် ကိုရွှေဖားရယ်နဲ့
သားသက်ဝေ လူကလေးကိုလ
တေးသီ၍ သိပ်ခဲ့တာ။
သြော်-ငွေစင်လမှာဖြင့်
မြင်ရတာ ပျော်စရာကွယ့်
ရွှေယုန်မှာ အသာဝပ်ပါလို့
ဆံဖွပ် အဖေအိုတို့
ရောင်စိုစို အဟိုနန်းမှာလ
လျှမ်းတင့်သာယာ။
ချိုမှုယာ ညိုလွှာညက်ကယ်နဲ့
ခိုဖြူပြာ ခိုဝါနက်ရယ်တို့
ယူခက် အကြံဟာဖြင့်
အမှန်သာ ကျေကာမှုန်းပါလိမ့်
ပြုံးလဲ့လဲ့ မောင့်မျက်နှာ
မဲ့ပါပေ့ါခုများ။
အသည်းရယ်ဖို
ကြောင်မြီးတို အဆီစားရယ်က
မေ့သားကို လာကာဝါးပါလိမ့်
ချောင်ကြားမှာ အသာခိုလို့
မောင်မငို ကြည်ချိုတိတ်ပါမှ

ကြောင်အိုအို ရှောင်လိုလိမ့်မယ်

ဟော-တိတ်လိုက်သား။ ။

..............................................

**အမေ**

မိုးယံမှာ ကြယ်တပွင့်

ပြုံးဝင့်လို့ စိန်သဖွယ်

ဝင်းလက်လှတယ်။

မိုးပေါ်ကကြယ်၊ မထယ်လား မောင်မေး။

"သားတော်မောင် သူ့မျက်လုံးနဲ့

ပြိုင်အုံး"တဲ့လေး။

လစန္ဒာ ငွေရည်မှုန်းလို့

အပြုံးနဲ့ သူကြို့ဆို

နုးညွတ်ဖွယ်ကို

လဝန်းပျို၊ မချိုလား မောင်မေး။

"သားမျက်နှာ ချိုချိုပြုံးနဲ့

ပြိုင်အုံး"တဲ့လေး။

လရောင်နဲ့ ကြယ်ရောင်

ငွေနှင်းရီ မြလွှာထက်က

ဝင်းလက်ပုံဆောင်။

နှင်းငွေဥရောင်၊ မပြောင်လား မောင်မေး။

"သားလူညို့ သူငိုတုန်းကို

ပြိုင်အုံး"တဲ့လေး။ ။

..............................................

**အခန်း-၂**

**တပေါင်းလ၏ ပန်းချီသစ်**

နွေတပေါင်းဆိုလျှင်

ရွှေလောင်းသည့် ရွက်ရော်ရီမှာ

လေရူးချီ လည်တဝေ့ရယ်နှင့်

အကွေ့ဆို မြိုင်ညို့ဝဆီက

မြေခသည့် ပုံအသွင်။

......သြော်-ပင်စည်ဖြူးဖြူး၊ ရိပ်စက်ကူး၍

ငုံဖူးစီစို့၊ တချို့ကား ပွင့်

ကင်းနှင့်မည်၊ မီးလျှံသဖွယ်

ဝင်းဝင်းကယ်မှု၊ မြိုင်လယ်ရဲရဲ

အခဲခဲတည့်၊ တောထဲစုံကောင်း

ပန်းအပေါင်းနှင့်၊ ရွက်ဟောင်းပင်အောက်

ဖူးညှောက်လူလူ၊ ထွက်စပြုလျက်။
........ပူဟုန်မသည်း၊ ပျံ့ပျံ့ဖြည်းသား
တိမ်မည်းမဆိုင်၊ မြည်အိုင်ရိုက်ကြူး
မင်းလွင်မြူးသား၊ နွေဦးသရစ်
အခါဖြစ်၍၊ ရှင်ချစ်ဘုရား
သုံးလူ့ဖျားလျှင်၊ ဖဝါးစက်တော်
ချီတုံသော်လည်း၊ ထော်လော်စုန့်လုန့်
မြေမှုန့်မြေကြမ်း၊ ခရီးလမ်း၌
သာချမ်းညှံ့စေ၊ လှဲ့ဖယ်လေလျက်
ပရမေထွန်းပေါ်၊ မြတ်နဘော်ဖြင့်
သျှင်တော်မှန်စဉ်၊ ငါ့သခင်ကို
စက်ရှင်မြူတော၊ ကြွသာစေဟု
ဝေးမြေတာပါး၊ ဖဲနှင့်ရှား၍
ပြန်သွားမငြီး၊ သဲမွေ့နီးသည်
ခရီး သာစွ မွန်ပြီတည်း။
.......ဖူးပွင့်စုံညီ၊ ဖျားညွှန့်ချီသည့်
တောမှီချုံလျှို၊ ငန်းနွယ်မျိုးတို့
ပြိုးပြက်ရောင်လျှပ်၊ ကျောက်မကျှပ်သို့
ချစ်အပ်ဖွယ်ရာ၊ ရှုခင်းသာသည်
မဟာဝီရ အင်္ဂီရသာနံ သမယော။
သာသော ယာသော၊ ကာဠုဒါပြောပါလို့
မြတ်စောရှင် လှမ်းကြွတဲ့၊ တပေါင်းလ ပန်းချီလေ။
သွေ့အယောင်းညို့လွှင်
ကြွေညှောင်းသည့် ခက်ခွင်ခွင်မှာ
ရွက်သစ်ဆင် မြအသွေးရယ်နှင့်
မွှသေး သည့်ပုရစ်ကယ်က
ကြင်ချစ်ဖွယ် ပုံအနေ။
........သြော်၊ ရွှေညှောက်နုညီ၊ မြချပ်စီသို့
ပီပီမစိမ်း၊ တောခပ်သိမ်းလည်း
ရှိမ်းရှိမ်းလတ်လတ်၊ ပင်လုံးကျွတ်လျှင်
ဖက်ဆွတ်ပိတောက်၊ လဲနှင့်ပေါက်တို့
ခါရောက်ညီဘိ၊ လူ့ထက်သိရှင့်။
.....နွေတည့်ဂိမ္ဘာန်၊ တောင်လေပြန်သော်
မြူးဆန်ငါးကြင်း၊ မြစ်တွင်းတံငါ
ငြင်းသာအဲထူး၊ သန်းကူးပိုက်ခံ
တက်သံညီဟစ်၊ မြစ်လုံးဖြစ်၍

ညွှန့်သစ်ဖွဲ့လွှမ်း၊ ခရမ်းမရီ
ကျူးသီချိုမြ၊ ဆည်ဝပုံဝဲ
ငါးမွဲသုတ်ယူ၊ ဖျင်းဖြူစင်ရော်
သို့မျှော်ဆွတ်ဆွတ်၊ တောင်ဟုန်ခတ်လျက်။
.......လမြတ်ထွတ်ခေါင်၊ လများနောင်ကား
တောင်လည်းသာမော၊ တောလည်းသာထွေ
ရေလည်းသာလှ၊ ဖြူလွှသောင်ပြင်
ငှက်ပေါင်းရှင်လျက်၊ သဘင်အပြီ
သဲစေတီဟု၊ မြှောက်ချီရှင်ပ
ပူဇော်ကြမှု။
သာစွ သာစွ၊ ဖွင့်လှစ်ကယ် တ,ပို့လို့
လပေါင်းစုံ ခ,ရတဲ့၊ တပေါင်းလ ပန်းချီလေ။
မမေ့ကောင်းဆိုချင်
သရေညောင်းသည့် တပေါင်းခွင်မှာ
မောင်းနှင်ကာ ရန်သူယုတ်ကိုဖြင့်
နှင်ထုတ် သည်တိုက်ပွဲရယ်က
သဲခြိမ့်ခြိမ့် အောင်သံကြာ။
...... ဩော်-ဗမာတို့သွေး၊ လွတ်လပ်မည့် ရေးပေမို့
မအေးတဲ့နိုင်၊ သက်ပေးကာ ဆိုင်ကြတော့
နိုင်ရမည်စိတ်ဇော၊ အားတက်လို့ စောမိပေါ့။
.......ကြီးသော-ငယ်သော၊ ပျိုသော-ရွယ်သော
ခွဲလို့သာပြောရ၊ တသသောထဲ
ရဲဘော်နှင့် လယ်သမား၊ ကျောင်းသားနှင့် လူငယ်
ဖက်ဆစ်ရန် တော်လှန်ပွဲပေမို့
အံခဲကာ သယ်လိုက်ကြ။
.....မြစ်လယ်နှင့် ချောင်းကွေ့၊ ရန်သူများတွေ့မှဖြင့်
ပစ်လိုက်ပေ့ ဒလကြမ်း၊ ဖမ်းလိုက်တဲ့ လက်ရ
သွေးမြေသို့ ကျစေတော့၊ မချတဲ့စိတ်ထား
အဲဒါမှ ဗမာ့သားတဲ့။
......တောင်အကြား ချောက်ကမ်းပါး
တိုက်ပွဲဆင် ပြောက်ကျားပ
ရွာသားတဲ့ လူရွယ်၊ ရုပ်ဖျက်လို့တသွယ်
ကွင်းလယ်နှင့် ရွာနံဘေး၊ သတင်းစုံပေးကြလို့။
......ရွာကလေးသိမ်သိမ်၊ ဖက်ဆစ်တွေ ဖျက်ဆီးလို့
ရှို့မီးငယ် ထိန်ထိန်နှင့်၊ အိမ်ခြေပျက်စီး
မီးခိုးငယ့်လူလူ၊ ခွေးကလည်း အူအနင့်။

ဘယ်ရန်သူ ဘယ်လိုကြမ်းပေမယ့်
ဗမာဆို လူရည်စွမ်းကိုလ
လှမ်းမမှီ သီဖို့ဝေးတာကြောင့်
သွေးနီရင့် ကြယ်အလံ
ပျံပါပေ့ါ ဝေဟင်စွန်း။
သာလွန်း ယာလွန်း၊ စာဆိုတွေ ညွှန်းပါလို့
မှုကွန်းငယ် ထိုးရတဲ့၊ တပေါင်းလ ပန်းချီလေ။ ။

(ဂါထာခြောက်ဆယ်ပျို့၊ နဝဒေး ရတု၊ အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီ လူးတား၊ မင်းသုဝဏ်၏ ကဗျာတို့ကို မှီငြမ်းပြုပါသည်။)

................................................

**လက်နက်**

လင်းအရုဏ်၏
မှိုင်းမှုန်ဝိုးဝါး၊ မြူထုကြားမှ
ရွှေသားရောင်ဝင်း၊ ရှင်နေမင်းသည်
လွတ်ကင်း ထွက်မြောက် တော့မည်တကား။
အရှေ့ဆီဝယ်
ရောင်နီရဲ့ရဲ့၊ ဝါလဲ့လဲ့တည့်
နှင်းတွဲ့မြူဝဲ၊ တောအုပ်ထဲမှ
မဲမဲကုပ်ကုပ်၊ တလှုပ်လှုပ်သည်
ချုံဖုတ်ပင်လော လူပင်လော။
လှစ်ကနဲ့လျှင်
ရွာထဲဝင်လမ်း၊ စည်းရိုးတန်းမှ
ဖြတ်သန်းဝင်ရောက်၊ သစ်ရိပ်အောက်သို့။
သူ့ရှေ့မှာသော်
ယိမ်းကာယိုင်လျက်၊ တဲအိုပျက်သည်
မဲလျက်မှောင်တွင်း တိတ်ဆိတ်ခြင်း။
"အမေ အမေ၊ အမေ့သားလေ
အိပ်နေသလား၊ ဘေးတံခါးကို
သားဝင်ဘို့ရာ၊ လာဖွင့်ပါဦး"တဲ့။
တံခါးရွက်ကို
လက်နှင့်သာပုတ်၊ နှုံးကာလှုပ်သော်
ငုတ်တုတ်ထထိုင်၊ ယိမ်းတယိုင်နှင့်
တဲပိုင်ရှင်မ၊ သူလျှင်ထခဲ့။
"သားသား လူလေး"၊ သည်အမေးနှင့်
အိမ်ဘေးတံခါး၊ ပွင့်၍သွားသော်
ဆံကျားသွားကြွေ၊ တွန့်လိပ်ရေနှင့်

အမေတယောက်၊ တဲအိမ်ပေါက်ဝယ်
ဝေါက်တောက် မားမား ထင်သတည်း။
"အမေ အမေ၊ အို-အမေ"ဟု
မွေးမေရင်ခွင်၊ သူပြေးဝင်ပြီး
"မိခင်မေတ္တာ၊ မေ့မေတ္တာကြောင့်
သားမှာ စစ်ပွဲ အောင်ခဲ့ပြီ"တဲ့။
တုန်ရီလှုပ်ရှား၊ ကွဲမပြားဘဲ
ခရားနှုတ်လွှတ်၊ တတွတ်တွတ်သည်
နူးညွတ် စိတ်နှင့် ဆိုသတည်း။
"အောင်ခဲ့ပြီနော်"
ဝေ့လည်ရစ်ဝဲ၊ မျက်ရည်တွဲနှင့်
လှိုက်လှဲမေအို၊ တုံ့ပြန်ဆိုပြီး
သားကိုပြုံးလှည့်၊ တန်ကြာကြည့်တည့်။
"မွေးမေမှာမူ
လူကလေးမောင်၊ ရဲစိတ်ဆောင်၍
မရှောင်စစ်ပွဲ၊ ဝင်ကာနွဲလည်း
ဆင်းရဲချို့တဲ့၊ လက်နက်မဲ့နေ
သည်အခြေမို့
ပူဝေသောက၊ ကြွမိသည်"တဲ့။
ပီတိရွှမ်းအိုင်၊ မျက်ရည်ဖြိုင်နှင့်
ဗျာလှိုင်စကား၊ သားလျှင်ကြားသော်
မေ့သားဖေးထောက်၊ တွဲမှီလျှောက်၍
ထိန်တောက်မျက်ဝန်း၊ ပြုံးလဲ့ရွှန်းနှင့်
တခွန်းစကား၊ သူပြန်ကြား၏။
"စိုးရန်ကောမေ
ချို့သော တဲ့သော၊ စိတ်မမောဘူ့
သဘောရည်တူ၊ စိတ်ညီတူနှင့်
ကြည်ဖြူစည်းရုံး၊ ညွတ်သည့်ထုံးကြောင့်
မရှုံးအောင်မြင်၊ ပွဲကြီးယင်ပြီ
စွမ်းအင်ထက်မြက်၊ သည်လက်နက်"တဲ့။
သြော်-လင်းအရုဏ်၏
မှိုင်းမှုန်ပိုးဝါး၊ မြူထုကြားမှ
ရွှေသားရောင်ဝင်း၊ ရှင်နေမင်းသည်
လွတ်ကင်း ထွက်မြောက် တော့မည်တကား။ ။
..............................................

**ကဗျာဆရာမှ တော်လှန်ရေးသမားသို့**

ရေးသားစီချင်၊ ချစ်ညီခင်ရယ်
ဟိုရင်တုန်းခါ၊ တို့ဗမာတို့
လွတ်ရာလွတ်ကြောင်း၊ အားသွန်လောင်း၍
ရန်ပေါင်းထိုထို၊ ဖက်ဆစ်ကိုလျှင်
ခွင်းဖြို သင်သုတ်၊ မောင်းနှင ထုတ်သည်
ရန်ငုတ် မကျန် ကြွင်းဘို့တည်း။
ရန်ငုတ်မကြွင်း၊ သုတ်သင်ရှင်းဖို့
တိုင်းရင်းလူရှယ်၊ များကုန်သွယ်နှင့်
လူငယ် ကျောင်းသား၊ မခြားမကွဲ
တသားထဲလျှင်၊ စိတ်စွဲနှိုင်းညှိ
ညီညွတ်ဘိ၍၊ နိပ်ဖိ မင်းမူ
ဆိုးညစ်သူကို၊ အတူမချွတ်
အောင်ပန်းဆွတ်သည်
ညီညွတ်မှုကြောင့် အောင်သည်တည်း။
ညီညွတ်ကာလျှင်၊ တို့တိုင်းခွင်ဝယ်
အောင်မြင်ဘို့ရေး၊ အသက်ပေးတည့်
လယ်ဘေး ချောင်းကွေ့၊ မြောင်းရေ့ရွာနား
ပြောက်ကျားစစ်သည်၊ ရစ်ဖွေရှည်၍
ကျည်ဆန်ဖြောက်ဖြောက်၊ အမြောက်သံထင့်
မိုးမြင့်ထက်လုံး၊ ညံစာအုန်းသည်
ချေမှုန်း အောင်သံ ဝင့်လျက်တည်း။
တပေါင်းလ၏
ဖြူလွှခိုင်နွယ်၊ တောစပယ်တို့
မြေဝယ်လွှင့်ကြွေ၊ ရော်ရွက်ရွှေနှင့်
ရှက်ထွေတူနှော၊ ပန်းကော်ဇောသို့
စုံတောမြိုင်ဆွယ်၊ သာမျိုးကြွယ်မှ
နွမ်းနယ်ခွေလျ၊ လက်ပန်းကျသည့်
အာဂလူမော်၊ တပ်သားကျော်သည်
မွေ့လျော်စက်ကာ၊ ပန်းမွေ့ရာဝယ်
အနာဂတ်တွေး၊ လွတ်လပ်ရေးကို
မေးမေးအိပ်မက် မြင်နိုင်တကား။ ။

..............................................

**သွေးသောက်ညီနောင်**

ညောင်းရွက်လည်း ဝါလေပြီ။
ဆောင်းရက်လည်း ခွာသွေပြီ။

သည်အခါ သည်တနေ့မှာဖြင့်
အကွေ့ စုံမြိုင်ညို့၏
စိမ်းစိုစို ပင်ပျိုရိပ်မှာလ
ချွေးသိပ်မည် ထိုင်ကာနားရာတဲ့
စစ်သား ပျိုနှစ်ရွယ်သို့
စာဆိုမယ် စိတ်သွယ်တန်းကာပ
ပြန်လွမ်းမိ ဟိုအခါ။
.......ချွေးဖြာဖြာ စီးလာကျကိုဖြင့်
လက် မ ကာ အသာသုတ်ရာမှ
"ကြည့်ပါဦး ညီတော်မောင်"တဲ့
ပြုံးယောင်ယောင် စိတ်ရွှင်လန်းဟန်နဲ့
လှမ်းတဲ့လို့ သူ့အဖော်
ပြလို့သာ ခေါ်လိုက်တော့။
ညှိုးလျော်လျော် အဖော်လှပာဖြင့်
သူပြရာ မျှော်ကာကြည့်လိုက်တော့
နေမြိုက်ကာ သွေ့ဝါခြောက်ပါတဲ့
ရွှေပြောက်တွေ စီရရီနဲ့
ကြွေတော့မည် မြလွှာရွက်ကိုလ

ပင်ထက်မှာ ပြတ်လုသားငယ်
သွားမြင်ရပါ။
...... "တွေ့ရလား သူငယ်ချင်း
နေဝင်းဝင်းမှာ လေပြင်းပြင်းတိုက်ယင်တော့
ကြွေလိုက်မယ့်အခြေ
ဘာမို့လို့ နေနိုင်မလဲ
ပျံ့ဝဲကာ လေအသုတ်
လွင့်ကြွေကာ ပြုတ်ရလိမ့်"တဲ့။
"တို့ပြည်မှာ ရန်သူယုတ်ဟာလဲ
လှုပ်လှုပ်သာ အနိုင်ကျန်တော့
တော်လှန်သူ ဗမာမျိုးကိုလ
ဝေ့တိုးကာ မခံဝံ့ပါဘူး
ရှုံ့ပါနဲ့ ညီလေးရာ
ကြာပါဘူး အောင်မှာဘဲ"တဲ့။
.......ပြုံးကာပ ရွှင်ချို
အားတက်ဖွယ် သည်ပုံဆိုတော့
အစ်ကိုလို သူငယ်ချင်းကိုလ
အားတင်းမယ် သည်သဘောရယ်နဲ့

ပြန်ပြောပုံ တကယ်ထယ်လှချည့်
"အမယ် သွေးသောက်
ဘာမို့လို့ ကြောက်မတုံး
သွေးပေါက်ကယ် ထွေထွေ
ကျချင်တိုင်း ကျစေတော့
ရဲလှတို့ မဆုတ်တမ်း
လူငယ်မို့ စွမ်း"သတဲ့။
အောင်နန်းသို့မျှော်
အောင်လမ်းကို သည်ပုံဖော်လို့
ညီနောင်တော် အားစည်ခိုက်ကိုဖြင့်
လေတိုက်ကာ ဗျူဟာဆင်တော့
သစ်တပင် ဟိုအထက်ဆီက
ညောင်းရွက်ဝါ အညှာပြုတ်ပါပေါ့
လေသုတ်ရာ တလည်လည်ပ
ရပ်မတည် ဆည်မပင့်နိုင်ဘု
နံ့ရာမှာ ရှုံးတာဆင့်လေတော့
(ကွယ်) လွင့်ကြွေလို့ဝဲ။
သြော်-ညောင်းရွက်လည်း ကြွေပါပြီ။
ဆောင်းရက်လည်း သွေ့ခွာပြီ။ ။

.............................................

**ဆန္ဒဟူသည်**

မှောင်ခြုံလွှမ်းလျက်
ထက်နန်းအာကာ၊ မှိုင်းမှုန်ပြာသော်
တောင့်တ အာသာ၊ ငွေစန္ဒာတည့်။
ထောင်မှုန်ဖျန်းပက်
နေနန်းစကြာ၊ ရှိန်ရှိန်ပသော်
တောင့်တ အာသာ၊ ရေသီတာတည့်။
ဆောင်ဘုံနန်းထက်
ကြင်နန်းကွယ်လစ်၊ သူ့ကျွန်ဖြစ်မှ
တောင့်တခါခါ၊ လွတ်ရေးသာတည့်။ ။

.............................................

**ပွင့်ချိန်**

အရုဏ်ကျူး၍
ရှေ့ဦးပြင်လွင်၊ ဤကောင်းကင်ဝယ်
ကြည်စင်တင့်ရှန်း၊ ရွှေရည်သွန်းသည်
နေဝန်း တက်ခဲ့ပါပြီတကား။

မြပင်ပို့မှ

စိမ်းညိုပြောက်ကျား၊ မြီဆံဖားနှင့်

ငှက်များရာဇာ၊ ဒေါင်းမင်းမှာလျှင်

သာယာနှုတ်ချွေ၊ ခွန်းလှစ်လေသည်

အိုးဝေခဲ့ပါပြီတကား။

နေဝန်းတက်၍

ဒေါင်းငှက်အိုးဝေ၊ ခွန်းနှုတ်ချွေသော်

မြရေညိုပြာ၊ ကန်တော်သာဝယ်

ပန်းကြာနဖပ်၊ ကွေးငုံလှပ်၍

ချပ်လွှာစည်စည်၊ မွှေးပျံ့ကြည်သည်

နေခြည်မြင့်၍ ပွင့်ပြီသော်။ ။

......................................

**လွတ်လပ်ပြီ**

မဲမှောင်ဆိတ်ငြိမ်၊ ဤနောင်အိမ်၏

တင်းတိမ်တံခါး၊ ပိတ်ဆို့များလည်း

ထွားထွားညက်ကြေ၊ ပြုတ်ထွက်လေ၍

မသွေထက်အောက်၊ ငှါ့မျက်မှောက်၌

ထွက်ပေါက်ရှင်းရှင်း၊ ပလာကျင်းသည်

ဟင်းလင်း ပွင့်ခဲ့ပြီတကား။

ခိုင်ခံ့ချည်နှောင်၊ မလှုပ်အောင်လျှင်

တုပ်နှောင်ကာငြိုး၊ လက်ပြန်ကြိုးလည်း

ဖြိုးဖြိုးမာန်ကြွ၊ ငှါ့လုံ့လကြောင့်

ပိုင်းစသို့ပြောင်း၊ ပျက်ကြွေညောင်းသည်

ထောင်းထောင်း ပြတ်ခဲ့ပြီတကား။

ကိုယ်ဟန်ကြော့ကြော့၊ ဦးခေါင်းမော့၍

ရင်ကော့ကာမြန်း၊ ငှါ့ခြေလှမ်းကား

လွတ်လမ်းပေါ်တွင်၊ မှန်မှန်ပင်တည့်

ကြည်ရွှင်ဖျပ်လပ်၊ လက်ပန်းခတ်၍

မတ်မတ်မားမား၊ တင့်တင့်ထွားသည်

ကြွားကြွား ဝင့်ခဲ့ပြီတကား။ ။

......................................

**ကြွေလှုပါပြီ**

မြမှာရွှေလှောက်၊ စိမ်းဝါပြောက်နှင့်

သွေ့ခြောက်ရွက်ဝါ၊ ညိုမှောင်းစွာတည့်

ကိုင်းညှာခိုစီး၊ ယိုလေးယီးကို

ရေလည်းမညှာ၊ နေလည်းဝါ၍

လေပါလွှင့်ထုတ်၊ ပြင်းပြင်းမှုတ်သော်
ပြုတ်လုတဲကာ၊ လှုပ်လှုပ်သာသည်
ရွက်ဝါ ကြွေလု ပါပြီကော။
စစ်ဘေးစစ်ဒဏ်၊ နှစ်ခါပြန်၍
ပူပန်ဆင်းရဲ၊ ဒုက္ခဝဲဝယ်
နှစ်ဆဲခါကြုံ၊ သောကပုံ၏
လူ့ဘုံဘဝ၊ ဤလောက၌
နိမ့်ကျအောက်ဆုံး၊ ဟိုနောက်ဆုံးမှ
မပြုံးရွှင်နိုင်၊ နုံးခွေယိုင်စဉ်
စင်ပြိုင်မာန်ခု၊ ချင်းချင်းပြု၍
သတ်မှုရက်စက်၊ သွေးမြေသက်ခဲ့
ဘယ်ဘက်ဘယ်မှာ၊ ခိုကိုးရာကို
မျှော်ကာမရ၊ ငါကြောင့်ကြသည်
ဘဝ ကြွေလု ပါပြီကော။
ညောင်းရွက်ကြွေကျ၊ မြေပြင် ခ မူ
ရွှရွှတဆစ်၊ မြပုရစ်သည်
အသစ်ထွက်လာ၊ ပြုမည်သာတည့်။ ။

..............................................

**ဝါကျွတ် ချင်ခြင်း**

သီတင်းကျွတ်လျှင်
မိုးလွတ်လေလွတ်၊ တိမ်ဖြူဆွတ်နှင့်
ပြာမွတ်ကောင်းကင်၊ ကြည်ကြည်လင်တည့်။
ကြယ်စုံ လ ယုန်၊ ရွှန်းမှည့်ကုန်၍
ရောင်ဟုန်ဖြန့်ကျင်း၊ ထိန်ထိန်လင်းတည့်။
ဥဩ ချိုး ခါ၊ ဆက်ရက်စာတို့
ကျာကျာကျီကျီ၊ ထံတျာသီတည့်။
ငါလည်းဤခါ၊ ချိုကဗျာနှင့်
တာရာငွေယုန်၊ တိမ်ဖြူဘုံသို့
လေဟုန်စီးကာ၊ သွားချင်ပါ၏။
တိမ်ပြာအလယ်၊ တိမ်စွယ်အဖြူ
ကျွန်းအငူ၌
ပြူစူမာန်ကင်း၊ ချမ်းမြေ့ခြင်းဖြင့်
ယောက်ချင်း တကိုယ်၊ စက်ပါလို၏။
ငါတို့နိုင်ငံ၊ မြရောင်လျှံလည်း
ဘေးရန်မခ၊ ရှင်းရှင်းပ၍
ချမ်းမြကြည်သာ၊ ငြိမ်းအေးစွာဟု

လျောင်းကာငြိမ်သက်၊ တိမ်ဖြူထက်မှ
အိပ်မက် မက်၍ နေလိုတကား။ ။

..............................................

**ရွှေချိုးသံသာ ကူလိမ့်မည်**

နေခြည်ပြယ်၍
ရစ်နယ်ပတ်ကုံး၊ အမှောင်ဖုံးသော်
ချို့ပြုံးမဝင့်၊ လေးငါးပွင့်မျှ
ကြယ်မင့်တာရာ၊ မှေးမှိန်စွာတည့်။
ညအရိပ်ဝယ်
မှေးမှိတ်စက်ကာ၊ ချမျက်လွှာနှင့်
ရွှေဝါငွေစင်၊ ပန်းဆင်ဆင်တို့
ပွင့်ချင်လိုအား၊ သူစောင့်စားတည့်။
မွှေးချိုသင်းပျံ့၊ သူ့ရနံ့လည်း
မပြန့်လေထဲ၊ မထုံဘဲတည့်။
ဩော်-နေခြည်ကွယ်၍
ရစ်နယ်ပတ်ကုံး၊ အမှောင်ဖုံးသော်
နလုံးမကြည်၊ လည်မျက်ရည်နှင့်
ခိုမှီအိပ်တန်း၊ သိုက်မြုံနန်းမှ
နှုတ်ခွန်းမကြူ၊ ရွှေချိုးဖြူလည်း
ကူလိုပါလျက်၊ ကူမထွက်တည့်။
အရုဏ်တက်၍
ပြိုးပြက်ရွှေရည်၊ ငွေရောင်ခြည်နှင့်
ရေ့ဆီလျှမ်းလက်၊ နေဝန်းထွက်သော်
ကားညက်စွင့်စွင့်၊ ချပ်လွှာဖွင့်၍
နေမင်းရောင်ဟုန်၊ ခိုကာလှုံမှ
ဝတ်မှုန်လန်းဆန်း၊ ပွင့်သည့်ပန်းတို့
တင့်ရွှန်းသရေ၊ ဆောင်ကြပေတည့်။
မွှေးချိုသင်းပျံ့၊ သူ့ရနံ့လည်း
မဆံ့လေထဲ၊ ပျံကာဝဲတည့်။
ဩော်-နေခြည်မြင့်၍
ပွင့်ဝတ်ပွင့်မှုန်၊သင်းပျံ့ထုံသော်
သိုက်မြုံနန်းသူ၊ ရွှေချိုးဖြူလည်း
တမူသစ်ဆင်၊ သံလွင်လွင်နှင့်
ပဲ့တင်ခတ်ပြီး၊ တောလုံးဟည်းအောင်
ကောင်းချီးရိုက်ကျူး၊ ကျေညာထူးသည်
ကူကူး မြည်သံ ချိုတော့သည်။ ။

**ရွှေလှိုင်း ငွေလှိုင်း**

ဝါဝါလျှမ်းလျှမ်း၊ ပိတောက်ပန်းလည်း

လန်းလန်းစွင့်စွင့်၊ ဟိုပင်မြင့်ထက်

လေပင့်လိုက်တိုင်း၊ ဘယ်ညာကိုင်း၍

ရွှေသိုင်း ရွှေသိုင်း ဝင့်တော့သည်။

ဖြူဖြူဖွေးဖွေး၊ စပယ်မွှေးလည်း

လေသွေးရာနံ့၊ သင်းပျံ့ပျံ့နှင့်

ရနံ့မရိုင်း၊ ရှုရာတိုင်းဝယ်

ငွေဆိုင်း ငွေဆိုင်း ဆင့်တော့သည်။

ငြိမ်းငြိမ်းချမ်းချမ်း၊ နိုင်ငံဝှမ်းဝယ်

ဘေးဘျမ်းကွာစင်၊ ပျော်မှုဆင်၍

ကြည်ရွှင်စေကြောင်း၊ ပန်ဆုတောင်းမိ

သွန်းလောင်းရေကြည်၊ ဤသို့ရည်သော်

မြန်ပြည်အေးချမ်း၊ ဤနှစ်ဆန်းဝယ်

ရွှေပန်း ငွေပန်း ပွင့်တော့မည်။

ရှုတိုင်း မျှော်ရာဝယ်၊ ရွှေလှိုင်းငွေလှိုင်း တင့်လှသည်။

တို့တိုင်း ပြည်ရွာဝယ်၊ ရွှေနန်းငွေနန်း မြင့်ကြမည်။ ။

...............................................

**ဗမာမင့်**

နှစ်သစ်ဆန်းတိုင်း

ထိန်လျှမ်းဝေမောက်၊ ကြိုင်နံ့လှောက်သည်

ပိတောက်အလှ၊ ဗမာမင့်။

နထွားစိုပြေ၊ ဆင်းရုပ်ရွှေကို

ဘယ်မြေရပ်ခြား၊ ဘယ်တိုင်းဖွားတို့

မှီအားနိုင်လိမ့်၊ ဝါရည်စိမ့်ငဲ့။

သူ့မြေဖွားတို့

ပါးပါးလျော့လျော့၊ ရည်ဖျော့ဖျော့နှင့်

မကြော့သလို၊ ကြော့သလိုလျှင်

ထိုထိုအလှ၊ ဝင့်ဟန်ပြသော်

ဗမာ့ပျိုစင်၊ ပြုံးလိမ့်ထင်ငဲ့။

မှတ်သုန်လေ၏

မိုးရေမိုးငွေ့၊ ပက်ဖျန်းဇော့သော်

ဓလေ့သွင်မှု၊ သူမတူသည်

ဝင်းကြူ လှချည် ကလားကွယ်။

အရှေ့တိုင်း၏

ယှဉ်နှိုင်းမရ၊ သဘာဝဖြင့်

ပပဝင်းဝင်း၊ ရှင်းရှင်းပြတ်ပြတ်
နဖပ်ဖပ်နှင့်၊ လတ်လတ်ပျိုလွင်
သူ့အဆင်သည်
နယဉ် လှချည် ကလားကွယ်။
ယဉ်လည်းယဉ်လွန်း၊ ရွှန်းလည်းရွှန်းသည့်
လှကျွန်းတုလွတ်၊ ပန်းတမွတ်ကို
ခူးဆွတ်လို့ငှာ၊ ငါလျှင်ရှာသော်
ဝင်းဝါစိုပြေ၊ ဗမာမေလျှင်
ထိပ်ဖွေကိုင်ဆုပ်၊ ခေါင်ကချုပ်သည်
အဟုတ် လှသည် ထင်ပါငဲ့။ ။

.............................................

**အလှရှိရာ**

အလှရှိရာ၊ သွားချင်ပါဟု
ခါခါမြည်တမ်း၊ သို့ရောက်ရမ်း၍
စိတ်ဝမ်း မသာ ရှိသည်တကား။
သူ့ရွာသူ့ပြည်၊ သာလှသည်တည့်
စည်ပင်ချမ်းမြ၊ ဝပြောစွဟု
ကြားရတိုင်းသာ၊ လှမြေချာသို့
သွားပါလိုမိ၊ နေမထိခဲ့။
ဤယနေ့သော်
ချမ်းမြေ့ကြည်လင်၊ စိတ်ဝယ်ရွှင်တည့်
မြေပြင်ကျယ်ဝင်း၊ လယ်ယာခင်းနှင့်
အင်းအိုင်မြစ်ချောင်း၊ ရှုမညောင်းတည့်
တောင်စောင်းတောင်ထိပ်၊ စေတီရိပ်ဝယ်
ဆွေမိတ်တူစုံ၊ ဖူးရတုံသော်
အာရုံသန့်စင်၊ ကြည်ဘဝင်နှင့်
မိခင်မြေမြ၊ သာလေစွဟု
နှုတ်ကဖန်ဖန်၊ ဆိုမိသံသည်
မိုးယံပဲ့တင် ထပ်လိမ့်တည်း။
သူ့ရွာသူ့ပြည်၊ သာမောသည်ဟု
နှုတ်ရည်စကား၊ ဘယ်သို့ကြားလည်း
ငါကား မတုန်လှုပ်ပြီတကား။ ။

.............................................

**ခရီးသည်**

ခရီးကြမ်းသည်မို့
မောပန်းဟိုက် စဉ်ခါဝယ်။
ဒေါင်းလူပျို သံချို မြွက်တော့
အားတက်ခဲ့တယ်။
အိုးဝေသံ နားဝင်အေးရယ်ကြောင့်
ခရီးနှင် ဆက်ပါသေးသော်လဲ
ဝေးလှလို့ ယောင်လယ်လယ်
အားငယ်မိ ပြန်တုန်း။
ရွှေချိုးဖြူ
ငြိမ့်လေး ချိုအောင်ကူပါ့
အားငယ်သူ သင့်သံကြားပါမှ
အားဝင်ကာ မာန်အင်သစ်မည်မို့
ကြင်ချစ်ဖွယ် သင့်သံအေးရယ်နဲ့
ကြွေးလိုက်ပါအုံး။ ။

.................................................

**အခန်း-၃**

**ဆန်းစသော်တာ၏ ဖခင်သို့**

ဆန်းစသော်တာ၊ ဤကဗျာလျှင်
ငါ့မှာနှစ်လို၊ စွဲမက်ပိုမိ။
ဂီတဥ္စလီ၊ စာသီဂီလည်း
ဘယ်ဆီဘယ်ရွှေ့၊ ငါမမေ့တည့်။
မိုးနက်ပြာဝယ်
တာရာရံခဲ၊ ငွေသွေးကြွသည့်
ဆန်းစသော်တာ၊ ထွက်ခဲ့လာသော်
ငါ့မှာမျှော်ကြည့်၊ ပျော်ရွှင်မိ၍
လ၏ဖခင်၊ စာဆိုရှင်ကို
စိတ်တွင်ရမ်းရော်၊ တွေးမိမျှော်သည်
ပူဇော်လိုက်မိ ပါတကား။ ။

.................................................

**ဆုံးချက်**

ဝတ်ရည်ရင့်သည်
တပွင့်ငုံအာ၊ ချစ်ပန်းလွှာအား
ဆွတ်ကာချွေယူ၊ ငါလှူချင်ချေသည်

သင်မူ သိစ အိုလောက။
မြတ်နိုးလှစွာ၊ နမာလာအား
ရင်မှာယယု၊ ပိုက်ပွေ့ပြုသော်
ညှံ့နလဲဝါ၊ ငှါသဲညာဝယ်
ဖောက်ကာဆိပ်ဆူး၊ နစ်၍စူး၏။
နေ့ချိန်ကုန်မြောက်၊ ညသို့ရောက်သော်
ပွင့်ညှောက်ဖြူပြာ၊ ချစ်ပန်းလွှာကား
ရှိန်ဝါလွင့်မွဲ၊ ညိုရောင်စွဲခဲ့
သို့လဲပြေပါ၊ ငှါသဲညာဝယ်
ဒဏ်ရာဆူးချက်၊ ပြင်းပြလျက်တည့်။
အိုဘယ့်လောက၊ အိုလောကငယ်
များလှသောင်းသောင်း၊ ပန်းအပေါင်းလည်း
အကြောင်းသင့်စွာ၊ သင့်ထံလာလိမ့်
ငှါမှာသော်ကား၊ ကံဖယ်ရှား၍
ရွှေ့လျားမြုပ်တိမ်၊ ပန်းဆွတ်ချိန်လည်း
မှေးမှိန်မှုန်ရီ၊ ကုန်ခဲ့ပြီတည့်
ညဆီမှောင်စိုး၊ သန်းခေါင်ကျိုးသော်
လှမျိုးရောင်ခြယ်၊ ချစ်ပန်းကွယ်၍
သဲဝယ်စူးမျက်၊ ဤဒဏ်ချက်သာ
သစ်လျက် ကျန်ခဲ့သည်တကား။
(တင်ဂိုး၏ "ဥယျာဉ်မှူး"မှ)

.................................................

**ငှါပန်းချီနှင့် ငှါကဗျာ**

ခြယ်သမှုဝယ်
အလှသက်ထား၊ ပျိုတပါး၏
ကိုယ်စားရုပ်သာ၊ ဖြစ်လေတာကြောင့်
များစွာလူပေါင်း၊ သိလိုကြောင်းဖြင့်
သောင်းသောင်းဖျဖျ၊ မေးလာကြသည်
"ရုပ်ပုံတူ ဘယ်သူ ဖြစ်လေသနည်း"။
ငါလည်းထိုခါ၊ ပြဿနာကို
ဘယ်မှာဘယ်က၊ ဘယ်ပုံစ၍
ဖြေရမည်သာ၊ မသိပါခဲ့
"အိုဗျာထွေထူး၊ ပြောနိုင်ဘူး"ဟု
ရှုံးရှုံးမိုက်မိုက် ငြင်းဆိုလိုက်က
ကြိမ်းရိုက်မောင်းမဲ၊ ပြစ်တင်ဆဲလျက်
ရှောင်ဖဲကြကာ၊ ငှါကိုခွာသော်

သက်လျာချစ်ဆုံး၊ ရှင်စိတ်ဖုံး၍
ပြုံးပြုံး ကြည့်နေခဲ့တကား။
ရေးသမျှလည်း
အလှချစ်ဆွေ၊ မောင့်သက်ဝေနှင့်
ချစ်လေသမျှ၊ ကြောင်းစုံစွတည့်
သဲမြညာဝယ်၊ ဖုံးကွယ်ဝှက်ထား
ချစ်စကားတို့၊ ဖုံးကွယ်ဝှက်ထား
ပေါက်ကွဲကန်၍၊ ချစ်ဟန်များပြား
ကဗျာသားတို့၊ ပေါက်ဖွားရှိသာ
ထွက်ခဲ့ရှာတည့်။
"သင့်မှာရေးသား၊ ကဗျာများ၏
ရင်းဖျားဆုံးလယ်၊ အဓိပ္ပါယ်ကို
စိတ်ဝယ်သိလို၊ ပြောပါဆို"ဟု
ထိုထိုလူများ၊ မေးပါငြားက
"စာသားနက်ကျယ်၊ အဓိပ္ပါယ်ကို
ဘယ်သူသိကြ၊ သင်သိစ"ဟု
ငါကပြန်လည်၊ မေးခဲ့သည်ကြောင့်
မကြည်နလုံး၊ မဲ့ပြုံးပြုံးကြ
ချစ်ဆုံးပျိုခင်၊ ချောနုယဉ်မှု
ကြည်ရွှင်မဆုံး၊ ပျော်စိတ်ဖုံး၍
ပြုံးပြုံး ကြည့်နေခဲ့တကား။ ။
(တဂိုး၏"ဂီတဥ္စလီ"မှ)

.................................................

**ယမုန်သီတာသို့**

စောစောကပင်
တိုးတိတ်ညင်သာ၊ ပြောခဲ့ပါ၏
နာဝါလေ့တွင်၊ တူပျော်ရွှင်လျက်
မြေပြင်ကျယ်ဝန်း၊ လောကကျွန်းဝယ်
ဖော်ညွှန်းနိုင်မည့်၊ သူမရှိသည့်
မသိသည့်ကမ်း၊ အဆုံးလမ်းသို့
မျှော်မှန်းစိတ်လို၊ သွားလိမ့်ဆိုသည်
နှစ်ကိုယ် သင်နှင့် ငါတကား။
သောင်ကမ်းမမြင်၊ ဤရေပြင်ဝယ်
နားတင်ငြိမ်သက်၊ သင့်ပြုံးချက်၌
စွဲမက်ကြည်ညို၊ ငါ့တေးချိုလည်း
ပိုမိုပေါက်ဖွား၊ သံစုံကြားခဲ့

စာသားချုပ်ချယ်၊ မရှိကွယ်၍
လှိုင်းနယ်လွတ်လပ်၊ လှည့်လည်ပတ်လိမ့်။

အချိန်ပင်လည်း
ကုန်စင်မပြောက်၊ မကျရောက်လော။

ပြဲဘွယ်ပင်လည်း
ထို့ပြင်အကြွင်း၊ ကျန်၍လျှင်းလော။

အိုလေ့ဆည်းဆာ၊ ညိုရိပ်ဝါကား
သောင်သာကမ်းဆီ၊ လွှမ်းခဲ့ပြီတည့်

မှုန်ရီမှိုင်းဆို့၊ နေရောင်ညို့ဝယ်
မို့မို့တောင်ပံ၊ လှုပ်ခတ်ပျံ၏

အိပ်ရန်သိုက်မြုံ၊ လှမ်းလင့်ကုန်ပြီ
လေဟုန်ချီသည့် ပင်လယ်ငှက်။

နောက်ဆုံးဆည်းဆာ၊ ရောင်နီဖြာသို့
ဘယ်ခါဘယ်မှ၊ အချိန်ကျ၍

နာဝဲ့ငွေလှေ၊ ကြိုးဖြုတ်ဖြေပြီး
မှုန်ဝေမည်းချိပ်၊ ညမှောင်ရိပ်ဝယ်

မေးမိုတ်ပျောက်ကွယ်၊ သွားလိမ့်မယ်ကို
ဘယ်သူ သိနိုင်တော့မည်နည်း။ ။

(တဂိုး၏"ဂီတဥ္စလီ"မှ)

.............................................

**လက်ဆောင်**

ကာမဩဃ၊ ဤလောကဟု
အဝ ကျယ်ပြော၊ ပင်လယ်ကြော၌

မျောကာရွေ့ရွေ့၊ တူဆုံတွေ့စဉ်
တနေ့လွဲခွာ၊ တို့ကွဲကွာက

စိတ်မှာမပျောက်၊ နောက်ကြောင်းလျှောက်၍
တွေးထောက်နိုင်မှု၊ တခုခုကို

မျက်ရှု သင့်အား ပေးလိုတကား။
သို့ပါသော်လည်း၊ ချစ်မငြီး၏

အသည်းနှလုံး၊ ချိုချိုပြုံးကို
သိမ်ကျုံးပိုင်အောင်၊ မျှော်ကိုးယောင်၍

လက်ဆောင်ကိုပြု၊ ဝယ်သော်ရဟု
ဤမှုထွေထူး၊ ငါ့စိတ်ကူးသည်

မရှူး မမိုက် သေးပါတကား။
သင့်အသက်ကား

ညွန့်ခက်နကွေး၊ အငယ်လေးတည့်။

သင့်ခရီးလည်း
မနီးမဆုံး၊ ရှည်လျားတုန်းတည့်။
ငါ၏ထံမှ၊ အေးကြည်လှသည့်
ချမ်းမြဝေမောက်၊ ရေကြည်ပေါက်ကို
သောက်ကာစို့ပြီး၊ လိုခရီးသို့
ပြန်ပြီးတခါ၊ ပြေးခဲ့ပါ၏။
အသင့်မှာကား
ရွှင်ရာရွှင်ကြောင်း၊ ဖော်အပေါင်းနှင့်
သောင်းသောင်းညာညာ၊ ပျော်နေပါ၍
တနေ့ယွင်းယို၊ စိတ်နပျိုဝယ်
တို့ကိုသွေကွက်၊ မေ့နေရက်လည်း
အတွက်ဘယ်မှာ၊ ရှိပါအံ့နည်း။
ငါတို့မှာမူ
နားယူကာသာ
လွန်လာသည့်သက်၊ အရက်ရက်ကို
ပြန်လျက်တွေးရ၊ မျှော်မှန်းဆ၍
တမ်းတ ကာသာ၊ နေရပါ၏။
မြစ်မငွေစင်၊ ကြည်ရေပြင်ကား
ချိုလွင်သာယာ၊ တေးလင်္ကာဖြင့်
လျှင်စွာကျော်လွှား၊ ဖြတ်၍သွား၏
မြင့်မားမောက်မို၊ ဤတောင်ညိုမူ
နဂိုမတ်မတ်၊ မားမားရပ်၍
တွက်မှတ်အောက်မေ့၊ တစေ့စေ့ဖြင့်
ချမ်းမြေ့မေတ္တာ၊ ရေစင်ဖြာကို
သွန်းကာ လောင်းလျက် ပင်တကား။ ။
(တဂိုး၏ "ဆန်းစသော်တာ"မှ)

.............................................

**မျက်မမြင်**

တန်နက်ခင်း၊ ဥယျာဉ်တွင်းဝယ်
နှစ်ကွင်းမျက်စေ့၊ လင်းမတွေ့သည့်
ယွင်းရွေ့ကြမ္မာ၊ မိဒုက္ခာသည်
ရွက်ကြာလွှမ်းဖုံး၊ ဤပန်းကုံးကို
"ယူအုံး"ငါ့အား၊ ပေးသည်တကား။
ငါလည်းယူငင်၊ ရှောင်တခင်ဖြင့်
လည်တွင်ပတ်ဝိုက်၊ ဆွဲဆင်လိုက်၍
ထိခိုက်ရင်တွင်း၊ လှုပ်ရှားခြင်းဖြင့်

နှစ်ကွင်းမျက်စေ့၊ မျက်ရည်ပြေ့သည်
ဝေ့၍ ဝေ့၍ လည်သည်တကား။
ယုယပွေ့ဖမ်း၊ သူ့အားနမ်း၍
"သည်ပန်းပမာ၊ မယ်မင်းမှာလည်း
နှစ်ဖြာမျက်ကွင်း၊ ထင်မလင်းတည့်
မယ်မင်း လက်ဆောင်၊ ဤလက်ဆောင်ကား
ဆင်းရောင်ကြွရွ၊ မည်မျှလှဟု
မယ်မကိုယ်တိုင်၊ မသိနိုင်ခဲ့"
သည်းဆိုင်နွမ်းညှိုး၊ ကြင်နာဖြိုးက
တိုးတိုးနှုတ်လွှတ်၊ သာသာရွတ်သည်
တွက်တွက် ဆိုမိ သည်တကား။ ။
(တဂိုး၏ "ဥယျာဉ်မှူး"မှ)

..............................................

**စေတနာ**

အကယ်၍သာ၊ ငါ့သည်းညှာသည်
များစွာဖိုးထား၊ ပတ္တမြားသို့
ကျောက်သားမြတော၊ ဖြစ်ပါလေမူ
ထုချေရိုက်ခွဲ၊ ပိုင်းပိုင်းထဲမှ
တွဲရွဲညာညီ၊ တလုံးစီကို
ကုံးသီရွှရွ၊ ပိုးကြိုးစနှင့်
နမ လည်တွင်၊ ငါဆွဲဆင်အံ့။
အကယ်၍သာ၊ ငါ့သည်းညှာသည်
ချပ်လှာသေးသေး၊ ရနံ့မွှေးသည့်
ငုံကွေးမာလာ၊ ပန်းဖြစ်ပါမူ
ရိုးညှာကိုဖြတ်၊ ငါချူဆွတ်၍
လှထွတ်မေညာ၊ မင့်ကေသာဝယ်
ပန်ပါ စေချင်၊ ငါလျှင်ဆင်အံ့။ ။
(တဂိုး၏ "ဥယျာဉ်မှူး"မှ)

..............................................

**မသိစေလို**

အနေ့နေ့လျှင်
လာ၍ပြန်သွား၊ သူ့ဝတ်တရားတည့်။
အိုဘယ့်ချစ်ဆွေ၊ ငါ့ဆံကေဝယ်
ခူးချွေပန်ထား၊ ပွင့်ချပ်ကားနှင့်
ထူးခြားရောင်တင့်၊ ဤပန်းပွင့်ကို
တဆင့်သူ့အား ပေးပါလော့။

တကယ့် တကယ် "ဤပန်းငယ်ကို
အဘယ်သူမှ၊ ပို့စေသ"ဟု
မေးကချစ်ဆွေ၊ အိုချစ်ဆွေရယ်
လှစ်ချွေစကား၊ "ငါ"ဟုများဖြင့်
ပြန်ကြားကာသာ၊ မပြောပါနှင့်
ခါခါထပ်လောင်း၊ ငါပန်တောင်း၏
မိတ်ကောင်းသဟာ၊ အကြောင်းရှာလျှင်
သူ့မှာလာကြား၊ လာရုံများဖြင့်
ပြန်သွားမည်မို့ သာတကား။
ထိုင်၍ပင်လျှင်
မြူမှုင်ဖုံလယ်၊ သစ်ရိပ်ဝယ်တည့်။
အိုဘယ်ချစ်ဆွေ၊ သစ်ရွက်တွေနှင့်
ဝတ်ရွှေရည်စို့၊ ဤပန်းတို့ကို
ထိုင်ဖို့နေရာ၊ သစ်ရိပ်သာဝယ်
ကြိကာဖြန့်ပေး ပါဦးလော့။
သူ့မျက်လုံးကား၊ ပူပုံပွား၍
သနားဘွယ်ပေ၊ ဆွေးငွေ့ဝေလျက်
ကျွမ်းကြွေလုလု၊ ငါ့သည်းနကို
ဆွေးမှုဖြန့်ဝေ၊ လွမ်းဖို့စေခဲ့
လှစ်ချွေစကား၊ သူ့နှုတ်ဖျားမှ
ငါ့အားဖွင့်ကာ၊ မပြောရှာတည့်
လာပါသော်ငြား၊ လာရုံများဖြင့်
ပြန်သွားခဲ့သည် သာတကား။ ။

(တဂိုး၏"ဥယျာဉ်မှူး"မှ)

..............................................

**ခွဲဦးစို့**

အခွင့်ရ၍
ချမ်းမြနှုတ်ထွက်၊ ခွန်းချိုဆက်၍
ညှံ့သက်သာယာ၊ ဦးနှိမ်ကာဖြင့်
ခွဲခွာခဲ့ပါသည်တကား။
တံခါးသော့လည်း
ယူလော့ပြန်ကာ၊ ပေးခဲ့ပါ၍
အိမ်မှာကျန်ရစ်၊ မွေအနှစ်ကို
စွန့်ပစ်၍သာ၊ ထားခဲ့ပါ၏။
ကြင်နာသမှု၊ စကားစုကို
ညှံ့နချိုပြုံး၊ ပြောပါအုံးဟု

နောက်ဆုံးလှစ်ကျူး၊ အခွင့်ထူးကို

ရှင်မြူးသာယာ၊ ငါတောင်းပါ၏။

တို့တတွေကား

နှစ်ရှေလ,ကြာ၊ တူမကွာဖြင့်

ဆွေညာမခြား၊ အိမ်နားပါးနီး

လွန်ရင်းနီး၏

ငါလည်းပျံ့လှိုင်၊ မေတ္တာခိုင်ကို

ပေးနိုင်သည်မှ၊ ပို၍ရခဲ့။

ညချိန်ကုန်မြောက်၊ တမိုးသောက်၍

ထွန်းတောက်ပြောင်ပြောင်၊ ခန်းထောင့်မှောင်မှ

မီးရောင်လည်းပျောက်၊ နေ့သို့ရောက်ခဲ့

အထောက်တော်လည်း၊ ရောက်လေပြီး၍

ခရီးမဖင့်၊ သွားရန်ချင့်သည်

အသင့်ပြင်ပြီး ဖြစ်သည်တကား။ ။

(တဂိုး၏ "ဂီတဥ္စလီ"မှ)

...............................................

**အခန်း (၄)**

**ကျူးကျော်သူ**

တပို့တွဲ၏

ပုလဲနှင်းန

စီရီဦသည်

ရတုသာရှင်

ဆောင်းသဘင်ဝယ်

လေနှင်ဆောင်ပို့

မိုးသားညို့၍

မို့မို့မဲမဲ

ရွာသွန်းကြဲသည်

ကျူးဘဲ ကျူးကျော် ရက်လှတကား။ ။

...............................................

**ဤန်နံနက်**

မဲမဲညိုညို၊ မိုးတခိုမှ

ယိုယိုရွဲရွဲ၊ ရောင်ရဲရဲနှင့်

ဖောက်ခွဲနှင်းမြူ၊ ထွက်ခဲ့ပြုသည်

နေပူ လာစ နံနက်ကို။

ထုံရည်နှင်းဆွတ်၊ ဝင်းဝင်းမွတ်သည့်
ပန်းထွတ်ပန်းညက်၊ နပန်းခက်ကား
ထွက်စ ရောင်မှုန်၊ နေအရုဏ်သို့
ဖူးငုံကျစ်လစ်၊ ပွင့်ချပ်လှစ်လျက်
ဝင်းသစ်ရောင်လျှမ်း၊ ပင်ယံနန်းမှ
နှုတ်ခွန်းဆက်ကာ စံလျက်ကို။
သာသာတွဲ့တွဲ့၊ သံနွဲ့နွဲ့နှင့်
ပြုံ့ပြုံ့တလီ၊ သဲ့သဲ့သီသည့်
နေခြည်ရိုပ်လှုံ၊ ကျေးငှက်စုံကား
ငုံရာမှပွင့်၊ သရေတင့်သည့်
ပန်းမင်းအထွက်၊ ပန်းတမွတ်နှင့်
ကင်းလွတ်နှောင်ထွေ၊ ထောင်ရောင်နေသို့
နှုတ်ချွေကာမေး၊ ညသံပေးသည်
တွန်ကြွေး ကြော်သံ ညံလျက်ကို။ ။

..............................................

**ထီးတည်းဘဝ**

တယောက်ထီးပါကလား
ယောင်တီး ယောင်ချာချာနှင့်
တက်ကာပင် အသာမြန်းပါခဲ့
ပင်ပန်းဟာန် သွင်နဂိုနဲ့
အမယ်အို ဘယ်ကိုလှမ်းမယ်ထင့်
မှန်းတယ်လို့ ကြည့်မိရာ။
အဖော်မဲ့ထင်ရဲ့
ခေါ်ခဲ့သူ တူမပါဘူး
လဲရာမှာ တွဲရှာရအောင်ဖြင့်
ခဏ ခေါ်စေချင်ရဲ့
စာဆိုရှင် စိတ်တွင်ကျိတ်ကာပ
တိုးတိတ်စွာ သည်တထောင့်ကရယ်
တောင့်တမိပါ။
အမေအို တကိုယ်ချင်းဟာဖြင့်
မြတ်ဆံသျှင် ခြေတော်ရင်းမှာလ
ဝပ်စင်းကာ ဆီတိုင်မီးငယ်နှင့်
ဆုကြီးပန် နိဗ္ဗာန်ညွှန်းရော့ထင့်

ထွန်းညိုလို့ ပူဇော်ရှာ

မောင့်မှာဖြင့် စိုက်ငေး။

အမေအို

သည်ဆုကို သူမလိုသို့

တကိုယ်ရေ အဖော်မဲ့ကာပ

နံ့နဲ့စွာ ကြမ္မာဖန်တဲ့

အထီးကျန် သည်ဘဝဆီက

မကြာမီ လွတ်ပါရလိုတဲ့

ဖွင့်ဟကာ ဆုကိုတောင်းပုံဖြင့်

သနားဘွယ် တကယ်ကောင်းလေတော့

စာဆိုမောင် စိတ်ညွှတ်ပျောင်းငယ်နှင့်

ငုံ့ညောင်းကာ နားစွင့်ဆဲမှာလ

ကံမွဲသူ ဇရာမေ၏

ဖြာဝေဝေ တခွက်မီးဟာဖြင့်

ပျက်စီးကာ မြောက်လေသိမ်းလို့ရယ်

ငြိမ်းခဲ့ပြီလေး။ ။

...............................................

**လမ်းစဉ်**

မဲမှောင်ပိတ်ဆီး၊ ဤခရီး၌

ယောက်ထီးညိုညို၊ ငါတကိုယ်လျှင်

သွားလိုလမ်းစ၊ လက်ရမ်းဆ၍

လှမ်းကြွဖြေးဖြေး၊ မှန်းဆတွေးသည်

ဝေးသေးသည်လော နီးပြီလော။

ဤသို့လင်းခိုက်၊ မိုးတဝိုက်ငယ်

မြင်လိုက်စိုစို၊ မဲရောင်ဖြို၍

ငွေလိုဝင်းလက်၊ လင်းတချက်သည်

လျှပ်ပြက်ရောင်လော ကြယ်ရောင်လော။

သို့လင်းခိုက်တွင်

မြင်လိုက်ရှေ့မှာ၊ လမ်းသာသာတည့်

စိတ်မှာစွဲထင်၊ ဤလမ်းစဉ်ကို

ငါလျှင်မှတ်မိ၊ အတပ်သိခဲ့

အသိမှောင်ဖုံး၊ လင်းရောင်ဆုံးလည်း

နလုံးမမူ၊ အားသစ်ကူ၍

ကြည်ဖြူစိုက်စိုက်၊ နင်း၍လိုက်သော်

တပိုက်အာကာ၊ မှုန်မှိုင်းပြာထက်

ဖြာဖြာကြည်လျှမ်း၊ ရောင်နီသန်း၍
တင့်ဆန်းဝန်းချွေ၊ ကြယ်ရံရွေနှင့်
စံနေကြယ်ကြီး၊ ထိန်ထိန်ညီးသည့်
အံ့ချီးမကုန်၊ လင်းအရုဏ်ဝယ်
မောကုန်ပန်းပျောက်၊ ဆုံးသို့ရောက်သည်
ဝမ်းမြောက် ရွှင်ပြုံးနိုင်ပြီသော်။ ။

.................................................

**လင်းလုပေ့ါ**

အထက်ခေါင် အာကာအလုံးမှာဖြင့်
အနက်ရောင် ကမ္ဘလာဖုံးပါပေ့ါ
ပြာပြာမှုန်း မှောင်လို့ဝေ။
လူခပင်းမှာဖြင့်
ဖြူဝင်း ရောင်ဟုန်ဖြာတဲ့
အရုဏ်လာ ထိုန်နက်ကို
မှန်းလျက်မသွေ။
အတင်းပင် ရှောင်မလွဲသာဘူ့
သြော်- မလင်းခင် မှောင်စမြဲဟာမို့
အံခဲလို့ မျှော်ကာနေ
ပေါ်လာပေကွယ့် လင်းရောင်ပြေး။
လင်းလုပေ့ါတခါ
လင်းတော့သာ မှောင်ချွေခွာတဲ့
ရောင်ဝေဖြာ ထောင်နေဝန်းကိုလ
အောင်မြေချာ အောင်မြေကွန်းဆီက
အောင်ဇေယျာ အောင်စေညွှန်းလို့ရယ်
သွန်းတော့မယ်လေး။ ။

.................................................

**ဤအလင်းဝယ်**

ဘုရားမုခ်ဝယ်
ငုတ်တုတ်တတိုင်၊ ငွေ့လှိုင်လှိုင်တည့်
ယိမ်းယိုင်မီးတောက်၊ လေပြေခြောက်က
ဘယ်ရောက်ညာသီ၊ လုပ်လှဲ့လီတည့်။
ပတ်ဝန်းကျင်၏
မှောင်လျှင်ဖိစီး၊ အမိုက်ထည်းဝယ်
ကိုယ်တည်းငါလျှင် စုံရပ်၏။
"ဝင်ခဲ့ပါလေ- လာလှည့်ဆွေ"ဟု
ခေါ်နေသယောင်၊ သူသွေးဆောင်သော်

ယောင်တောင်စမ်းဝါး၊ ငါကပ်သွားမိ။
ထွန်းတောက်ဝန်းရံ၊ သူ့အလျှံဝယ်
ပေကျံ့ငါ့ကိုယ်၊ မွဲညစ်ညိုကို
ရှုလိုဘဲလျှင်၊ မြင်ရအင်သော်
စိတ်တွင်ချောက်ချား၊ သည်ရှက်အားနှင့်
ဝပ်တွား ရိုကျိုး မိသတည်း။ ။

.............................................

**ဂယက်**

သောင်မြေသဲသာ၊ တညခါ၌
စန္ဒာရောင်ရှင်၊ ထွန်းပ စဉ်ဝယ်
ငါလျှင်နစ်သက်၊ မျှော်ရပ်လျက်တည့်
လက်လက်ငွေသွင်၊ မြစ်ရေပြင်သို့
ဘောင်ဘင်လေသက်၊ လှကာတက်သည်
လှိုင်းစက်ခုန်စဉ်၊ ဂယက်ထင်၏။
တရက်မိုးသောက်၊ တနေ့ရောက်၍
လ,ပေါက် နစ်လည်၊ ကာလရှည်ခဲ့
အတည်မကျ၊ လူ့ဘဝကား
ရွှင်ပျတချည်၊ တလီစိတ်ညှိုး
တမျိုးဆင်းရဲ၊ ဖုံဖုံနှံ့ခဲ့
တဝဲလည်လည်၊ ငါတို့သည်လည်း
စုန်ချည်ဆန်လျက်၊ တနေထွက်သည်
နေ့ရက်ကုန်စင်၊ တသက်ပင်တည့်။
တနေဝင်ထွက်၊ တရက်ရက်ဖြင့်
တသက်ခေါ်ငြား၊ ကာလလျားက
မြောက်မြားရက်တွေ၊ တင်ခဲ့ပေ၏။
တနေဝင်ထွက်၊ သည်တသက်ကား
ချုပ်ပျက်ခဏ၊ ပမာပြမည်
မြစ်မငွေစင်၊ ကြည်ရေပြင်ဝယ်
ဘောင်ဘင်လေသက်၊ လှကာတက်သည်
ရေပွက်အသွင်၊ အနက်မြင်၏။ ။

.............................................

**ရွှေချိုးဖြူရယ် ကူပါတော့**

ကူကူးသံချို
မြိုင်ညိုတောဝ၊ အိပ်တန်းထ၍
ကြည်မြသံအေး၊ ရင့်ရှုကြွေးသည်
ပျိုလေးခင်သူ၊ ရွှေချိုးဖြူငဲ့။

အရက်ကျူးသည့်
ရေ့ဦးရောင်ခြည်၊ လဲ့လဲ့ကြည်ဝယ်
တွန်မြည်ငြိမ့်လေး၊ သင်္ချေတေးသည်
ချိုအေး လှသည် ထင်ပါငဲ့။
လင်းလုပြီပေ့ါ၊ ပျိုမေကြော့ငဲ့
ထလော့မြန်ပင်၊ မြတ်ဘုန်းရှင်ဝယ်
ဆွမ်းတင်ရေချမ်း၊ ကပ်လှူပန်းနှင့်
ဝါလျှမ်းဆီမီး၊ ထိန်ထိန်ညီးကို
ညှိပြီး ပူဇော် ပါဦးတဲ့။
အမျှပေးသည့်
လေးလေးတွဲ့တွဲ့၊ သံအေးနွဲ့နှင့်
ပဲ့တင်တုံ့ပြန်၊ သာဓုသံသည်
ထက်မိုး ယံသို့ ဖောက်မည်ထင့်။
လွန်ငြိမ်းချမ်းသည့်
မြတ်နန်းဗိမာန်၊ ပြည်နိဗ္ဗာန်သို့
ရောက်ရန်အကြောင်း၊ ဆုချွေတောင်းခဲ့။
အနေ့နေ့လျှင်
ချမ်းမြေ့အထူး၊ စိတ်ညွတ်နူးဖြင့်

ရှိဦးနိမ်ချွေ၊ မြတ်စိန္တေ့ဝယ်
ပျိုမေ ပန်ကြား ခဲ့ပါ၏။
ဤယနေ့သော်
နှင်းငွေ့ဝေစီ၊ မှုန်ရီရီနှင့်
ရောင်နီမပျို့၊ မြူခြေညို့တည့်
ဆို့ဆို့ဆိုင်းဆိုင်း၊ ရှုလေတိုင်းသည်
ဝေမှိုင်းအုံ့ပြီ ထင်ပါငဲ့။
သဥ္ဇာမြင့်မှ၊ နားစွင့်ပါလည်း
သံသာချိုမြ၊ မကြားရတည့်။
မှန်ပြတင်းမှ၊ အလင်းရှာလည်း
ဘယ်မှာတွေ့ပ့ါ၊ မမြင်ရတည့်။
သြော်- ချိုးမကူ၍
မပြုမလင်း၊ ရောင်နီဝင်းသည်
မြူတွင်း ပုန်းကာ နေရော့လား။
နေမထွက်၍
စိတ်ပျက်ငြူစူ၊ ရွှေချိုးဖြူသည်
မကူ ဆိတ်ဆိတ် နေရော့လား။
ရှိပါစေတော့

အဖြေတိကျ၊ မသိရလည်း
မေကာထပ်ကာ၊ မမေးပါငဲ့။
လွန်ငြိမ်းချမ်းသည့်
မြနန်းနိဗ္ဗာန်၊ ဆုယူပန်ဖို့
သင့်သံချိုချို၊ တေးလိုလိုကို
သည်ပျိုကြားချင် ပါသေးငဲ့။ ။

.............................................

**မြကန်ရိပ်ဝယ်**

ဤယနေ့မှာဖြင့်
ကြည်မွေ့ ငါတကိုယ်ပ
မြရောင်စို ကျောက်ညိုထက်ဆီသို့
လှမ်းတက်ကာ လာခဲ့တုန်းမှာလ
ကျောက်လုံးတွေ ချွေရွှေရံတဲ့
မြရေကန် ကြည်ကြည်လေ့ကိုဖြင့်
တွေ့ခဲ့ရ တောင်လယ်ဗွေ။
တကယ်အေးပါဘိ
မြသွေး ရေပြာကြည်ငဲ့
ငွေတာရီ ထိုင်တကျို့ငယ်နှင့်
ကန်ရေယဉ် မှန်ပြင်ငုံ့မိတော့
ချိုပြုံး ရယ်တရွှင်နဲ့
မျက်နှာပြင် ပုံသွင်ရိပ်ရယ်ကြောင့်
တွေးစိတ်ကထွေ။
မေလှခင် ရှုမငြီးပေလော့
သြော်-ရေနတ်သျှင် သူ့သမီးပေထင့်
အံ့ချီး မကုန်နိုင်ဘူး
ပီတိဟုန် လွှမ်းခြုံမှုန်းသည်ကြောင့်
ပြုံးမိတော့ သူကလေ
ပြန်ပေလို့ ပြုံးရှာသေး။
သိပါပေ့ါလေ
ငါနှင့် ငါသာပေပေ့ါ
မြကန်ရေ သည်အရိပ်ကိုလ
တွေးစိတ်ဝယ် ထင်နှစ်ကိုယ်မို့
ပြုံးချိုချို တကိုယ်ရှုးပုံဖြင့်
ဘယ်ဘယ်သူ မမြင်ဘူးဟာမို့
"တော်သေးသည်" သည်စိတ်ကူးရယ်နဲ့
ကြည်နူးစွာ ပြန်လို့လှမ်းရာက

ဝမ်းမြောက်မိလေး။ ။

.............................................

**ရွက်လှ**

သူတကာ ဖူးအပွင့်နဲ့
မြူးစွင့်လို့ ဝါဝါထယ်
ကြွားကြရာဝယ်။
ရွက်လှပင်ငယ်၊ ဖူးကွယ်လို့ပွင့်တုန်း။
ကြွားဝင့်သူ အပင်တွေသို့
သူ့မှာလေ ပွင့်မဖူးပေမယ့်
မြလူးကာ ရွှေရည်ဖက်ပါတဲ့
အရွက်ပျို နဂိုရှိကိုဖြင့်
ပြိုင်မိယင် အမှန်ရှုံးမယ်လို့ကွယ်
ပြောလျက်သူပြုံး။ ။

.............................................

**ပွင့်ခါစ**

မပွင့်တပွင့်၊ ချပ်လွှာဖွင့်လျက်
မရင့်တရင့်၊ ဝတ်ရည်တင့်၍
မမြင့်တမြင့်၊ ပန်းချိုမင်းမှ
ခူးချင့်စဖွယ်၊ အာသာနွယ်။
မပျို့တပျို့၊ ကြိုင်ရနံ့နှင့်
မလွှမ်း တလွှမ်း၊ မြိုင်တဝှမ်းကို
မနံ့တနံ့၊ ဂုဏ်ရောင်ဖြန့်သည်
ဝင်းဖန့်မှုန်ကြွယ်၊ အာသာနွယ်။
ခူးပါဆွတ်ပါ၊ မခေါ်လှာလည်း
နူးကာညွှတ်ကာ၊ သူပေါ်လာလိမ့်
ဖူးညှာဝတ်လွှာ၊ အဖော်ရှာမည်
ဝင်းဝါသင်းမြ ပွင့်ခါစ။ ။

.............................................

**ပုလဲရည်ရွှေစက်**

ဖြိုင်ဖြိုင်သွန်းသည့်
ဖြူဝန်းနုနု၊ မိုးရည်ဥတို့
စုလျက်ရွရွ၊ သူလျှင်လှသည်
မိုးက ဖြစ်သည့် ပန်းလွှာလား။
ဖြာဖြာရွှန်းသည့်
နေဝန်းရောင်လဲ့၊ ရွှေမှုန်သဲ့၍
ဝင်းမဲ့လှပ၊ သဘာဝသည်

နေမှ ဖြစ်သည့် ဝတ်ဆံလား။

မိုးနှင့်နေတို့
မိတ်ဆွေဖြစ်ချည်၊ ရန်ပြုချည်နှင့်
အတည်မကျ၊ ရောရှက်ကြ၍
မိုးကနေနိုင်၊ နေမိုးနိုင်သည့်
ကြိုင်လှိုင်ရွှန်းစို၊ သည်ဝါဆိုဝယ်
မွှေးချိုသင်းလျက်၊ ထိုပုန်းညက်လျှင်
မိုးစက်နေခြည်၊ နှစ်ပါးကြည်သို့
ငွေရည်ယို၍၊ ရွှေမှုန်ကြဲသည်
ပုလဲ ရွှေစက် ပါတကား။ ။

..............................................

**တပွင့်နှစ်ဖူး**

ပြာလွင့်လွင့်လျှင်
တပွင့်ရှရှ၊ ပန်းအလှတည့်
စိမ်းမြရွက်ညို၊ ပင်ချုံပျိုမှ။
နီတျာတျာတည့်
ချပ်လွှာနုညက်၊ ကွေးငုံလျက်နှင့်
ဆူးရွက် ကြားမှ နှင်းဆီဖူး။

ဖွေးဖွေးဖြူနှင့်
ချပ်ထူကွေးကျစ်၊ ညှာတံသစ်လျှင်
ပျိုမျစ် လှသည့် ဇလပ်ဖူး။
လေပျိုသိမ်းလျှင်
ဘယ်ယိမ်းရမည်၊ ညှာတိမ်းမည်ဟု
ကြံစည်တွေးတော၊ စိတ်ဝယ်မောလည်း
ဘယ်သောခါမှ၊ ဖြေမရတည့်။
အပြာနှင့်နီ၊ တွဲဘက်ညီဟု
နှင်းဆီဖူးပျို၊ သည်လိုဆိုက
ဘယ်ကိုတိမ်းငဲ့၊ ယိမ်းမည်နွဲ့၏။
အဖြူမှာလျှင်၊ အပြာတင်မှ
ဝေဟင်မိုးပြာ၊ တိမ်ဖြူလွှာသို့
ပဏာတင့်မည်၊ ဆိုပြန်သည်သော်
ညှာဆီခိုင်နှ၊ ယိုင်လုလုတည့်။
လေနတ်မောင်ရယ်
ပြောင်လှောင်၍သာ၊ မနေပါနှင့်
ဘယ်ညှာတချက်၊ တဖက်ဖက်မှ
ဝိုက်လျက်သေချာ၊ တိုက်လိုက်ပါက

ပွင့်ညှာပြာလဲ့၊ ယိုင်ကာနွဲ့မည်
လေသွဲ့ရာသို့ အဆင်သင့်။

............................................

**အညာတြ**

မလင်းလှသည့်
ပျပျမီးဝန်း၊ ညိုကိုင်ထွန်းသော်
ရွှန်းဘူး ဆိုလိမ့် မလားကွယ်။
ဆင်းမလှသည့်
ဖူးစငုံဆိုင်၊ ပန်းတခိုင်ကို
ကြိုင်ဘူး ဆိုလိမ့် မလားကွယ်။
မလင်းငြားလည်း
မှောင်ကြား မှာတော့ ဝင်းပါလိမ့်။
ဆင်းမကြွားလည်း
ပျံ့ရှား ကာတော့ သင်းပါလိမ့်။ ။

............................................

**အရိပ်**

ရေစပ်စပ်နှင့်
နုဖပ်မြက်ညို၊ စိမ်းစိမ်းစိုသည်
တခိုလယ်ထဲ ခပ်ကျဲကျဲ။
နေခြည်လျှပ်သော်
ရေစပ်မြက်ခင်း၊ ငွေရည်ဆင်းနှင့်
ထိန်ဝင်း စိုပြေ လှသတည်း။
တိမ်တလိပ်က
ဖုံးပိတ်ကာပြီး၊ ရှေ့မှဆီးသော်
မငြီးဆင်းပြေ၊ လင်းရောင်သွေ၍
မှောင်ဝေ အရိပ် ထင်သတည်း။ ။

............................................

**ယစ်သူ**

ကိုယ်မရဲပေမယ့်
စိတ်ထဲက ထီမထင်ဘူး.
ဇမ္ဗူခွင် သူလျှင်မင်းနှယ်ပေါ့
မာန်တင်း အာဏာထန်ခဲ့
သူရာပြန် တပ်လှန်နိုးတာကြောင့်

မိုးမိုးမတ် ကျယ်လောင်လောင်။
ဘာမသိလေဘူး
ဆိုမိ ဆိုရာဆိုလို့
သူနဂို မူကိုပျောက်လေငဲ့
ယစ်သူမှာ သစ်မူရောက်ကာပ
မောက်တဲ့ ပုံဆောင်။
ကြီးသူကို ဂါရဝငယ်နှင့်
ငယ်သူကို ပမာပြချင်ဘူး
ငါမှ ငါသာပေလို့
"အဝါရေ"သည်တန်ဖိုးရယ်နဲ့
ချိုးဖွဲ့ဖွဲ့ နှိမ်ယောင်ယောင်
မာန်ထောင်လို့မဆုံး။
သို့ပေမယ့်လေ
အမူး တကယ်ပြေတော့
ရပ်အဆွေ ရပ်အမျိုးကိုလ
ရှိခိုးကာ သူပန်ထွာလို့
လွန်မိတာ သည်းခံကြပါတော့
စိတ်က မပါပါဘူး
သူရာ မြူကာမြှိုက်တာကြောင့်
ဆူကာ ပူကာမိုက်မိသတဲ့
ကိုယ်နှိုက် ဝန်ခံပါလိမ့်
သည်အခါ ကြည်သာသမူရယ်နှင့်
ရပ်အဖေ ရပ်အမေတစုတွေက
သာဓု အကြိမ်ကြိမ်ဆိုလို့
သားလူညို အလိမ်မာတုံးကို
ခွင့်လွှတ်ကြအုံး။ ။

.................................................

**လင်းနိုက်မို့ကို**

ဆင့်ကဲဆင့်ကဲ၊ ရွာသွန်းကြဲသည့်
သဲသဲစွေစွေ၊ ဤမိုးရေလည်း
ညှိုးပြေရှိန်လျော့၊ နွမ်းနယ်ပျော့၍
အသော့ လျင်မြန် တိတ်ခဲ့ပြီ။
မိုးမင်းတိတ်သော်
ဖိတ်ဖိတ်လျှံဝါ၊ ကိုယ်ရုံလွှာဖြင့်
စကြာနေနတ်၊ တိမ်ကိုလှပ်၍
လျှပ်လျှပ်ပြိုးပြောင်၊ မိုးလုံးလောင်သို့

နေရောင် ပြက်၍ လက်ခဲ့ပြီ။

နေခြည်အတောက်၊ မိုးရိပ်ပျောက်စဉ်

မြညောက်နပျို၊ စိမ်းရောင်စိုနှင့်

ဖြူညိုတင့်ဆန်း၊ ပွင့်ငုံလန်းသော်

ပင်နန်းထက်ဝယ်၊ ဥသြငယ်လည်း

နွေနယ်ထင်မှန်း၊ ယောင်တယမ်း၍

တခွန်းနစမြိုက်၊ တွန်မိလိုက်သည်

လင်းခိုက် မို့လည်း သာသလော။ ။

..............................................

**ထိပ်ဆုံးသို့**

တတောင်ပေါ် တတောင်ဆင့်

တောင်အမြင့် ပတ်ခြံရံ။

တတောင်ဆုံးပြန်တော့

တလုံး ကျန်ပြန်ပေသမို့

ဖန်ဖန်လေ အားအင်နှုံးလို့ရယ်

ကြိုးလျှောက်ရပြန်။

ခါတလေ တကယ်ပန်းတာကြောင့်

တော်ပါပြီ ဆက်မလှမ်းချင်ဘူး

ရပ်တန်းက ရပ်မယ်ကြံ

အမှန်တော့ ဖြစ်နိုင်မလား။

စ ခဲ့မိဟာပေါ့

တနေ့မှာ ဆုံးရာရောက်ပါလိမ့်

အားလျှော့ကာ ဆုတ်ချင်စမ်းပါနဲ့

စိတ်နွမ်း အသာဖြေအုံး

မာလာငွေ ကန်ရေအေးရယ်နှင့်

ငှက်တေးကို အာရုံဆင်လို့

မူတသွင် အားအင် သစ်လိုက်ပေါ့

ချစ်ဖွယ့်လူသား။ ။

..............................................

**မိုးမင်းတိတ်လည်း**

မိုးမင်းတိတ်၍

ဖိတ်ဖိတ်ရောင်ဝါ၊ နေစကြာလည်း

တိမ်လွှာခွဲလျက်၊ ပပ်ကြားအက်မှ

ထိုးထွက်ပြူလာ၊ သာတယာသည်

ဝင်းကာလက်လက်၊ တလက်လက်။

ကွေးကွေးငုံ၍

ဝတ်မှုန်ရော်ရီ၊ ကြွေလုပြီတည့်
နှင်းဆီနီရဲ၊ လွမ်းကြေကွဲလျက်
ရစ်ဝဲကာခို၊ မျက်ရည်စိုသည်
စိမ့်ယိုစက်စက်၊ တစက်စက်။

မိုးမင်းတိတ်လည်း
လွမ်းရိပ်မခန်း၊ ဆွေးရောင်လျှမ်းတည့်
ဘာလွမ်းရန်ရှိ၊ ငါတွေးကြည့်လည်း
မသိနိုင်ပါ၊ ကြောင်းရာစုံစေ့
ငါမတွေ့တည့်။

ထပ်၍ခါခါ၊ အဖြေရှာက
တိမ်လွှာမဲမဲ၊ တသဲသဲနှင့်
မစဲထစ်ကြိုး၊ လျှပ်ပန်းစိုးသည့်
ရွာဖြိုးသည်းစွာ၊ မှန်တိုင်းခါကို
တွေးကာလွမ်းမိ၊ စိတ်နွမ်းရှိ၍
မချိပူပင်၊ ဆွေးရော့ထင်သည်
ရှိုက်ငင်သက်သက်၊ တသက်သက်။ ။

.............................................

**တရားရှင်ငဲ့**

မွှေးမွှေးထုံထုံ၊ နှင်းဆီငုံမှ
ဝတ်မှုန်ဆွတ်စား၊ အိုသင်ပျားငဲ့။
ဖွေးဖွေးကြည်ကြည်၊ စပယ်ဆီမှ
ဝတ်ရည်စုပ်သွား၊ အိုသင်ပျားငဲ့။
ပိုးမွှားပရွက်၊ သတ်ရန်ခက်၍
ဝတ်ရက်ကိုသာ၊ စားရှာသလော။
သူများအသက်၊ မသတ်ရက်၍
ပွင့်ခက်ကိုသာ၊ ဆွတ်ရှာသလော။

သင့်အဖြစ်မူ
ဆိုးညစ်ရန်ရှာ၊ သူပြုလာက
ကာကွယ်နိုင်စွမ်း ရှိလေငဲ့။
ထက်မြက်ပါဘိ၊ သင့်သတ္တိလည်း
တွန်းဖိတော်လှန်၊ ကြံသည့်ရန်ကို
ခုခံနိုင်စွမ်း ရှိလေငဲ့။
သို့စေကာမူ
ရန်လာပြုခိုက်၊ ခုခံတိုက်၍
ကိုယ်နှိုက်ရှောင်ရှား၊ မလိုလားသည်

တရားရှိသည် ထင်ပါ၏။ ။

...............................................

**မြစ်၏လက်ာ**

တသွင်သွင် လွင်လွင်ငြိမ့်ပါဘိ
ဘွင်စမ့်ရန် သာသည့်တေးပင်ထင့်
ချိုအေးစွာ ကြည်ကြည်လင်လို့
လေပြည်တွင် သံစဉ်ညင်းပါတဲ့
အိုမြစ်မင်း သင့်လက်ာ။
ဘယ်အကြောင်းကိုလ
ငြိမ့်ညောင်းအောင် လက်ာစီလို့
ကဗျာသီ သင်မြည်ကြွေးပါလိမ့်
သိချင်သူ ဖန်ဖန်တွေးလို့ရယ်
မေးကြည့်ချင်ပါ။
ခါတရံ မောင်နံတွဲတွေက
သောင်ခုံမှာ တူစုံနွှဲပါလို့
ချစ်ပွဲ ဆင်ပာန်တူရဲ့
တရံမှ အပူဝေးရာတဲ့
ကလေးတွေ ခုန်ကာပျံလို့
မြစ်ယံမှာ သူတို့မြူးသည့်ထင့်
ကြည်နူးစွာ ပျော်လှာစိတ်ဆီက
ယိုဖိတ်သည့် သင့်ထံတျာမှာ
သြော်-ဒါကြောင့် ချိုလေသလား။
သို့ပေမယ့်လေ
မြစ်တွင်း သေရှာလေတဲ့
ချစ်ကံခေ သင်မြင်ဘူးပေမပေါ့
ကုန်ကူး စုန် ဆန်ကာနဲ့
ဝမ်းတထွာ ပန်းစွာဖြည့်ရတဲ့
ဘဝ သင်မြင်ပေလိမ့်
သြော်-သည်အဖြေ တည်နေလျက်ကယ်က
သင့်လက်ာ ချိုစွာထွက်လေတော့
ဘဝတာ သည်တသက်မှာဖြင့်
အားတက်ဖွယ်တကား။ ။

...............................................

**အလှ**

အအာတဲ့ အအာ
မြဗိမာန် ပင်ယံနန်းက
ခွန်းတွဲ့တွဲ့သာ။
ကျီးညိုပြာ၊ ထံတျာနဲ့သူခွဲ။
မြပေဟဝန် မြိုင်တကွေ့မှာ
တေးဖေ့လို့ဝဲ။
တောင်စွယ်ခို နေညိုမှိုင်းတော့
ပင်ကိုင်းက ငုံ့လို့သာ
ကြည့်လိုက်တဲ့ခါ။
ကျေးတမာ၊ ဆွေးရှာရှာရှေ့ထင်ရဲ့။
လှောင်ချိုင့်ငယ် ဂေဟာလေးက
ငေးလို့မှိုင်ခဲ့။
"မြသွေးရည် မွေးညှံ့ညှံ့နဲ့
စိမ်းဖန့်ဖန့် ရွှေကြက်တူ
ဆည်းဆာယံ ထံတျာတေးကို
ကြွေးပဲ့ကျူကျူ။
စဉ်မဖြူ ဘွင်ဆူရှေ့သလား။

သည်ကိုယ့်လို သံချိုထူးနဲ့
နားတင်သူ စိတ်ရွှင်မြူးအောင်
ကျူးဘို့သင့်သား"တဲ့။
"ကျူးနိုင်ဘူ့ ရွှေကျီးညို
အသင့်မှာ ဘဝင်အေးဖို့
လွတ်ရေးဆို ပျော်ဘုံဆောက်
ဝမ်းမြောက်လို့ကို။
ငါ့မှာဆို၊ မချိဘူ့ခုများ။
လှောင်ချိုင့်ဆို သည်အတွင်းက
ချုပ်ချယ်ကာ ဝဋ်မကင်းတယ်
ယွင်းခဲ့စိတ်ထား"တဲ့။
ချုပ်မှာပေ့ါ ရွှေကြက်တူ
အသင့်မှာ မြရည်သွေးလို့
နမွေးညို စိုစိုရှိမ်းတယ်
စိမ်းဖပ်ဖပ်လှူ။
လှူ့တမူ၊ ကျူနိုင်ပေ့စကား။
နုတ်ကွေးနီတျာတျာနဲ့
လှူတကာ မြင်ပြန်လိုက်ရင်

နစ်ခြိုက်လို့သွား။
ငါ့တို့မှာ ဆင်းမလှတော့
ကွင်းကြပွေ့ ထိုထိုလူ
ရေးမှူမယူ။
ထံတျာကျူ။ ကျူပေမယ့်အလကား။
"သည်ကျီး တအာအာနဲ့
နားမသာ တော်ရာရှောင်း"လို့
မောင်းလိုက်တအား။
လူတို့မှာလဲ ထို့ပမာ
ရှုပကာ လှရည်ဆန်းယင်
မှန်းကြသူငါ။
လွတ်နိုင်ပါ၊ ရှောင်ခွာလို့ရဘူး။
အချစ်ဆို လှောင်ချိုင့်တွင်းကို
ဆင်းရတဦး။
"သွားတော့မယ်ကွယ့် ရွှေတမာ"တဲ့
ရွှေကျီးညို ချိချိမြွက်လို့
နှုတ်ဆက်ခဲ့ရှာ။
လွတ်သူမှာ၊ ပျံပါပေါ့ကလား။

မြကြော ဝေမှောင်သီတဲ့
ဘွေတောင်ဆီ ဂနိုင်စိမ့်ကို
တေးလိုမ့်လို့သွား။ ။

............................................

**ဤမီးတိုင်**

ဘုရားရှေ့ဝယ်
အငွေ့လှိုင်လှိုင်
နံ့ကြိုင်ကြိုင်ဖြင့်
တတိုင်ဆီမီး
ထိန်ထိန်ညီးတည့်။
သူ့အလျှံမှ
တဖန်ကူးဘိ
သူငါညှိလည်း
မသိလျော့ရာ
ထိန်မြဲသာတည့်။ ။

............................................

**မြစမ်းရေအိုင်**

ခလုတ်တိုက်၍

အောက်၌ငုံ့ကြည့်၊ ရှုလိုက်မိသော်

သေးသည့် ချိုင့်ငယ် တခုတကား။

မြေပြင်အလယ်၊ ထိုချိုင့်ငယ်ကား

အကျယ်တိုင်းက၊ တထွာမျှတည့်။

မိုးဦးတနေ့၊ သွားမြင်တွေ့သော်

ရေပြေ့အိုင်ငယ်၊ ရွှံ့ရောင်ခြယ်သည်

ဖားငယ် တခု ပျော်လျက်တည်း။

ထိုသည့်နောက်ကား

ဆောင်းပေါက်နွေဦး၊ မိုးသားကျူးတည့်

နေ့ကူးရက်ပြောင်း၊ တနစ်ညောင်း၍

တဆောင်းသစ်ခဲ့ပါလေပြီ။

ဤယနေ့သော်

သွေ့သည့်မြေပြင်၊ သာမောရှင်၍

နေရှင်ဝါဝင်း၊ သာဘွယ်လင်းတည့်

ကိုယ်ချင်းငါလျှင်၊ မှတ်မထင်ဖြင့်

ကွင်းပြင်ထိုနား၊ ဖြတ်ကာသွားသော်

ယုံမှားစိတ်တွင်၊ ဝိုးဝါးထင်သည်

မြသွင် အိုင်ငယ် ပါတကား။

ရေလည်းစိမ်းညို့၊ မြရောင်စို့လျက်

နစ်လို့စဖွယ်၊ ချမ်းမြေ့ဖွယ်တည့်။

မြအိုင်လယ်ကား

နုနယ်ပွင့်ချပ်၊ အထပ်ထပ်ဖြင့်

မတ်မတ်ကော့ကော့၊ ကိုယ်နေကြော့သည်

ပြုံးမော့ကြာဖြူ တပွင့်တည်း။

ကန်ပေါင်ရိုးတွင်၊ ပျိုနုလွင်သည့်

လုလင်တယောက်၊ ဟိုသည်လျှောက်လျက်

ဂုဏ်တောက်ဝင့်ဝါ၊ တပွင့်ကြာကို

ငေးကာ ငေးကာ ကြည့်သတည်း။

ငါလည်းသူ့နယ်၊ ငေးခါဝယ်တည့်

အဘယ်စမ်းအိုင်၊ စမ်းရေအိုင်ငဲ့

ချိုင့်အိုင်မြေအက်၊ နွားခြေခွက်မှ

လှိုင်းလက်ဘောင်ဘင်၊ မြရေစင်နှင့်

ကြာရှင်ပြုံးပျ၊ ဤဘဝသို့

ရောက်ရပုံပြင်၊ သင့်ဖြစ်စဉ်ကို

ငါလျှင် သိလို ပါဘိ၏။
ထိုခဏဝယ်၊ စမ်းအိုင်ငယ်နှင့်
ကြာမယ်နလျာ၊ ပန်ရသည့်
အလှအလှ၊ ပသာဒကို
ချီးပအံ့ဆို၊ လုလင်ပျိုသည်
တေးချို သံသာ ကျူးသတည်း။

.............................................

**အိုသစ်ပင်**

မြရောင်ဝေ၍
စိုပြေညှံ့သိပ်၊ ရွက်စိပ်စိပ်နှင့်
အရိပ်ပြန့်လွှင်၊ အိုသစ်ပင်။
တမိုးလုံးလျှင်
ထစ်ချုန်းရိုက်ဟည်း၊ မိုးကြီးသည်း၍
လေကြီးကျတိုင်း၊ ဘယ်ညာကိုင်းသည်
အရိုင်း မူးသို့ သင်ရှူးတကား။
မိုးခါလွန်မြောက်၊ ဆောင်းသို့ရောက်လည်း
လေနောက်လေရာ၊ ရွက်ဆောင်ရာသို့
သင့်မှာယိုင်ယိမ်း၊ ဘယ်ညာတိမ်းသည်
အစိမ်း ပူးသို့ သင်ရှူးတကား။
နွေအဝင်ဝယ်
ကြွေစဉ်ရော်ရွက်၊ မြေသို့သက်၍
ကိုင်းခက်ညိုဝါ၊ ထီးတည်းသာတည့်
သင့်မှာကျန်ခိုက်၊ လေရူးတိုက်သော်
မငိုက်မတိမ်း၊ နွဲ့မယိမ်းဘဲ
စိတ်ထိန်းကာချုပ်၊ မတုန်လှုပ်သည်
ကျွန်ုပ် အံ့မိပါတကား။ ။

.............................................

**ရွက်သစ်**

နီရာမှာ ညိုဝါစွက်ပါတဲ့
ရော်ရွက် အကုန်ကြွေလို့
ဝသုန်မြေ ရွက်ကော်ဇောငယ်နှင့်
သာမောဘွယ် နွေအဝင်။
အရွက်ကင်းသူတို့
ခက်ချင်း ယှဉ်ကာပြိုင်တော့
ဝနာမြိုင် ထိုစခန်းမှာဖြင့်
ကြည့်လေလေ မြေ့မချမ်းနိုင်ဘူး

လွမ်းသစ်သစ်ဆင်။

သို့ပါသော် သေချာရှုပြန်တော့

ပျိုနု ဟန်ချီချီနဲ့

ပင်တံဆီ တမူသစ်ပုံက

မြပုရစ် ညွန့်ရှင်ရှင်

စိုလွင်လို့လဲ့ရှိမ်း။

တော်သေးရဲ့လေ

အဟောင်း အကုန်ကြွေလဲ့

အသစ် တဖုံဝေမင့်

ရဂုံဘွေ စိုပြေလန်းပါလိမ့်

သူလဲလေ သူ့ကိုယ်စွမ်းနဲ့ပေါ့

အေးစဖွယ် တွေးရှုယ်မှန်းမိမှ

ချမ်းမြမြငြိမ်း။ ။

...............................................

**မိုးတည၏ ငွေတပွင့်**

မိုးတညမို့

မိုးဝကောင်းကင်၊ မှုန်ရီမှုင်တည့်

မင်းလွင်မြူခိုး၊ တိမ်မဲမျိုးတို့

ဘယ်ငြိုးမာန်ဝင့်၊ ထပ်လောင်းဆင့်သည်

လင်းခွင့် ကြုံပါဦးမည်လော။

မိုးနက်ပြာဝယ်

ဘာမျှမကွဲ၊ မှောင်မဲမဲတည့်

မျှော်လဲမမြင်၊ ရှစ်ရပ်ခွင်သည်

လင်းပင် လင်းပါ ဦးမည်လော။

မိုက်မှောင်အတိ၊ မိုးကိုကြည့်၍

ဆွေးသည့်ရင်မှာ၊ သောကဖြာခဲ့

ဘယ်ခါဘယ်မှ၊ ဖိုးရွှေလနှင့်

တာရာ့ငွေကြယ်၊ ချစ်စဖွယ်ကို

မိုးဝယ်မြင်ရဦးမည်နည်း။

ထိုခဏတွင်

မိုးဝဖောက်ခွဲ၊ တိမ်တိုက်ထဲမှ

ရဲရဲပြိုးပြက်၊ လျှပ်ရောင်လက်သည်

မိုးထက် ဝန်းကျင် လင်းတည်တကား။

လျှပ်ပြက်ခိုက်ဝယ်

တိမ်တိုက်ဆွယ်တွင်၊ ရှတ်ခြည်းမြင်သည်

ကြယ်စင် ငွေပွင့်ငယ်တကား။

ဟုတ်ပါမည်လား၊ စိတ်ယုံမှားဖြင့်
စောင့်စားမျှော်ကြည့်၊ ယင်းသည့်ခိုက်ဝယ်
မှောင်မိုက်တော်လှန်၊ လျှပ်ပြက်ပြန်သော်
ပြုံးဟန်စစ၊ မြင်ပြန်ရသည်
မိုးည ငွေကြယ် တပွင့်တည်း။
ခဏခဏ
လျှပ်ရောင်ပြတိုင်း၊ မှိုင်းမှုန်အာကာ
တိမ်လွှာမည်းချိပ်၊ သူ့အရိပ်မှ
မမှိန်သလို၊ မှိတ်သလိုလျှင်
ကြယ်ပျိုအလှ၊ ငါမြင်ရသော်
သောကရုက်နွယ်၊ ငါ့စိတ်ငယ်သည်
ကြယ်နှင့် အတူ ရှင်သတည်း။ ။

.............................................

**သာသည့်မြေသို့**

အလှထူးပါဘိ
မြဖူး ပြာအငုံနဲ့
လွှာရုံမှာ ညာစုံကျင်းရော့ထင့်
ဖြူဝင်း ငွေမှုန်လွှာတို့
လေယူရာ ရန့်ညင်း
သင်းပျံ့ခဲ့ သူ့ခြံမှာ။
ငါ့ခြံကြည့်ပြန်တော့
မချို ပူဖွေဖြာခဲ့
မြေပြာမှာ နေဇာမတင့်နိုင်ဘူး
ကြည်စရာ နီဝါတွေလဲ မပွင့်လေတော့
စိမ်းရင့်ရောင် နွယ်ချုံဖုတ်တွေက
ရှုပ်ထွေးကာ လိမ်ခွေရှက်
အားပျက်စရာ။
သူ့စခန်း
သာဆန်း ရဂုံသွင်မို့
ငါလှမ်းကာ ခိုဝင်လို့
ပြာငွေစင် ကြိုင်ပျံ့ရှားပါတဲ့
ပွင့်ငုံဆင် ပင်တွေကြားမှာလ
လျှောက်သွားကာ ပျော်လိုလှပါဘိ
မြရောင်စို သည်မြက်ခင်းရယ်နဲ့
ညင်းလေခို သစ်ညိုရိပ်မှာဖြင့်
လျှောင်းအိပ်လို့ တကိုယ်သာ

ရှင်ပါချင့်စိတ်ထဲ။

သို့လဲလေ

မသင့်မလျော်ပေဘူး

ငါ့ခြံမြေ ဥယျာဉ်နန်းဟာလဲ

လှလေသည် သာစခန်းပေပေါ့

စိတ်ပန်းကို သည်လိုဖြေလို့

ကျက်သရေ တက်နေဝင့်အောင်လ

ငါ့ခြံမြေ အခြေမြှင့်ချင်ငဲ့

သူ့မြေမှာ နီဝါတင့်ရမပေါ့

အခွင့် အခါမျှော်လို့

ဥယျာဉ်တော် သာယာရေးကိုလ

ရှုမြင်မျှော် ခါခါတွေးပါလို့

မနေးပင် အားအင်ထုတ်လို့ရယ်

ပေါင်းနုတ်ဖို့ခဲ။ ။

..............................................

**လေရှူးဆောင်ရာ**

အချိန်မှာလျှင်

ဆည်းဆာတိမ်ပန်း၊ ရောင်စုံဆန်း၍

ထက်နန်းတဝိုက်၊ ဖူးငုံခိုက်တည့်။

မြရောင်မှိုင်းစို့၊ ပင်ညောင်ညို့ဝယ်

တေးချိုနုယည်၊ မြွေတိုရှင်လည်း

ဆွဲ ငင် ဟဲ ရှိုက်၊ ချွဲနွဲ့ခိုက်တည့်။

ဥသြကြွေးဟစ်၊ လင်္ကာသစ်နှင့်

ပြေပြစ်သာမော၊ ထံတျာတော၍

မြိုင်ကြောတဝိုက်၊ ခွန်းကျူခိုက်တည့်။

ပွင့်လွှာချပ်ထပ်၊ ပန်းငုံမြတ်ဝယ်

ပျံခတ်လူးလာ၊ ငွေလိပ်ပြာလည်း

ချိုစွာဝတ်ရည်၊ မွှေးပျံ့သည်ကို

ရှင်ကြည်နှစ်ခြိုက်၊ သောက်စို့ခိုက်တည့်။

လေပျိုသိမ်းသော်

တိမ်းငဲ့ဘယ်ညာ၊ ရွေ့ရှားကာဖြင့်

ပွင့်လွှာငုံဖူး၊ ကြည်ရွှင်မြူး၍

လှည့်လူးညွတ်ငိုက်၊ က ယိမ်း ခိုက်တည့်။

ငါ့ကိုယ်သည်ကား၊ မရွှေ့လျားဘဲ
သည်နားမှာသာ၊ ထိုင်မြဲစွာတည့်
စိတ်မှာသော်မူ၊ လေသွင်ယူလျက်
ပျံ့ကြူမာလာ၊ က ယိမ်း ရာသို့
ထိုမှာထိုမှ၊ သံချိုမြနှင့်
ဂီတတေးဆင်၊ ပြွေတိုရှင်သို့။
ဤတွင်တဖန်၊ ခုန်ကာပျံလျက်
ပင်ယံမြင့်မို၊ ထန်းလက်ညိုမှ
ငှက်ပျိုညသြ၊ ထံတျာတောသို့
ထိုသောခါမှ၊ တခါထ၍
ပန်းမြနုလွှာ၊ နန္ဒဝါဝယ်
ချိုစွာဝတ်ရည်၊ သောက်စို့ကြည်သည့်
ဟိုသည်လိပ်ပြာ၊ ငွေရောင်ဖြာသို့
တန့်ကာမရပ်၊ ငါ့စိတ်ဓာတ်လျှင်
လှည့်ပတ်ပြေးကူး၊ လွင့်လျက်မြူးသည်
လေရူး ဆောင်ရာသို့တကား။ ။

...............................................

**ခုလတ်**

နားကြစို့နော်
အဖော်ကမေး။
နောက်လူ ခြေရာပျောက်မှာ
စိုးကြောက်မိသေး။
လမ်းကွဲကမ္ဘာ
လွန်စွာမှ ရှုပ်ထွေး။
နောက်ပါလူ သည်အတက်မှာ
ရွေးခက်လိမ့်လေး။
စောင့်လို့ငယ်သာ
နေပါရသေး။
လမ်းမှန်ကို သူတို့သွားမှ
နားကြစို့လေး။ ။

...............................................

**မိုးအားကြီး၍**

မိုးအားကြီး၍
ခိုင်ဖြိုးသန်သန်၊ စပါးနှံလည်း
ရိုးတံကွေးညွတ်၊ မြေသို့ဝပ်တည့်။

မိုးအားကြီး၍
ရေစီးထန်ထန်၊ ချောင်းမြောင်းလျှံလျက်
မြေယံအလုံး၊ ရေယဉ်ဖုံးတည့်။
ခမောက်ဆောင်းလျက်
ရေမြောင်းထုတ်ဖော်၊ ကန်သင်း လျှောက်ဝယ်
လှဲ့ပေါက်ပြုပြင်၊ လယ်တဲရှင်တည့်။
မိုးမင်းစဲသော်
လယ်တဲတခွင်၊ ရေကုန်စင်၍
ကောက်ပင်ညှွတ်အိ၊ ပြန်မတ်ဘိသည်
မိုးထိ မျှော်၍ မှန်းသတည်း။
ယနေ့ပွင့်သည့်
ရွှန်းတင့်ရောင်စို၊ နှင်းဆီပျိုမှူ
မိုးကိုမျှော်ငံ့၊ လည်တံဆန့်စဉ်
မတန့်ထစ်ကြိုး၊ ရွာသည့်မိုးကြောင့်
ငိုက်ညှိုးလျော့ခွေ၊ ချပ်လွှာကြွေ၏။
ထွန်းနေရှိန်တောက်၊ တိမ်ကိုဖောက်၍
မိုးပေါက်အားပျော့၊ အရှိန်လျော့လည်း
ရွှန်းကြော့ကိုယ်နေ၊ မစိုပြေသည်
ရေဝယ်မျော၍ ပါလေသတည်း။ ။

.............................................

**ပျံလေပြီ**

မြတ်စေတီလည်း
နေခြည်ဖြန့်ကျင်း၊ နံနက်ခင်းဝယ်
ထိန်လင်းကြည်စွာ၊ ရွှေရောင်ဝါနှင့်။
ထန်းပင်ပျိုလည်း
မြင့်မိုမတ်မား၊ တောင်ထွတ်ဖျားဝယ်
ကြွားဝင့်မော်မော်၊ ထင်ပေါ်ပေါ်နှင့်။
မြတ်တန်ဆောင်လည်း
တောင်စောင်းမတ်မတ်၊ ကမ်းပါးပြတ်ဝယ်
ပြာသဒ်အမွန်၊ စုလစ်ချွန်နှင့်။
ဤကောင်းကင်လည်း
တိမ်စင်မြူကွာ၊ ကြည်ပြာပြာတည့်။
လေချိုအေးလည်း
ဖြေးဖြေးသုတ်ဖြူး၊ တမြူးမြူးတည့်။
စခန်းဝန်းကျင်၊ ငါမျှော်စဉ်ဝယ်
ငှက်ရှင်ဥသြ၊ တေးချိုနှော၍

အမောဖြေလို့၊ ထန်းလက်ညီသို့
ရိပ်ခိုနိုင်အား၊ သူလာနား၏။
ငါကားထိုစဉ်၊ ကဗျာယာဉ်နှင့်
လေတွင်ပျော်မွေ့၊ ခိုက်တန့်မေ့ခဲ့
ပြန်၍တခါ၊ စိတ်လည်လာသော်
ထံတျာတေးဆို၊ ပျံခဲ့ပြီတည့်
မကြည်အချို့၊ ကိုင်းညိုညိုလျှင်
ဖိုဖိုလိမ့်လိမ့်၊ တငြိမ့်ငြိမ့်သည်
သိမ့်သိမ့်ခါ၍ ကျန်သည်တကား။ ။

...............................................

**အဖျက်အဆီး**

မြူးစွင့်သာယာ၊ လစန္ဒာသည်
ရောင်ဝါတင့်ရွှန်း၊ ဘယ်သို့ထွန်းလည်း
ဖြတ်သန်းကာဆော့၊ တိမ်လွှာနော့၍
ဖျော့တော့သရေ၊ ညှိုးမှိန်ပေ၏။
ဖူးပွင့်မာလာ၊ ရောင်စုံဖြာ၍
မြလွှာပင်နန်း၊ လှရည်ဆမ်းလည်း
ဆွတ်လှမ်းကာချူ၊ လက်ဆိပ်ကူ၍
ကြည်ဖြူမလန်း၊ ခွေယိုင်နွမ်း၏။
ကျူးရင်မာဂဓာ၊ တေးထံတျာကို
သာယာငြိမ့်လေး၊ ငှက်ငယ်ကြွေးလည်း
သက်ဘေးပြုပြန်၊ မုဆိုးရန်ကြောင့်
ဆင့်ဟန်မဖွယ်၊ တေးသံကွယ်၏။
သံသာသြယာ၊ ဤလောကဌ်
ဒုက္ခနှင့်ဆုံ၊ အဖျက်ကြုံ၏
ဘယ်ပုံဘယ်နည်း၊ ချစ်မငြီးလည်း
ဖျက်ဆီးမည့်သူ၊ ကြား ရန်မူသော်
ဘွင်ဆူမအေး၊ ပူမူမွေး၍
ချစ်တေးမဆင့်၊ ချစ်ပွင့်မဖြာ
ချစ်စန္ဒာလည်း
ရောင်ဝါ မထွန်း နိုင်ပြီတကား။ ။

...............................................

**မှုန်**

ကြည့်လိုက်တိုင်းလျှင်
မှိုင်း၍ မှိုင်း၍၊ မှုန်မှုန်ဝေ့သည်
မြေငွေ့လေလား မြူလေလား။

မျှော်လိုက်လျှင်ပင်
အမြင်နံမွဲ၊ ဆင်မကွဲသည့်
ငါဘဲမျက်စိမှုန်ရော့သလား။

...............................................

**နွေဦးရှိက်သံ**

လှအခက်မှာတဲ့
မြရွက် တန်ဆာဆင်လို့
ဟန်ပြင်ပြင် လေရှင်သိမ်းရာဖြင့်
ယိမ်းငိုက်ကာ ဘယ်ညာခိုတဲ့
ပိတောက်ပျို ရွှေဝါမယ်ရဲ့
မင့်မှာကွယ် အလွတ်ရှန်းပါလို့
ပုန်းနိုင်ရက် ပါပေ့မေ။
.....တကိုယ်ရေငယ်
ခါနွေပုရင့်၊ ဥသြပျို သံချိုဆင့်ပါလို့
"ရွှေပွင့်ကိုပေးပေ့ါ
ဖော်မစုံနွမ်း၊ မော်ရုံမှာကျွမ်းရချည့်"
မြည်တမ်းလို့ ခရာတော့ကို။
"တသက်လျာ ပစ်မမုန်းကာပ
မပျက်ပါ သစ္စာသုံးပါ"တဲ့
"ဖြူတုန်းကို မောင်မမဲပါမှ
ရွှေခဲကို အပိုင်ပေးမယ်"လို့
ချစ်စမ်းကာ သစ္စာတေးရယ်နဲ့
မေးခဲ့ သူရေ။
"ပစ်မသွေ ဖေမလွဲပါဘူး
ရွှေခဲ မေသဝါရဲ့
ပွင့်ကာသာ တခိုင်လုံး
ရွှေဝတ်ရည် ဖုံးပါတော့"လို့
ချစ်ဆုံးကို သည်လိုပြောမိတော့
ရယ်မော ချိုသံသာနဲ့
လှသော ရွှေရောင်ဖြာလို့
ပန်းမာလာ လျှမ်းဝါပ လှချည့်
မောင့်ဘဝ တကိုယ်နေ
စိုပြေလို့ တင့်ပြီကော။
.....ဒေါင်းရာဇာ နီရောင်နှော
နောက်တောင်စွယ် ကွယ်ကာလျှောယင်ဖြင့်
ချစ်သောနွဲ့ ရွှေဝါပျို

သင့်မှာလေ ဘယ်ဆီမြန်း
တနေကုန် တရက်ခန်းရှံနဲ့
ချစ်သက်တမ်း တိုလှချည့်။
ပင့်သက်လှိုက်ဖို
ဖေရှိုက်ကာ တငိုငိုနဲ့
တောင်အကြို မြောင်အကြားကိုလ
လျှောင်သလို မေပင်သွားရှာ့သလားရယ်လို့
နံ့ပြားအောင် မောင်ရှာဖွေလဲ့
တနေဝင် တနေထွက်ပါလို့
တရက်ကယ် တခါကုန်ပေ့ါ
တမြို့မှာ တခါထောက်သော်လဲ့
တယောက် မေသဝါဖြင့်
ရှောင်သွေကာ တမင်ပုန်းသူမို့
ရေမြေသာ တကယ်ဆုံးပါလိမ့်
(ရွှေစင်ရယ်) ဘုန်းတွေ့ဖို့မော။ ။

...............................................

**ဖျော်စရာ**

တကွဲကွဲလျှင်
ကွေဘဲ ကွေနိုင် ရက်တော့သည်။
တဝဲဝဲလျှင်
ဖြေလဲ ဖြေနိုင် ခက်တော့သည်။
သို့လျှင်မပျော်၊ ဆွေးစိတ်ပေါ်က
ရည်မျှော်ကိုယ်စား၊ ရုပ်ပုံကားကို
ရုပ်နားတွေဝေ၊ ရှုမိချေ၏။
မွေးမေသခင်၊ ကျေးဇူးရှင်မူ
စန်းသွင်ကြည်သာ၊ ချိုမျက်နှာနှင့်
ခန်းသာညွှဲ့ဆောင်၊ ရွှေမှန်ဘောင်မှ
ခေါ်ယောင်ထင်မှန်း၊ ပြုံးရယ်လန်းသော်
စိတ်ဝမ်းရွှင်ကြည်၊ ပျော်မှုစည်၍
ဖြေဆည်ညွှတ်နူး၊ ဘဝင်မြူးသည်
မိုးဦးပန်းသို့ လန်းသည်တည်း။ ။

...............................................

**သာတော့ခါ-သာပါလိမ့်**

တညခါတွင်
လ,ဝါ ဝိုင်းစက်၊ ရောင်ခြည်လက်၍
ပြိုးပြက်ခစား၊ ကြယ်ရံများနှင့်
မိုးဖျား ဖွေးလျက် သာသတည်း။
ထိုအချိန်ဝယ်
မြူတိမ်တတိုက်၊ လ,ကိုလိုက်၍
ဝန်းဝိုက်ကာထား၊ ဖြတ်ကာသွားလျက်
ဝိုးဝါး ထွေးရှက် ကာသတည်း။
ငါ့စိတ်တွင်မူ
သည်မြူတိမ်တိုက်၊ ညကိုမိုက်အောင်
ဝန်းဝိုက်ကာသာ၊ ထွေးရှက်ကာ၏
ဘယ်ခါဘယ်မှ၊ ရှောင်သွေပ၍
မိုးလနတ်သား၊ လွတ်ရငြားဟု
စိုးအား တွေးလျက် ဖြာသတည်း။
သို့တစေလည်း
မသွေရှတ်ချင်း၊ လေသုတ်ညင်းက
ရှောင်ကွင်းတိမ်စု၊ ခွါရုံပြုလိမ့်
ညှံ့နလေပြည်၊ လာလိမ့်မည်ဟု
မျှော်ရည်စောင့်စား၊ သောကပါးသည်
ညိုးအားဝေးလျက် ကွာသတည်း။ ။

.............................................

**နောက်ဆုံးတပွင့်**

အနေ့နေ့လျှင်
စေ့စေ့ငါ့မှာ၊ ရိပ်ကြည့်ကာဖြင့်
ခါခါပြုပြင်၊ ပန်းတပင်တည့်။
တရွေ့ရွေ့လျှင်
မြသွင်ရွက်ဖား၊ အဝေသားနှင့်
ကြွားကြွားဝင့်ဝင့်၊ သရေတင့်၏။
အချိန်တန်သော်
ရင့်သန်ဖွံ့ဖြိုး၊ မြတံရိုးမှ
လှမျိုးခြယ်ဆင့်၊ အပွင့်ပွင့်သည်
ရွှေနှင့်ငွေသို့ ထယ်တကား။
တမြေ့မြေ့လျှင်
လျှော့ရွှေ့ကြွေကာ၊ ထပ်ပွင့်ကာနှင့်
ချိန်ခါအသင့်၊ ကြာညောင်းမြင့်သော်

ထွားရင့်မထယ်၊ ပန်းပွင့်ငယ်သည်
သေးသွယ်လာကြပြီတကား။
ဤယနေ့မှ
ခြောက်သွေ့ရော်ရင့်၊ ရွက်ကြွေလွင့်၍
ကိုင်းနှင့်မဲမဲ၊ သီးတွဲရှဲတည့်
ငွေခဲတမျှ၊ ရွှေအလှတို့
ကင်းပကုန်စင်၊ သေလုခင်တည့်။
လ,ရောင် ရိပ်ဝယ်
ခွေလိပ်ရွက်ညှာ၊ ညှိုးလျော်စွာနှင့်
ရုပ်ဝါသူ့ဆင်၊ ငါ့မှာမြင်သော်
မရှင်လိုက်ဖို့၊ စိတ်ငြင်ငြိုသည်
ယွင်းယို နောက်ဆုံးချိန်တကား။
နေလည်းထွက်ပြီ
ကျေးငှက်တေးဆို၊ နှင်းရည်စိုနှင့်
လေပျိုနအေး၊ သာယာသွေးတည့်
စက်မှေးရာမှ၊ နိုးကာထ၍
ညှိုးလျပန်းပင်၊ သေလုခင်ကို
ခွင့်လျှင်နောက်ဆုံး၊ လွှတ်သည့်ထုံးဖြင့်
နှလုံးစွဲပိုက်၊ ငါကြည့်လိုက်သော်။
အလို-ဆန်းကြယ်၊ ကိုင်းခြောက်ကွယ်မှ
နနယ်ပွင့်လုံး၊ ရွှေရည်ဖုံးလျက်
နောက်ဆုံးတပွင့်၊ ထွားထွားရင့်သည်
စွင့်စွင့်ကားလျက် ပါတကား။ ။

............................................

**အလှရှာသော**

သောကကမ်းဝယ်
စမ်းတဝါးဝါး၊ ယောင်မှားမှားဖြင့်
ထူးခြားမြတ်ရာ၊ အလှရှာသော်။
လှည့်စားမှု၏
အတုအပ၊ ပြင်ဗန်းပြကို
အလှမှတ်ကာ၊ ကြည်နူးစွာဖြင့်
ငါ့မှာသာယာ နေခဲ့သည်။
စေခိုင်းသမျှ
တစ,မကြွင်း၊ ဆောင်ရွက်ရင်းဖြင့်
ချွတ်ယွင်းချက်ဝယ်၊ တပ်မက်ကာသာ
နေမိပါတည့်။

ပညတ်ကိုလျှင်၊ ပရမတ်ထင်၍
ဉာဏ်ယှဉ်မကြည့်၊ ကင်းသတိဖြင့်
စိုက်မိစိုက်ရာ၊ လိုက်လျက်လာစဉ်
မြတ်စွာဘုရား၊ ငါလျှင်များပေ့ါ
နှုတ်ဖျားကတည့်၊ ငါဆိုမိသည်
ဆူး၏ဒဏ်ကို ခံသည့်နိုက်။
အမှန်ပင်တည့်
ငါလျှင်လိုက်မှား၊ သင်းပျံ့ရှားသည့်
စကားနှင်းဆီ၊ ခတ္တရီတို့
ခြယ်စီတင့်စွာ၊ ဤမွေ့ရာကား
ပန်းလွှာကင်းပ၊ ဆူးပြင်မျှတည့်။
ငါသိပါပြီ
နောက်ခါဆက်လက်၊ ချစ်သက်သက်ဖြင့်
ယွင်းပျက်ဖြုန်းတီး၊ ငါ့ခရီးကို
ချည်းနှီး မဖြစ်စေတော့ပါ။
ငါသိပါပြီ
နောင်ခါဆက်၍၊ စွဲမက်ကြည်ဖြူ
အယူဖောက်လွှဲ၊ ချစ်အသဲဖြင့်
အမြဲကစား မနေတော့ပါ။
ဒုက္ခလွေ့လွေ့၊ သောကတွေ့သော်
ရှောင်၍လွတ်ရာ၊ ငါလျှင်ရှာသည်
သည်မှာ အလှရှိလိမ့်တကား။
သြော်-သောကသောင်ကမ်း၊ ခရီးကြမ်းဝယ်
တစမ်းဝါးဝါး၊ ယောင်မှားမှားဖြင့်
ထူးခြားမြတ်ရာ၊ အလှရှာသော်။ ။

..............................................

**ကြွေပွင့်ကောက်စဉ်က**

လေအငွေ့မှာလ
နေသွေ့ကာ အညာလိမ်တဲ့
ဝါမှိန်မှိန် ပွင့်လွှာဟောင်းငယ်တို့
ရင့်ညှောင်းကာ ဘဝကူးသည်ထင့်
မှုးဝေအောင် ချာချာလည်၍
သည်မြေဆီ ရွေ့ရည်ပွင့်ငယ်တို့
ကြွေလွင့်၍ နေစဉ်ဝယ်။
အပင်အောက်
တယောက် သည်စာဆိုဖြင့်

ရွှင်မချို မြေ့မချမ်းနိုင်ဘူ့
ကြွေပန်းလွှာ မြေမှာစီတော့
သီကရီ ကောက်ယူနမ်းမိငဲ့
ဩော်-အလွမ်း သည်လိုထွေတော့
ပွင့်ဝါကြွေ သူလေသိမှာလာ့
တွေးမိပြန်တယ်။
အကြွေ စောသူငဲ့
နမြော တွယ်တာတာဖြင့်
ဘယ်အခါ ဘယ်မှာဆုံးနိုင်လိမ့်
နလုံး ဘဝင်ဆူပေါ့်
မရွှင်သူ နှုတ်ချွေလွှတ်ပါလို့
တတွတ်တွတ် ဆိုကာရယ်
ဖြေဘွယ်ဖြင့် ရှိလိမ့်လား။
သည်ခိုက်မှာကို
ပင်ထက် ငွေရောင်စိုတဲ့
ဖူးငုံပျို ထိုတသင်းတွေက
လေညင်းမှာ တကြိုင်ကြိုင်နဲ့
ဘယ်ယိုင် ညာယိုင်ငဲ့ရာမှ
"နောင်ရဲ့ မငိုပါနှင့်
ကြည်ညိုကာ နောင်မြတ်နိုးတာဖြင့်
ဝေဖြိုးအောင် ရေစင်ဖြာပ့်ါ
ကြွေပွင့်ကို မတွယ်တာနဲ့
ဖူညှာသာ ထူးစွာပွင့်အောင်လို့
ပင်ဖွေကို စဉ်အခြေမြှင့်ပါ"တဲ့
ကူချင့်အောင် သူကပြောလေတော့
ပင့်လေမှာ ပွင့်ကြွေနဲ့မျောရာက
ဖူးဆီကို ဦးလည်လို့ စောမိရဲ့
လှသော ပင်ယံဖွေက
ငုံတံတွေ ရွှေရည်လျှမ်းမှာဖြင့်
စာဆိုမောင် မျှော်ယောင်မှန်းလို့ရယ်
လွမ်းခဲ့မိတကား။ ။

.............................................

**မပိုင်သည့် ရောင်ခြည်**

မိုးရွာပြီး၍
ထိန်ညီးရောင်ဝေ၊ စကြာ နေသည်
ရွှေရည် ပြက်ခဲ့ ပြန်တကား။

ပိတောက်ပင်၏
စိုလွင်ရွက်လှ၊ စိမ်းမြမြတည့်။
လေညင်းညှံ့၍
ရပ်တန့်ငြိမ်သက်၊ လှုပ်မရှက်သော်
ပြုံးပြက်ငွေခြည်၊ ဝေ့မသီတည့်။
လေပြည်ခတ်မှ
ဖျပ်ဖျပ်ယမ်းခါ၊ မြရွက်လွှာဝယ်
သက်လှာငွေမြှင်၊ လက်လက်ထင်သည်
အို-သင် ကိုယ်ပိုင် မဟုတ်တကား။ ။

..............................................

**မြရောအဝါ**

အလို အေးလှချည့်
ဘယ်တေး ဘယ်အသံလဲ့
ဝေယံမှာ လေပြန်နော့ရှာခိုက်
ဝဲကျော့လို့ လွင့်ပျံ့လာ။
မျှော်ကာရှုပြန်တော့
ပံသု သီလာမြေထက်
ဝင်းဝါရွှေ လယ်တကွက်ကယ်နှင့်
ဟိုဖက် တမြေယံက
စိမ်းကောက်နှံ မြရည်လွှမ်းကို
လှမ်းမြင်ရပါ။
ရွှေလယ်မှာ ကောက်ပင်သိမ်းသူက
ပြိုင်ယိမ်း ညီတညာနှင့်
"အားရစရာ ရွှေရည်လိုင်းပါ"တဲ့
ပုံခိုင်းကာ သည်လိုဆိုခိုက်
မြရောင်လို လယ်မြေစိမ်းဆီက
နှုတ်ယိမ်း သံပြိုင်ကြွယ်လိုက်ကြ
"အားတက်ဖွယ် မြရည်လိုင်းပါ"တဲ့
စံနှိုင်း ကျူသံသာတော့
ကြားသူမှာ နှစ်ရောင်ကြားဆီက
နားစိုက်လို့ တွေဝေကာ
လေမှာတဲ့ စိတ်မျော။
တကယ်တွေးပြန်တော့
ဘယ်အသွေး ဘယ်လိုစိုလို့
ဘယ်တေး ဘယ်လိုချိုလဲ့
ကောက်ပင်ပျို သူ့ကိုဖွဲ့ပါတဲ့

လယ်ဘွဲ့ဆို တေးသံချည်းပေမို့

ကြားချင်ချင် နားတင်မငြီးနိုင်ဘူး

ချီးပအံ့သြ။ ။

.............................................

**သစ်ရွက်လှုပ်သည်**

လေအမှုတ်ဝယ်

လှုပ်ခါသွက်သွက်၊ ရောက်သစ်ရွက်တွေ။

နီမြန်းစက်စက်၊ ခြောက်သွေ့လျက်နှင့်

ကြွေသက်ကာဆင်း၊ မြေမချည်းဘဲ

လွှဲယင်းဘယ်ညာ၊ လှုပ်လှုပ်သာတည့်။

တချက်ချက်တွင်

ပြုတ်ထွက်မခန်း၊ လေရှင်ကြမ်းသော်

မှောက်ဂျွမ်းဦးစိုက်၊ ငါထင်လိုက်လည်း

ယိမ်းငိုက်သူ့မှာ၊ လှုပ်လှုပ်သာတည့်။

တွဲလဲခိုသည့်

ရွက်ညိုရင့်မောင်း၊ သွေ့အယောင်းကို

ငဲ့စောင်းမျှော်မိ၊ ငါ၏စိတ်ဝယ်

မျိုသိပ်နိုင်ပါ၊ ပြသနာတည့်။

သစ်ရွက်လှုပ်သည်

တွန့်ဆုန်ဖယ်ယမ်း၊ ကြွေမည့်လမ်းမို့

မျှော်မှန်းနိမိတ်၊ ကြောက်သည့်စိတ်ဖြင့်

လန့်ထိတ်၍တည်း လှုပ်သလော။

သစ်ရွက်လှုပ်သည်

သေးနုပ်ပုရစ်၊ သည်အဖြစ်က

မြစစ်ရွက်လွင်၊ တဖန်ဆင်၍

တသွင်ထိုမှ၊ ကြွေကာကျသည့်

ဘဝသံသရာ၊ လွတ်ချင်ရာ၍

ဖြစ်ကာပျက်ပြန်း၊ ဘဝရှုံးမှ

ဖွတ်ရုန်း၍တည်း လှုပ်သလော။

လေအမှုတ်ဝယ်

လှုပ်ခါသွက်သွက်၊ ရောက်သစ်ရွက်တွေ။ ။

.............................................

**ညှာကြွေ**

လေရူးနှင်မှုတ်၊ မောင်းကာထုတ်သော်

တုန်လှုပ်မိရှာ၊ တပွင့်ညှာတည့်။

သင်းမြမွှေးချို၊ ခရေ ဆိုက

သည်မျှတုန်လှုပ်၊ မည်မဟုတ်ပါ။

ပျံ့ပျံ့သင်းဝေ၊ ဇလပ်ငွေလည်း

သို့လေတုန်လှုပ်၊ မည်မဟုတ်ပါ။

စပယ်သင်းဆွတ်၊ လှခေါင်ထွတ်မှ

သည်ဝင့်ကံချော်၊ ကြုံလာသော်လည်း

သို့နော်တုန်လှုပ်၊ မည်မဟုတ်ပါ။

ချပ်လွှာဟောင်းလည်း

နံ့ကောင်းမပြယ်၊ ပျံ့ကြွယ်ကြွယ်နှင့်

ရစ်နယ် ကြိုင်အုံး မည်မို့တည်း။

ပွင့်ကြွေကိုပင်၊ သူငါလင်၍

ကေရှင် ဆင်အုံး မည်မို့တည်း။

ဤပွင့်ညှာမူ

ဆင်းဝါမကြွား၊ မပျံ့ရှားတည့်

ကြွေသွားကာလ၊ သောခဏ၌

လောကတွင်းမှ ပျောက်တော့မည်။

သို့စိတ်ကူး၍

လေရှူးပုတ်ခတ်၊ ချွေချလတ်သော်

ပွင့်ချပ်ရင်ဖို၊ မျက်ရည်ယို၏။

တကယ်ကြွေသော်

ကြွေ ကြွေတပွင့်၊ ညှိုမဲရင့်ကို

လှမ်းလင့်ကြည့်ဖြူ၊ တယောက်"သူ"သည်

ကောက်ယူ နမ်းရှုပ် ရှာသတည်း။ ။

..............................................

**တစခန်းဝယ်**

ပန်းတို့ကြွေ၍

မြေပြင်ရှင်းသန့်၊ ခင်းပြန့်ပြန့်ထက်

ကြဲဖြန့်နေရှာ၊ ပွင့်ချပ်လွှာပင်

ငါ့မှာ မြတ်နိုး နေရ၏။

ပန်းမွှေ့ရာဝယ်

လျောင်းကာ အိပ်စက်၊ နိုးတဝက်နှင့်

စိတ်လက်မကြည်၊ သီကာရီဝယ်

ရှေ့ဆီစခန်း၊ မျှော်ယောင်မှန်းသော်

စိတ်ပန်း ဖျာပါ ပွေမိ၏။

ပန်းမရှိ၍

ပန်း၏ရနံ့၊ သင်းမပျံ့လိမ့်။

ပွင့်တို့သုန်း၍

ချိုပြုံးမထယ်၊ အလှကွယ်လိမ့်။

ပန်းဝတ်သုံးသည့်

ပိတုန်း လိပ်ပြာ၊ ဝေးသို့ခွာလိမ့်။

သြော်-ရှေ့ဆီမျှော်တိုင်း၊ မှုန်ဝေမှိုင်းသည်

ပူလှိုင်း ဘောင်ဘင် ဝေတကား။

သို့အခိုက်တွင်

ကြားလိုက်သလို၊ သံချိုချိုတည့်

တေးဆိုသည့်နယ်၊ ခေါ်သည့်နယ်မို့

ရှေ့ဝယ်လှမ်းကြည့်၊ လျှောက်သွားမိသည်

စိတ်၏ လှည့်စား မှုပေလား။

အို-မဟုတ်ပါ၊ တကယ်သာတည့်

ပွင့်ဝါထပ်ထပ်၊ ပွင့်ဖြူချပ်နှင့်

ပွင့်ဖပ်နီတျာ၊ ရောင်စုံစွာလျှင်

လေမှာနွဲ့ယိမ်း၊ ဘယ်ညှာတိမ်းသည်

မြစိမ်း မြက်ခင်း ဝယ်တကား။

သူ့ရနံ့လည်း

သင်းပျံ့ထုံကြိုင်၊ တလှိုင်လှိုင်တည့်။

ပန်းလိပ်ပြာနှင့်

ပွင့်လွှာအကြား၊ ပိတုန်းများတို့

ပျော်ပါးကြည်စွာ၊ ဝဲပျံကာတည့်။

ပန်းတို့ကြွေ၍

ပွင့်ရွေလွှာမြ ငါတောင့်တ စဉ်

အလှပွင့်လွှာ၊ မြင်ရပါသော်

ရင်မှာလှိုက်လှဲ၊ မျက်ရည်ဝဲနှင့်

စိတ်ထဲ ကြည်နူး လှသည်တကား။ ။

………………………………………….

**ဖြစ်စဉ်**

ဟေမန်ကုန် နွေအကူးဆီက

လေရူးငယ် သုန်သုန်သွေးလေတော့

ရွှေရေးဆင် မြလွှာရွက်ကယ်တို့

လျှောမြေအထက် သက်ကြွေရှာ။

“ရိုးတံချည်းပါကလာ့

ဖိစီး ဇရာဝင်ထင့်”

ငါသာလျှင် ဤသို့တွေးသော်လဲ့

မြေသွေး သည်အပင်က

မကြာခင် ပြန်ကာလှစ်

ရွက်သစ်ဆင်လာ။

ပြန်ကာတွေးယင်ဖြင့်

သည်အသွေး သည်အဆင်နှင့်

နှစ်တိုင်းပင် သူဟန်သစ်တာက

သည်နှစ်မှ မဟုတ်လေပါ

ကြာကြာလှ ပါပြီကော။

ခုလဲလေ

ရော်မွဲ ညိုရောင်တွေနှင့်

ပင်ဖွေမှာ ရိုးတံခြောက်ပြီပေ့ါ

ပင်အောက်မှာ ရွှေဝါကြွေပါလို့

စိတ်ထဲ မရွှင်ပြန်ထင့်

သို့မင့်လေ ကြာမထင်ဘူ့

မြသစ်ပင် သည်လိုညှိုးသော်လဲ့

မကြာခင် ဆင်တမျိုးရယ်နှင့်

ရွက်သစ်တွေ ဝေဝေဖြိုးမယ်လို့

ဌါ့မှာလျှင် မျှော်ယောင်ကိုးလို့ရယ်

စိုးမိသဘော။ ။

...............................................

**ဘဝကွေ့ဝယ်**

ဘဝလမ်းဝယ်

သိကျွမ်းခင်မင်၊ တွေ့မြင် ဆုံစည်း

ရင်းနှီးချစ်ကြည်၊ သွားမည် လက်တွဲ

တူတူဘဲလျှင်၊ စိတ်ထဲ ရည်စူး

ကြည်ရွှင်မြူးလျက်၊ ခေါ်ထူး မေးပြော

ရယ်တမောတည့်၊ ဘယ်သောခါမှ

စခန်းလှသို့၊ ရောက်ရမည်နော်

မသိသော်လည်း၊ ရွှင်ပျော်စိတ်ဝမ်း

တူလျှင် လှမ်းသည်

သည်လမ်း ဘဝဆီမှာတည်း။

ဘဝကွေ့ဝယ်

ပျော်မွေ့ကြည်သာ၊ သွားလေရာက

နှစ်ဖြာ လမ်းခွဲ၊ ရောက်မလွဲတည့်

သူလဲ ဟိုဆီ၊ တပ်ဦးချို၍

သည်ဆီ ငါလှမ်း၊ ဆက်၍မြန်းသော်

စိတ်ဝမ်းကြေကွဲ၊ တကိုယ်ထဲလျှင်

လိုက်လှဲ ပူတွေ့၊ ချိုမမြေ့သည်

အကွေ့ ဘဝဆီ မှာတည်း။

သို့ဖြစ်သည်ကြောင့်

ချစ်ကြည်မြတ်လေး၊ ဆွေအထွေးငယ်

မဝေးလှသည့်၊ ဘဝတိုတို

လမ်းတခို၌

လျှပ်လိုခဏ၊ တွေ့ကြရကိုက်

မေတ္တာ့မဏ္ဍိုင်၊ တူစိုက်ပြိုင်စို့

တတ်နိုင်သမျှ၊ ချစ်ကြပါစို့

ဘဝလမ်းတာ၊ တိုတောင်းစွာကို

သာယာသမှု၊ ငါတို့ပြုစို့

ညစ်ကျုမတင်၊ စိတ်ဖြူစင်ဖြင့်

များရှင်လူသူ၊ ငါတို့ကူစို့

နိဗ္ဗူမြတ်နန်း၊ ခေမာကမ်းသို့

တက်လမ်းပြည့်နှင့်၊ ခရီးမွန်ဝယ်

အားသွန်ကြိုးစား၊ ရောက်လိုအားနှင့်

တရား ရှာဖွေ မွေ့ပါစို့။ ။

…………………………………………….

**လျောင်းမွေ့စက်ချိန်**

မောင့်ငယ်ချစ်ရယ်

ချုန်းထစ်မြည်ဟည်း၊ မိုးကြီးသည်း၍

လျှပ်မီးတိမ်ပန်း၊ လောင်ကမန်းနှင့်

ထွေဆန်းတကျော့၊ ရှာပြန်တော့လျှင်

ကုန်းမော့ရံဝိုင်း၊ ရေရှုံတိုင်း၏

ထိုင်းမှိုင်းစွတ်စို၊ မြေညိုညို့ဝယ်

တိုးလျှိုဖြတ်ပြီး၊ ချောင်းမြောင်းဆီး၍

ယိုးယီးကိုင်းငိုက်၊ လေသို့လိုက်၍

ဦးစိုက်ပုံ့ပုံ့၊ လျှိုးငုံ့ငုံ့နှင့်

ပန်းမုံ့မကြည်၊ လည်မျက်ရည်နှင့်

နိုသည့်သိုက်နန်း၊ အကိုင်းစွန်းက

ခွန်းဟာမဆို၊ အချမ်းပိုသည်

ငှက်ပျိုနုထွေး၊ တကိုယ်ဆွေးခဲ့

ကွေးကွေးညွတ်ညွတ်၊ ပင်မှကျွတ်၍

ကျိုးပြတ်ထွက်ရှာ၊ ကိုင်းခိုင်ညာတို့

မြေမှာထပ်လျောက်၊ လမ်းပင်ပျောက်လု

တယောက်ချစ်ဆွေ၊ မောင့်သက်ဝေငယ်

မိုးမြေအလုံး၊ မင်ရောင်ဖုံး၍
ထစ်ချုန်းလှိုက်ကြွေ့၊ နဂါးငွေ့နှင့်
လျှပ်ဝေ့ရစ်သန်း၊ ရာသီကြမ်းမှ
တလှမ်း လွန်မြောက် သည့်အခါ။
သာယာပျံ့ပျူး၊ ခါနွေဦးမို့
ချိုကျူးညသြ၊ တေးသစ်နှော၍
ပြာသောကောင်းကင်၊ ဝေယံခွင်ဝယ်
တိမ်စင် ဖြူဆွ၊ ယဉ်ယဉ်ကြွသို့
ပန်းမြ ဝတ်မှုန်၊ မြိုင်လုံးထုံသား
လေဟုန် အတွေ့၊ တဝေ့ဝေ့နှင့်
ဝန်းကွေ့ဝိုက်သော်၊ နွေရွက်ရော်တို့
ရွှေပေါ်မြတင်၊ စိမ်းဝါသွင်ဖြင့်
ရာန်ယာဉ်နှင့်ကြွ၊ ဆင်းကုန်ကြ၍
လျှောကျ ခွေလိပ်၊ မြေဝယ်အိပ်မှ
သစ်ရိပ်သာယာ၊ မြေဝါဝါဝယ်
လျောင်းကာ အိပ်ကြ ပါစို့တော့။ ။

.............................................

**ညောင်းရွက်ရာန်လျှော**

ဆောင်းကုန်လု၍
ညိုနရောရှက်၊ ရွှေရောင်စွက်သည့်
မြရွက်ရော်ရီ၊ ပင်ယံဆီဝယ်
လေချီအပင့်၊ ပြုတ်ကြွေလင့်ဖို့
အသင့် တဲကာ ရှိတော့သည်။
ပိတောက်ပင်မှ၊ ရော်ရီမြတို့
ကြွေကျတော့သည်၊ တလည်လည်သော်
စိတ်တည်ငြိမ်သက်၊ ရာန်ဝိတက်မှ
တေးမြွက်သံသာ၊ မာတုဂါကြောင့်
လျှောကာမြေခ၊ ရာန်ကြွေကျသည့်
သံယာ့ပျိုထွား၊ နတပါးသို့
ထင်မှား ယောင်မိ ပါသတည်း။
သို့စဉ်မှတ်လည်း
တိုက်ခတ်လေရူး၊ ပေါ်နွေဦးဝယ်
ရစ်ကျူးထစ်ကာ၊ မိုးထံတျာဖြင့်
မာယာစွေချုန်း၊ ရေယဉ်ဖုံးသော်
ရာန်ရှုံးရသော့၊ တရားတွေ့၍

မွှေ့မွှေ့လျော်လျော်၊ တော်၍ပျော်လျက်
သျှင်တော်မြတ်စွာ၊ သာသနာကို
ရောင်ဝါဝေဖြိုး၊ ကောင်းစေကြိုးသို့
အရိုးဟင်းလင်း၊ အရွက်ကင်းသည့်
ပင်မင်းပိတောက်၊ မိုးရေသောက်က
ညွှန့်ညှောက်စုံညီ၊ ဖူးတံချီလျက်
ရွှေရည်ပက်ဖျန်း၊ ပွင့်ငုံလန်းကာ
တင့်ဆန်း ဝါလိမ့် ဦးမည်တည်း။ ။

.............................................

**သူတို့အမြင်**

ငွေတာရီ (၁၉၂၅-၁၉၅၈)

မာလာမြိုင် ကဗျာရှင် ..... မင်းသုဝဏ်
မာလာမြိုင် ကဗျာများ ..... ဒဂုန်တာရာ
ပန်းပွင့်သာကြွေ-စာဆိုမသေ ..... ဒေါ်င်းနွယ်ဆွေ
မွှေးနံ့မပြယ်သော ကြွေနှင်းဆီ ..... မင်းယုဝေ
အလှရှိရာ သွားချင်သူ ..... ဗန်းမော်ညိုန္တဲ့
စာဆိုမယ် ငွေတာရီ ..... ဇော်ဂျီ
ကျွန်မသမီးလေးသိသော ငွေတာရီ ..... စိန်တခိုင်
ကျွန်တော်သိသော ငွေတာရီ ..... တိုက်စိုး
ငြိမ်းလေသော ဆီမီးတိုင် ..... တင်မိုး
မျိုးချစ်စာဆိုမယ် ငွေတာရီ ..... ထီလာစစ်သူ
ငွေတာရီ၏ ကဗျာ ၂-ပုဒ် ..... တက္ကသိုလ်ဝင်းမွန်

× × × × × × × × × × × × ×

**ငွေတာရီ (၁၉၂၅-၁၉၅၈)**

၁၉၂၅-ခု၊ ဖေဖော်ဝါရီလ ၁၆-ရက် တနင်းလာနေ့တွင် ငွေတာရီကို ရန်ကုန်မြို့၌ ဖွားမြင်သည်။ အဖမှာ ဗြိတိသျှဘားမား ဦးညွန့်၊ အမိမှာ ဒေါ်ချစ်တင်ဖြစ်သည်။ ငွေတာရီ အသက်၁၈-နှစ်အရွယ်တွင် အမိကွယ်လွန်၍၊ အသက် ၃၂-နှစ်အရွယ်တွင် အဖကွယ်လွန်သည်။

ငွေတာရီ၏ အမည်ရင်းမှာ မခင်ရီဖြစ်သည်။ ငွေတာရီသည် ရှေးဦးစွာ ရန်ကုန်မြို့၊ မြို့မ မိန်းကလေး အထက်တန်းကျောင်း၌ ပညာသင်ယူသည်။ ၁၉၃၉-ခု၊ အသက် ၁၄-နှစ် အရွယ်၊ ၉-တန်းအရောက်တွင် ကျန်းမာရေး မကောင်းသဖြင့် ကျောင်းထွက်လိုက်ရသည်။ ဂျပန်ခေတ်နှင့် စစ်ပြီးစခေတ်တွင် ရှေးဟောင်း မြန်မာစာပေကို ဗိုလ်မှူးဘသောင်း (မောင်သုတ)ထံမှ သင်ယူသည်။ ထို့နောက် အင်္ဂလိပ်စာပေကို ဆရာမကြီး မစွစ်မန်ရိုးထံမှ သင်ယူသည်။

ငွေတာရီသည် ဒီးဒုတ် ဦးဘချို၏ သမီး ပါလီမန်အမတ် ဒေါ်ခင်ပု (ငွေဝတ်ရည်)နှင့် များစွာကျွမ်းဝင် ရင်းနှီးသည်။ ဒီးဒုတ်ဂျာနယ်တွင် ငွေတာရီနှင့် ငွေဝတ်ရည်တို့ အပြန်အလှန် ကဗျာများဖွဲ့ဆိုခဲ့ကြသေးသည်။ ငွေဝတ်ရည်သည် ငွေတာရီထက် စော၍ ကွယ်လွန်ခဲ့ရှာသည်။ "ချစ်လှစွာသော ငွေဝတ်ရည်သို့"ကဗျာသည် ငွေဝတ်ရည် ကွယ်လွန်ပြီးမှ တမ်းတစပ်ဆိုခဲ့သော ကဗျာဖြစ်သည်။

ငွေတာရီသည် ၁၉၅၂-ခု၊ အသက် ၁၇-နှစ်အရွယ်တွင် မင်းယုဝေနှင့် အိမ်ထောင်ပြုသည်။ ထိုစဉ်က မင်းယုဝေသည် အင်းစိန်ခရိုင်ပညာအုပ်အဖြစ် အမှုထမ်းလျက်ရှိသည်။ ငွေတာရီသည် မင်းယုဝေထက် အသက် ၃-နှစ်ကြီး၍ ကဗျာသက်လည်း ၄-၅နှစ်ပို၍ စောလေသည်။ မင်းယုဝေနှင့် အိမ်ထောင်ပြုသည်ကို

အကြောင်းပြု၍ ငွေတာရီက "လှည်းယာဉ်ကလေးစီးကာလည်"၊ "တောသူ့ရွာဝင်"စသည့် ကဗျာတို့ကို ဖွဲ့ဆိုခဲ့လေသည်။

ငွေတာရီသည် မြန်မာနိုင်ငံ အရပ်ရပ်သို့သာမက၊ နိုင်ငံခြားတိုင်းပြည်များသို့ပါ ခရီးလှည့်လည်သွားလာခဲ့သည်။ ၁၉၄၈-ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ခရီးလှည့်လည်သွားလာခဲ့သည်။ ၁၉၅၆-ခုတွင် လန်ဒန်တက္ကသိုလ် အရှေ့တိုင်းဘာသာရပ် လေ့လာရေးကျောင်း၌ ပညာဆည်းပူးနေသော မင်းယုဝေထံ လိုက်သွားလျက် အင်္ဂလန်၌ ၆-လခန့် နေထိုင်ခဲ့သည်။ (ထိုအချိန်၌ မင်းယုဝေသည် ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတွင် လက်ထောက်စာတည်းအဖြစ် အမှုထမ်းဆဲဖြစ်၍ ဗြိတိသျှကောင်စီ ပညာသင်အဖြစ် အင်္ဂလန်၌ ပညာဆည်းပူးနေခြင်းဖြစ်သည်။) ငွေတာရီသည် မင်းယုဝေနှင့်အတူ အင်္ဂလန်နိုင်ငံရှိ လက်လုပ်မီးရာအရပ်များသို့ ခရီးလှည့်လည်ခဲ့သည်။ ထို့ပြင် ဟော်လန်၊ ဘယ်လဂျီယံ၊ ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန်နိုင်ငံများသို့လည်း ခရီးလှည့်လည်သွားရောက်ခဲ့သည်။ အင်္ဂလန်နိုင်ငံမှ မြန်မာနိုင်ငံသို့ သင်္ဘောဖြင့် အပြန်လမ်းခရီးတွင် အီဂျစ်၊ သီဟိုဠ်နိုင်ငံစသည်တို့သို့လည်း ခေတ္တဝင်ရောက်ခဲ့သေးသည်။ ယင်းသို့ နိုင်ငံခြားတိုင်းပြည်များသို့ ခရီးလှည့်လည်ခဲ့သည်ကို အကြောင်းပြု၍ နေရဦးရာ၊ အနောက်မှ၊ သာသည့်မြေသို့၊ အလှရှိရာ စသည့် ကဗျာများကို ဖွဲ့ဆိုခဲ့သည်။

ငွေတာရီသည် အိမ်ထောင့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်း၊ တဖက်က စာဖတ်ခြင်း၊ စာရေးခြင်း၊ ကဗျာဖွဲ့ဆိုခြင်းတို့ကို တစိုက်မတ်မတ်ပြုခဲ့သည်။ ယင်းသို့ ပြုဆဲမှာပင် ၁၉၅၈-ခု၊ မတ်လ ၁၉-ရက်၊ ဗုဒ္ဓဟူးနေ့၌ ရန်ကုန်ဒပ်ဖရင်သားဖွားဆေးရုံ၌ ကွယ်လွန်ရှာသည်။ ကွန်လွန်ချိန်၌ အသက် ၃၃-နှစ်အရွယ်မျှသာရှိသေးသည်။ ငွေတာရီ၌ ခင်ရီဝင်းအမည်ရှိ သမီးလေးတဦးကျန်ရစ်သည်။

ငွေတာရီ နောက်ဆုံးရေးခဲ့သော စာမှာ အောက်ပါစာညွှန့်ဖြစ်သည်။ ယင်းကို ဒပ်ဖရင်ဆေးရုံ၌ တက်ရောက်နေစဉ် ရေးသားခြင်းဖြစ်သည်။

အမြင်မှန်

လမင်းသည် ငါ၏ကိုယ်တွင်း၌ပင် ထွန်းပလျက်ရှိ၏။ သို့ရာတွင် ငါ၏ ကွယ်သောမျက်လုံးတို့ကား ထိုလမင်းကို မမြင်နိုင်ချေ။

လမင်းသည် ငါ၏ ကိုယ်ခန္ဓာအတွင်း၌ပင် ရှိ၍၊ နေမင်းလည်း ထို့အတူပင် ရှိလေသည်။

မတီးခတ်ဘဲနှင့် အလိုအလျောက်မြည်သော ထာဝရစည်ကြီးသည် ငါ၏ကိုယ်တွင်း၌ မြည်လျက်ရှိ၏။ သို့ရာတွင် ငါ၏ ပင်းသောနားတို့ကား မကြားနိုင်ချေတကား။

လူတို့သည် "ငါ"နှင့် "ငါ့ဥစ္စာ"ကို မပယ်ဖြတ်နိုင်သမျှ လုပ်သမျှလုပ်ငန်းတို့သည် အချည်းနှီးသာ ဖြစ်ပေတော့မည်။

"ငါ"ဟု စွဲလမ်းခြင်းနှင့် "ငါ့ဥစ္စာ"ဟု တပ်မက်ခြင်းတို့ ချုပ်ငြိမ်းပါမူ၊ မြင့်မြတ်သော ပုဂ္ဂိုလ်တို့၏ လုပ်ငန်းသည် ပြီးဆုံးခြင်းသို့ ရောက်ပေတော့မည်။

ထိုလုပ်ငန်းသည်ကား "အမြင်မှန်ရခြင်း"မှတပါး အခြားမဖြစ်နိုင်ချေ။

အမြင်မှန်ရသည်နှင့်တပြိုင်နက် လုပ်ငန်းသည် ဆုံးခန်းတိုင် ရောက်လေတော့သည်သာတည်း။

ငွေတာရီသည် ကဗျာကို ငယ်စဉ်ကပင် ဝါသနာထုံခဲ့သည်။ အသက် ၁၂-နှစ်သမီးအရွယ်၊ ၇-တန်းမှစ၍ ကဗျာကို စမ်းသပ်ဖွဲ့ဆိုခဲ့သည်။ ၁၉၄၂-ခုတွင် ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့၏ ကဗျာများကို သေချာစွာ လေ့လာလျက်၊ ကဗျာကို စနစ်တကျ ဖွဲ့ဆိုနိုင်ခဲ့သည်။ သို့ရာတွင် ဖွဲ့ဆိုပြီးကဗျာများကို မည်သည့်စာနယ်ဇင်းသို့မှ ပေးပို့ခြင်းမပြု။ ဂျပန်ခေတ် ၁၉၄၃-ခုတွင် သူနေထိုင်ရာ၊ ရန်ကုန်၊ တာမွေရပ်ကွက်ရှိ သူကိုယ်တိုင်ဦးစီးပါဝင်သော လူငယ်စာပေဝါသနာရှင်တစုက စုပေါင်းထုတ်ဝေသည့် "တက်သစ်" လက်ရေးစာစောင် ပေါ်ထွက်လာသောအခါတွင်မှ ထိုစာစောင်တွင် စတင်ထည့်သွင်းခဲ့သည်။ ထိုနောက်မှ စာနယ်ဇင်းများသို့ပေးပို့ခြင်း၊ စာအုပ်ထုတ်ဝေခြင်း ပြုခဲ့လေသည်။ စမ်းသပ်ဖွဲ့ဆိုသည်မှ ကွယ်လွန်သည်အထိ ငွေတာရီဖွဲ့ဆိုခဲ့သော ကဗျာများမှာ စုစုပေါင်းပုဒ်ရေ ၈၀၀-ကျော်ရှိသည်။ ကဗျာအပြင် ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်း ရေးသားခဲ့သည်။ တရိုးကဗျာများကိုလည်း ပြန်ဆိုခဲ့သည်။ ကမ္ဘာ့ပုံပြင်များကိုလည်း ပြန်ဆိုခဲ့သည်။ ငွေတာရီအမည်ဖြင့်သာမက မြတ်မွန်အမည်ဖြင့်လည်း ဝတ္ထုတိုအချို့ကို ရေးခဲ့သေးသည်။

ငွေတာရီသည် စာပေဗိမာန်ဆု ၂-ကြိမ်ရခဲ့ဘူးသည်။ မင်းယုဝေနှင့် တွဲဖက်လျက် "အီစွတ်ပုံပြင်များ"ကို ဘာသာပြန်ဆို၍ ထုတ်ဝေခဲ့ရာ၊ ၁၉၅၄-ခု စာပေဗိမာန် ဘာသာပြန်ဆုရခဲ့သည်။ ငွေတာရီကွယ်လွန်ပြီးနောက် သူ့ကဗျာများအနက်မှ လက်ရွေးစင် ကဗျာ ၁၀၀ကို မင်းယုဝေက ရွေးချယ်၍ ထုတ်ဝေခဲ့ရာ၊ ၁၉၆၀-ပြည့်နှစ် စာပေဗိမာန် ကဗျာဆုရခဲ့သည်။

ငွေတာရီသည် သူ့စာများ၊ ကဗျာများကို စာနယ်ဇင်းအမျိုးမျိုး၌လည်း ရေးသားခဲ့သည်။ လုံးချင်းစာအုပ်အဖြစ်လည်း ထုတ်ဝေခဲ့သည်။ ငွေတာရီ ရေးသားထုတ်ဝေခဲ့သော လုံးချင်းစာအုပ်များမှာ (၁) မင်ဆေးရည်ဘဲ မှုန်သလားနှင့် ကဗျာရှင် ဝတ္ထုတို(၁၉၄၄-ခု)၊ (၂) မာလာမြိုင် ကဗျာများ (၁၉၄၇-ခု)၊ (၃) ရတနာ ကဗျာများ (မင်းယုဝေ-ငွေတာရီ ၁၉၅၀-ခု)၊ (၄) အီစွတ်ပုံပြင်များ (မင်းယုဝေ-ငွေတာရီ ၁၉၅၄)၊ (၅) ကဗျာ-၁၀၀ (၁၉၆၀)၊ (၆) ဆုနှင့် အခြား ဝတ္ထုတိုများ (၁၉၆၅) တို့ဖြစ်ပေသည်။

ငွေတာရီသည် မျိုးချစ်စိတ် လွန်စွာ ထက်သန်သူလည်း ဖြစ်သည်။ ဗုဒ္ဓတရားတော်ကို များစွာ သက်ဝင်ယုံကြည်သူလည်း ဖြစ်သည်။ မေတ္တာစိတ်၊ ကရုဏာစိတ်ကြီးမားသူလည်း ဖြစ်သည်။ ကြွယ်ဝချမ်းသာသော မိဖနှစ်ပါးမှ ပေါက်ဖွားလာသော်လည်း ငွေကြေးကို မခုံမင်။ ဂုဏ်ပကာသနကို မမက်မော။ စိတ်ချမ်းသာမှုကိုသာ အဓိကထားလျက်၊ တင်းတိမ်ရောင့်ရဲစွာဖြင့် ရိုးရိုးအေးအေး နေထိုင်သူဖြစ်သည်။ ကဗျာစာပေကိုလည်း များစွာ တန်ဖိုးထားသူဖြစ်သည်။ တခါက ငွေတာရီ၏ အော်တိုစာအုပ်ထဲတွင် စာရေးဆရာ-ဒါရိုက်တာ ဦးသုခက - "ငွေတာရီသို့-- သူချမ်းသာတဦး၏ သမီးတယောက် ဖြစ်ခြင်းကြောင့်မဟုတ်။ စာပေ၏ သမီးတယောက် ဖြစ်နေခြင်းအတွက် ကျွန်ုပ်လေးစားသည်" ဟူ၍ ရေးပေးရာ၊ ငွေတာရီသည် နှစ်သက်မဆုံး ရှိခဲ့လေသည်။

ငွေတာရီကွယ်လွန်ပြီးနောက်၊ မင်းယုဝေသည် လက်ထောက်စာတည်းအလုပ်မှ နုတ်ထွက်လိုက်ကာ ငွေတာရီ အထိမ်းအမှတ်အဖြစ် ငွေတာရီစာစဉ်နှင့် ငွေတာရီမဂ္ဂဇင်းကို တည်ထောင်ထုတ်ဝေခဲ့သည်။ "ငွေတာရီ မဂ္ဂဇင်း"ကို ၁၉၆၀-ပြည့်နှစ်၊ ဇူလိုင်လ ၁-ရက်နေ့မှ စတင် တည်ထောင် ထုတ်ဝေခဲ့သည်။ ငွေတာရီ မဂ္ဂဇင်းသည် ၁၉၆၁-ခု၊ အောက်တိုဘာလ ၃၁-ရက်နေ့အထိ၊ တနှစ်ကျော်ခန့် ပုဂ္ဂလိကပိုင်အဖြစ် ရပ်တည်ခဲ့သည်။ ထို့နောက် ၁၉၆၁-ခု၊ နိုဝင်ဘာလ ၁-ရက်နေ့စ၍ ပုဂ္ဂလိကပိုင်မှ ပြည်သူပိုင် (တော်လှန်ရေးအစိုးရ ပြန်ကြားရေးဌာန၊ မြဝတီ ပုံနှိပ်တိုက်ပိုင်) အဖြစ်သို့ လွှဲပြောင်းခဲ့သည်။

ငွေတာရီ၏ ရုပ်ကလာပ်ကို ရန်ကုန်မြို့၊ တာမွေသုသာန်ရှိ စာဆိုဗိမာန်၌ မြှုပ်နှံသည်။ မင်းယုဝေက ငွေတာရီ၏ ဂူပေါ်တွင် ငွေတာရီဖွဲ့ဆိုခဲ့သည့် "ဘဝကွေ့ဝယ်"ကဗျာထဲမှ အောက်ပါအပိုဒ်ကို ထုတ်နုတ်ရေးထိုးထားသည်။

" ဘဝကွေ့ဝယ်

ပျော်မွေ့ကြည်သာ၊ သွားလေရာက

နှစ်ဖြာ လမ်းခွဲ၊ ရောက်မလွဲတည့်။

ဘဝတိုတို၊ လမ်းတခို၌

လျှပ်လိုခဏ၊ တွေ့ကြရခိုက်

မေတ္တာ့မဏ္ဍိုင်၊ တူစိုက်ပြိုင်စို့

တတ်နိုင်သမျှ၊ ချစ်ကြပါစို့

ဘဝလမ်းတာ၊ တိုတောင်းစွာကို

သာယာသမှု၊ ငါတို့ပြုစို့

ညစ်ကျုံမတင်၊ စိတ်ဖြူစင်ဖြင့်

များရှင်လူသူ၊ ငါတို့ကူစို့"

ငွေတာရီ

× × × × × × × × × × × × ×

**မာလာမြိုင် ကဗျာများ**

**မင်းသုဝဏ်**

ခုကာလတွင် ကဗျာကို စွဲစွဲမြဲမြဲ စီကုံးသူ ရှားပါးသည်။ ထိုရှားပါးသော စာဆိုထဲတွင် ငွေတာရီသည် အတော်ဖွဲ့ကောင်းသော စာဆိုပေါက်စ တဦးဖြစ်ပေသည်။ ငွေတာရီသည် ဤစစ်ပြီးစ ခေတ်ဦးတွင် ပြောက်ကျားစံနစ်ကို သုံး၍ ကဗျာစစ်ဆင်ခဲ့ရာ ယခုအခါ အတော်အောင်မြင်လျက် ရှိလေပြီ။ သူ့ခမျာတွင် ရဲဘော်များများ မရှိရှာပေ။ တခါတရံ တယောက်တည်းပင် စစ်ဆင်လျက် ရှိရှာသည်။ သို့နှင့်လည်း ဤမျှတိုတောင်းသော ကာလအခန့်တာတွင် ဤစာအုပ်ငယ် အဖြစ်သို့ ရောက်အောင် စီကုံး နှုန်းဖွဲ့နိုင်ခဲ့ရာ၊ အံ့သြချီးမွမ်းဖွယ်ဖြစ်ပေသည်။

ငွေတာရီ၏ ကဗျာများကို ဖတ်ရသောအခါ လမ်းလျှောက်သင်နေသော ကလေးငယ်ကို တွေးမြင်မိသည်။ ကလေးငယ်သည် လက်တန်းကို တွယ်၍ လှမ်းလိုက်၊ ကိုယ်ကို အားကိုးကာ လက်လွှတ်၍ လှမ်းလိုက်နှင့် လမ်းလျှောက်သင်နေသည်ကို တွေ့မြင်ရသော လူကြီးမိဘသည် ဝမ်းသာအားရ ရှိလေသည်။ ထိုနည်းတူစွာ ငွေတာရီ၏ ဖွဲ့နှင့်မာန်နှင့် ကြိုးစားမှုတို့ကို တွေ့ရသော ကျွန်ုပ်တို့သည် များစွာ ဝမ်းသာအားရ ရှိမိသည်။ မကြာမီ ငွေတာရီသည် လက်တန်းလွှတ်၍ လွတ်လပ်စွာ စိုင်းနှင်နိုင်ပါစေသတည်းဟု ဆုတောင်းကာ စိုင်းနှင်နိုင်ရန် ကြိုးစားပါလော့ဟု တိုက်တွန်းလိုက်ပါသတည်း။

မင်းသုဝဏ်

မာလာမြိုင်ကဗျာစာအုပ် ဥယျောဇဉ်

၁၉၄၆၊ နိုဝင်ဘာလ ၂၄-ရက်

× × × × × × × × × × × × ×

**မာလာမြိုင် ကဗျာများ**

**ဒဂုန်တာရာ**

သဇင်ပန်းပေါ်ချိန်၌ သဇင်ပန်းများကို ရောင်းသည်။ သီတင်းကျွတ်-တန်ဆောင်တိုင်သို့ ရောက်သောအခါ မီးပန်း၊ ဖျောက်အိုး စသည်တို့ကိုရောင်းသည်။ အမျိုးသားနေ့၌ သုံးရောင်ခြယ် စက္ကူပန်းများလုပ်၍ ရောင်းသည်။ ပေါ်ပင်အလိုက်၊ လူအများကြိုက်မည့်ကုန်ကို ရောင်းသဖြင့် တွင်ကျယ်ပေမည်။ ဤကား ကုန်သည်သဘောပင်။

စာပေကို ထုတ်ဝေဖြန့်ချိရေး၌လည်း ကုန်သည်သဘောရှိပေသည်။ ပေါ်ပင်အလိုက်နှင့် လူအများကြိုက်မည့်စာပေကို ထုတ်ဝေလျှင် မြန်မြန်စွဲပေမည်။ သွက်သွက်ရောင်းရပေမည်။

မကြာသေးမီက စာအုပ်၊ မဂ္ဂဇင်းဈေးသို့ ရောက်၍လာပေသော "မာလာမြိုင် ကဗျာများ

" အမည်ရှိ စာအုပ်ကား၊ ကုန်သည်သဘောနှင့် ထွက်ပေါ်လာခြင်း မဟုတ်တန်ရာဟု ရဲရဲဝံ့ဝံ့ အောက်မေ့မိသည်။ အဘယ့်ကြောင့်ဆိုသော် လူတရာလျှင် တယောက်တောင်မှ ကဗျာကို တွေ့လျှင် ရပ်နား၍ လှန်လှောကြည့်ရှုတတ်ခဲလှပေသည်။

တကယ်ဆိုတော့ မာလာမြိုင် ကဗျာစာအုပ်သည် စာပေပြန့်ပွားရန် ရည်မှန်းချက်နှင့် စာပေပြုရန် စာပေလောကသို့ စေလွှတ်လိုက်သော စာပေသံတမန်ဖြစ်ပေသည်။

ငွေတာရီ၏ အမည်ကို မဟာမိတ်တို့ဝင်သည့် ၁၉၄၅-ခု သည်ဖက်ရောက်မှ ဒီးဒုတ်ဂျာနယ်တွင် အများဆုံး စတင်တွေ့ရသည်။ စာပေသည် သီးပွင့်ခြင်းမရှိဘဲ မြုံ၍နေသော ဂျပန်ခေတ်၌ ငွေတာရီ၏ ကဗျာစိတ်သည် အစိုင်အခဲအဖြစ်တည်ရှိလျက်၊ စာပေဆန်းသစ်စပြုသော သည်ခေတ်ရောက်မှ ဖွင့်ဟ လိုက်သည်ဟု ထင်ရသည်။ အခန်း ၁-ရှိ ဒေါင်းလူပျိုမှ ကင်းစောင့်အထိ ကဗျာနှင့် အခန်း ၇-အဆုံးသတ် "ခါး"၊ "တော်လှန်စိတ်"စသော ကဗျာတို့သည် စစ်သွေးစစ်မာန် တက်ကြွလျက်ရှိသော ဂျပန်ခေတ်မှ အရောင်ဟပ်သော အစွန်းအစများဖြစ်ပေသည်။

သူသည် ဂျပန်ခေတ်က ပွဲတင်ထပ်လျက်ရှိသော စစ်ချီသီချင်းများကို ကြားလျက် ရှိသည်။ "ငွေဓားကာကီ"နှင့် "ရွှေစလွယ်ရောင်ဝါဝါ" နှင့် ဗမာ့တပ်မတော်သားများ စစ်ထွက်သွားသည်ကို တရေးရေး မြင်ကာ စွဲလမ်းလျက် ရှိသည်။

ဗမာပြည်အရေးအတွက် စစ်ချီတက်သွားသော ဗမာ့တပ်မတော်သားတို့အား--

"လန်းစွေ့သည် အောင်သပြေနှင့်၊ ချမ်းမြေ့ကြည် ညောင်ရေနှင့်၊ စိနေ ဟ္မမှာ ဆွေသမုငယ်၊ တောင်းဆုဆင်မြန်း........" ခဲ့လေသည်။ နောက်ဆုံးတွင် "သွေးနီရောင် ကြယ်ပွင့်"အလံကို လွှင့်ကာ ဖက်စစ်ကို တော်လှန်ခုခံသော ဗမာအား ကြည်နူးမိသည်။ ငွေတာရီသည် နုနယ်သေးသော ကဗျာ စာဆိုမယ်လေးဖြစ်သည့်အတိုင်း၊ စစ်သွေးတက်ကြွသော အချင်းအရာတို့၌ စိတ်လိုက်မာန်ပါဖြစ်ကာ စိတ်လှုပ်ရှား ပေသည်။

"ကင်းစောင့်"သည် ကင်းစောင့်ရှုခင်း ပေါ်ပေသည်။ အခန်း၂-မှ ရာသီဘွဲ့ကဗျာတို့ကား အခြားကဗျာစာဆိုများနည်းတူပင် ရာသီဥတု၏ သာယာဆန်းတင့်ခြင်း၌ ကြည်နူးလွမ်းဆွတ်ကာ ဒေးမျှော် ပေသည်။

အခန်း-၇ မှ ကဗျာတို့သည်ကား စိတ်ဟန်မှ ဖြစ်ပေါ်၍လာသော စိတ်ကူးယဉ်၊ ထင်ချက်၊ အတွေး-စသည်တို့ကို ပြောပြထားသည်။ ချိုမြသော တေးကို သီ၍ ရင့်ကျူးသည်။

အခန်း-၄မှ "ချစ်မျက်လုံး"ကိုကား နှစ်သက်မိသည်။ စာသားနှင့် စိတ်ကူးသည် စည်းဝါးကျ၍ အင်မတန် ကဗျာဆန်လှသည်။ ကြည်လင်သောအရာကို ရှုမြင်ရသကဲ့သို့ ရှိသည်။ အသက်ပါသည်။ "ပွေ့ရှင်" "ဖျိုင်းအိုနှင့် ထွေးညို"တို့သည် တောဓလေ့ကို ခြယ်ရေး၍ထားသော တောလားကားချပ်များ ဖြစ်ပေသည်။

အခန်း ၇-မှ "စန္ဒာ၊ နတ်ပန်းချီ"တို့သည် ပြေပြစ်သည်။ အထူးသဖြင့် သူ၏ ကဗျာသည် နှုတ်မှ သီဆိုလျှင် ချောမွေ့၍ ချိုမြသာယာသည်။

"ရွှေထဲ ငွေရောင်နှင့်

ငွေထဲ ရွှေရောင်နှင့်

ပြာရီမှောင် ညိုရောင်သန်း........"

လျက်ရှိသော သဘာဝရှုခင်းကို သွား၍ ကွင်းကွင်းကွက်ကွက် မြင်မိသည်။

တည်းဖြတ်သူ မင်းသုဝဏ် ရေးသလိုပင် ငွေတာရီသည် ဖွဲ့ကောင်းသည်။ စွဲစွဲမြဲမြဲ စိကုံးသူရှားပါးသော ကဗျာကိုမှ ဖွဲ့သန်သန်ရေးသည်။

အရေးအသား၌ ငွေတာရီကို သံသယဖြစ်စရာ မကျန်တော့ပြီ။ အကယ်၍သာ ငွေတာရီသည် လောကကြီး၏ လှပဖွယ်၊ ကြည်နူးဖွယ်၊ လွမ်းဆွတ်ဖွယ်တို့အပြင် လောကကြီး၏ အဖြစ်အပျက်စသော ဘဝများ၏ အလင်းရောင် အမှောင်တို့ကိုကြည့်ရှုကာ စိတ်ဝင်စားပြီး စာဆိုပါလျှင် "လမ်းလျှောက်သင်နေသော ကလေးငယ်"မှ ရင့်သန်၍ ပြီးမြောက်ကြွယ်ဝသော ကဗျာဆရာကြီးဘဝသို့ လှမ်းလင့်ပေလိမ့်မည်။

ဒဂုန်တာရာ

တာရာမဂ္ဂဇင်း

၁၉၄၇-ခု၊ ဖေဖော်ဝါရီလ

× × × × × × × × × × × × ×

**ပန်းပွင့်သာကြွေ စာဆိုမသေ**

**(ကွယ်လွန်သူ ငွေတာရီသို့)**

ပန်းတပွင့်သာ၊ ကြွေခဲ့ပါသည်

ကဗျာစာဆို မသေတကား။

စာဆိုသေလည်း

မသေစာဆို၊ တင်စားလိုသည်

မြေကိုသက်သေ ပြု၍တကား။

သည်မြေမှဖွား၊ သည်မြေလားသည့်

တရားဓမ္မ၊ သံဝေဂလျှင်

ဘဝပင်မြင့်၊ လျှောင်းကြွေလွင့်သော

တပွင့်မာလာ၊ အိပ်စက်ရာသည်

ကဗျာတပုဒ် သာပင်တည်း။

နိယာမလျှင်

ဘဝဖြစ်ခြင်း၊ ဆုံးပျက်ယွင်းသည့်

"သေမင်းတံတား"၊ လူတိုင်းသွားရာ

လမ်းပမာတည့်၊ ကြမ္မာခေါ်သံ

နာခံလျှောင်းစက်၊ သည်တသက်တွင်

ကြွင်းပျက်ပြာကျ၊ မြူမှုန်စနှင့်

"ဘဝမာလာ"၊ မနိုင်းသာပြီ
မဟာအောင်ပွဲ သာပင်တည်း။
ဘဝလက်ာ၊ စာလွှာပန်းခိုင်
"မာလာမြိုင်"ကား၊ ဖွေနိုင်ကြံသိ
အဘိဓမ္မာ၊ လင်္ကာငြိမ့်လေး
အမြိုက်တေးတည့်၊ သွေးသားအုပ်ချုပ်
စက်ရုပ်ခန္ဓာ၊ မမြဲသာသော
သဘောအနက်၊ ဖွင့်ဆိုချက်မှု
ဥပ္ပဇ္ဇတိ၊ ဖြစ်ဘိပျက်ပြန်
အဖန်ဖန်လျှင်၊ သင်္ခာန်, ရုပ်, ဒြပ်
ဖွင့်ချပ်ပန်းဝါ
ကြွေကာ.......ကြွေကာ တသဲသဲ
လေမှာ.....လေမှာ တဝဲဝဲ
မြေလွှာ.......မြေလွှာ တဖွဲဖွဲ
ရိုက်မစဲလျှင်၊ ကြွေကွဲသူတိုင်း
မျက်ရည်မိုင်းမြ၊ လွမ်းဆွတ်ကြသည်
တ,သ ဝမ်းနည်း မဆုံးတည်း။
စာဆို့အတွက်၊ ဆွေးရတက်ကြောင့်

ကျေးငှက်လည်းဆိတ်၊ တောလည်းတိတ်ခဲ့။
စာဆို့အတွက်၊ လွမ်းရတက်ကြောင့်
သစ်ရွက်လည်းနွမ်း၊ စမ်းရေခန်းခဲ့။
စာဆို့အတွက်၊ ကြွမ်းရတက်ကြောင့်
မိုးထက်ကောင်းကင်၊ ကြယ်လည်းစင်ခဲ့။
တကယ်ဆိုလျှင်၊ စာဆိုသင်၏
ပန်းပင်မျိုးစေ့၊ လေငွေ့ရာပျံ
ပန်းဝတ်ဆံနှင့်၊ ညှာတံကူးလူး
ပန်းဖူးဖူးကို၊ ဆွတ်ခူးဖွေရာ
ပန်းလိပ်ပြာတို့၊ နေရာအနှံ့
ဆွတ်ပျံ့လက်ာ၊ ဝတ်မှုန်လွှာခင်း
ကြိုင်လွှမ်းသင်းအောင်၊ စွမ်းဆောင်ရှေ့ပြေး
သင့်တေးလက်ာ၊ ထိုပဏ္ဏာသည်
မေတ္တာစမ်းအိုင် ဖြစ်ခဲ့သည်။
အနုပညာ၊ သင့်လက်ရာကို
"ဇရာ"မနိုင်၊ သူလာပြိုင်လည်း
နိုင်ခဲ့လက်ာ၊ မရှုံးပါတည့်
ကောဇာသက္ကရာဇ်၊ လ,နှစ် ရွှေ့ပြောင်း

စာရွက်ဟောင်းမှ၊ စာကြောင်းစာလုံး
ပုလဲကုံးတို့၊ ရေးတုန်းကလို
နဂိုပကတိ၊ ရှိမြဲရှိ၍
သင့်ဝိညာဉ်များ၊ ယင်းကိုယ်စားလျှင်
ကျန်ထားကြွင်းရစ်၊ သစ်မြဲသစ်သည်
ပုရစ်ဖူးမြဲ ဝေဝေတည်း။
သင်ထားခဲ့ရာ၊ "ရတနာ"ကား
သန္တာမြရွှဲ၊ ဝတ်လဲတန်ဆာ
မဟုတ်ပါတည့်၊ လူ့ရွာနေအိမ်
ရိပ်ငြိမ်ဟန်ဆောင်၊ လောကဘောင်၏
နက်ယောင်နှင့် တိမ်၊ ခြူးလိမ်နွယ်ခက်
လျှပ်တပြက်နှင့်၊ တစက္ကန့်တွင်း
ဖြစ်ခြင်း,ပျက်ပုံ၊ စိတ်ကြေးမုံ၏
တွေ့ကြုံခံစား၊ တရားနှင့်ယှဉ်
ဝိညာဉ်အမြုတေ၊ သင့်အမွေသည်
မိုးမြေဆုံးတိုင်၊ မပျောက်နိုင်ပြီ
ကျောက်တိုင်ထယ်ထယ်၊ ထီးထီးတည်း။
သေခြင်းတရား၊ တံခါး.....ဖွင့်,ပိတ်
ရင်ထိတ်စရာ၊ မဟုတ်ပါတည့်
ညမှာကြယ်ပျောက်၊ နေ့ပန်းကောက်၍
မိုးသောက်သော်မှ၊ နိုးမထသို့
ဘဝဟူသည်၊ မြူချည်လဲဝါ
ပွင့်ဝတ်လွှာကား၊ ဝေ့ရာမှန်တိုင်း
လေပြင်းစိုင်းရာ၊ လွင့်လွင့်ပါလည်း
"စာဆိုခြေရင်း၊ မြေတလင်းဝယ်
သေမင်းအိပ်စက်ခြင်းသာတည်း"။
သင်မသေမီ.......
ကေသီဆံမြင့်၊ "ပန်ပါလင့်"ဟု
တပွင့်ပန်းမျှ၊ မဆက်သမိ
ခုမှသင်သေ၊ ကျမျက်ရေဖြင့်
ပန်းခွေချရင်း၊ ငါ့ရင်တွင်းဝယ်
ခံပြင်းစိတ်မှ၊ လှိုက်လှိုက်ကြွ၍
နောင်တမုန်တိုင်း၊ သောကလှိုင်းသည်
ပြိုင်းပြိုင်းတိုက်ခတ် ပါလေသတည်း။
ငိုသံ ရှိုက်သံ၊ ဆူညံသောင်းသောင်း
သင့်အလောင်း၏၊ ငွေခေါင်းနံဘေး

လူဖွေးဖွေးပြည့်၊ ပို့သည့်ဈာပန
စည်ကားစွလည်း၊ "ဘဝရတနာ"
သင့်လက်ာတို့၊ သန္တာပုလဲ
ရွှန်းရွှန်းကဲသည့်၊ မြရွဲစိန်စစ်
ကျောက်ဆစ်နီလာ၊ သင့်ကဗျာကို
ဘယ်ခါဖတ်ရ.......ပဲ့မည်နည်း။
သင့်ကျေးဇူးကား
ပျံ့ကျူးဒီပါ၊ အလင်္ကာတည့်
ပမာပင်လယ်၊ ဝှန်းကျယ်တနိုင်း
ပန်းတိုင်းပွင့်ရာ၊ မြေသြဇာသည်
လင်္ကာ ရေသောက်........မြစ်နယ်တည်း။
ရုပ်ကလာပ်သာ
လောင်ပြာအဖြစ်၊ ကြွင်းကျန်ရစ်လည်း
သစ်ခဲ့လင်္ကာ၊ သင့်ကဗျာမှု
စိုက်ထူမော်ကွန်း ခိုင်ခိုင်တည်း။
စာဆိုသေလည်း
မသေစာဆို၊ တင်စားလိုသည်
မြေကိုသက်သေ ပြုဤတကား။

အော်.......ပန်းတပွင့်သာ၊ ကြွေခဲ့ပါသည်
ကဗျာစာဆို..........မသေတကား။
ဒေါင်းနွယ်ဆွေ
သွေးသောက်မဂ္ဂဇင်း (၁၉၅၈-ခု၊ မေလ)
ကဗျာ့ပုလဲကုံးစာအုပ် (၁၉၅၉-ခု)

× × × × × × × × × × × × ×

**မွှေးနံ့မပြယ်သော ကြွေနှင်းဆီ**

**(စာဆို ငွေတာရီသို့)**

တသင်းသင်းလျှင်
ပျံ့ညှင်းထုံကြည်၊ ရနံ့စည်၍
လေပြည်ဆောင်ရာ၊ မွှေးနံ့ဖြာသည်
ပင်မှာနှင်းဆီ နီနီတကား။
အနေ့နေ့လျှင်
အိုလေ့ငါ့မှာ၊ တေးဆိုကာဖြင့်
လှိုင်စွာကြိုင်လန်း၊ ဤပွင့်ပန်းကို
ရှိုက်နမ်းလျက်သာ၊ မြူးပျော်ကာတည့်။
သူ့ရနံ့ကို
မွှေးပျံ့ရှုကာ၊ ဤငါ့မှာလျှင်

ဝေဆာပွင့်လန်း၊ မိုးဦးပန်းသို့
တင့်ဆန်းထွေထွေ၊ ရွှန်းရွှန်းဝေ၏။
သူ့ရန့်ကို
မွှေးပျံ့ရှုကာ၊ ဤငါ့မှာလျှင်
သော်တာလမင်း၊ ပပဝင်းသို့
ရင်တွင်းဘဝင်၊ ကြည်ကြည်ရွှင်၏။
သည်ယနေ့ဝယ်
ပူဇွေ့လောင်ကျွမ်း၊ နေရှိန်လွှမ်း၍
သည်ပန်းနှင်းဆီ၊ ညှိုးခွေလီသော်
မြေဆီလျော့င်းခ၊ ကြွေကာကျသည်
နွမ်းလျ သွေ့ခြောက်ရာတကား။
ညှိုဝါခြောက်သွေ့
ညှိုးခွေနွမ်းအီ၊ ဤနှင်းဆီကို
ဖြေဆည်မရ၊ တသသနှင့်
ယုယပျူငှာ၊ ကောက်ယူပါ၍
ရင်မှာပွေ့ဖက်၊ တသက်သက်သည်
နမ်းလျက်ခါခါနေမိတကား။
ထိုရောအခါ
ပွင့်ညှိုဝါမှ၊ ချိုသာဝင်းဖန့်
သင်းပျံ့ပျံ့နှင့်၊ မွှေးနံ့ကြွယ်ကြွယ်
အသွယ်သွယ်သည်
ငါ့ဝယ် လွှမ်းရစ်သွားသတည်း။
ဩော်- ပင်မှကြွေလည်း
ဤကြွေနှင်းဆီ၊ တပွင့်သည်လျှင်
ထုံကြည်သင်းပျံ့၊ လေတွင်ပြန့်သည်
မွှေးနံ့မပြယ်ပါတကား။

မင်းယုဝေ
သွေးသောက် မဂ္ဂဇင်း
(၁၉၅၈-ခု၊ မေလ)
အိမ်ပြန်ချိန် ကဗျာစာအုပ် (၁၉၆၂)

× × × × × × × × × × × × ×

**အလုပ်ရှိရာသွားချင်သူ**

**(ငွေတာရီသို့)**

အလုပ်ရှိရာ၊ သွားချင်ပါဟု
နှုတ်မှာရွရွ၊ ရွတ်ရင်း ကလျှင်
အလုပ်ကိုပစ်၊ သင်မချစ်၍
အသစ်ဖွေရှာ သွားလေပါသလော။
တောလည်းစိမ်းစို၊ လေချိုရွှန်းမြ
မိုးဝကြွယ်ပွင့်၊ ချောင်းနှင့်တိမ်လိပ်
ပြည့်သိပ်တင်းကျမ်း၊ အလုပန်းတို့
သွေ့နွမ်းချောက်ချား၊ ဖောက်ပြားငြိမ်သက်
ရုတ်တရက်လျှင်၊ ပင့်သက်လှိုက်ဖို
ရှိုက်ငိုစီးကျ၊ မျက်ရည်စဖြင့်
တသ,သင့်နောက် ကျန်ကြသည်။
ပုလဲပွင့်သို့
ရွယ်သင့်ညီညွတ်၊ တသမတ်ဖြင့်
ချောမွတ်မြူးပျံ၊ သင့်ကာရံလည်း
တောင်ပံကိုဖွင့်၊ လည်ကိုပင့်၍
သခင့်နောက်သို့ ပါယောင်တကား။
ရော်ကြွေသက်၍
မြေထက် ပြေးလွှား၊ ရွက်ဝါများသို့
သင့်အားတူယှဉ်၊ မနိုင်းချင်တည့်။
ပမာယူသော်
ပုံတူသင့်တွက်၊ အတွေးစက်ဝယ်
ရေးကွက်ငါ့မှာ၊ မရှိပါခဲ့။
ကဗျာကြံသော်
ကာရန်သင့်တွက်၊ အတွေးနက်နှင့်
ရေးချက်ငါ့မှာ၊ မရှိပါခဲ့။
အလုပွင့်တုန်း၊ ကြယ်တကုံးကို
လေပုန်းဖော့ယမ်း၊ လေကြမ်းချိုးဖျက်
မိုးသက်ဆွတ်ချွေ၊ ပိုင်းပိုင်းကြွေသော်
မြေ၌ပေါလော၊ ဖုတ်သောသောသို့
လောကဓာတ်တိုက်၊ မှောင်ကြီးမိုက်၍
ရှုရှိုက်သက်ပင့်၊ ရင်မှာနင့်မိ
တပွင့်ကြွေရက် စောလေခြင်း။
ဗန်းမော်ညိုနွဲ့

(ရှုမဝ မဂ္ဂဇင်း) ၁-၅-၁၉၅၈

**စာဆိုမယ် ငွေတာရီ**

**ဇော်ဂျီ**

စာဆိုနှင့် ပညာရှိ အတူတူဟူ၍ အထင်ခံတတ်သော်လည်း စင်စစ်မှာ မတူချေ။ အတူသင့်ချေ။ မတူနိုင်ချေ။

စာဆို ကျက်စားသော လောကသည် ပတ်ဝန်းကျင် သက်ရှိသက်မဲ့ လောကဖြစ်၍၊ ပညာရှိ ကျက်စားသော လောကသည် ကျမ်းဂန်စာပေလောက ဖြစ်သည်ဟု ထင်မိသည်။ တဖန် စာဆိုနှင့် ပညာရှိတို့သည် ဘဝနှစ်သက်မှုနှင့် ဘဝအဖြေတို့ကို ရှာနေကြသူများဖြစ်ရာ၊ ရှာကြရာ၌လည်း မတူသေးဟု ထင်မိပြန်သည်။ မတူပုံမှာ စာဆိုသည် သူ့လောကတွင် မေတ္တာဖြင့် ရှာတတ်သူဖြစ်၍၊ ပညာရှိသည် သူ့လောကတွင် ဉာဏ်ဖြင့် ရှာတတ်သူဖြစ်လေသည်။

စာဆိုနှင့် ပညာရှိတို့သည် သဘောအားဖြင့် ထိုသို့ မတူဖြစ်ကြသော်လည်း၊ သူ့ကျက်သရေနှင့်သူ၊ တင့်တယ်ကြသည်ချည်းသာ ဖြစ်သည်ဟု ဆိုချင်ပါသည်။

ငွေတာရီသည် စာဆိုလောက၌ ကျက်စားခဲ့သော အမျိုးသမီးဖြစ်လေသည်။ သူ၏ တေးအယဉ်သည် စာဆို၏ အကောင်းဆုံးအရွယ်ဖြစ်သော သုံးဆယ့်သုံးနှစ်အရွယ်တွင် ရပ်ခဲ့သည်။ သို့ရာတွင် သူ့တေးသံသည် သာယာဆဲပင်ဖြစ်လေသည်။ ထိုတေးသံသည် သူ၏ ခင်ပွန်းဖြစ်သော "မင်းယုဝေ"၏ အရွေးအချယ် အမအစဖြင့် ဤ"ကဗျာတရာ"ကျမ်းတွင် ပုန်းရာကွယ်မှ ထွက်လာ ပေါ်လာရပေပြီ။

"ကဗျာ တရာ"ကိုလေ့လာကြည့်လျှင် ငွေတာရီ၏ စာဆိုအမူအရာ လေးမျိုးကို ဆင်ခြင်မိနိုင်လေသည်။

ပထမ ကဏ္ဍတွင် ငွေတာရီ၏ အမူအရာသည် မိမိ၏ အိုး၊ အိမ်၊ ဥယျာဉ်၊ ပန်းခြံ ဝန်းကျင်၌ အငေးအမောနှင့် တွေးတော လှုပ်ရှားနေဟန် ဖြစ်လေသည်။ သူ့အိမ်တွင် သူ မွေ့လျော်သည်။ ပိတောက်ပွင့်ချိန်၌ သူရွှင်လန်းသည်။ ကြာဖူးချိန်၌ သူကြည်နူးသည်။ အိုးစည်ဗုံမောင်းသံ၌ သူပျော်သည်။ သူ့အချစ်အကြင်ကို အိန္ဒြေဖြင့် ဆင်ယင်တတ်သည်။ တခါတရံ သူ့ခြံအိမ်စည်းရိုးကို ကျော်၍ လယ်ကွင်းသို့မျှော်ကာ သူလွမ်းချင်သလိုလို ဖြစ်သည်။

ဒုတိယကဏ္ဍတွင် ငွေတာရီ၏ အမူအရာသည် တထစ်တိုးလာသည်။ သူ့ဘဝစက်ဝန်းသည် စစ်ကြီးအတွင်းတွင် အတန်ငယ်ကျယ်ဝန်းလာဟန် တူသည်။ သူ့တိုင်းပြည်ကို သူ သတိမူလာသည်။ သူ့တိုင်းပြည်၏ လွတ်လပ်ရေးကို သူတွေးလာသည်။ ဖက်ဆစ်တော်လှန်ရေး ရဲဘော်တို့၏ ရဲစွမ်းသတ္တိနှင့် လုံ့လတို့၌ သူ စိတ်ဝင်စားလာသည်။

တတိယကဏ္ဍတွင် ငွေတာရီသည် နိုင်ငံခြား ကဗျာစာပေ၏ အင်အားနှင့် အရသာတို့ကို သိလာသည်။ ကမ္ဘာကျော် အိန္ဒိယစာဆိုကြီးဖြစ်သော ရာဘင်ဒြာနတ်၊ တဂိုး၏ ကဗျာများကို နှစ်သက်ခဲ့လေသည်။ တဂိုး၏ ကဗျာကျမ်းများဖြစ်ကြသော "ဂီတဥ္စလီ"မှင့်၊ "ဆန်းစသော်တာ"မှင့်၊ "ဥယျာဉ်မှူး"မှင့်၊ ဘာသာပြန် ကဗျာစုကို စီကုံးခဲ့လေသည်။ တဂိုး၏ အတွေးအခေါ် လေပြည်လေညင်းကို ရှူရှိုက်ခဲ့လေသည်။

စတုတ္ထကဏ္ဍတွင် ငွေတာရီ၏ အမူအရာသည် ရင့်သန်စပြုလာလေပြီ။ သူ့၌ ပျော်လိုစိတ်၊ ကြည်နူးလိုစိတ်၊ ရွှင်လန်းလိုစိတ်၊ လွမ်းလိုစိတ်တို့ လှုပ်ရှားနိုင်လျက်ပင် ဖြစ်သော်လည်း သူ့စိတ်ကူးသို့ လူနှင့် လူ့ဘဝ အတွေးအခေါ်တို့ ဝင်လာကြလေသည်။ ဘုရားဖူးနေသော အဖွားအိုကို သူငေး၍ ကြည့်ခဲ့သည်။ ဘဝတပါး၌ရှိသော သူ့မိခင်ကို သူလွမ်းဆွတ် သတိရခဲ့သည်။ ဇန်းပြ အလှမျိုး၏ အတွင်းသဘောကို သူရိပ်မိခဲ့သည်။ ဘဝအကွေ့တခု၌ တနေ့နေ့တွင် လမ်းခွဲကြရမည့်အရေးကို သူတွေးတောခဲ့လေသည်။

ထိုသို့ တွေးတောလာနိုင်သော အရွယ်တွင် ငွေတာရီ၏ တေးအယဉ်သည် ရပ်ခဲ့လေသည်။

ဇော်ဂျီ

ကဗျာ ၁၀၀-စာအုပ် အမှာစာ

(၁၅-၂-၁၉၆၀)

× × × × × × × × × × × × ×

**ကျွန်မသမီးလေးသိသော ငွေတာရီ**

**စိန်တခိုင်**

နေမင်းညိုယင် ဟိုကန်စောင်းက

ငါးတွေချောင်းတဲ့ ငွေဖျိုင်းအို။

နေမင်းကွယ်တောင် ဘယ်မရတော့

နွမ်းလျပါလို့ စိတ်မချို။

ပြာလဲ့ရေညို ဟိုကန်စောင်းက

အပျိုချောင်းတဲ့ မောင်ထွေးညို။

ငွေဖျိုင်းအိုနယ် ဘယ်မတွေ့လို့

မရွှင်ချမ်းမြေ့ သောကပို။

ဖျိုင်းအို ထွေးညို။

ငွေတာရီ

ကျွန်မတို့သည် သမီးဦးကို စာသင်ရန် ကျောင်းသို့ပို့သည်။ ကျောင်းမှတတ်ခဲ့သော သီချင်း၊ လင်္ကာ၊ စာများကို သမီးသည် ကျွန်မတို့အား ပြန်လည်ရွတ်ဆိုပြသည်။ စာရေးပြ ဖတ်ပြတတ်သည်။ သမီးကြီး ခင်ဦးမေ ရွတ်ဆိုပြသော သီချင်း၊ လင်္ကာ၊ ကဗျာများကို ကျောင်းမသွားရသေးသည့် ခင်လတ်မေနှင့် မောင်ကြီးတို့က သံယောင်လိုက်ဆိုကြသည်။ ခင်ဦးမေ ကျောင်းမှ "ဖျိုင်းအို-ထွေးညို"ကဗျာကလေးကို တတ်ခဲ့သည်။ ဆရာမက သူ့အား သင်ပြသလို အိမ်တွင် ခင်လတ်မေနှင့် မောင်ကြီးအား သင်ပေးသည်။ "ဖျိုင်းအိုကြီးဟာ ထမင်းဆာလို့ ငါးရှာနေတယ်"ဟုလည်း ပြောပြသည်။ မကြာမီ ခင်လတ်မေနှင့် မောင်ကြီးတို့သည် "ဖျိုင်းအို-ထွေးညို"ကို ဆိုတတ်သည်။ အထူးသဖြင့် မောင်ကြီးက အသံလေးကြီးဖြင့် "ဖျိုင်းအို-ထွေးညို"ကို ပီပီသသဆိုသည်။ ကျွန်မတို့ တအိမ်လုံးလည်း "ဖျိုင်းအို-ထွေးညို"ကို တတ်ကြသည်။ သို့နှင့်မပြီးသေးပါ။ အိမ်နားနီးချင်းက ကလေးလူကြီးများပါ "ဖျိုင်းအို-ထွေးညို"ကို တတ်လာကြသည်။

တခါတရံ မောင်နမတစု၏ အသံကို မကြားလျှင် အိမ်ရှေ့အိမ်မှ အမယ်ကြီးက "ဖျိုင်းအို-ထွေးညို"ကို ဆိုပါအုံးဟု ပြောလာသည်။

အလုပ်အားသောရက် တနေ့က သားသမီးများနှင့်အတူ ကျွန်မတို့ အင်းစိန်လိုကယ်ရထား စီးကြသည်။ သမိုင်းဘူတာ အလွန် ကြို့ကုန်းအနီး လယ်ကွက်ထဲတွင် (ထိုစဉ်က စက်ရုံများ မရှိသေးပါ) ဖျိုင်းများကို တွေ့ရသည်။ ခင်ဦးမေနှင့် ခင်လတ်မေတို့ ၂-ယောက်စလုံးကပင် "မေမေဟိုမှာ ဖျိုင်းအိုတွေ"ဟု ပြောပါသည်။ အမေးထူသော ခင်လတ်မေက "ထွေးညိုကော မေမေ"ဟု မေးသည်။ ခင်ဦးမေက "ညီမလေး၊ ငွေဖျိုင်းအိုတွေဘဲ ငါးရှာနေတာ၊ ထွေးညို-မရှိဘူး"ဟု ပြန်ပြောသည်။ ကျွန်မတို့က ကလေးများကို ကြည့်ပြီး ပြုံးနေရသည်။

သမီးကြီး ပထမတန်းသို့ရောက်ခဲ့ပြီ။ မြန်မာစာကို ရေးနိုင်၊ ဖတ်နိုင်လာသည်။ သူတို့ အတန်းမှသင်ရသော "နည်းသစ် မြန်မာကြည့်စာ"တွင် "ဖျိုင်းအို-ထွေးညို" ကဗျာကလေးပါသည်။ သမီးသည် စာမဖတ်တတ်မီက နှုတ်လွတ်ရနေသော ကဗျာတိုကလေးကို ယခု မိမိဖါသာဖတ်နိုင်သော အချိန်၌ တွေ့သောအခါ များစွာစိတ်ဝင်စား ကြည်နူး၍နေသည်။"ဖျိုင်းအို-ထွေးညို" ကို ငွေတာရီ ရေးသည်ကိုလည်း သိရသည်။

သည်နောက် ကျွန်မသည် ဟံသာဝတီပုံနှိပ်တိုက်မှထုတ်သော ငွေတာရီ၏ မာလာမြိုင်ကဗျာများကို ဝယ်ပေးပါသည်။ သမီးသည် ကဗျာများကို ဖတ်တတ်သမျှ ဖတ်သည်။ အချို့စာလုံးများကို သူဖတ်တတ်သည်။ နားလည်သည်။ အချို့စာလုံးများကိုမူ မဖတ်တတ်။ နားမလည်ပါ။

တနေ့ မောင်နမတစု ကစားရင်း မတော်တဆ သမီးကြီး ဒဏ်ရာရခဲ့သည်။ ဆရာဝန်က သုံးပတ်လောက် ကျောင်းမသွားပါစေနှင့်ဟု ပြော၍ အိမ်မှာနေရသည်။ ထိုအတောအတွင်း ဖွါးအေ လုပ်သူဖျား၍ မြေးအဖွါး ၂-ယောက် အဖော်ဖြစ်သွားသည်။ ဖွါးအေအား သမီးက မာလာမြိုင်ကဗျာများကို သူတတ်သလို ဖတ်ပြသည်။ ဖွါးအေကလည်း သူနားလည်သလို နားထောင်သည်။ သူတို့ ၂-ဦးစလုံး ကြည်နူး၍ ကိုယ်စီကိုယ်ငှ ဝေဒနာများကို မေ့နေကြသည်။ ကျွန်မတို့ အလုပ်မှပြန်လာကြသောအခါ ဖွါးအေလုပ်သူက "ငါ့မှာလဲအေ၊ ကဗျာတွေနားထောင်ရလို့ နာတာတောင်မေ့တယ်"ဟု ဆီး၍ပြောပါသည်။

သမီးကြီးသည် သူတတ်သော ကဗျာမှ ငွေတာရီကိုသိသည်။ ယခု ငွေတာရီမဂ္ဂဇင်းသည် ကြွားကြွားဝင့်ဝင့် ပေါ်ထွက်လာသောအခါ သူသိသော ငွေတာရီနှင့် မည်ကဲ့သို့ တော်စပ်သနည်းဟု မိခင်ဖြစ်သူ ကျွန်မအား မေးပါသည်။ ကျွန်မကလည်း သိသမျှ ပြောပြသောအခါ သူကျေနပ်စွာ နားထောင်ပါသည်။

သို့ပြောရင်း "ဖျိုင်းအို-ထွေးညို"အကြောင်း ရောက်သွားပါသည်။ ကျွန်မတို့ပြောနေသော "ဖျိုင်းအို-ထွေးညို"ကို တဖက်အိမ်မှ ကလေးငယ်တဦး ကြားသွားပါသည်။ ကလေးငယ်သည် သူ တတ်သော "ဖျိုင်းအို-ထွေးညို"ကို ပျော်ရွှင်စွာ ရွတ်ဆိုသံ ကြားရပါသည်။

ကလေးငယ်သည် "ဖျိုင်းအို-ထွေးညို"ကို ကျောင်းမှ တတ်သလား၊ အိမ်မှာပင် တတ်သလား မပြောတတ်ပါ။

စိန်တခိုင်

ငွေတာရီမဂ္ဂဇင်း (၁၉၆၁-ခု၊ မတ်လ)

× × × × × × × × × × × × ×

**ကျွန်တော်သိသော ငွေတာရီ**

**တိုက်စိုး**

ငွေတာရီကို ကျွန်တော်သိပါသည်။ သို့ရာတွင် ရင်းရင်းနှီးနှီး မဟုတ်ပါ။ သူကွယ်လွန်ပြီးသည်အထိ သူနှင့်သုံးကြိမ်ထက် ပို၍ မတွေ့ဆုံးဘူးကြောင်းကို ကျွန်တော်မှတ်မိနေပါသည်။

မင်းယုဝေနှင့် သူလက်ထပ်သည့်နေ့တွင် သူ့ကို ပထမအကြိမ် ကျွန်တော်မြင်ဘူးသည်။ မင်းယုဝေသည် ကျွန်တော်နှင့် ကောလိပ်တွင် တကျောင်းဆောင်တည်း နေသူချင်းလည်း ဖြစ်ပြန်၊ စာပေနှင့်စပ်၍ ကူးလူးဆက်ဆံဘူးသူချင်းလည်း ဖြစ်ပြန်ရာ မင်္ဂလာပွဲသို့ ကျွန်တော်ရောက်ခဲ့ရသည်။ သို့ရာတွင် မင်္ဂလာဆောင်ဆိုသည်မှာ လူလည်းရှုပ်သည်၊ ဆူလည်းဆူသည်။ ဤနေရာတွင် သူတထူးနှင့် မိတ်ဖြစ်ရန် အခွင့်အခါ နည်းပါးလှလေသည်။ ကျွန်တော်လည်း ငွေတာရီဆိုသူမှာ ဤသူပါတကားဟူသော အသိလောက်ဖြင့်သာ အိမ်ပြန်ခဲ့ရလေသည်။

နောက်အကြိမ် တွေ့ရသည့်အခါမူကား အခင်းအကျင်းနှင့် မဟုတ်။ ပတ်ဝန်းကျင် အသစ်တွင် ဖြစ်လေသည်။ ကျွန်တော်သည် ကိုယ့်အလုပ်နှင့်စပ်ရာကို လေ့လာရန်ဟု အင်္ဂလန်သို့ ရောက်နေလေသည်။ ရှေးဦးစွာ အချို့အချို့သော မြို့ရွာများတွင် တလကိုးသီတင်းလေ့လာရသည်။ ထို့နောက် လန်ဒန်တွင် ခဏတဖြုတ်နေ၍ ဥရောပဖက်သို့ ကူးရန် ပြင်ဆင်ရလေသည်။

လန်ဒန်သို့ ကျွန်တော်ပြန်ရောက်ချိန်သည် ဩဂုတ်လအတွင်း ဖြစ်လေသည်။ ဤရာသီတွင် လန်ဒန်သည် အင်္ဂလိပ်များအတွက် အတော်ပူပြင်းသည်။ မြန်မာများအတွက်မူ နေ၍ကောင်းရုံ ဖြစ်လေသည်။ ကျွန်တော်လည်း အခန်းအောင်းမနေနိုင်။ အပြင်ဘက်သို့ ထွက်ရန်သာ စိတ်စောနေမိသည်။ တကြောင်းမှာလည်း အင်္ဂလန်တောပိုင်းတွင် နေခဲ့စဉ်က မြန်မာဟူ၍ အတွေ့မပြမရှိဘဲ အင်္ဂလိပ်များနှင့်သာ ဆက်ဆံနေခဲ့ရသည်ဖြစ်ရာ လန်ဒန်ပြန်ရောက်ချိန်၌ ကျွန်တော်မြန်မာစကား ပြောချင်နေလေသည်။ စာအကြောင်း ပေအကြောင်း ငြင်းခုံရန် စိတ်အားထက်သန်နေလေသည်။

ထိုစဉ်တွင် မင်းယုဝေတို့ ဇနီးမောင်နှံ လန်ဒန်တွင် ရှိနေကြောင်း သတင်းကြားရလေသည်။ မင်းယုဝေသည် ဝေါဟာရဗေဒကို တနှစ်ကြာသင်ရန် လန်ဒန်တက္ကသိုလ်တွင် ရောက်နေသည်။ ငွေတာရီက ခြောက်လလောက် အကြာတွင် သူ့ယောကျာ်းရှိရာသို့ လိုက်လာသည်။ ဤသို့ အသေးစိတ် သိရပြန်သည်တွင် ကျွန်တော်လည်း တယ်လီဖုန်းနှင့် အချိန်းအချက်လုပ်ကာ သူတို့ဆီသို့ ရောက်သွားလေသည်။

ပထမနေ့၌ တညနေလုံး စကားပြော၏။ စကားပြော၍ မဝသဖြင့် နောက်တနေ့ဆက်ချိန်းသည်ကို ကျွန်တော်သတိရမိသည်။ ထိုနေ့တနေ့လုံးလိုလို သူတို့နှစ်ဦးနှင့်ပင် အချိန်ကုန်ရသည်။ စကားကိုလည်း အမျှင်မပြတ် ပြောကြသည်။ ပြောလိုက်သမှ ဘီရာဆိုင်၊ စားစရာဆိုင်တွင်ရော သူတို့နေသည့် အိမ်တွင်ပါ ဖြစ်သည်။

ငွေတာရီကို ဘီရာဆိုင်သို့ အပါခေါ်သူမှာ ကျွန်တော်ဖြစ်လေသည်။ ဘိလပ်ပြန် မြန်မာများ၏ ကျေးဇူးကြောင့် အင်္ဂလိပ်ဘီရာဆိုင်များ အကြောင်းကို စာဖတ်သူများ သိတန်သရွေ့သိကြမည်ဟု ကျွန်တော်ထင်သည်။ ဘီရာဆိုင်ကို အင်္ဂလိပ်စကားအတိုကောက်ဖြင့် ပတ်(Pub) ဟုခေါ်သည်။ တိုက်ရိုက်ဘာသာပြန်ရသော် အရပ်သား၏အိမ်၊ အရပ်သား၏တင်းကုပ် ဟူ၏။ အရပ်သူ အရပ်သားတွေက မှည့်ခေါ်ထားသည့် အမည်ပေမို့ထင့်၊ ထိုအမည် တွင်နေလေသည်။ အမည်နှင့်လိုက်အောင် ညနေပိုင်း၊ ညဦးပိုင်းများတွင် ကျား-မ အတန်းအစားမရွေး ဆိုင်တနေရာတွင် စုကာစုကာ ဘီရာတမြိန့်မြိန့်သောက်ရင်း စကားပြောလေ့၊ အပန်းဖြေလေ့ရှိသည်။ ကျွန်တော်တို့နိုင်ငံရှိ လဘက်ရည်ဆိုင်များတွင် လူသူမရွေး အချိန်ဖြုန်းကြသကဲ့သို့တည်း။

မြန်မာဝေလေ့အရ မိန်းမနှင့်ယစ်သည် တခြားတဘာသာစီဖြစ်သည် ဟူသော သဘောဖြင့် မင်းယုဝေက ခေါ်မသွားခြင်းဖြစ်လေသလား မသိရ။ ဘီရာဆိုင်သို့ ငွေတာရီ တခါမျှမရောက်ဖူးပေ။ ကျွန်တော့်မှာမူ ဘီရာဆိုင်အပေါ်တွင် ဤအစွဲအလမ်းမျိုး မရှိသည်ဖြစ်၍ ငွေတာရီကို ဖိတ်ခေါ်ရန် ဝန်မလေးခဲ့ချေ။ "လိုက်ရဲရဲ့မဟုတ်လား၊ ရှက်စရာမရှိပါဘူး"ဟု ကျွန်တော်က ပြောသည်။ သူတို့နှစ်ဦးက ပြုံး၍ "ကိစ္စမရှိပါဘူး"ဟု ပြန်ဖြေကာ လိုက်လာကြလေသည်။

ဆိုင်တွင် ကျွန်တော်တို့ ယောကျ်ားများက ဘီရာသောက်သည်။ ငွေတာရီအတွက်မူ စိုက်ဒါခေါ်သည့် သစ်သော့သီးဖျော်ရည်ကို မှာပေးထားသည်။ သူသည် လုပ်ရိုးလုပ်စဉ် နေရိုးနေစဉ်မှ သင့်သလိုပြောင်းတတ် လိုက်လျောတတ်သူဟု ကျွန်တော်ချီးမွမ်းနေမိသည်။ သူကိုယ်တိုင်ကလည်း ဤသို့ရောက်ပေါက်ခဲ့ရသည်ကို အသိအမြင်တိုးသည်ဟု ထင်မှတ်ပုံရ၏။ အဘယ်ကြောင့်ဆိုသော် ဆိုင်၏အခြင်းအရာကို ပြုံးပြုံးရွှင်ရွှင် မျက်နှာထားဖြင့် လှမ်း၍ လှမ်း၍ ကြည့်တတ်သောကြောင့်တည်း။ ထိုကမှ ကျွန်တော်တို့ အီတာလျံမုံ့တီဆိုင်၌ နေ့လယ်စာ စားကြပြန်သည်။ ညပိုင်းရောက်သော် ကုလားဆိုင်၌ ထမင်းစား၊ နောက်သူတို့၏ နေအိမ်တွင် ကော်ဖီအပြီးသတ်သောက်ကာ ခွဲခွါကြလေသည်။

ခွဲသာခွဲလာရသည်။ ရန်ကုန်သို့ ကျွန်တော်ပြန်ရောက်သည့်အခါ လန်ဒန်တွင် သူတို့နှင့် ကြုံခဲ့ပုံကို မကြာမကြာ သတိရလေ့ရှိလေသည်။ သတိရ၍ ဟုတ်ဟုတ်ငြားငြား မဖတ်မိသော ငွေတာရီကဗျာများကို တစုတဆောင်းလုပ်ကာ ကျွန်တော်ဖတ်စပြုလာသည်။ ဖတ်ပြီးသည့်အခါများ၌ ရန်ကုန်သို့ ပြန်ရောက် နေပြီဖြစ်သော ငွေတာရီတို့ဆီ သွားပါအုံးမယ်လေဟု အောက်မေ့၏။ သို့ရာတွင် စိတ်သာရောက်သည်၊ လူကား မရောက်ဖြစ်။ မင်းယုဝေကိုမူ အလုပ်နှင့်စပ်၍ ရံဖန်ရံခါ တွေ့ရတတ်သည်။ တွေ့သည့်အခါတွင် သူတို့နှစ်ဦးစလုံးနှင့် ထမင်းအတူစားမည်ဟု ရက်ချိန်းကြည့်၏။ မအောင်မြင်။ ဤသို့ အဆင်မသင့် ဖြစ်နေသည့် အတောအတွင်း ငွေတာရီဆုံးသည့် သတင်းကို မဦးမချွတ် ကြားရလေသည်။ ထိုအခါတွင်မှ သူတို့နှစ်ဦးနှင့် ကျွန်တော် ဆက်သွယ်ခဲ့ပုံကို ပို၍ စဉ်းစားမိလာသည်။

လန်ဒန်တွင် တွေ့ကြစဉ်က စကားအများဆုံး ပြောသူသည် ကျွန်တော်ပင်ဖြစ်သည်ဟု ထင်၏။ ကျွန်တော်ပြောခဲ့သည့်စကားကိုကား လုံးစေ့ပတ်စေ့ မမှတ်မိတော့ပါ။ ဤသူရေးသည့်စာကို ကျွန်တော် ကြိုက်သည်။ ထိုသူရေးသည့်စာကို ကျွန်တော်မကြိုက်။ အဘယ်ကြောင့် ကြိုက်ရသည်။ အဘယ့်ကြောင့် မကြိုက်ဘဲရှိရသည်။ ဤသို့ ကျွန်တော်ပြောခဲ့သည်။ ပြောခဲ့သည့် အကြောင်းအရာထဲတွင် အင်္ဂလိပ်စာပေ၊ တရုပ်စာပေ ပါလေသည်။ ကျွန်တော်သတိရသေး၏။ စာရေးဆရာ တဦးဦးအပေါ်၌ ကျွန်တော်က အဆုံးအဖြတ်ပေးသည့်အခါတိုင်း ငွေတာရီက စိတ်အားထက်သန်စွာ ထပ်၍ ထပ်၍ မေးတတ်သည်။ ကျွန်တော်လည်း သူနားမဝင်ဘူးဟု ထင်၍ ဆင်ခြေဆင်လက် ယုတ္တိယုတ္တာ ထပ်၍ ထပ်၍ ပေးရသည်။ အထူးသဖြင့် တရုပ်ကဗျာများနှင့် ပတ်သက်၍ သူထပ်မေးသည်ကို ကျွန်တော် မှတ်မိ၏။ တရုပ်ရှေးကဗျာများကို ကျွန်တော် အလွန်နှစ်သက်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် စာဆိုဖြစ်သူတို့သည် ကြီးကြီးကျယ်ကျယ် အကြောင်းအရာတို့ကို ဖွဲ့နွဲ့ခြင်းမရှိကြ။ ကျမ်းဂန်မျက်စိနှင့် မကြည့်ကြ။ သူတို့ လက်လှမ်းမှီသော ဝါးပင်၏ အမူအရာ၊ မိတ်ဆွေသင်္ဂဟတို့၏ အမူအရာ စသည်ကို ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်အမြင်ဖြင့် တော်တည့်အောင် သိမ်းဆည်းဖွဲ့ဆိုတတ်ကြောင်းဖြင့် ကျွန်တော်၏ အစချီစကားကိုရော၊ သူမေး၍ ဖြည့်ပေးရသော စကားကိုပါ စုပေါင်း ပြောခဲ့ဘူးလေသည်။

စကားပြော၍ အားရသောအခါ ကျွန်တော်တို့ချင်း ရန်ကုန်မှာ တွေ့မှ တဝကြီးပြောကြရအုံးမည်ဟု သဘောတူလိုက်ကြသည်။ သို့ရာတွင် ငွေတာရီကား ဆုံးခဲ့ပြီဖြစ်သည်။ ပြောချင်သော စကားတွေ အတွက်လည်း အချိန်နှောင်းခဲ့ပြီဖြစ်၏။ ကျွန်တော်သည် "ဤမီးတိုင်" "မြစ်၏လင်္ကာ" "အလှရှာသော်" "နောက်ဆုံးတပွင့်" "ဇရာပီတိ"စသော သူ့ကဗျာများကို ဆန်းစစ်ကြည့်မိသည်။ ထိုကဗျာများတွင် စာဆိုဖြစ်သူသည် သူမြင်ရသော အဆိုးကို အကောင်းဖက်သို့ ပြောင်း၍ ကြည့်တတ်သည့် အခြင်းအရာ၊ စာဆိုဖြစ်သူ၏ အသင့်အတင့် နှလုံးသွင်းတတ်သည့် အခြင်းအရာတို့သည် ပေါ်လွင်နေပါသည်။ ကျွန်တော်သည် လန်ဒန်အတွေ့အကြုံကို ဂရုစိုက်ကြည့်ပြန်ပါသည်။ ငွေတာရီတွင် အကြောင်းအရာတခုနှင့် ကြုံကြိုက်ရသည့်အခါ ယထာဘူတကျအောင် ကြည့်ချင်စိတ်၊ စူးစမ်းချင်စိတ်တို့ ပေါ်လွင်နေပုံကို ဘီရာဆိုင်၌၄င်း၊ သူတို့နေသည့် အိမ်၌၄င်း ကျွန်တော်မြင်ခဲ့ရပါသည်။

ငွေတာရီအမည်ခံ အမျိုးသမီးတယောက်သည် လူအနေဖြင့် ကျွန်တော်၏ မြင်ကွင်းမှကွယ်ခဲ့ပြီ မှန်၏။ သို့ရာတွင် ကျွန်တော့်ရှေ့ရှိ စက္ကူဖြူ ဖွေးဖွေးပေါ်၌ စာလုံးမဲနှင့် တည်ရှိနေသည့် သူ့ကဗျာများတွင် လန်ဒန်၌ ကျွန်တော့်အဖို့ သိသာစေခဲ့သော သူ၏ စိတ်ဓာတ် အမူအရာတို့သည် ဝင်းလိုက် လက်လိုက် ရှိနေပါသတည်း။

တိုက်စိုး

ငွေတာရီမဂ္ဂဇင်း

(၁၉၆၂-ခု မတ်လ)

× × × × × × × × × × × × ×

ငြိမ်းလေသော ဆီမီးတိုင်

တင်မိုး

"မလင်းပြာလည်း

မှောင်ကြား မှာတော့ ဝင်းပါလိမ့်။

ဆင်းမကြွားလည်း

ပျံ့ရှား ကာတော့ သင်းပါလိမ့်"

(ငွေတာရီ၏ "အညတြ"ကဗျာမှ)

အမှတ်တရရနှင့် ငွေတာရီ၏ ကဗျာကလေးများကို သီဆိုမိတော့သည်။ အသဲနှလုံးဝယ် သူ့ကာရန်ကလေးများက ဝင်၍ ဝင်၍ တိုး၏။ မှတ်မိသေးသည်။

"သာတင့် ပြာရင့်၊ အာကာမြင့်ထက်

ကြွားဝင့်စံမြန်း၊ ကြယ်စုံဝန်း၍

တင့်ရှန်းဖြူဖွေး၊ စန္ဒီအေးသည်

ငွေသွေးစိုကာ ကြည်လျက်ကို။"

စသော ငွေတာရီ၏ "ဆု"ကဗျာကို သွေးသောက်မဂ္ဂဇင်းတွင် ဖတ်မိသည်။ ကျွန်တော်သည် ဤကဗျာကလေးကို ထပ်တလဲလဲဖတ်သည်။ ချိုလည်း ချိုသည်။ နားလည်း နားလည်လွယ်သည်။ ငွေတာရီကဗျာကို "ဆု"ကဗျာမှ စတင်၍ ဖတ်ဖူးသည်။ ကျွန်တော် ကဗျာရေးချင်သော အကြောင်းရင်းတွင်လည်း ဤ "ဆု" ကဗျာ ပါ ပါ၏။

ကျွန်တော်သည် "ဆု"ကဗျာကို ထပ်ခါတလဲလဲ ဖတ်ရင်း ဆိုရွတ်ရင်းနှင့်ပင် ကျွန်တော့်ရင်တွင်းဝယ် ပျိုရွယ်သူတို့၏ နှလုံးသားလေးက ခုန်၍ ခုန်၍ လာသည်။ ကျွန်တော့်ရင်ခုန်သံကို ငွေတာရီလိုပင် လှပသော စကားလုံးလေးများဖြင့် သီကုံးချင်သည်။

ရင်ခုန်တတ်စအရွယ်တွင် ရင်ခုန်သံကို ကဗျာဖွဲ့သော ငွေတာရီနှင့် သိရ ကျွမ်းရတော့သည်။

ယင်းကြောင့် ငွေတာရီသည် ကျွန်တော့်ဆရာတဆူလည်း ဖြစ်သည်။ ကဗျာမိခင်တဦးဟုလည်း ခေါ်နိုင်သည်။

"ငွေတာရီကွယ်လွန်ပြီ"ဟူသော သတင်းသည် ကျွန်တော့်အား ဝမ်းနည်းလိုက်ဖို ငိုချင်စေခဲ့သည်။ ယူကျုံးမရ တသစေခဲ့သည်။ မိခင်ပျောက်သော သားငယ်ကဲ့သို့ ကဗျာ့မိခင် စာဆိုတဦး သက်ရှယ်နပျိုစဉ်မှာပင် ဆုံးပါးသွားရသည့်အတွက် နမြောနမိနှင့် မချိနိုင်ပါပေ။

မတ်လ-၁၉ရက်နေ့တွင် အမျိုးသမီးစာဆိုကျော် ငွေတာရီသည် ကွယ်လွန်ခဲ့လေပြီ။ ငွေတာရီ၏ ကဗျာမွန်များကို နောက်ထပ် ဖတ်ခွင့်ကြုံတော့မည် မဟုတ်ပါချေ။

ငွေတာရီကို မြင်လည်းမမြင်ဘူး၊ တွေ့လည်း မတွေ့ဘူးချေ။ သို့သော် သူ့ကဗျာကလေးများသည် ကျွန်တော်တို့ကို ပီတိဖြစ်စေသည်။ ရွှင်လန်းစေသည်။ စိတ်ကူးသစ် အတွေးသစ်များနှင့် မိတ်ဆက်တွေ့ဆုံပေးသည်။

မင်းယုဝေနှင့် ငွေတာရီတို့ စာဆိုမောင်နှံသည် ယခင်ကလို "ရတနာကဗျာများ"ကဲ့သို့ မထုတ်နိုင်တော့ချေ။ 'အီစွပ် ပုံပြင်များ"ကဲ့သို့ အတူတွဲ၍ ဘာသာမပြန်နိုင်တော့ချေ။ ဝမ်းနည်းဖွယ်ကောင်းလေစွ။

ငွေတာရီသည် ကွယ်လွန်လေပြီ။ သို့သော် သူစိုက်ပျိုးခဲ့သော ကဗျာပန်းစာပန်းများမှာ စာဖတ်သူတို့၏ အသဲမြေပြင်၌ လန်းဆန်းလျက် ရှိလေသေးသည်။ ကြည်လင်လျက် ရှိလေသေးသည်။ ပျံ့သင်းလျက်ရှိလေသေးသည်။

မြန်မာစာပေ၏ ဥယျာဉ်မှူးတယောက် ဆုံးရှုံးလေပြီ။ ပန်းပွင့်ကလေးများ လန်းဆန်း ရွှင်ပျနေသည်ကို မြင်ရလေ ဥယျာဉ်မှူးကို တမ်းတသတိရလေ ဖြစ်တော့မည်။ ကျွန်တော့်နည်းတူ ကဗျာချစ်သူတိုင်း ဝမ်းနည်းပက်လက် ဖြစ်ကြပေမည်တည်း။

မိခင့်သက်ရှယ်ကား ငယ်နုလှပါသေးသည်။ သို့သော် သေမင်းသည် အနုပညာရှင်တဦးဟူ၍ နမြောတတ် ရကောင်းမှန်း မသိ။ ခေါ်ဆောင်သွားလေပြီ။ ပန်းများကို နောက်ထပ် ပွင့်စေနိုင်တော့မည် မဟုတ်။

မြန်မာစာပေအတွက် ကြီးစွာသော ဆုံးရှုံးခြင်းပင် ဖြစ်သည်။ ငွေတာရီ၏ လှပသော အတွေးအခေါ်များနှင့် ကဗျာများကို ဖတ်ရတော့မည်မဟုတ်သည့်အတွက် လွမ်းဆွတ် မိပါတော့သည်။

အို..... စာဆိုကျော်၊ သင်၏ ဆုံးရှုံးခြင်းသည်လည်း တိုင်းပြည်၏ ဆုံးရှုံးခြင်းပါပေတည်း။

အို........စာဆိုကျော်၊ ကျွန်ုပ်သည် သင်၏ မေတ္တာနှင့်သင်းလျက် ရှိသော ကဗျာများကို ဖတ်၍ ကြီးပြင်းသူဖြစ်ပါ၏။ မိခင်၏ မေတ္တာနှင့်သည် ပြယ်တော့မည် မဟုတ်ပါ။

မိခင် ကွယ်လွန်ပြီဖြစ်သော်လည်း မိခင်၏ ကဗျာပန်းအဖုံဖုံတို့မှာ အသွေးအဆင် အစုံစုံနှင့် ထုံလျက်သင်းလျက် ရှိပါလိမ့်မည်သာတည်း။

အမျိုးသမီးစာဆိုကျော် ငွေတာရီသို့ ဦးညွှတ်ပါ၏။

ကန်မြဲ နန်းမြင့်နွယ်

ငွေတာရီကွယ်လွန်သည့် သတင်းကို ကြားလိုက်ရသည်နှင့် တပြိုင်နက် စိတ်နလုံး ထိခိုက်သဖြင့် အထက်ပါဆောင်းပါးကို ၁၉၅၈-ခု၊ ဖေဖော်ဝါရီလထုတ် လူထုဂျာနယ် အမှတ် ၉၆-တွင် ကျွန်တော်ရေးခဲ့မိပါသည်။

ငွေတာရီ ကွယ်လွန်ခဲ့သည်မှာ ၄-နှစ်ရှိပေပြီ။ ဤ ၄-နှစ် အတွင်းတွင် ခင်ပွန်းသည် မင်းယုဝေ၏ လုံ့လကြောင့် 'ငွေတာရီကဗျာတရာ"ကျမ်း ထွက်ပေါ်ခဲ့သည်။ "ငွေတာရီ စာစဉ်"နှင့် "ငွေတာရီ မဂ္ဂဇင်း"ကိုလည်း တည်ထောင်နိုင်ခဲ့သည်။

ကျွန်တော့်နားတွင် "ငွေတာရီကဗျာတရာ"အတွက် စာပေဗိမာန်ဆုကို မင်းယုဝေက ကိုယ်စားခံယူစဉ် ပြောသောစကားကို ကြားယောင်ယောင်ဖြစ်နေမိသည်။

"ပထမ အကြိမ် စာပေဗိမာန်ဆုယူစဉ်က ကျွန်တော်အင်္ဂလန်ရောက်နေတဲ့အတွက် သူတဦးတည်းသာ ခံယူခဲ့ရပါတယ်။ အဲဒီတုန်းက ကျွန်တော်ဟာ သတင်းကို အဝေးက ကြားလဲကြားနိုင်ခဲ့ပါတယ်။ ဝမ်းလဲ မြောက်နိုင်ခဲ့ပါတယ်။

အခုတကြိမ်မှာတော့ သူ့ကိုယ်စား ကျွန်တော်က ဆုကိုခံယူရပါပြီ။ ဒီသတင်းကို သူ့မှာတော့ ကြားလဲမကြားနိုင်၊ ဝမ်းလဲမမြောက်နိုင်တော့ပါဘူး။ ဒါတွင်မက သူ့စာအုပ်ကို ကျွန်တော်က တထုပ်တအုပ် ထုတ်ဝေခဲ့တယ် ဆိုတာကိုတောင် သူ မသိနိုင်ရှာတော့ပါဘူး"ဟု မင်းယုဝေက ဝမ်းနည်းပက်လက် ပြောခဲ့သည်။ ထိုစကားကို ကျွန်တော်သည် ဖျောက်၍ မရနိုင်အောင် ကြားနေမိသည်။

ငွေတာရီဟူသော ဆီမီးတိုင်သည် ငြိမ်းခဲ့ပြီ။ သို့သော် အရောင်အဝါကား ထွန်းလင်းလျက် ရှိပေသေးသည်။ ကျွန်တော် "ဖန်မီးအိမ်"ကဗျာကို ဖွဲ့ဖြစ်သည်မှာလည်း ငွေတာရီ၏ "အညတြ"ကဗျာမှ ပေးသော အရောင်အဝါပါတကားဟု သတိပြုမိသည်။ ကျွန်တော်တို့ ကိုယ်တွင်း၌ကား ငွေတာရီ၏ မီးတိုင်သည် လင်းလျက်ပင်။

"မီးတိုင်ငြိမ်းလည်း

ခပ်သိမ်းဝန်းကျင်၊ လင်းလျက်ပင်တည့်"

တင်မိုး

ငွေတာရီမဂ္ဂဇင်း

(၁၉၆၂-ခု၊ မတ်လ)

× × × × × × × × × × × × ×

**မျိုးချစ် စာဆိုမယ် ငွေတာရီ**

**ထီလာစစ်သူ**

မြန်မာနိုင်ငံတွင် အမြင့်ဆုံးသော စာပေဆုကို နှစ်ကြိမ်တိတိ ရရှိခဲ့သော အမျိုးသမီးစာရေးဆရာမကား "စာဆိုမယ် ငွေတာရီ"ပင်ဖြစ်သည်။ မြန်မာအမျိုးသမီး မခင်ရီကား သေခဲ့လေပြီ။ သို့သော် စာဆိုမယ် ငွေတာရီကား မသေသေးပေ။ မြန်မာလူမျိုးနှင့် မြန်မာစာပေ တည်ရှိနေဦးမည့် ကာလပတ်လုံးတွင် ငွေတာရီသည်လည်း အဓွန့်ရှည်စွာ ရှိနေဦးမည်သာဖြစ်သည်။ သူသည် ကဗျာပုဒ်ရေ (၈၀၀)ကျော် ရေးစပ်ဖွဲ့ဆိုသွားခဲ့သည်မှာ အံ့တပါးပင် ဖြစ်သည်။ ဤကဗျာများသည် အရေအတွက်သာမဟုတ်။ အရည်အချင်းလည်း ပြည့်ဝသော၊ တန်ဘိုးလည်း မဖြတ်နိုင်သော စာပေရတနာများဖြစ်ကြသည်ကိုမူ သူ၏ "မာလာမြိုင်း ကဗျာများ"၊ "ရတနာကဗျာများ" နှင့် "ငွေတာရီ ကဗျာ(၁၀၀)"စာအုပ်များက သက်သေခံ လျက်ရှိသည်။

ငွေတာရီသည် ထူးကဲသော ပါရမီရှင်တဦးဖြစ်သည်။ ကျွန်တော်တို့သည် မြန်မာစာပေကို လေ့လာသုံးသပ် ဆင်ခြင်သောအခါ သူ့ကို မေ့ထား၍ မဖြစ်ပေ။ သူသည် တိုင်းပြည်နှင့် လူမျိုး၏အကျိုးကို ကဗျာဖြင့် သည်ပိုးထမ်းဆောင်ခဲ့သည်။ သူ့အဖို့ ဖြတ်သန်းလာခဲ့ရသော ဖက်ဆစ်ခေတ်ဆိုး ခေတ်ကြမ်းကိုင်း၊ စစ်ပြီးကာလ ကိုလိုနီခေတ်ကိုင်း မမေ့နိုင်ခဲ့ပေ။ စာဆို၏ နလုံးသားတွင် ရက်စက်သော ဖက်ဆစ်၏ အသွင်သဏ္ဌာန်တို့ကို စက်ဆုပ်နာကျည်းမှုသည် စွဲကပ်နေကြောင်းကို "ကဗျာဆရာမှ တော်လှန်ရေးသို့"ကဗျာ၊ "သွေးသောက်ညီနောင်"ကဗျာ၊ "တပေါင်းလ၏ ပန်းချီသစ်"ကဗျာ၊ "လက်နက်"ကဗျာ၊ "တော်လှန်စိတ်"ကဗျာတို့ဖြင့် ဖော်ပြဖွဲ့နွဲ့သွားပေသည်။

ထိုကဗျာများသည် ရဲရင့်သောစိတ်၊ ခိုင်မြဲသောဖွဲ၊ နက်ရှိုင်းသော အတွေးတို့ဖြင့် ရေးခြယ်ထားသော ကဗျာများဖြစ်သည်။

"ကြီးသော ငယ်သော၊ ပျိုသော ရွယ်သော

ခွဲလို့သာပြောရ၊ တသဘောထဲ

ရဲဘော်နှင့် လယ်သမား

ကျောင်းသားနှင့် လူငယ်

ဖက်ဆစ်ရန် တော်လှန်ပွဲပေမို့

အံခဲကာ သယ်လိုက်ကြ။"

(တပေါင်းလ၏ ပန်းချီသစ်မှ)

ထိုကဗျာများတွင် အမျိုးသားစိတ်ကို လှုံ့ဆော်ပေးသော၊ မိမိ၏တိုင်းပြည်ကို မြတ်နိုးစေသော အားမာန်တို့ တွေ့ရှိရသည်။ ငွေတာရီသည် အမျိုးသားလှုပ်ရှားမှု တော်လှန်ရေးကြီးကို ထောက်ခံအားပေး၍ ကြည့်ရှုတတ်သော၊ မြင်တွေ့တတ်သော အမျိုးသမီးတဦးဖြစ်သည်။

"ရေးသားစီချင်၊ ချစ်ညီခင်ရယ်

ဟိုရင်တုန်းခါ၊ တို့ဗမာတို့

လွတ်ရာလွတ်ကြောင်း၊ အားသွန်လောင်း၍

ရန်ပေါင်းထိုထို၊ ဖက်ဆစ်ကိုလျှင်

ခွင်းဖြိုသင်သုတ်၊ မောင်းနှင် ထုတ်သည်

ရန်ငုတ် မကျန် ကြွင်းဘို့တည်း။"

(ကဗျာဆရာမှ တော်လှန်ရေးသမားသို့)

အမျိုးသားစာပေဝန်ကို ထမ်းဆောင်ခဲ့ရာတွင် ကျေပွန်ခဲ့ပြီဟု ဆိုနိုင်သော ကဗျာများဖြစ်ပေသည်။ အမျိုးသား ညီညွတ်ရေးကို အားပေးသော စေတနာရှင်ဖြစ်ကြောင်းလည်း ကျွန်တော်တို့ခန့်မှန်းနိုင်ပေသည်။ လူနားမလည်သော၊ စိတ်ပျက်ဖွယ်ရာကောင်းသော၊ အရှုံးများ၏ အတွေးဆန်သော၊ သရုပ်ပျက်ဖောက်ပြန်သော၊ လူ့လောကမှထွက်ပြေးနေသော ကဗျာဆရာ၊ ကဗျာဆရာမများနှင့် ကွာခြားလှပေသည်။

တချိန်က ကျော်ကြားမှုတွင် မီးတောက် မီးလျှံကဲ့သို့ ဟုန်းဟုန်းတောက်ခဲ့သော ကဗျာဆရာ၊ ကဗျာဆရာမအချို့၏ ကဗျာများကို ငွေတာရီ၏ ကဗျာများကဲ့သို့ စစ်တမ်းထုတ်လိုက်ပါမူ ကျောက်သံပတ္တမြားကဲ့သို့ အဘိုးတန် ရတနာများကို ရရှိမည် မဟုတ်ချေ။ ဤသည်ပင်လျှင် ကွယ်လွန်သူ စာဆိုမယ် ငွေတာရီ၏ ဂုဏ်ဒြပ်တို့ကို ပိုမိုထွန်းပြောင်စေပေသည်။

သူသည် ပတ်ဝန်းကျင်၏ အလှအပကိုလည်း မြတ်နိုးချစ်ခင်ပေသည်။ လယ်ယာ လယ်ခင်း၊ အင်းအိုင်မြစ်ချောင်းတို့ကား သာမောပေစွ။ တောင်စောင်းတောင်ထိပ် စေတီရိပ်ကား ကြည်ညိုညွတ်နူးဖွယ်ကောင်းပေစွ။ မွေးဖွားကြီးပြင်းရာ မိခင်မြေကား သာလေစွဟု စိတ်စေရင်း သူတပါးနိုင်ငံ သူတပါးမြေသို့ ရောက်လိုစိတ် မရှိတော့၊ အထင်မကြီးတော့ပြီဟု "အလှရှိရာ"ကဗျာတွင် ဤသို့ဆိုထားပေ၏။

"သူ့ရွာသူ့ပြည်၊ သာမောသည်ဟု

နုတ်ရည်စကား၊ ဘယ်သို့ကြားလည်း

ငါကား မတုန်လှုပ်ပြီတကား"။

သူတပါးနိုင်ငံသို့ ရောက်သွားသော အချို့မြန်မာအမျိုးသား၊ အမျိုးသမီးတို့သည် ပြန်လာသောအခါ အမိမြန်မာနိုင်ငံကို အထင်သေး အမြင်သေးလာတတ်သော စိတ်ဓာတ်များ ကိန်းအောင်းဝင်ရောက်သည်ကို ကျွန်တော်တို့သည် ယနေ့တိုင် တွေ့မြင်နေရသည်။ စာဆိုသည် ဤသို့သော အမျိုးသစ္စာဖောက်များအား တမလွန်ဘဝမှပင် သတိပေးနေဆဲပင်ဟု ခံစားမိလေသည်။

"သူ့ဘဝစက်ဝန်းသည် စစ်ကြီးအတွင်းတွင် အတန်ငယ်ကျယ်ဝန်းလာဟန် တူသည်။ သူ့တိုင်းပြည်ကို သူ သတိမူလာသည်။ သူ့တိုင်းပြည်၏ လွတ်လပ်ရေးကို သူတွေးလာသည်။ ဖက်ဆစ်တော်လှန်ရေး ရဲဘော်တို့၏ ရဲစွမ်းသတ္တိနှင့် လုံ့လတို့၌ သူ စိတ်ဝင်စားလာသည်။"ဟူ၍ ဆရာဇော်ဂျီက ငွေတာရီ ကဗျာ(၁၀၀)စာအုပ်မှ အမှာစာတွင် အကဲဖြတ် ဝေဖန်ခဲ့ကြောင်း တွေ့ရပေသည်။

သူသည် နူးညံ့သိမ်မွေ့သော၊ အိမ်တံစက်မြိတ်အောက်မှ အပြင်သို့မထွက်သော အမျိုးသမီးဖြစ်စေကာမူ ကြမ်းတမ်းပြင်းထန်လှစွာသော တပ်မတော်သားတို့၏ ဘဝကို စူးရှ ထက်မြက်သော စိတ်ကူးစိတ်သန်းတို့ဖြင့် တွေးယူဖွဲ့စပ်ခဲ့သည်။ ပင်ပန်းနွမ်းနယ်စွာ ချီတက်လှုပ်ရှားနေရသော တိုင်းပြည်သားကောင်းများ၏ အသွင်သဏ္ဌာန်ကို တရံအခါက မြင်တွေ့ကောင်း မြင်တွေ့လိုက်ဟန်တူပါသည်။ ကျွန်တော်တို့သည် သူ၏ "ချီတက်အမိန့်"ကဗျာကို ဖတ်လိုက်ရသောအခါ ကဗျာဆရာနယ် ငါတို့ဘဝကို သိမှသိတတ်ပလေ-ဟု ရင်သပ်ရှုမော အံ့သြကြရသည်။

"သေနတ်ကိုဆွဲ၊ လုံ့စွပ်စွဲ၍
နှင်းထဲသို့တိုး၊ ခလုတ်ဆိုးနှင့်
ထုပ်ပိုးအပြည့်၊ တအိအိကြောင့်
မချိငါ့မှာ၊ မောလေပါလည်း
"ဗမာအကျိုး၊ ပြည့်အကျိုး"ဟု
မညှိုးစေရ၊ စိတ်ကိုဆွ၏။
"ရှေ့ကချီတက်"၊ မိန့်မှာမြွက်သည့်
ချီတက်အမိန့်၊ နားတွင်ငြိမ့်၍
နှစ်သိမ့်ကြည်စွာ၊ ရှေ့သို့သာလျှင်
ခိုင်မာစိတ်သွင်း၊ ဖွဲ့နှင့်ရင်းသည်
အားတင်းကာပင် တက်တော့၏။"

(ချီတက်အမိန့်ကဗျာမှ)

အထူးမှာကား ဤကဗျာသည် ယခုခေတ်မှ ကဗျာမဟုတ်ချေ။ ၁၉၆၄-ခုနှစ်လောက်က ရေးဖွဲ့ခဲ့သော ကဗျာဖြစ်သည်။ "မာလာမြိုင် ကဗျာများ"မှ တပုဒ်ကဗျာဖြစ်ပေသည်။

သူသည် "ကင်းစောင့်"ကဗျာတွင် ရဲဘော်များ ကင်းတာဝန်ကျနေသော ဘဝကို ရိုးရိုးနှင့် ရှင်းရှင်းပင် ဖေါ်ထားရာ ပေါ်လွင်လှပေသည်။

စစ်သားဘဝကို မည်သည့်အခါက လေ့လာထားလိုက်သည်ကိုကား မသိပေ။ သို့သော် သူရေးခဲ့သမျှသော စစ်သားတို့၏ ဘဝကဗျာများသည် မှန်ကန်လှသည်။ တောတောင်စွန်း တနေရာ၌ ရဲဘော်ကလေးများ ကင်းတာဝန်ကျနေစဉ် ချမ်းလှပုံပြောပြထားသည်မှာ ကရုဏာရသ ပေါ်ပေသည်။ ချမ်းအေးစေကာမူ တာဝန်ကား တာဝန်ဘဲပင်ဟု ဆိုသွားပုံမှာ ထိမိလှသည်။

"ကမူစွန်း၌
ချမ်းလွန်းခိုက်ခိုက်၊ သေနတ်ပိုက်လျက်
တဝိုက်မြိုင်ပေါ်၊ ဘေးရန်မျှော်သည်
ရဲဘော်သူလဲ ကင်းစောင့်ဆဲ။"

စာဆိုမယ်သည် အမျိုးသားရေးနှင့် ပတ်သက်သော ကဗျာများစွာ ဖွဲ့နွဲ့သည်။ အမျိုးကို ချစ်မြတ်နိုးသောစိတ်၊ တိုင်းပြည်ကို တွယ်တာနစ်သက်သောစိတ်၊ ယဉ်ကျေးမှုကို ထိန်းသိမ်း ကာကွယ်လိုသောစိတ် တို့ဖြင့် မွှမ်းထုံအပ်သော သူ၏ကဗျာများသည် မြန်မာနိုင်ငံသူ နိုင်ငံသားတို့အတွက် တတပ်တအားဟုပင် ဆိုလိုက်ချင်တော့သည်။

"ဗမာမငဲ့"ကဗျာသည် အမျိုးအား နှစ်သက်မြတ်နိုးခြင်းစိတ်ကို ဖြစ်ပေါ်စေပေသည်။ "တောသူ့ရွာဝင်" ကဗျာသည် မြန်မာမှုကိုဆိုသော ပြောသော စေတနာပါပေသည်။

"ကြေးစည်သံလည်း

ဝဲပျံလေဝယ်၊ မောဖြေဘွယ်တည့်။

ဆန်ဖွပ် မောင်းထောင်း

နွားကျောင်း ယာထွန်၊ လုပ်ငန်းဝန်လည်း

အားသွန်ကြိုးကာ၊ ဆောင်ဘို့သာတည့်။

ကောင်းဆိုးတိုင်ပင်၊ မှူစီရင်၍

ချစ်ခင်နီးရင်း၊ အချင်းချင်းလျှင်

ပေါင်းသင်းဆက်ဆံ၊ ပျော်ဘို့ဖန်တည့်။"

("တောသူ့ရွာဝင်"ကဗျာမှ)

ဆရာကြီးဇေယျသည် ၁၉၆၂-ခု၊ ဩဂုတ်လတွင် ထုတ်ဝေခဲ့သော ရှေးဟောင်းကဗျာပေါင်းချုပ် စာအုပ်၏ နိဒါန်းတွင် ဤသို့ ဆိုသွားသည်။

"ကဗျာဟူသည် အမျိုးသားတို့၏ အမြတ်ဆုံးသော အမွေအနှစ်ကြီးဖြစ်သည်။ လွတ်လပ်သော လူမျိုးတို့အတွက် အခိုင်မာဆုံး အကာအကွယ်ကြီးဖြစ်သည်။ လူတမျိုး လူတစုသည် ကံမကောင်း အကြောင်းမလှသဖြင့် မည်မျှလောက် ညှိုးငယ်အောက်တန်းကျစေကာမူ အမျိုးသားကဗျာတည်ရှိနေသေးသမျှ အထက်တန်းသို့ရောက်နိုင်ရန် မြော်လင့်ချက်ရှိသေးသည်။ မည်မျှပင် အားအင်ကောင်းသောအမျိုးဖြစ်စေ၊ ကဗျာစိတ် ပျောက်လျှင်၊ အမျိုးပါပျောက်သွားနိုင်သည်။"

စာဆိုမယ်ငွေတာရီကား အမျိုးသားကဗျာ များစွာရေးဖွဲ့ခဲ့ပြီးလေပြီ။ သူကားမရှိတော့။ သို့သော် သူ၏ ကဗျာလင်္ကာတို့သည် မြန်မာ့သမိုင်းတွင် ထွန်းပြောင်သော မီးရှူးတိုင်များအဖြစ်ဖြင့် တည်ရှိနေပေသည်။ ဤမီးရှူးမီးတိုင်တို့သည် မြန်မာအမျိုးသား အမျိုးသမီးတို့၏ နှလုံးသားတွင် အမျိုးသားစိတ်တည်းဟူသော မီးတောက်အားကို ကြီးမားစေလိမ့်မည်သာတည်း။ ဆရာကြီးဇေယျ ဆိုသကဲ့သို့ပင် အမျိုးသားတို့၏ အမြတ်ဆုံးသော အမွေအနှစ်တွင် သူ၏ကဗျာများသည် ပါဝင်နေပေပြီ။ လွတ်လပ်သော ကျွန်တော်တို့ လူမျိုးအတွက် အခိုင်အမာဆုံး အကာအကွယ် ကဗျာခံတပ်တွင် ပါဝင်နေလျက် နှစ်ပေါင်းများစွာ တည်ရှိပါလိမ့်မည်ဟု ကျွန်တော်ဆိုရဲပါသတည်း။

ထီလာစစ်သူ

ငွေတာရီမဂ္ဂဇင်း

(၁၉၆၃-ခု၊ မတ်လ)

× × × × × × × × × × × × ×

**ငွေတာရီ၏ ကဗျာ-၂ပုဒ်**

**တက္ကသိုလ် ဝင်းမွန်**

တောင်သူလယ်သမား ပြဿနာ

မတ်လ တော်လှန်ရေးကဗျာများဖြင့် မြန်မာတို့၏ သွေးစည်းညီညွတ်စွာဖြင့် ဖက်ဆစ်ဂျပန်ကို တွန်းလှန် တိုက်ထုတ်သည့်အကြောင်းကို ဖွဲ့ဆိုခဲ့သော မျိုးချစ်ကဗျာဆရာမ ငွေတာရီသည် မြန်မာပြည်၏ ကျေးရွာရှင်များဖြစ်သော၊ လူများစုဖြစ်သော ဆင်းရဲသား တောင်သူလယ်သမားတို့ကို လေးစားသည်။ ချစ်ခင်သည်။ တောင်သူလယ်သမားတို့၏ စွမ်းအင်နှင့်လုပ်ငန်းကို နှစ်သက်ယုံကြည်သည်။ တောင်သူလယ်သမားတို့ တိုးတက်ရာ တိုးတက်ကြောင်း ဆောင်ရွက်ပါက၊ မည်သည့်နည်းဖြင့် ဆောင်ရွက် ဆောင်ရွက်၊ မည်သူဆောင်ရွက် ဆောင်ရွက် ဝမ်းမြောက်ကျေနပ်သည်။ တောင်သူလယ်သမားများ အနှိမ်ခံရသောအခါ ခံပြင်းသည်။ တောင်သူလယ်သမားများ ဆင်းရဲကျပ်တည်းသောအခါ ကိုယ်ချင်းစာ ကရုဏာသက်သည်။ တောင်သူလယ်သမားများ ပြဿနာ၌ စိတ်ပါဝင်စားသည်။

ထိုအချက်များသည် "မရွာပါနဲ့မိုး"၊ "မိုးအားကြီး၍ မြရေအခါ"၊ "တောင်သူလယ်သမားပြဿနာ"၊ "လယ်သမားနှင့်လူထု"ကဗျာများတွင် အထင်အရှား ထိုးထွက်နေပေသည်။

"မရှာပါနဲ့မိုး"ကဗျာတွင် မိုးကို အားကိုး အားထား ပြုနေရသော တောင်သူလယ်သမားက "ရွာလိုက်ပါမိုး သွန်းကာဖြိုး"ဟု တောင့်တနေပုံ၊ မျိုးစပါးချ၍ ကောက်ပင်များကို စိုက်ပျိုးနေပုံ၊ ကန်သင်းရိုးထက်ရှိ အမိုးစောက်စောက်၊ တဲခေါင်ပေါက်၌ လယ်သမားကြီး၏ အိမ်သူမယားသည်လည်း သားလေးကိုပိုက်ထွေးလျက် နို့တိုက်ရင်း မဲမှောင်နေသော မိုးတိမ်ကိုကြည့်လျက် "ရွာပါရွှေမိုး၊ သွန်းဖြိုးဖြိုး"ဟု ရေရွတ်နေပုံ၊ အလုပြင်နေသော မြို့သူကလည်း အပြင်သို့ထွက်၍ မလည်နိုင်မည်ကိုစိုး၍ "စာဂါညစ်ဆိုး ရွာနဲ့မိုး"ဟု နှုတ်ခမ်းစူပွပွနှင့် မြည်တမ်းပုံများကို ဖွဲ့ဆိုသည်။ ဘဝနှစ်ခု အမြင်နှစ်ရပ်ကို တွေ့ရသည်။ တောင်သူလယ်သမားများကို ချစ်ခင်နှစ်သက်သော စေတနာသက်ရောက်သော ကဗျာဆရာမ ငွေတာရီ၏ စိတ်ထားသည် ပေါ်လွင်လာသည်။

"မိုးအားကြီး၍"ကဗျာတွင် မိုးအားကြီး၍ ချောင်းမြောင်းများ လျှံနေပုံ၊ လယ်ယာများ ရေဖုံးနေပုံ၊ ထိုအခိုက်လယ်သမားသည် ခမောက်ကိုဆောင်းလျက် ရေမြောင်းဖောက်ခြင်း၊ ကန်သင်းရိုးတလျှောက်မှ လွှဲပေါက်ကိုပြင်ခြင်းတို့ကို လုံ့လစိုက်ထုတ်လုပ်ကိုင်ပုံ၊ မိုးစဲသည့်အခါ ကောက်ပင်တို့ ပြန်မတ်ကာ မိုးကိုမျှော်သည်အထိ လန်းဆန်းကြပုံ၊ နှင်းဆီပင်တို့မှာ ပြန်မလန်းဘဲ ညှိုးကျသွားပုံတို့ကိုဖွဲ့ဆိုထားသည်။ အတွေ့အကြုံ အခြေအနေအရပ်ရပ်ကြောင့် ဘဝနှစ်ခု အလွှာနှစ်ရပ်တို့ ခံယူအကျိုးရောက်ပုံ ခြားနားချက်ကိုတွေ့ရသည်။ တောင်သူလယ်သမားတို့၏ စွမ်းအင်နှင့် လုပ်အားကို နှစ်သက်ယုံကြည်သော ငွေတာရီ၏ စိတ်ထားကို မြင်ရသည်။

"မြရောအဝါ"ကဗျာတွင် သာယာချိုအေးသော တေးသံပျံ့လွင့်လာ၍ လှမ်းမျှော်ကြည့်မိပုံ၊ ခပ်လှမ်းလှမ်းတွင် စိမ်းစိုနေသော လယ်ကွက်နှင့် ဝင်းဝါနေသော လယ်တကွက်ကို မြင်ရပုံ၊ စိမ်းစိုနေသော လယ်ကွက်က "အားတက်ဖွယ် မြရည်လှိုင်း"ဟူသော တေးသံ လွင့်လာ၍၊ ဝင်းဝါနေသော လယ်ကွက်က "အားရစရာ ရွှေရည်လှိုင်း"ဟူသော တေးသံမြည်လာပုံ။ ထိုအခါ မြရည်နှင့် ရွှေရည် အရောင်နှစ်ခုကြား တွေဝေမှားမိပုံ။ နောက်ဆုံး၌ ထိုတေးသံနှစ်ရပ်လုံးမှာ ကောက်ပင်ကို ဖွဲ့သော တေးချည်းဖြစ်၍၊ တေးသံနှစ်ရပ်လုံး နားဆင်၍ မငြီးသော တေးများဟု မြင်မိပုံတို့ကို ဖွဲ့ဆိုထားသည်။

တကယ်တွေးပြန်တော့

ဘယ်အသွေး ဘယ်လိုစိုလို့

ဘယ်တေး ဘယ်လိုချိုလှဲ့

ကောက်ပင်ပျို သူ့ကိုဖွဲ့ပါတဲ့

လယ်ဘွဲ့ဆို တေးသံချည်းပေမို့

ကြားချင်ချင် နားတင်မငြီးနိုင်ဘူး

ချီးပဒအံ့သြ။ ။

ဤ ကဗျာတွင် ကဗျာဆရာမ ငွေတာရီ၏ တောင်သူလယ်သမားနှင့် ပတ်သက်သော ခံယူချက်ကို မြင်ရသည်။ တောင်သူလယ်သမားတို့ တိုးတက်ရာ တိုးတက်ကြောင်း၊ အကျိုးရှိရာ ရှိကြောင်း ဆောင်ရွက်ပါက၊ မည်သူဆောင်ရွက်ဆောင်ရွက် မည်သည့်နည်းဖြင့် ဆောင်ရွက်ဆောင်ရွက် ဝမ်းမြောက်ကျေနပ်ပါသည်ဟု ဖွင့်ပြောသယောင် ထင်မိသည်။

စစ်ပြီးစခေတ် ဒီးဒုတ်ဂျာနယ်တွင် ကဗျာဆရာမငွေတာရီ၏ "တောင်သူလယ်သမား ပြဿနာ"တျာဘွဲ့ကဗျာနှင့်"ကာကွယ်ရေးနှင့်လူထု"တျာဘွဲ့ကဗျာနှစ်ပုဒ်ကို တွေ့ရသည်။ ထိုတျာဘွဲ့ ကဗျာ နှစ်ပုဒ်သည် ခေတ်အခြေအနေ ထင်ဟပ်နေရုံမက၊ တောင်သူလယ်သမားတို့ အပေါ်ထားရှိသော ငွေတာရီ၏ စေတနာနှင့် သဘောထားကို ထင်ရှားစွာ မြင်ရသည်။

စစ်ပြီးစခေတ် ၁၉၄၅-၄၆-ခုနှစ်များတွင် ကမ္ဘာ့ဆန်ဈေးကွက်၌ ဆန်ဈေးကောင်းနေခြင်းကို အကြောင်းပြု၍ ဗြိတိသျှဆန်စပါး ကုမ္ပဏီကြီးများက ဆန်စီမံကိန်းဌာနကို အသုံးပြုကာ မြန်မာနိုင်ငံ တောင်သူလယ်သမားထံမှ ရသမျှသော ဆန်စပါးများကို ဈေးချ၍ သိမ်းကျုံးဝယ်ယူခဲ့ကြသည်။ ထိုအတောအတွင်း ချစ်တီးနှင့်မြေရှင်များက မြေခများကို အပူတပြင်းတောင်းလာကြသည်။ ဗြိတိသျှ စက္ကူဖြူအုပ်ချုပ်ရေး အာဏာပိုင်များက မြေခွန်ကို အတင်းအကြပ် တောင်းလာကြသည်။ မြေခွန် မြေခကိုသာ မဟုတ်၊ ဝမ်းစာစပါးမျှပင် မရှိတော့၍ ငတ်မွတ်နေသော တောင်သူလယ်သမားများက ငံ့၍ မခံကြတော့ပေ။ တောင်သူလယ်သမား သမဂ္ဂများကို ထူထောင်ကြသည်။ အငတ်တပ်ကြီးများ ဖွဲ့ကြသည်။ တောင်သူ လယ်သမားသမဂ္ဂများက "မြေခွန်၊ မြေခ မပေးရေး"တိုက်ပွဲများကို အုံကြွဆင်နွှဲကြသည်။ အငတ် တပ်ကြီးများက ဆန်စီမံကိန်းဌာနက သိုလှောင်ထားသော ဆန်စပါးများကို လုယက်ယူငင်ကြသည်။ ထိုအခါ ဗြိတိသျှအစိုးရက အကြမ်းဖက် နှိပ်ကွပ်ကြသည်။ လူ့အခွင့်အရေးများကို ချုတ်ချယ်လာသည်။ တောင်သူလယ်သမားများ အငတ်တပ်များကို ပစ်ခတ်သတ်ဖြတ်ကြသည်။

ထိုသို့ ဖြစ်ပွားနေခိုက်တွင် တောင်သူလယ်သမားများဖက်မှ ရပ်တည်လျက် ကဗျာဆရာမ ငွေတာရီသည် "တောင်သူလယ်သမားပြဿနာ"တျာဘွဲ့ကဗျာကို ဖွဲ့ဆိုသည်။ ၁၉၄၆-ခုနှစ် မတ်လ ၁၈-ရက်နေ့ထုတ် ဒီးဒုတ်ဂျာနယ်တွင် ဤသို့တွေ့ရသည်။

"လယ်သမားပြဿနာ

စစ်ပြေငြိမ်းစ၊ ကမ္ဘာ့တခွင်

ရိက္ခာအစား၊ ရှားပါး၍နေရာတွင်

တို့တိုင်းငယ်ပြည်ပင်၊ ငြိုငြင်ခက်ခဲ

စပါးဆန်ရေ၊ ချို့တဲ့နေ

တို့တွေရိက္ခာမဲ့သည်နှင့်လေး။

စစ်မီးလောင်ဆဲ၊ နွားကျွဲငယ်မစုံ

ပုံးဒဏ်အစ၊ ဓားမြကတဖုံ

တိုက်လဲမဖြို၊ မတုန်မလှုပ်

ပြည်တိုင်းနယ်တခို၊ ပေါ်စေလို

သက်ကိုစွန့်ကာ လုပ်သည်နှင့်လေး။

ပစ္စည်းကိုင်ဆုပ်၊ အထုပ်ကယ်ပိုက်လွယ်

ဘေးရန်ကျော်နင်း၊ လွတ်ကင်းတဲ့ ကိုလူကြွယ်

စစ်ပြီးခါဝယ်၊ ပြန်လည်လာကြ

တလင်းပေါ်တွင် စပါးမြင်

လိုချင် သွားရေကျသည်နှင့်လေး။

ကျွဲနွားအစ၊ ဘာမျှ-မကူ

စပါးပုံမြင်မှ၊ သီးခတဲ့ လိုချင်မူ

လယ်သမားငယ်ပြည်သူ၊ ကြည်ဖြူမရှိ

လူထုစုံလင်၊ ပေါင်းစုအင်

တိုင်ပင်နိုင်းကာ ညှိသည်နှင့်လေး။

စိုးရအသိ၊ တိုင်းပြည့်ဒုက္ခာ

လယ်ယာသမား၊ ထောက်ထားငယ်မညှာ

ဆန်စျေးကိုနှိမ်ကာ၊ ဝယ်မှာအတင်း

တို့ကိုရှောင်ဖယ်၊ တိုင်းခြားဝယ်

ဆက်သွယ်ကူညီပင်းသည်နှင့်လေး။

တရားမဲ့လျင်း၊ ဖွတ်မင်းပမူလျှင်

ဒုက္ခကြပ်တည်း၊ အပြီးတွေ့ရမည်သာပင်

စိတ်ထားမရှင်၊ လယ်ထွင်မလုပ်

မုချကြုံလာ၊ နောင်နှစ်မှာ

ရိက္ခာကုန်ကုန်ပြုတ်မည်နှင့်လေး။

အချုပ်တိုင်အောင်သာ ကပ်,ကမ္ဘာဖုံးတော့သည်။

မလုပ်နိုင်လယ်ယာ၊ ငတ်ရှာအုံးတော့မည်။ ။"

ဤတျာဘွဲ့ကဗျာတွင် ကဗျာဆရာမ ငွေတာရီသည် အာဏာလက်ရှိဖြစ်သော ဗြိတိသျှအစိုးရ၏ အငြိုးအငြင်၊ အရေးအယူကို လုံးဝမမှုဘဲ၊ မိမိယုံကြည်သော၊ စေတနာထားသော၊ ရပ်တည်သော တောင်သူလယ်သမားဘက်မှ ရဲရဲဝံ့ဝံ့ ရပ်တည်ခဲ့သည်ကို တွေ့ရသည်။

တောင်သူလယ်သမားကို အကူအညီမပေးဘဲ မြေခ၊ သီးစားခသာ ကောက်ခံသော ဗြိတိသျှအစိုးရကို ဝေဖန်သည်။ တောင်သူလယ်သမားများအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်ချင်သော စီးပွားရေးသမားများကို သရော်သည်။ ဗြိတိသျှ အစိုးရက စပါးဈေးကို အဆမတန်နှိမ်ပြီး အတင်းအဓမ္မဝယ်သည်ကို ရှုတ်ချသည်။ "တရားမဲ့ပြုမူသည်"ဟု ရဲရဲကြီး စွပ်စွဲသည်။ ထို့နောက် တောင်သူလယ်သမားများ စိတ်ပျက်ပြီး၊ နောင်နှစ်တွင် လယ်မလုပ်ပါက အားလုံးငတ်သွားမည်ဟု ထောက်ပြသည်။ ဗြိတိသျှအစိုးရ၏ မတရားမှုကို ပြည်သူ ပြည်သားများ သိမြင်သဘောပေါက်အောင် မီးမောင်းထိုးပြခြင်း ဖြစ်သည်။

၁၉၄၆-ခုနှစ် မေလတွင် အင်းစိန်ခရိုင်၊ ထန်းတပင်မြို့၌ လူထုတန်းစီ လှည့်လည် အင်အားပြပွဲကို ပုလိပ်က သေနတ်နှင့်ပစ်ရာ၊ လယ်သမားကြီးလေးဦး ထိမှန်သေဆုံးခဲ့သည်။ ပြည်သူလူထုတစ်ရပ်လုံး မခံမရပ်နိုင်ဘဲ တခဲနက် အုံကြွကန့်ကွက်ကြသည်။

ကဗျာဆရာမ ငွေတာရီလည်း "ကာကွယ်ရေးနှင့် လူထု"တျာဘွဲ့ကဗျာကို ဖွဲ့ဆို၍ကန့်ကွက်သည်။ ၁၉၄၆-ခုနှစ် ဖွန်လ ၂၄-ရက်နေ့ထုတ် ဒီးဒုတ်ဂျာနယ်တွင် တွေ့ရသည်။ ထိုတျာဘွဲ့ကဗျာတွင် ကိုယ့်လူမျိုးအပေါ် ညှာတာစိတ်ကင်းလျက်၊ ရာထူးမက်၍ ဤကဲ့သို့ ပြုမူခြင်းဖြစ်သည်ဟု နယ်ချဲ့ လက်ပါးစေများကို ရှုတ်ချသည်။ ဗြိတိသျှအစိုးရကို ဝေဖန်သည်။

ရာထူးလုပါလို့၊ လူထုမညှာ၊ ခက်ရာဦးတော့မည်။

တိုင်းပြည်ပြုပါတဲ့၊ ဆူမှုငယ်အဖြာဖြာ၊ ပွက်လာဦးတော့မည်။

ဟုလည်း ရာထူးမက်သူ ဖေါက်ပြန်ရေးသမားများကိုပါ ဝေဖန်လျက် ရှေ့အလားအလာများကို မှန်းဆဆင်ခြင်ပြသည်။ တောင်သူလယ်သမားများကို အားပေးသည်။

ဤသို့ဖြင့် မျိုးချစ်ကဗျာဆရာမ ငွေတာရီသည် တောင်သူလယ်သမားများဖက်မှ ရပ်တည်ကာ၊ အမျိုးသား လွတ်လပ်ရေး လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပါသတည်း။

* * * * * * * * *

မြစ်၏လက်ာ

ပုထုဇဉ်လူသားတို့ မည်သည့်လောကဓံတရားနှင့် တွေ့ကြုံရင်ဆိုင်ရသောအခါ တုန်လှုပ်စမြဲ ဖြစ်သည်။ လွမ်းစရာ ရှိသောအခါ မျက်ရည်ထွက်အောင် လွမ်းတတ်၍၊ ရယ်စရာရှိသောအခါ အူတက်မတတ် ဟက်ဟက်ပက်ပက် ရယ်တတ်သည်။ ကမ်းခြေသောင်စပ်တွင်ရှိသော၊ လက်လှမ်းမှီသည့် ဗေဒါပွင့်ကို မခူးချင်၊ လက်လှမ်းမမှီသော မြကန်လယ်မှ ကြာဖူးကိုမှ ခူးဆွတ်ချင်သည်။ ထိုသဘော သဘာဝကို ကဗျာဆရာမ ငွေတာရီသည် သိမြင်သည်။ "ပုထုဇဉ်သဘာဝပေဘဲ"ဟုလည်း ခွင့်လွှတ်စိတ်ကို မွေးသည်။ ထိုအခြင်းအရာ သည် "ငွေမျက်ရည်"ကဗျာနှင့် "ခွင့်လွှတ်တယ်မောင်"ကဗျာများတွင် ပေါ်လွင်နေသည်။

လူ့ဘဝလမ်းခရီးတွင် လျှောက်ကြရသော ပုထုဇဉ်များအဖို့ သတ္တိ၊ ဖွဲ၊ လုံ့လ အဖော် သုံးယောက်ရှိပါက၊ ဘာမှ စိုးကြောက်ဖို့ မလိုကြောင်း၊ အောင်ပွဲရမည်ဖြစ်ကြောင်း သဘောပေါက်သည်။ ထိုသဘောသည် "သူရဲကောင်းသုံးယောက်နှင့် ခရီးသည်"ကဗျာတွင် ထင်ရှားသည်။

ဤသို့ လူ့ဘဝခရီးလမ်းကိုလျှောက်ရာတွင် "ဘယ်သူသေသေ ငတေမာရင်ပြီးရော" သဘော မထားသော၊ စိတ်ကောင်း နှလုံးကောင်းမွေးသော၊ မိမိကိုဘေးရန်ပြုမှသာ ခုခံတွန်းလှန်၍၊ မိမိကမူ သူတပါးကို ဘေးရန်မပြုတတ်သော သူမျိုးကို တွေ့ရသောအခါ ချီးကျူးသည်။ "တရားရှိသည် ထင်ပါရဲ့" ဟု လေးစားသည်။ ထိုသဘောတရားကို "တရားရှင်ငဲ့"ကဗျာတွင် မြင်ရသည်။

လောကဓံတရားကို တွေ့ကြုံရသောအခါ တုန်လှုပ်ချောက်ချားခြင်းမရှိဘဲ၊ ရင်ဆိုင်နိုင်စွမ်းမရှိဘဲ သူများကိုတွေ့ရသောအခါ နှစ်သက်လေးစားတယ်။ သဘောထား တော်ပါပေသည်ဟု အံ့သြချီးကျူး တတ်သည်။ ထိုသဘောထားသည် "အိုသစ်ပင်"ကဗျာတွင် ထိုးထွက်နေသည်။

လောကဓံတရားကို တွေ့ကြုံရင်ဆိုင်ရသောအခါ တုန်လှုပ်ချောက်ချားခြင်းမရှိဘဲ သည်းခံနိုင်စွမ်း ရှိသော၊ အပြုံး၊ အရယ်မပျက် မတုန်မလှုပ် နေနိုင်သော သူမျိုးကို တွေ့ရသောအခါ ဝမ်းမြောက်သည်။ အားတက်ရွှင်လန်းသည်။ ထိုသဘောတရားသည် "မြစ်၏လက်ာ"ကဗျာတွင် ပေါ်လွင်နေသည်။

ကဗျာဆရာမ ငွေတာရီဖွဲ့ဆိုသော "မြစ်၏လက်ာ" ကဗျာမှာ ဤသို့ဖြစ်ပါသည်။

မြစ်၏လက်ာ

တသွင်သွင် လွင်လွင်ငြိမ့်ပါဘိ

ဘွင်စမ့်ရန် သာသည့်တေးပင်ထင့်
ချိုအေးစွာ ကြည်ကြည်လင်လို့
လေပြည်တွင် သံစဉ်ညင်းပါတဲ့
အိုမြစ်မင်း သင့်လင်္ကာ။
ဘယ်အကြောင်းကိုလ
ငြိမ့်ညောင်းအောင် လင်္ကာစီလို့
ကဗျာသီ သင်မြည်ကြွေးပါလိမ့်
သိချင်သူ ဖန်ဖန်တွေးလို့ရယ်
မေးကြည့်ချင်ပါ။
ခါတရံ မောင်နံ့တွဲတွေက
သောင်ခုံမှာ တူစုံနွဲ့ပါလို့
ချစ်ပွဲ ဆင်ဟန်တူရဲ့
တရံမှု အပူဝေးရာတဲ့
ကလေးတွေ ခုန်ကာပျံ့လို့
မြစ်ယံမှာ သူတို့မြူးသည်ထင့်
ကြည်နူးစွာ ပျော်လှာစိတ်ဆီက
ယိုဖိတ်သည့် သင့်ထံတျာမှာ
သြော်-ဒါကြောင့် ချိုလေသလား။

သို့ပေမယ့်လေ
မြစ်တွင်း သေရှာလေတဲ့
ချစ်ကံခေ သင်မြင်ဘူးပေမပေါ့
ကုန်ကူး စုန် ဆန်ကာနဲ့
ဝမ်းတထွာ ပန်းစွာဖြည့်ရတဲ့
ဘဝ သင်မြင်ပေလိမ့်
သြော်-သည်အဖြေ တည်နေလျက်ကယ်က
သင့်လင်္ကာ ချိုစွာထွက်လေတော့
ဘဝတာ သည်တသက်မှာဖြင့်
အားတက်ဖွယ်တကား။ ။

ကဗျာဆရာမ ငွေတာရီက တသွင်သွင် တငြိမ့်ငြိမ့် စီးဆင်းနေသော မြစ်ရေစီးသံကို မိမိနားဆင်ရင်း ဘာကြောင့် သာယာသော လင်္ကာသံပေါ်သနည်းဟု မေးချင်စိတ် ပေါ်လာပုံ၊ မြစ်သည် ချစ်ပွဲဆင်နေသော မောင်နံ့များ၊ မြူးတူးခုန်ပေါက် နေသော ကလေးသူငယ်များ စသော ကြည်နူးစရာ၊ ပျော်စရာများကို မြင်ရ၍ မြစ်၏လင်္ကာသည် ချိုသလောဟု တွေးခဲ့ပုံ။ ထို့နောက် မြစ်သည် ကြည်နူးစရာ၊ ပျော်စရာများကို မြင်ရသကဲ့သို့၊ မြစ်တွင်း၌ အသက်ဆုံးရှုံးသူများ၊ မြစ်အတွင်းစုန်ကာ-ဆန်ကာဖြင့် ဝမ်းတထွာဖြည့်ရေးအတွက် ပင်ပန်းကြီးစွာ ကုန်ကူးနေသူများကိုလည်း မြင်တွေ့ရမှာပါဘဲဟု တွေးမိလာပုံ၊ ထိုသို့တွေးမိလာသောအခါ ဝမ်းသာစရာ၊ ကြေကွဲစရာများကို မြင်ရသော်လည်း တုန်လှုပ်ခြင်းမရှိဘဲ၊ သာယာချိုမြသော လင်္ကာတေး ထွက်နိုင်သည့်မြစ်ကို ချီးကျူးလာပုံ၊ မြစ်၏ဘဝကို ကြည့်ကာ အားတက်လာပုံတို့ကို ဖွဲ့ဆိုထားသည်။

"မြစ်၏လင်္ကာ"ကဗျာတွင် ကဗျာဆရာမ ငွေတာရီ၏ဘဝအမြင်ကို မြင်ရသည်။ စိတ်နေစိတ်ထားကို တွေ့ရသည်။ ထို့ပြင် မိမိ၏အမြင် အသိကို တဖက်သူ၏ စိတ်တွင်း နှလုံးတွင်းသို့ သိမ်မွေ့စွာ စိမ့်ဝင်

ပြန့်နှံ့သွားအောင် တင်စားပြီးပြောတတ်ပုံ၊ ကဗျာပရိယာယ် သုံးတတ်ပုံ၊ အပြော လိမ်မာပုံကိုလည်း မြင်ရပါသတည်း။ ။

တက္ကသိုလ် ဝင်းမွန်။

ခေတ်သစ်ကဗျာမိတ်ဖွဲ့စာအုပ်မှ

(၁၉၆၈-ခု)

× × × × × × × × × × × × ×

**ပြီးပါပြီ။**